www.burmeseclassic.com



# နေနော်

ဆုံမှတ်တစ်ခုဝေးရာသီ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၃/၂၀၀၃(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၂/၂၀၀၃(၃)
တတိယအကြိမ်
၂၀၀၃ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀ ကျပ်
ထုတ်ဝေသူ - မနုစာရီစာစဉ်
ဦးအောင်ထွန်း (မြ-၀၁၉၅၂)
မြို့မ(၁)၊ ပေါ်တော်မူလမ်း၊
မှော်ဘီမြို့နယ်။
အဖုံးပုံနှိပ်နှင့်အတွင်းပုံနှိပ် - ရတနာမဉ္ဇူပုံနှိပ်တိုက်
ဒေါ်ခင်ကြွေ (မြ-၀၄၇၈၀)
အမှတ်(၂၀၇)၊ ဝေဇယန္တာလမ်း၊
၁၆/၂-ရပ်ကွက်၊ သဃ်္ဃန်းကျွန်း၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - အောင်မြင်စာပေ
အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊
ရန်ကုန်မြို့။

☎ ၅၄၁၇၄၅
၀၉ ၈၀ ၃၄၅၈၁
၀၉ ၅၀၂ ၁၃၅၄

BURMESE CLASSIC .com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

(၁)

နန်းသီတာထွန်း လက်ဖက်ရည်ဆိုင်၏ အမိုးစွန်းအောက်သို့ သူနှင့်မျိုး လှမ်းဝင်လိုက်ချိန်အထိ ထိုဆိုင်တွင်းရှိ တစ်ခုသောစားပွဲတစ်လုံး၌ သူမ ရှိနေလိမ့်မည်ဟု သူ အနည်းငယ်မှ စဉ်းစားမိခဲ့။

ထမင်းစားလွှတ်ချိန် မဟုတ်သေးသဖြင့် ဆိုင်အတွင်း (သူနှင့်မျိုးလို အတန်းစောပြီးသော) ကျောင်းသားကျောင်းသူအနည်းငယ်မှအပ လူရှင်းနေသည်။ ထိုင်နေကျဆိုင်အတွင်းဖက်စားပွဲ၌ ဝင်ထိုင်လိုက်ကြပြီး ပြုနေကျအတိုင်း မျိုးက သူ့အတွက်အမြဲပိုထည့်လာတတ်သော သုံးဆင့်ထမင်းချိုင့်လေးကို ဖွင့်သည်။

"ဒီနေ့လဲ ငါးဟင်းပဲ ဖြစ်နေတယ်၊ ကိုအောင် စားနိုင်ပါ


www.burmeseclassic.com

www.burmeseclassic.com



မလားဟင်၊ မျိုး နန်းကြီးသုတ် မှာလိုက်မယ်"

"နေပါစေ၊ စားနိုင်ပါတယ်"

"ဒါဖြင့် မျိုး အရိုးထွင်ပေးမယ်"

စတီးချိုင့်ထဲမှ ငါးဟင်းတစ်ဖတ်ကိုယူကာ မျိုး စိတ်ရှည် လက်ရှည် အရိုးထွင်သည်။

ငါးဟင်းမှန်သမျှကို သူ မုန်းသော်လည်း မျိုး၏ ထမင်း ချိုင့်အတွင်း ပါတတ်သည့် ငါးဟင်းများကိုတော့ သူ စားလေ့ရှိပြီး မျိုးကလည်း သူ စားနိုင်အောင် အရိုးထွင်ပေးတတ်မြဲ ဖြစ်သည်။

မျိုး၏ လက်ချောင်းသွယ်သွယ်လေးများကို သူ ငေးကြည့် နေချိန်မှာပင် သူတို့နှစ်ယောက် ဘာသောက်တတ်ကြောင်း သိပြီး ဖြစ်နေသည့် လက်ဖက်ရည်ဆိုင်မှ ကောင်မလေးက မျိုးအတွက် သံဘူးတစ်ခွက်နှင့် သူ့အတွက် လက်ဖက်ရည် ချိုပေါ့တစ်ခွက် လာချပေး၏။

အရိုးထွင်ပြီးသွားသော ငါးဟင်းဖတ်များကို သူ့ရှေ့ ထမင်းချိုင့်ထဲသို့ မျိုး လှမ်းထည့်ပေးရင်း 'စားလေ ကိုအောင်' ဟု မျိုးက ပြောသည်။ သူ ဇွန်းဖြင့် ထမင်းကို အနည်းငယ် မွှေလိုက်ပြီး ဘာငါးမှန်းမသိသော မျိုး အရိုးထွင်ပေးသည့် ငါးဟင်းနှင့် စတင်စားသောက်လိုက်သည်။

ထူးဆန်းသည်မှာ ငါးဟင်းမှန်သမျှကို သူ မုန်းလေ့ရှိသော် လည်း မျိုးလက်ဖြင့် စိတ်ရှည်လက်ရှည် အရိုးထွင်ပေးတတ်သည့် ငါးဟင်းများကတော့ သူ့အတွက် အရသာရှိနေတတ်ခြင်း ဖြ





သည်။

ထမင်းနှင့်ဟင်းကို ခပ်ဖြည်းဖြည်းဝါးလျက် တွေးနေရင်း ဆိုင်ဝဘက်သို့ အကြည့်ဝေ့ဝဲလိုက်စဉ်မှာပင် ပါးစပ်အတွင်းမှ အရသာရှိနေဆဲ ငါးဟင်းတို့ ရုတ်တရက် ခါးသက်သွားသလို ခံစားလိုက်ရသည်။

မေသက်ခိုင်...။

ဆိုင်ဝနှင့်နီးသော စားပွဲတစ်လုံး၌ မေသက်ခိုင်သည် သူနှင့်မျိုးအား ခပ်စောင်းစောင်းအနေအထားနှင့် ကျောပေးလျက် ဆိုင်ပြင်ဘက်သို့ ငေးမောကာ ထိုင်နေခြင်း ဖြစ်သည်။

ဖြစ်နိုင်ပါ့မလား။ ဟောဒီ အင်းစိန်ဂျိုတီအိုင်နားက လက် ဖက်ရည်ဆိုင်လေးတစ်ဆိုင်ထဲမှာ မေသက်ခိုင် ရောက်ရှိနေတယ် ဆိုတဲ့ကိစ္စဟာ တကယ်ဖြစ်နိုင်ပါ့မလား။

ဇဝေဇဝါ ဖြစ်နေမိသော်လည်း သူ မြင်နေရသော မြင်ကွင်းကတော့ ဘယ်လိုမှမမှားပါ။ ဝစ်းဝဲရှံဆံပင်ကို တစ်ခြမ်းတို တစ်ခြမ်းရှည် ညှပ်ထားပြီး ခပ်ပျော့ပျော့ စပို့ရှပ်တစ်ထည်ကို ဝတ်ဆင်လျက် ဘေးစောင်းအနေအထားနှင့် ထိုင်နေသော သူမ သည် မေသက်ခိုင်မှလွဲ၍ အခြားသူ မဖြစ်နိုင်သည်မှာ အလွန် သေချာပါသည်။

"စားလေ ကိုအောင်၊ ဘာငေးနေတာလဲ၊ ဘာလဲဟင်၊ ဟင်းမကြိုက်လို့လား"

"ဟင်...ဩော်...မဟုတ်ပါဘူး၊ ကြိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို ကာယောင်ကတမ်း အဖြေပေးရင်း ထမင်းတစ်ခွန်းကို ခပ်စားလျက် မေသက်ခိုင် ရောက်ရှိနေခြင်း၏ အကြောင်းရင်းကိုသာ သူ အပြင်းအထန် စဉ်းစားနေမိသည်။

သို့သော် ဘယ်လိုပင် စဉ်းစားစဉ်းစား ထွက်ရှိလာသော အဖြေမှာ တစ်ခုတည်းသာ ဖြစ်၏။ ယင်းမှာ မေသက်ခိုင် ဤဆိုင်တွင်းသို့ ရောက်ရှိနေခြင်းသည် သူနှင့်မျိုးအား လာရောက်အကဲခတ်ခြင်းသာ ဖြစ်ပါလိမ့်မည်။

သေချာတယ်။ ဒါဟာ သူနဲ့ပတ်သက်တဲ့ သူမရဲ့ စပ်စုသဝန်တိုမှု တစ်မျိုးပါပဲ။ သူ ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး မျိုးကို မော့ကြည့်ကာ ပြောလိုက်သည်။

"မျိုး အပန်းမကြီးရင် ကျွန်တော်တို့ တခြားစားပွဲတစ်လုံးကို ပြောင်းရအောင်"

"ဘာဖြစ်လို့လဲဟင်"

"ဘာရယ်မဟုတ်ပါဘူး၊ မျိုးကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့"

ပြောပြောဆိုဆို သူ ထိုင်ရာမှ ထရပ်လိုက်ပြီး လွယ်အိတ် (T-square)နှင့် ထမင်းချိုင့်ကို ကောက်ကိုင်လိုက်သည်။ သူ့အပြုအမူကို နားမလည်သော်လည်း မျိုး တစ်စုံတစ်ရာ မမေးဘဲ သူ့နည်းတူ လွယ်အိတ်နှင့်ထမင်းချိုင့်ကို ကိုင်ကာ ထရပ်လိုက်သည်။

"အအေးနဲ့ ကော်ဖီခွက်တွေ ထားခဲ့ မျိုး၊ ပြီးမှ ဆိုင်က





ကောင်မလေးကို ရှေ့ခိုင်းလိုက်မယ်"

မေသက်ခိုင်ရှိရာသို့ ဦးတည် လျှောက်လှမ်းလာချိန်၌ မျိုးက သူ့နောက်မှ နှုတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာလေသည်။

လွယ်အိတ်နှင့် ထမင်းချိုင့်ကို စားပွဲပေါ်သို့ အရင်တင်လိုက်ပြီးမှ ခုံတွင် ဝင်ထိုင်လိုက်သည်။ မေသက်ခိုင်က ဖျတ်ခနဲ လှည့်ကြည့်ပြီး သူ့ကိုတွေ့သည်နှင့် 'ဟယ်..အောင်' ဟု တအံ့တသြဟန်ဖြင့် ရေရွတ်၏။ သူမ၏ပုံက သူ့အား ယခုမှ စတင်တွေ့မြင်လိုက်သည့်ပုံမျိုး ဖြစ်သည်။

(နင် သိပ်ကို ဟန်ဆောင်ကောင်းပါတယ် မေသက်၊ ဒါပေမယ့် ပိတော့ မပီရိသေးဘူးဟာ)

"မျိုး ထိုင်လေ"

ဘေးနားမှာ ခပ်ကြောင်ကြောင်ရပ်နေသော မျိုးအား သူ လှမ်းပြောရင်း နံဘေးမှခုံကို ဆွဲထုတ်ပေးလိုက်တော့ မေသက်ခိုင်က မျိုးကို ဖျတ်ခနဲ တစ်ချက် ဝေ့ဝဲကြည့်သည်။

"နင်တို့ ဒီနေ့ အတန်းမရှိဘူးလား အောင်"

"အဲဒီမေးခွန်းက ငါမေးရမယ့် မေးခွန်းပါ မေသက်ရဲ့၊ မိန်းထဲကနေ ဒီအင်းစိန်ဘက်ကို ရောက်ရှိလာပုံလေး နည်းနည်းလောက် ရှင်းပြစမ်းပါဦး"

သူ၏အသံများ မာဆတ်ဆတ် ဖြစ်မနေအောင်တော့ သူ အထူးသတိထားလိုက်ပါသည်။ မေသက်ခိုင်က ရင်ခွင်၌ ပွေ့ပိုက်ထားသော အနက်ရောင် မွေးပွကျိုင်းတုံလွယ်အိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့် လိမ်ဆိုက်ဆော့ကစားရင်း...

"ငါ ဒီနားက ခင်ဒွေးလှိုင်ဆီကို လာတာလေ၊ သူ ကျောင်းမတက်တာ တစ်ပတ်လောက်ရှိနေလို့ နေများမကောင်း လို့လားလို့ သတင်းလာမေးတာ၊ နင် ခင်ဒွေးလှိုင်ကို သိတယ် မဟုတ်လား"

"သိတယ်၊ ခင်ဒွေးလှိုင်ကိုရော သူ့လိပ်စာကိုပါ သိတယ်၊ နင် သူ့ဆီလာတာဆိုရင်တော့ နေရာလွဲနေပြီ"

မေသက်ခိုင် မျက်နှာတစ်ချက်ပျက်သွားသော်လည်း ချက်ချင်းပင် ဣန္ဒြေဆည်လျက် ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ငါ မှတ်တိုင်မှားပြီး ဆင်းမိတာ၊ နောက် ဘားကလဲ တော်တော်နဲ့ မလာသေးတာနဲ့ ဒီဆိုင်ထဲမှာ အအေး ဝင်သောက်နေလိုက်တာ"

အပြင်သွားတိုင်း အိမ်ကကား ဖြစ်စေ၊ သူငယ်ချင်းတစ်ယောက်ယောက်ဖြစ်စေ မပါဘဲ မသွားတတ်သော သူမက ခင်ဒွေးလှိုင်ကို သတင်းမေးဖို့ တစ်ခုတည်းနဲ့တော့ ဒီအင်းစိန်ကို ဘတ်စ်ကားစီးပြီး တစ်ယောက်တည်း လာရသတဲ့လား။ သူ အနည်းငယ် ရယ်ချင်သွားသော်လည်း မရယ်ဖြစ်ပါ။

"နောက်တစ်ခါ နင် ဒီမှတ်တိုင်မှာ မှားပြီးဆင်းမယ်ဆိုရင် ဆယ့်တစ်နာရီနဲ့ ဆယ့်နှစ်နာရီကြားထဲဆင်း မေသက်"

"ဘာဖြစ်လို့လဲ"

"အဲဒီအချိန်က ငါတို့ကျောင်းရဲ့ တရားဝင် ထမင်းစား





ချိန်၊ ဒီနေ့ ငါတို့ အတန်းစောစောပြီးလို့ နင် ငါတို့ကို တွေ့ရတာ"

ရဲခနဲဖြစ်သွားသော မျက်နှာကို မေသက်ခိုင်က ရယ်သံ ြင့် လျှင်မြန်စွာ ဖုံးလွှမ်းပစ်လိုက်သည်။

"နင်ကလဲ နောက်တဲ့ပြောင်တဲ့အကျင့်က မပျောက်ဘူး၊ ဲ့ဒါ ဒါတွေ အသာထားပြီး ငါ့ကို မိတ်ဆက်ပေးပါဦး"

မျိုးထံသို့ အကြည့်ဝေ့ဝဲလျက် သူမ တောင်းဆိုလိုက် သည်။

"နင်ပြောမှပဲ ငါ နင့်စားပွဲ ပြောင်းလာရတဲ့ ရည်ရွယ်ချက် ို သတိရတော့တယ်၊ မျိုး ဒါ မေသက်ခိုင်တဲ့၊ မိန်းထဲမှာ ြန်မာစာ တတိယနှစ် တက်နေတယ်၊ မေသက် သူက မျိုးတဲ့၊ Civil) ဖိုင်နယ်က"

အမျိုးသမီးနှစ်ယောက်၏ တစ်ယောက်ကိုတစ်ယောက် ုးပြသော အပြုံးတို့ကို သူ ငြိမ်သက်စွာ ငေးကြည့်နေမိသည်။ ပြုံးများအဆုံး၌ သွက်လက်စွာ စကားစတင်လာသူက မေသက် င်ပဲ ဖြစ်သည်။

"မမျိုးအကြောင်းတွေ မေသက် ကြားဖူးနေတာ ကြာပါ ့"

"ရှင်"

"အောင် ပြောပြလို့လေ၊ သူက မမျိုးအကြောင်းများ ြာနေရရင် မောတယ်ကို မရှိဘူး၊ မေသက်တို့က ငယ်သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် အတွင်း သိ အစင်းသိတွေ ဖြစ်နေကြတာ"

အမိပွါယ်များစွာ ကျယ်ဝန်းသော စကားကို ဆိုရင်း မေသက် သူ့ကို ဖျတ်ခနဲ တစ်ချက်ကြည့်၏။

(နှင် ဘာဖြစ်လို့ အပိုတွေ လျှောက်ပြောနေရတာလဲ မေသက်)

သူ အကြည့်ဖြင့်သာ သူမကို ခပ်စူးစူး တုံ့ပြန်လိုက်မိသည်။ မေသက်ခိုင်က သူနှင့်မျိုးရှေ့မှ ထမင်းချိုင့်တို့ကို ကြည့်ရင်း

"မေသက်ကြောင့် မမျိုးတို့ ထမင်းစားပျက်သွားကြပြီ ထင်ပါရဲ့"

"ရပါတယ် မေသက်ခိုင်ရဲ့၊ မျိုးတို့ မဆာသေးပါဘူး"

"မေသက်လဲ သွားမှပဲ၊ ခင်ဋ္ဌေးလှိုင်ကို သတင်းမေးပြီး ကျောင်းကို ပြန်ရဦးမှာ၊ ကဲ...အောင်၊ ငါ ခင်ဋ္ဌေးလှိုင်ဆီ ဆက်သွားလိုက်ဦးမယ်"

စကားဆုံးသည်နှင့် အအေးဗိုးရှင်းရန် သူမက ပိုက်ဆံအိတ်ကို ထုတ်လိုက်တော့ မျိုး ပျာပျာသလဲ တားသည်။

"နေ..နေ မေသက်ခိုင်၊ တို့ ရှင်းလိုက်မယ်"

"ရပါတယ်...မမျိုးရဲ့"

"မဟုတ်ပါဘူး၊ မျိုးတို့က ဆက်ထိုင်ကြဦးမှာမို့လို့ပါ"

"အားနာစရာကြီး မမျိုးရယ်၊ ကဲ...ဒါဖြင့် မေသက် သွားမယ်နော်၊ အောင် ငါသွားမယ်"





သူ ဘာမှမပြောဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ထိုင်ရာမှထပြီး ဆိုင်ပြင်ဘက်သို့ ထွက်ခွာသွားသော သူမအား မျိုးက မျက်စိတစ်ဆုံး လိုက်ကြည့်ပြီး မှတ်ချက်ချ၏။

"မေသက်ခိုင်က ချစ်စရာလေးနော် ကိုအောင်၊ ညိုစိမ့်စိမ့် ချက်ချက်ချာချာလေး"

မျိုး၏ မှတ်ချက်စကားအတွက် သူ၏တုံ့ပြန်မှုကတော့ တိတ်ဆိတ်ငြိမ်သက်စွာ နေလိုက်ခြင်းပဲ ဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# (၂)

ခြစည်းရိုးအား ဖောက်လုပ်ထားသည့် သစ်သားတံခါးလေးကို တွန်းဖွင့်လျက် မေသက်ခိုင်တို့ခြံထဲသို့ သူ လှမ်းဝင်လိုက်ချိန်၌ သူမက ဒန်းပေါ်တွင်ထိုင်ပြီး ခြေနှစ်ဖက်ဆို လွှဲယမ်းလျက် ဆီးထုတ်တစ်ထုတ်ကို စားနေချိန် ဖြစ်သည်။ သူ့ကိုတွေ့သည်နှင့် သူမက ဒန်း၏တစ်ဖက်စွန်းသို့ ပြောင်းရွှေ့လိုက်ပြီး သူ ဝင်ထိုင်နိုင်ရန် နေရာဖယ်ပေးသည်။

"အောင် နင် ဒီနေ့ ကျောင်းကပြန်လာတာ စောလှချည်လား"

"ဟုတ်တယ် အစာမကြေဖြစ်နေလို့ စောစောပြန်လာတာ"





"ဂျယ်မက် သောက်မလားဟင်၊ ငါ အိမ်ထဲမှာ သွားယူဆိုက်မယ်"

"နင်လုပ်ရမှာက ဂျယ်မက်ယူဖို့ မဟုတ်ဘူး မေသက်၊ ငါ မေးမယ့် မေးခွန်းတွေကို အမှန်အတိုင်းဖြေဖို့၊ ဆိုစမ်းပါဦး၊ မနက်က ကျောင်းကို နင် ဘာလာလုပ်တာလဲ"

သူ့မေးခွန်းကြောင့် သူမ တစ်ချက်တွေသွားပြီးမှ နှုတ်ခမ်းနား၌ တေ့ထားသော ဆီးထုတ်ကို ချလိုက်ပြီး ဟက်ခနဲ ရယ်လိုက်သည်။

"အောင်ရယ်၊ ငါက ဘာများလဲလို့ အလန့်တကြားဟာ၊ ငါ နင်တို့ကျောင်းကို လာတာမဟုတ်ဘူး၊ ခင်ရွှေးလှိုင်ဆီ လာရင်း မှတ်တိုင် မှားဆင်းမိတာလို့ မနက်က ရှင်းပြပြီးပြီပဲ"

"နင် ရုပ်ရှင်မင်းသမီးလုပ်စားဖို့ စိတ်ကူးနေတာဆိုရင်တော့ အောင်မြင်မှာမဟုတ်ဘူး မေသက်၊ နင့်အမူအရာတွေက မပီရိဘူး၊ နင် ငါ့ကို ရုပ်ရှင်ရိုက်ပြမနေနဲ့၊ အမှန်အတိုင်းဖြေ"

"ငါ ဖြေပြီးပြီပဲဟာ"

"နင့်အဖြေက အတုကြီးပဲ"

သူမ ပခုံးတစ်ချက်တွန့်ရင်း ဆီးထုတ်ကို စားလိုက်သည်။ သူ အင်္ကျီအိတ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်ယူကာ မီးညှိလိုက်တော့ သူမက 'ဆေးလိပ်တွေ သိပ်သောက်မနေစမ်းပါနဲ့ဟာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါရနေပါဦးမယ်' ဟု စိုးရိမ်စကားကို ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဂရုမစိုက်ဘဲ ဆေးပေါ့လိပ်ကိုသာ အငွေ့တထောင်းထောင်း ထအောင် ဖွာရှိုက်လိုက်ပြီးမှ သူမဘက်သို့ ဆတ်ခနဲ လှည့်ကြည့်ကာ မေးလိုက်၏။

"နင် မျိုးကို လာကြည့်တာ မဟုတ်လား"

"ဘာ"

"မနက်က ကျောင်းကိုလာတာ မျိုးကို အကဲခတ်ချင်လို့ လာတာ မဟုတ်လားလို့ မေးတာ"

သူမ တော်တော်နှင့် အဖြေမပေးဘဲ ကားဂိုဒေါင်ဘက်သို့ ငေးနေလေသည်။ အတော်ကြီးကြာမှ သူ့ကိုမကြည့်ဘဲ တုံ့ပြန်သည်။

"ဟုတ်တယ်ဆိုရင် နင် ဘာပြောမလဲ"

"ဘာမှ မပြောပါဘူး၊ အဲဒီလို လာအကဲခတ်ရတဲ့ အကြောင်းရင်းကိုပဲ သိချင်တာ"

"ဘာရယ် မဟုတ်ပါဘူးဟာ၊ မိန်းကလေးပီပီ စပ်စုချင်တဲ့ သဘောပေါ့၊ နင့်ကောင်မလေးက လှရဲ့လားလို့ သိချင်တာ သက်သက်ပါ"

"ဒါပဲလား"

သူ ခပ်ဆတ်ဆတ် မေးလိုက်တော့ သူမ သူ့ကို ဖျတ်ခနဲ တစ်ချက် မော့ကြည့်သည်။

"နင် ငါ့ကို ဘယ်တုန်းက ညာလို့ရခဲ့ဖူးလို့လဲ မေသက်ရယ်၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ နင်လာတာ မျိုး လှမလှ သိချင်တာထက် ပိုတယ်ဆိုတာ ငါသိပါတယ်"





သူမ အတန်ကြာအောင် တွေဝေသွားပြီးမှ သက်ပြင်း တစ်ချက်ကို ရှိုက်သည်။

"ကောင်းပြီလေ၊ နင့်ဘက်က သိပ်ပြီး ပွင့်လင်းစေချင်မှ တော့ ငါကလည်း ပွင့်လင်းရတော့မှာပေါ့၊ ငါလာတာ နင်စွပ်စွဲ သလို မျိုး လှမလှ သိချင်တာထက် ပိုတယ်ဆိုတာ အမှန်ပဲ အောင်၊ ငါ မျိုးကို လာအကဲခတ်တာ၊ မျိုး နင့်အပေါ်မှာ နား လည်ရဲ့လား၊ အနွံ့အတာခံရဲ့လားဆိုတာ သိချင်လို့ လာအကဲခတ် တာ"

"ဘယ်လို မေသက်၊ သူ ငါ့အပေါ်မှာ နားလည်ရဲ့လား ဆိုတာ သိချင်လို့ ဟုတ်လား"

"ဟုတ်တယ် အောင်၊ နင်က လူတစ်မျိုး၊ နင့်ကို လူ တိုင်းက နားလည်ဖို့ အနွံ့အတာခံနိုင်ဖို့ဆိုတာ မလွယ်ဘူး၊ နင့်သူငယ်ချင်းတွေထဲမှာ ငါ့လိုမျိုး နင့်အပေါ် အနွံ့အတာခံနိုင်တဲ့လူ ဘယ်နှစ်ယောက် ရှိလို့လဲ၊ မျိုးဟာ ငါ့လောက်မှ နင့်အပေါ် နားမလည်မှာ အနွံ့အတာ မခံနိုင်မှာကို ငါစိုးရိမ်တာ၊ ဒါကြောင့် မျိုးကို ငါ လာပြီးအကဲခတ်ကြည့်တာ၊ ဒါပေမယ့် ငါစိုးရိမ်သ လောက် မဟုတ်ပါဘူး၊ သူ နင့်အပေါ်မှာ နားလည်ပါတယ်"

"နင် ဘယ်လိုလုပ် သိသလဲ"

သူ မေးလိုက်တော့ သူမ ခြောက်ကပ်စွာ ရယ်မောလျက်

"သူ့မျက်လုံးတွေကြောင့်ပေါ့ အောင်ရဲ့၊ မိန်းကလေးချင်း



www.burmeseclassic.com

www.burmeseclassic.com



သာ နားလည်နိုင်တဲ့ မျက်လုံးတွေကြောင့် ငါသိတာပေါ့"

လက်ထဲမှ မီးသေသွားသော ဆေးပေါ့လိပ်ကို မီးညှိရ
သူ မေ့လျော့နေမိသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ နင် ရည်းစားရတာ ကောင်းပ
တယ်၊ နင့်ရဲ့ရှေ့ရေးအတွက်လည်း ငါ စိတ်ချသွားရတာပေါ့"

သည်တစ်ခါ ခြောက်ကပ်စွာ ရယ်မောမိသူကတော့
သူသာ ဖြစ်လေသည်။

"နင်ပြောသလို ဖြစ်ရင်တော့ သိပ်ကောင်းတာပေါ့ဟာ"

သူမ သူ့အား နားမလည်သလို စိုက်ကြည့်သည်။

"နင်ထင်သလို မျိုးနဲ့ငါ ရည်းစား မဖြစ်ကြသေးပါဘူး"

"မဖြစ်ကြသေးဘူး ဟုတ်လား အောင်၊ ငါက နင်တို့ချစ်
ချစ်နေကြပြီလို့ တွက်ထားတာ"

"ဟုတ်တယ် မေသက်၊ ငါတို့ချင်း ချစ်နေကြတယ်ဆိုတာ
အမှန်ပဲ၊ ငါ သူ့ကိုချစ်သလို သူကလဲ ငါ့ကိုချစ်တယ်၊ ဒါပေမယ့်
တရားဝင်ချစ်သူတွေတော့ မဖြစ်ကြသေးဘူး"

"ဘာဖြစ်လို့လဲ"

"အကြောင်းကြောင်းကြောင့် ဆိုပါတော့၊ အဲဒီအကြောင်း
တွေထဲမှာ နင့်ကြောင့်လဲ ပါတယ်"

"ငါ့ကြောင့်၊ ငါက...ငါက ဘာလုပ်မိလို့လဲ အောင်
နောက်ပြီး သူက ငါ့ကိုမှမသိဘဲ"

"သူ နင့်ကိုသိတယ် မေသက်၊ ပြီးတော့ တစ်ချိန်ကျရင်





နင်နဲ့ငါ လက်ထပ်ကြရမယ်ဆိုတာကိုလဲ သူသိတယ်"

"မဖြစ်နိုင်တာ"

သူမ မယုံကြည်နိုင်ဟန်ဖြင့် တအံ့တဩ ရေရွတ်ပြီးမှ
သူ့ဘက်သို့ လှည့်ရင်း ကမန်းကတန်း မေးသည်။

"နေပါဦး၊ အဲဒီကိစ္စကို သူက ဘယ်လိုလုပ် သိနေရတာ
လဲ"

"ငါပြောပြထားလို့"

သူ့စကားအဆုံး သူမ၏မျက်လုံးတို့က ဝိုင်းစက်သွားကြ
ပြီး လက်ထဲမှ ဆီးထုတ်က မြေပြင်ပေါ်သို့ လွတ်ကျသွားလေ
သည်။

သူကတော့ ဆေးပေါ့လိပ်ကိုသာ အငွေ့တထောင်း
ထောင်း ထအောင် ခပ်ကြမ်းကြမ်း ဖွာရှိုက်နေမိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

မေသက်ခိုင်
(၁၉၈၁–၈၄)

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ဆောင်းမနက်ခင်းသည် အအိပ်ကြီးသောသူတစ်ယောက် အိပ်ရာမှ နိုးထလာသလိုမျိုး ဖျင်းရိလေးတွဲ့စွာ အစပျိုး၍လာသည်။

တဖြည်းဖြည်း မြင့်တက်လာသော နေမင်းအား အိမ်ရှေ့ အပြင်၌ထိုင်ကာ သူ ငေးကြည့်နေမိသည်။ အမှန်တော့ သူက အိပ်မက်သူ ဖြစ်သော်လည်း မနေ့ကမှ ပြောင်းရွှေ့ရောက်ရှိလာသော ဤအိမ်အသစ်ကလေး၏ ပထမဦးဆုံး မနက်ခင်းအား ကြိုဆိုချင်စိတ်ဖြင့် စောစီးစွာ အိပ်ရာမှထ၍ အိမ်ရှေ့၌ ထွက်ထိုင်နေမိခြင်း ဖြစ်သည်။

ဤအိမ်သို့ သူတို့မိသားစု ပြောင်းရွှေ့ရောက်ရှိလာရပုံက မျက်လှည့်ဆန်လှသလို အံ့သြဖွယ်လည်း ကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က သူတို့မိသားစု ငှားရမ်းနေထိုင်ရာ အိမ်ကလေး၏ပိုင်ရှင်က သူတို့အား စပေါ်ငွေပြန်အမ်းပြီး ၎င်း၏အိမ်မှ ပြောင်းရွှေ့ပေးရန် တောင်းဆိုလာချိန်၌ သူတို့မိသားစု၏ စီးပွားရေးက ချွတ်ခြုံကျနေချိန် ဖြစ်သလို အိမ်ငှားခနှင့် စပေါ်ငွေတို့ကလဲ ကြောက်ခမန်းလိလိ မြင့်မားနေချိန်ဖြစ်သည်။

မဖြစ်စလောက်ငွေလေးကို အားပြုလျက် သူတို့ ပြောင်းရွှေ့ပေးကြရမည့် အိမ်စုတ်စုတ်ကလေးထက် ပိုမိုစုတ်ချာသော အိမ်ကလေးများကို သူတို့မိသားစုသုံးယောက် လိုက်လံရှာဖွေခဲ့ကြသည်။

သို့သော် သူတို့တတ်နိုင်သော စပေါ်ငွေပမာဏက အိမ်ပိုင်ရှင်များ မျက်စိကျလောက်အောင် မဆွဲဆောင်နိုင်ခဲ့ပါ။

ထိုအချိန်မှာပင် ကံကြမ္မာ၏ဆန်းကြယ်မှုက အဖေ့ရုံးမှ အထက်အရာရှိထံမှတဆင့် သူတို့မိသားစုဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။

"ကျွန်တော့်မိတ်ဆွေတစ်ယောက်က သူ့ခြံဘေး မြေကွက်ကလေးကို ဝယ်ပြီး ပျဉ်ထောင်အိမ်ကလေးတစ်လုံး ဆောက်ထားတာ ရှိတယ်၊ အဲဒီအိမ်ကို ငှားမလားလို့ ကျွန်တော် မေးကြည့်ပေးမယ်"

"ဖြစ်ပါ့မလား ဆရာ၊ ကျွန်တော်တို့တတ်နိုင်တဲ့ စပေါ်ငွေက မဖြစ်စလောက်ရယ်"

အဖေ့အသံက အဖေပိုင်ဆိုင်သော ငွေကြေးလိုပင် ယိုင်နဲ့





အားပျော့လွန်းလှပါသည်။

"စပေါ်က အဓိက မဟုတ်ပါဘူး၊ သူတို့က အိမ်နဲ့ခြံလေးကို ပြုပြင်ထိန်းသိမ်းဖို့ အစောင့်အရှောက်သဘောမျိုး ဖြစ်အောင် သူကောင်း လိုချင်တာသက်သက်ပါ၊ ကျွန်တော် ပြောကြည့်ပါမယ်"

ဤနည်းဖြင့် အရာရှိ၏မိတ်ဆွေ ဦးကျော်ခိုင်၏ဘေးခြံမှ အိမ်ကလေးသို့ သူတို့မိသားစု ပြောင်းရွှေ့ရောက်ရှိလာရခြင်း ဖြစ်သည်။

လူကုံထံအများစု နေထိုင်ရာ ရပ်ကွက်လေးအတွင်းရှိ ဤအိမ်လေးမှာ သူတို့ ယခင်နေထိုင်ခဲ့ရသော အိမ်စုတ်စုတ်ကလေးနှင့် ဘာမှမဆိုင်လောက်အောင် သားနားလွန်းလှပါသည်။

သို့သော် တစ်ဖက်ခြံကျယ်ကြီးထဲမှ ဦးကျော်ခိုင်၏ တိုက်ကြီးနှင့် ယှဉ်လိုက်လျှင်တော့ ချက်ချင်းပင် သိမ်ငယ်စုတ်ချာ၍ သွားတော့သည်။

ထို့ကြောင့် စတင်ပြောင်းရွှေ့ ရောက်ရှိလာပြီးကတည်းက ထိုတိုက်ကြီးအား မကြာခဏ မကြည့်မိအောင် သူ အထူးသတိထားနေခဲ့ရ၏။

နေထွက်သည်ကို ငေးကြည့်ရင်း အတွေးနှင့် မည်မျှကြာအောင် နစ်မျောနေမိသည်မသိ။ 'ဒီမှာ' ဟူသော ခပ်စူးစူးအသံတစ်ခုကို ကြားမှ သူ ဖျတ်ခနဲ အသိဝင်လျက် အသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခြံကျယ်ကြီးနှင့် သူတို့ခြံဝန်းလေးအကြားမှ စည်းရိုးကို ဖောက်ထားသည့် သစ်သားတံခါးလေးကို တွန်းဖွင့်လျက် သူရှိရာသို့ တန်းမတ်စွာ လျှောက်လှမ်းလာသော အသားညိုညို ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

သူ ငေးကြည့်နေမိစဉ်မှာပင် ကောင်မလေးက လေတိုက်သလို သူ့အနားသို့ ရောက်ရှိလာပြီး အက်ရှရှအသံကလေးနှင့် စကားစတင်သည်။

သူမ၏စကားပြောပုံက သူမ လမ်းလျှောက်လာသလို ဆတ်တောက်တောက်နှင့် နားထောင်၍ကောင်းသော်လည်း သူမ၏ စကားကတော့ သူ ဘယ်လိုမျှ မျှော်လင့်မထားမိသောစကားတစ်ခုဖြစ်သည်။

"နင်တို့အိမ်သာ အားသလား"

"ဘာ"

သူ နားမလည်နိုင်စွာ ရေရွတ်လိုက်တော့ သူမ နောက်တစ်ခေါက် ထပ်ပြော၏။

"အိမ်သာလေ၊ ခြံနောက်ဖက်ကအိမ်သာ အားသလားလို့ မေးနေတာ"

"နေပါဦး၊ အိမ်သာအားတော့ နင်က ဘာလုပ်မလို့လဲ"

"တက်မလို့"

သူ ကောင်မလေးကို တအံ့တုသြကြည့်လိုက်တော့ သူမက သူ၏နားမလည်နိုင်မှုကို သဘောပေါက်ဟန်ဖြင့် ခပ်သွက်သွက် ရှင်းပြသည်။

"ငါတို့အိမ်သာက ဖေဖေဝင်နေလို့ မအားဘူးဖြစ်နေတယ်၊ နောက်ပြီး ညက ဝမ်းနုတ်ဆေးတွေလည်း တအားစားထားလို့ အဲဒါ"

သူမ စကားကိုရပ်ရင်း ဗိုက်နှာလာဟန်ဖြင့် မျက်နှာတစ်ချက်မဲ့၏။ သူ့ရှေ့မှ ဤကောင်မလေးမှာ ဦးကျော်ခိုင်၏ တစ်ဦးတည်းသော သမီးပါလားဟု သူ တွေးလိုက်မိသည်။

"အားပါတယ်...သွားတက်လေ"

သူ ခွင့်ပြုလိုက်တော့ သူမက 'ကျေးဇူးပဲ' ဟု ဝမ်းသာအားရ ရေရွတ်လိုက်ပြီးမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့်

"ဟိုလေ...တစ်ရှူးပေပါ ရှိလားဟင်၊ ငါ့မှာ တစ်ရှူးပေပါ ပါမလာလို့"

"ဟင့်အင်း"

"အဲဒါမှ ဒုက္ခပဲ၊ ရေကောဟင်၊ အိမ်သာထဲမှာ ရေတော့ ရှိတယ်မဟုတ်လား"

"အဲဒါလည်း မသေချာဘူး"

သူမ၏မျက်နှာက စောစောကထက် ပိုမိုမဲ့သွားလေသည်။ အမှန်တော့ ညကတည်းက အိမ်သာထဲသို့ ရေအပြည့် ဖြည့်ပြီးသော်လည်း သူမကို နောက်ချင်စိတ်ဖြင့် တမင်ပြောလိုက်ခြင်း ဖြစ်သည်။ သူမ ချီတုံချတုံဟန်ဖြင့် တအောင့်ကြာအောင် တွေဝေနေပြီးမှ...







www.burmeseclassic.com

www.burmeseclassic.com



"စက္ကူတစ်ရွက်လောက် ရနိုင်မလားဟင်"

"ရပါတယ်၊ ငါးမိနစ်လောက်တော့ စောင့်ရလိမ့်မယ်"

"အိုး...အဲလောက်ကြာလို့ မဖြစ်ဘူး"

"ဒါဖြင့်လည်း ဒီတိုင်းသွားပေါ့၊ အိမ်သာထဲမှာ ထရုံတွေ ရှိသားပဲ"

"ထရုံက ဘာလုပ်ရမှာလဲ"

ထရုံကို မည်သို့မည်ပုံ အသုံးချရမှန်း နားလည်ပုံမရသော သနားစဖွယ် ထိုကောင်မလေးကို ငေးကြည့်ရင်း သူ ရယ်ချင်နေ သည်။ တအောင့်ကြာတော့ သူမ ဘယ်လိုမှ မအောင့်နိုင်တော့ ဟန်ဖြင့် အိမ်နောက်ဖက် ခြံထောင့်သို့ လှစ်ခနဲ ပြေးထွက်သွား တော့သည်။

သူကတော့ ညိုညက်ညက် အသားအရည်နှင့် သူမ ရှုံ့မဲ့နေသော မျက်နှာလေးကိုသာ မြင်ယောင်လျက် ရယ်ချင်စိတ် ပြင်းပြစွာ သဘောကျနေမိသည်။ ဆယ်မိနစ်လောက်ကြာတော့ သူမ သူ့ရှေ့သို့ ပြန်ရောက်လာပြီး 'နင် ညာတယ်' ဟု ငြူ လိုက်သည်။

"အိမ်သာထဲမှာ ရေရှိရဲ့သားနဲ့ ဘာလို့ မရှိဘူး ပြောရတာလဲ"

"ငါ အဲဒီလို မပြောပါဘူး၊ မသေချာဘူးလို့သာ ပြော တာပါ၊ ဘာပဲဖြစ်ဖြစ် ခု နင် နေလို့ထိုင်လို့ အဆင်ပြေသွား မဟုတ်လား"





သူမ မျက်စောင်းစူးစူးတစ်ချက် ဖျတ်ခနဲ လှမ်းထိုးလိုက် ပြီးမှ စပ်စုစိတ်ကလေးဖြင့်...

"နင့်နာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးသည်။

"အောင်ထက်"

"ငါ့နာမည် မေသက်ခိုင်၊ ဒီနှစ် ရှစ်တန်းတက်တယ်၊ ငါကော ဘယ်နှစ်တန်းလဲ"

"ကိုးတန်း"

"နင်ကဘယ်ဆိုးလို့လဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ တော်သားပဲ"

သူမက လူကြီးသူမတစ်ယောက် လေသံမျိုးဖြင့် သူ့အား ချီးကျူးစကားဆိုသည်။ (အမှန်တော့ သူမက သူ့ထက် တစ်နှစ် ကျော် ငယ်ကြောင်း နောက်မှ သိခွင့်ရခဲ့၏။)

တအောင့်ကြာတော့ သူမ သူ့အား နှုတ်ဆက်ပြီး ထွက် သွားလေသည်။

ဤနည်းဖြင့် မေသက်ခိုင်ဟူသော သူမနှင့် သူ စတင် ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ နောက်ရက်များ၌ သူမ မကြာခဏ ဆိုသလို သူ့ထံသို့ ရောက်ရှိလာတတ်ပြီး သူ့မိဘများကလည်း မေသက်ခိုင်တို့ အိမ်ဘက်သို့ မကြာခဏ အလည်အပတ်သွားခြင်း ဖြင့် မိသားစုနှစ်စု၏ ရင်းနှီးမှုက ပိုမိုလျှင်မြန်လာခဲ့သည်။

နှုတ်သွက်သော သူမက သူ့ထံသို့လာတိုင်း ပြောစရာ မဟုတ်တစ်ခု ယူဆောင်လာတတ်သလို စားစရာများလည်း



www.burmeseclassic.com

www.burmeseclassic.com



တပွေ့တပိုက် သယ်ဆောင်လာတတ်၏။ သူမထံ၌ ပြောစရာ
အကြောင်းတွေက ပေါများလွန်းလှပါသည်။

သူမတို့အိမ်မှ ထမင်းချက်မှာ အလွန်ညံ့ဖျင်းပြီး နံ့အ
နိုင်ကြောင်း၊ သူမ၏အဖေမှာ စီးပွားရှာ အလွန်တော်ကြောင်း
သူမ၏မိခင်၌ သွေးတိုးရောဂါရှိ၍ အငန်ရှောင်နေရကြောင်းနှင့်
သွေးကျဆေးများ စွဲစားနေရကြောင်း စသဖြင့် အမျိုးစုံအော
ပြောပြတတ်၏။

ရိုးသားစွာ ဝန်ခံရလျှင် သူက မိန်းကလေးသူငယ်ချင်း
များ ထားဖူးသူမဟုတ်သလို စကားများသော ကောင်မလေးမျာ
ကိုလည်း သဘောကျသူမဟုတ်။ အထူးသဖြင့် သူ့ထက် တစ်နှစ်
ကျော် ငယ်ပြီး သူ့အား နင်နဲ့ငါနဲ့ ပြောတတ်သော ကောင်မလေး
မျိုးဆိုလျှင် ပို၍သဘောမကျ။ သို့သော် သူမကိုတော့ ခြွင်းချက်
အဖြစ် သည်းခံရ၏။

အကြောင်းမှာ သူမက သူတို့၏အိမ်ပိုင်ရှင်၏ တစ်ဦး
တည်းသောသမီး ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ တကယ်တော့
ထိုအချက်သည် လွန်စွာအရေးပါခဲ့ကြောင်း သူ သဘောပေါက်
သင့်သော်လည်း ညံ့ဖျင်းလှသော သူက အမှုမဲ့ပင် နေထိုင်ခဲ့မိ၏။

ထို့ကြောင့်ပင် မေသက်ခိုင်၏ ရင်းနှီးကျွမ်းဝင်လာမှုအား
ရှောင်ဖယ်ရန် မေ့လျော့စွာ မှင်တက်နေခဲ့ခြင်း ဖြစ်သည်။

❖ ❖ ❖



(၂)

"အောင်ရေ...ဟေး...အောင်"

"မေသက်၊ ဘာဖြစ်လို့ အာပြဲကြီးနဲ့ အော်နေရတာလဲ၊
ဒီမှာ"

သူ အသံပေးလိုက်တော့မှ သူမက သူ့အား တွေ့မြင်
သွားပြီး သူရှိရာသို့ အပြေးရောက်လာသည်။ အနားရောက်တော့
ပေါက်တူးတစ်လက်နှင့် မြေဆွနေသော သူ့အားကြည့်ရင်း စပ်စု
၏။

"နင် ဘာလုပ်နေတာလဲဟင်"

"မြေတူးနေတာလေ"

"အဲဒါတော့ သိသားပေါ့၊ ဘာလုပ်ဖို့လဲလို့ မေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပင်စိုက်မလို့"

"ပန်းပင်များဟာ တကူးတက စိုက်နေရသေးတယ်၊ ပန်းလိုချင် ဈေးထဲ သွားဝယ်လိုက်ပေါ့"

ဘယ်လောက်များ ပေါ့ပါးလွယ်ကူလိုက်တဲ့ အကြံပေးမှုလဲ။ သူ ပေါက်တူးကို ပစ်ချပြီး သူမအား စိတ်ပျက်စွာကြည့်လိုက်မိသည်။

"နင် နားမလည်ဘဲ ဝင်မပြောစမ်းပါနဲ့ မေသက်ရာ၊ ပန်းလိုချင်ရင် ဈေးထဲသွားဝယ်တဲ့ကိစ္စကို လူတိုင်းလုပ်တတ်တယ်၊ ပန်းပင်စိုက်တဲ့ကိစ္စကို လူတိုင်း မလုပ်တတ်ဘူး၊ နောက်ပြီး ဒီပန်းပင်တွေက ပန်းပွင့်ရင် ဘုရားတင်လို့ရတယ်၊ အဲဒီတော့ ကုသိုလ်လည်း ရတယ်၊ ဘုရားပန်းဖိုးလည်း သက်သာတယ်၊ ပန်းပင်တွေစိုက်ပြီးရင် အိမ်စရိတ်သက်သာအောင် ချဉ်ပေါင်ပင်တို့ ခရမ်းပင်တို့ပါ စိုက်ဦးမှာ၊ အဲဒီတော့ ငါ့ကို မနှောင့်ယှက်ဘဲ နင် တိတ်တိတ်ကလေးနေ၊ ပျင်းရင် အိမ်ပေါ်မှာ အမေနဲ့ သွားစကားပြော"

စိတ်ပန်းလူပန်း ဖြစ်နေသဖြင့် သူ ခပ်ဆတ်ဆတ် ပြောလိုက်မိသည်။ သူမက အောက်နှုတ်ခမ်းကို ဖိကိုက်လျက် သူ့အား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ အံ့သြဖွယ်ကောင်းစွာ မျက်ရည်တို့ ရစ်ဝဲ၍လာသည်။ ရတ်တရက် ကြောင်သွားပြီး သူမအား နားမလည်စွာ ငေးကြည့်နေမိသည်။

"နင်ဟာလေ...ငါ့ဆို ဘယ်တော့မှ ကောင်းကောင်းမွန်မွန်





မဆက်ဆံဘူး၊ ဟိုကောင်မတွေနဲ့ကျတော့ ရယ်လားမောလား"

"နေပါဦး ဘယ်ကောင်မတွေကို ပြောတာလဲ"

"ဘယ်ကောင်မ ရှိမှာလဲ၊ နင် သွားသွားနေကျ လမ်းထိပ်က ကောင်မတွေပေါ့"

သည်တော့မှ သူ စာအုပ်သွားငှားနေတဲ့ဆိုင်မှ ညီအစ်မနှစ်ယောက်ကို ဆိုလိုခြင်းဖြစ်ကြောင်း သူ သဘောပေါက်လိုက်ပြီး ဟက်ခနဲ တစ်ချက် ရယ်ချလိုက်မိသည်။

"နင် ပြောသလောက်လဲ မဟုတ်ပါဘူး မေသက်ရာ၊ စာအုပ်သွားငှားတယ် သွားအပ်တယ်၊ ဒီလောက်ပါပဲ"

"ဒါပေမယ့် အဲဒီဆိုင်သွားရင် နင် အမြဲတမ်းကြာတယ်"

"ဒါကတော့ ငါဖတ်ချင်တဲ့ စာအုပ်တွေကို ရှာနေရလို့ပါဟာ၊ အဲဒီညီအစ်မတွေကို ရယ်လားမောလား လုပ်ဖို့နေနေသာသာ တစ်စက်ကလေးတောင် မျက်နှာကြောတည့်တာ မဟုတ်ဘူး၊ ဝတ္ထုဖတ်ချင်လွန်းလို့သာ သူတို့ဆိုင်ကို သွားသွားနေရတာ"

စကားအဆုံး စူပုပ်စွာ ငိုမဲ့မဲ့ဖြစ်နေသော မျက်နှာက အနည်းငယ် ကြည်လင်လာသဖြင့် သူ သက်ပြင်းချလိုက်မိသည်။

"ကဲ...အခု အော်ကြီးဟစ်ကျယ်နဲ့ အရေးတကြီး ပြေးချလာရတဲ့ အကြောင်းရင်းကို ပြောစမ်းပါဦး"

သူမအား မေးရင်း ပိတောက်ပင်အောက် ခုံတန်းဆီသို့ လျှောက်သွားပြီး ထိုင်ချလိုက်တော့ ဘုမက နောက်မှလိုက်ပါလာပြီး သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သင်္ချာတွေ မလိုက်နိုင်လို့ဟ"

"ဒါများဟာ အဆန်းလုပ်လို့၊ နင်တို့က တတ်နိုင်တဲ့လူတွေပဲ ကျူရှင်ယူပေါ့"

သူမ စိတ်ညစ်ဟန်ဖြင့် ခေါင်းတစ်ချက်ကုတ်ပြီး 'အဲဒီကျူရှင်က သင်္ချာတွေကိုပါ မလိုက်နိုင်တာဟ' ဟု ညည်းညူညည်းညူ ရေရွတ်သည်။

ဘာသာစုံ ကျူရှင်ယူနေသည့်ကြားမှ စာမလိုက်နိုင်ဘူးဆိုလျှင်တော့ သူမ၏အဖြစ်က သနားစရာကောင်းလှပါသည်။

သူက သူမလို ကျူရှင်ယူချင်သော်လည်း အိမ်စီးပွားရေးအနေအထားကြောင့် မယူဖြစ်။

သို့သော် သူ၏အခြေအနေက သိပ်အဆိုးကြီးတော့မဟုတ်ပါ။ အတန်းထဲ၌ ပထမ၊ ဒုတိယ မဟုတ်သည့်တိုင် အဆင့်တစ်ဆယ်ကိုတော့ ဘယ်တုန်းကမှ မကျော်ခဲ့သလို စာမေးပွဲ မှန်သမျှကိုလည်း မကျဖူးခဲ့။ မေသက်ကတော့ သူနှင့် ဆန့်ကျင်စွာ လပတ်စာမေးပွဲတိုင်းလိုလို အတန်းပိုင်ဆရာမထံမှ မင်နီများ လက်ဆောင်ရလေ့ရှိ၏။

သူမအား စိတ်ပျက်စွာ ငေးကြည့်ရင်း မေးလိုက်သည်။

"အဲဒီတော့ နင် သင်္ချာမလိုက်နိုင်တဲ့ကိစ္စကို ငါက ဘာလုပ်ပေးရမလဲ"

"နင် ငါ့ကို စာပြပေးပေါ့"

မြတ်စွာဘုရား။ သူ တအံ့တသြဖြင့် သူမကို ကြည့်လိုက်





သည်။

"နင့်ကျူရှင်ဆရာကတောင် မတတ်နိုင်တဲ့ကိစ္စကို ငါက ဘယ်လိုလုပ်ပြီး တတ်နိုင်မှာလဲ မေသက်ရာ"

"ထင်သားပဲ၊ နင် ငြင်းမယ်ဆိုတာ"

"မဟုတ်ပါဘူး၊ ငါပြောတာက..."

"တော်ပါ အောင်ရာ၊ ပြမပေးချင်ရင်လည်း ပြမပေးနိုင်ဘူးလို့ ပြောလိုက်ပါ၊ ငါက နင် သင်္ချာတော်မှန်းသိလို့ အကူအညီတောင်းမိတာပါ၊ နောက်ပြီး ဖေဖေကိုယ်တိုင်က နင့်ကို စာပြခိုင်းဆိုလို့ လာပြောတာ"

ဤကိစ္စတွင် သူမ၏အဖေ ပါဝင်လာခြင်းကတော့ သူ့အတွက် အသက်ရှူကျပ်ဖွယ် အနေအထား ဖြစ်သည်။ သူတို့မိသားစုအပေါ် လိုအပ်တာထက် ပိုကောင်းလွန်းသော ဦးကျော်ခိုင်၏ဆန္ဒကို သူ မပယ်ရှားဝံ့ပါ။

"အန်ကယ်ကိုယ်တိုင်က ပြခိုင်းတာဆိုတော့လည်း ပြပေးရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ငါက စာပြတဲ့နေရာမှာ သိပ်စိတ်ရှည်တာ မဟုတ်ဘူးနော် မေသက်"

"ငါ့အပေါ်မှာတော့ စိတ်ရှည်ရှည် ထားပေါ့ဟာ"

"အေးလေ...ကြိုးစားကြည့်တာပေါ့"

သူ ကတိပေးလိုက်တော့ သူမမျက်နှာက ကျေနပ်ဟန်ဖြင့် ဝင်းလက်သွား၏။

"ဒါဖြင့်...ဒါဖြင့် နင် ငါ့ကို ဘယ်တော့ စာပြပေးမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင်"

"ငါအားတဲ့အချိန်တွေပေါ့"

"ကတိနော်"

"အေးပါ"

သူ ခေါင်းညိတ်လိုက်ပြီး 'လာမယ့် စနေ၊ တနင်္ဂနွေတွေနှင် စာအုပ်ယူပြီး လာခဲ့လေ' ဟု သူ ပြောလိုက်သည်။

"ဘာလဲဟင်၊ ဒီအိမ်မှာ ပြပေးမှာလား"

"ဒါပေါ့"

"မဖြစ်ဘူးဟ၊ ဖေဖေက အိမ်မှာလာပြတဲ့"

အဖေနဲ့ချည်းပဲ အနိုင်ယူနေတာပါလားဟု စိတ်အချဉ်ပေါက်စွာ သူတွေးလိုက်သည်။ အမှန်တိုင်း ပြောရလျှင် အကြောင်းကြီးငယ်ရှိသောအခါများမှအပ သူမတို့အိမ်သို့ သူ သိပ်သွားလေ့သွားထ မရှိ။ သူလိုလူတစ်ယောက်ကို သိမ်ငယ်သွားစေလောက်အောင် ကြီးကျယ်ခမ်းနားလွန်းသော ထိုအိမ်ကြီးသို့ သွားတိုင်း သူ စိတ်ကျဉ်းကျပ်ရမြဲ ဖြစ်သည်။

သို့သော် ဦးကျော်ခိုင်ကရော ၎င်း၏ဇနီး ဒေါ်ခင်သက်ကပါ ၎င်းတို့အိမ်၌ စာလာပြပေးရန် ဆန္ဒရှိသဖြင့် သချာညံ့လွန်းသော မေသက်ခိုင်အား ထိုအိမ်၌ တစ်ပတ်လျှင် လေးရက် စာသွားပြပေးခဲ့ရသည်။ တကယ် စာပြပေးသောအခါမှပင် သူမ၏ သချာအဆင့်အတန်းက ကြောက်ခမန်းလိလိ နိမ့်ကျနေကြောင်း အထိတ်တလန့် သတိပြုမိလာရလေသည်။





"မေသက် နင်ငါ့ကိုအရွဲ့တိုက်ပြီး တွက်နေတာတော့ မဟုတ်ပါဘူးနော်"

"ငါက ဘာကိုအရွဲ့တိုက်ရမှာလဲ အောင်ရဲ့၊ နင် တွက်ခိုင်းထားတဲ့အတိုင်း တွက်နေတာပဲဥစ္စာ၊ ဘာလဲဟင် ငါတွက်တာ မမှန်လို့လား"

"မမှန်တာထက်ကို ဆိုးဝါးနေလို့ ကလေးမရေ၊ ဒီပုံအတိုင်း ဆိုရင်တော့ နင် နောက်နှစ် ကိုးတန်းကျောင်းသူဖြစ်ဖို့ သိကြားမင်းကို အကူအညီ တောင်းရလိမ့်မယ် ထင်တယ်"

သူ့စကားကြောင့် သူမ၏မျက်နှာလေးက သနားစဖွယ် သေးငယ်သွားလေသည်။

သူမ၏အခြေအနေကို ရိပ်မိဟန်တူသော ဦးကျော်ခိုင်က သူ့အား တိုးတိုးတိတ်တိတ် ခေါ်ယူမေးမြန်းခဲ့သည်။

"မေသက်အခြေအနေ ဘယ်လိုရှိသလဲ မောင်အောင်ထက်"

"ပြောရမှာတော့ အားနာပါတယ် အန်ကယ်၊ တော်တော်ကို ဆိုးပါတယ်"

"အန်ကယ်လဲ ထင်တယ်၊ ဒါကြောင့် သချာကျူရှင်ကို နှစ်ခုတောင် ယူခိုင်းထားတာ၊ ဒါနဲ့ ဒီနှစ် အောင်နိုင်ပါ့မလား"

"ကျွန်တော်တို့ ဝိုင်းဝန်းပြီး ကြိုးစားကြည့်ရမှာပဲ"

"မောင်အောင်ထက်က နှစ်တိုင်း သချာဂုဏ်ထူးထွက်နေတဲ့လူဆိုတော့ မေသက်ကို ကူညီလိုက်ပါကွာ၊ ဒီနှစ် အောင်သွား



www.burmeseclassic.com

www.burmeseclassic.com



အောင် ဘေးကနေ တွန်းပေးလိုက်စမ်းပါ"၊

သာခန့် အကူအညီတောင်းခံသော စကားတစ်ခု ဖြစ်သော်လည်း ထိုစကားကို ပြောလာသူက ဦးကျော်ခိုင် ဖြစ်နေသဖြင့် သူ ထမ်းဆောင်ရမည့် ဝန်ထုပ်ဝန်ပိုးက လေးလံလှပါသည်။ သည်ကြားထဲ အဖေနှင့်အမေကပါ မေသက်လေးကို ဂရုစိုက်ပြီး စာပြပေးလိုက်ပါဟု တွန်းအားပေးလာသဖြင့် သူ၏ကိုးတန်းစာများကိုပင် ဂရုမစိုက်နိုင်တော့ဘဲ မေသက်ခိုင် ရှစ်တန်းအောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် စာပြပေးရတော့၏။

"နင် သချ်ာအောင်ပြီး ဒီပြင်ဘာသာနဲ့ကျရင် ငါ့တာဝန်မဟုတ်ဘူးနော် မေသက်"

"အေးပါဟာ၊ ကျန်တာတွေက ငါ့အတွက် မိုင်နာတွေပါ၊ ဒီသချ်ာတစ်ခုတည်း ငါကြောက်တာပါ"

"ဒါဖြင့်ရင် ပြီးရော၊ တစ်နေ့ကို နှစ်နာရီ နေ့တိုင်း သချ်ာတွက်ရမယ်၊ ငါ့စာကြည့်ချိန် အပုပ်ခံပြီး နင့်ကို ပြပေးရမှာ၊ နင် ကြိုးစား"

"ငါလဲ ကြိုးစားတာပဲ အောင်ရဲ့၊ ဒီသချ်ာတွေက ခက်ကိုခက်တာ"

"မဟုတ်ဘူး၊ နင်ကိုက ညံ့တာ"

"အဲဒီလိုမပြောပါနဲ့ဟယ်၊ မြန်မာစာကျတော့ ငါ အမြဲတမ်း ငါးဆယ်ကျော် ရပါတယ်"

"မြန်မာစာမှ အဲလောက်မရလဲ လဲသေလိုက်ပေါ့





မေသက်ရယ်၊ ကဲ...စကားပြောတာရပ်၊ လက်ထဲက ဆီးထုပ်ကိုချ သချ်ာတွက်မယ်၊ စာအုပ်ဖွင့်"

ဝါရင့်ကျောင်းဆရာတစ်ယောက် လေသံမျိုးနှင့် သူ အမိန့်ပေးလျှင်တော့ သူမက လျှာလေးတစ်လစ် ထုတ်ပြီး ငြိမ်ကုပ်သွားတတ်သည်။ တစ်ခါတစ်ရံ သူမ၏ ဦးနှောက်သေးသေးလေးနှင့် မဆန့်အောင် တနင့်တပိုး ရိုက်သွင်းမိသောအခါများမှာတော့ သူမက သနားစဖွယ် မျက်နှာလေး ရှုံ့မဲ့လျက်...

"မရတော့ဘူး အောင်ရဲ့၊ ငါ့ခေါင်းတွေ ယူပူလာပြီ ခဏလောက် နားပါဦးဟာ"

ဟု တောင်းပန်တတ်သည်။

သူမကို သနားသဖြင့် အနားပေးလိုက်ပြီဆိုလျှင်တော့ ထိုင်ရာမှ ဝမ်းသာအားရ ဆတ်ခနဲ ထရပ်ပြီး 'ဒေါ်လုံးရေ... ဗိုက်ဆာပြီ၊ ကော်ဖီနဲ့မုန့် ယူပေးပါ' ဟု အိမ်နောက်ဖေးဘက်သို့ ကျုံးအော်တတ်ကာ ဘေးနားမှ ဆီးထုပ်ကိုလည်း အငမ်းမရ ကောက်ကိုင်တတ်သည်။ ထို့ပြင် သူ့ကိုလည်း...

"အောင်..ဆီးထုပ်စားပါလားဟင်"

ဟု မျက်နှာချိုသွေးတတ်သည်။

တစ်ခါတစ်ရံတော့ စိတ်ရှည်လက်ရှည် စာပြပေးနေသော သူ့မျက်နှာကို စူးစိုက်ကြည့်လျက်...

"နင် ငါ့ကို ဂရုစိုက်သားပဲနော်"

ဟု အရင်းမရှိ အဖျားမရှိ ရေရွတ်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမျိုးမှာတော့ သူသည် သည်းမခံနိုင်လောက်အောင် စိတ်တို ဆောင်းသွားတတ်သည်။

"ငါ နင့်ကို ဂရုစိုက်တာမဟုတ်ဘူး မေသက်၊ နင့်ရဲ့ သချ်ာဘာသာကို ဂရုစိုက်တာ၊ ငါမျက်နှာပေါ်က နင့်မျက်လုံးတွေကို ဟောဒီစာအုပ်ပေါ် ပြောင်းစမ်း၊ နောက်ပြီး ငါရှင်းပြတာတွေကို နားရှက်မခတ်ဘဲ နားထောင်"

အံကြိတ်သံနှင့် ဖိဟောက်ပစ်လိုက်တော့မှ သူမ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ငြိမ်ကုပ်သွားတတ်သည်။

ဘာပဲဖြစ်ဖြစ် သူရော သူမပါ နှစ်ယောက်လုံး ပင်ပန်းခဲ့ကြခြင်း၏ ရလဒ်ကိုတော့ ထိုနှစ် အောင်စာရင်းထွက်ချိန်၌ ခံစားကြရ၏။

လစဉ်စာမေးပွဲများ၌ သချ်ာဘာသာအား ဘယ်တုန်းကမှ အောင်မှတ်၏တစ်ဝက်ပင် မရခဲ့ဖူးသော သူမသည် ထိုနှစ် ရှစ်တန်းစာမေးပွဲအား လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်ခဲ့ရုံမျှမက သချ်ာဂုဏ်ထူးပင် ထွက်ခဲ့လေသည်။

ထိုအဖြစ်အား သူအပါအဝင် လူတိုင်းအံ့သြကြရပြီး အအံ့သြဆုံးလူကတော့ သူမကိုယ်တိုင် ဖြစ်သည်။

"ဘုရား…ဘုရား…ငါမျက်စိတွေများ မှားသလား အောင်ရယ်၊ သေချာကြည့်စမ်းပါဦး"

"မမှားပါဘူး မေသက်ရဲ့၊ နင် တကယ် ဂုဏ်ထူးထွက်တာပါ"





အောင်စာရင်းကြည့်ပြီး ပြန်လာတော့ သူမက တစ်လမ်းလုံး သူ့လက်မောင်းကို ဖက်တွယ်လျက်…

"အဲဒါ နင့်ကြောင့် သိလား၊ နင် ငါ့ကို စိတ်ရှည်လက်ရှည် ပြပေးလို့ ငါ ဂုဏ်ထူးထွက်တာ"

ဟု တတွတ်တွတ် ရေရွတ်၏။

သူကတော့ သူမ၏ စကားကို စိတ်မဝင်စားနိုင်ဘဲ သူ့လက်မောင်းအား သူမ ဖက်တွယ်ထားခြင်းကိုသာ မနေတတ် မထိုင်တတ်ဖြစ်ပြီး မကြာခဏ ဖြုတ်ချနေမိသည်။ တအောင့်ကြာတော့မှ သူ့ဖယ်ရှားမှုကို သူမ သတိပြုမိသွား၏။

"နင်ကလဲ အဖြစ်သည်းနေလိုက်တာ၊ လက်မောင်းက လေးကိုင်တာ ပုံပါသွားမှာ ကျနေတာပဲ"

"ဒါပေမယ့် လူတွေနဲ့ဟ၊ ငါ ရှက်တယ်"

"ဩော်…ငါကတော့ မရှက်လို့ပေါ့လေ"

"အဲဒါတော့ ဘယ်သိမလဲ"

"ကြီးကျယ်လိုက်တာ၊ မကိုင်ဘူးဟေ့"

သူ့လက်မောင်းကို ဖြုတ်လျက် ခပ်စူးစူးအော်ရင်း ရှေ့မှ ဆောင့်ကြီးအောင့်ကြီး ထွက်သွားတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဖြစ်သင့်သည်မှာ သူတို့မိသားစုထက် အဆပေါင်းများစွာ အဆင့်အတန်း မြင့်မားကြီးကျယ်လှသော မေသက်ခိုင်တို့အနေနှင့် သူတို့အား ခပ်တန်းတန်း ဆက်ဆံသင့်သော်လည်း အံ့ဩဖွယ် ကောင်းလှစွာ ဦးကျော်ခိုင် အပါအဝင် တစ်အိမ်သားလုံးက သူတို့ သားအမိ သားအဖ သုံးယောက်အပေါ် အလွန်ကောင်းလွန်း လှပါသည်။

မေသက်ခိုင် သချာင်္ဂုဏ်ထူး ထွက်ခြင်းကို အကြောင်းပြု၍ မိသားစုနှစ်စု၏ ခင်မင်မှုက ပိုမိုတိုးတက်လာခဲ့သလို မေသက်ခိုင်နှင့် သူ၏ဆက်ဆံရေးကလည်း ပိုမိုရင်းနှီး၍လာခဲ့သည်။ ထိုရင်းနှီးမှုမှာ သူနှင့်သူမအကြား၌ ပြဿနာမရှိသော်လည်း





အခြားလူအမြင်မှာတော့ ဆန်းကြယ်၍နေပုံရသည်။ အထူးသဖြင့် တစ်ရပ်ကွက်တည်းသား သူငယ်ချင်းများဖြစ်သော စိုးတင့်နှင့် ခင်မောင်တို့က သူတို့နှစ်ယောက်၏ ဆက်ဆံရေးဒ ပေါ် တစ်မျိုး အမြင်ဆုံး ဖြစ်သည်။

စိုးတင့်နှင့် ခင်မောင်မှာ သူ့လို ဆယ်တန်းကျောင်းသား များ ဖြစ်သော်လည်း သူတို့ကျောင်းမှ မဟုတ်ဘဲ မေသက်ခိုင်တို့၏ အထက(၂)မှ ဖြစ်၏။ (ထိုအချိန်၌ ညနေတိုင်းလိုလို စိုးတင့်တို့နှင့် အတူ လမ်းထိပ်လက်ဖက်ရည်ဆိုင်၌ သူ ထိုင်တတ်နေပြီ ဖြစ်သ လို စီးကရက်လည်း ခိုးသောက်တတ်နေပြီဖြစ်သည်။)

တစ်ရက် လက်ဖက်ရည်ဆိုင်ထိုင်၍ စီးကရက်ဖွာနေရင်း စိုးတင့်က အံ့ဩဖွယ်စကားကို စတင်လာခဲ့သည်။

"ဒီနေ့ မင်းကောင်မလေးကို ငါတို့အခန်းထဲက ကောင် တစ်ကောင် စာလိုက်ပေးတယ် အောင်ထက်"

မင်းကောင်မလေးဟူသော အသုံးအနှုန်းမှာ မေသက်ခိုင် ကို ရည်ညွှန်းကြောင်း နားလည်လိုက်မိသော်လည်း သူ မထူးဆန်း သလို အေးဆေးစွာပင် စီးကရက်ကို ဆက်ဖွာနေလိုက်သည်။

"ဟော့ကောင် ငါပြောတာ ကြားရဲ့လား"

"ကြားသားပဲ၊ အဲဒါ ဘာဖြစ်လဲ"

"မင်း မစိုးရိမ်ဘူးလား"

"ဘာကို စိုးရိမ်ရမှာလဲ"

စိုးတင့်က သူ့အား နားမလည်သလို ငေးကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'မင်းရည်းစား သူများနောက် ပါသွားမှာကိုပေါ့' ဟု ပြောသည်။ သည်တော့မှ သူနှင့်မေသက်ခိုင်၏ ဆက်ဆံရေးအပေါ် စိုးတင့်တို့၏ အထင်အမြင် လွဲမှားနေမှုကို ပထမဆုံးအကြိမ် သူ အထိတ်တလန့် သတိပြုလိုက်မိသည်။

"ဟော့ကောင် ငနော၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ငါနဲ့မေသက်ခိုင်က ရိုးရိုးသားသားခင်တာ၊ ရည်းစားတွေ မဟုတ်ဘူး"

စိုးတင့်ကော ခင်မောင်ပါ တအံ့တဩနှင့် 'တကယ်လား' ဟု အမောတကော ဝိုင်းမေးကြသည်။ 'တကယ်ပေါ့' ဟု သူ ခပ်တည်တည် ဖြေတော့ နှစ်ယောက်စလုံး ခေတ္တတွေသွားပြီး ခေါင်းကို ခါယမ်းလိုက်ကြသည်။

"ငါတော့ မယုံဘူး"

"မယုံလဲ မတတ်နိုင်ဘူး၊ ငါ အမှန်အတိုင်းပြောတာ"

"ကောင်းပြီ၊ မင်းနဲ့ မေသက်ခိုင်နဲ့ တကယ် ဘာမှမဖြစ်သေးဘူးဆိုရင် ငါ မေသက်ခိုင်ကို လိုက်ရမလား"

လိမ်ကောက်ကောက် ဆံပင်များ ဖုံးအုပ်ထားသည့် စိုးတင့်၏ခေါင်းထဲ၌ ယခုလိုအတွေးမျိုး ဘယ်တုန်းကတည်းက ရောက်နေပါလိမ့်ဟု သူ တအံ့တဩ စဉ်းစားနေမိသည်။

"ဘယ်လိုလဲ အောင်ထက်၊ မင်းနဲ့ မေသက်ခိုင် ဘာမှ မဖြစ်ဘူးဆိုရင် ငါ သူ့ကို လိုက်မယ်လေ"

"လိုက်ပေါ့"





သူ သဘောတူလိုက်တော့ စိုးတင့်၏ မည်းညစ်ညစ် မျက်နှာက ဝမ်းသာအားရ ဝင်းထိန်သွားသည်။

"ဒါဖြင့် မင်း ငါ့ကို စာပေးပေး"

"ဘာဆိုင်လို့လဲ၊ ကိုယ့်ဘာသာ ပေးပေါ့"

"ငါ မပေးရဲလို့ကွ၊ သူငယ်ချင်းချင်း မင်း ဒီလောက်တော့ ကူညီသင့်တာပေါ့၊ ငါ မင်းကို ကြိုက်တဲ့ဆိုင်မှာ တဝကျွေးမယ်ကွာ"

စိုးတင့်က ချွေးခေါ်လိုက်သော်လည်း သူကတော့ ခေါင်းကိုသာ ခပ်ဆတ်ဆတ် ခါယမ်းပစ်လိုက်သည်။ သူတို့အုပ်စုထဲ၌ အသက်အကြီးဆုံးနှင့် စကားအနည်းဆုံးဖြစ်သော ခင်မောင်က ရုတ်တရက် ဝင်ပြောသည်။

"စိုးတင့်ပြောတာ ဟုတ်တယ် အောင်ထက်၊ မင်း မေသက်ခိုင်ကို စိတ်မဝင်စားဘူးဆိုရင် သူငယ်ချင်းချင်း အကူအညီ ပေးလိုက်ပေါ့၊ ဘာအပန်းကြီးတာမှတ်လို့၊ မင်းလဲ မေသက်ခိုင်ကို ကြိုက်မှမကြိုက်တဲ့ဥစ္စာ"

ခင်မောင်၏စကားက သူ့သာ စိုးတင့်ကို အကူအညီ မပေးပါက မေသက်ခိုင်အား သူ စိတ်ဝင်စားနေခြင်းကြောင့်ဟု အဓိပ္ပါယ် ကောက်ယူနိုင်သည့်စကားမျိုး ဖြစ်သည်။ သူ စိတ်ရှုပ်ထွေးစွာ ရေနွေးကြမ်းကို ရှပ်ခနဲ ကောက်မော့လိုက်ပြီးမှ...

"ကဲ...ဒါဖြင့် ရေးကွာ၊ ကောင်တာမှာ စာရွက်တောင်းလိုက် သွားတောင်းပြီး ခုချက်ချင်းရေး၊ ငါ ဒီညတွင်းချင်း မေသက်ခိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးပေးမယ်"

ဤသို့ဖြင့် ထိုနေ့ညနေ အိမ်အပြန်၌ မေသက်ခိုင်အား ပေးရန် ရည်းစားစာတစ်စောင် သူ့အင်္ကျီအိတ်ကပ်အတွင်း ပါရှိလာခဲ့ခြင်း ဖြစ်သည်။

အိမ်ရောက်တော့ ဂစ်တာယူပြီး ခြံထဲမှ ပိတောက်ပင်အောက် ခုံတန်းမှာ သူ ထွက်ထိုင်နေလိုက်သည်။ သူ့ သိပ်ကြာကြာ မစောင့်လိုက်ရပါ။ သီချင်းနှစ်ပုဒ်လောက် တီးအပြီးမှာပင် ညစာစားပြီးတိုင်း သူတို့အိမ်ဘက်သို့ ကူးလာလေ့ရှိသော မေသက်ခိုင် တစ်ယောက် အချဉ်ထုပ်ကို နှုတ်ခမ်းမှာတေ့လျက် ပါးစပ်တလှုပ်လှုပ်ဝါးရင်း သူထိုင်နေရာသို့ ရောက်ရှိလာသည်။

"အောင် ထမင်းစားပြီးပြီလား"

"ဟင့်အင်း"

"ဟဲ့ မှောင်တောင် မှောင်တော့မှာ၊ ဘာလို့ မစားသေးတာလဲ၊ တော်ကြာ အစာအိမ် ဖြစ်နေဦးမယ်"

သူ့ဘေး နေရာလွတ်မှာ ဆတ်ခနဲဝင်ထိုင်ရင်း သူမ ပြောသည်။ သူ ဂစ်တာအတီးရပ်လျက် သူမဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး...

"ငါ နင့်ကို ပေးစရာတစ်ခု ရှိတယ်"

"ဘာလဲဟေ"

အိတ်ကပ်ထဲမှစာကို ထုတ်ယူကာ သူမကို ပေးလိုက်တော့ သူမက ခပ်ကြောင်ကြောင် လှမ်းယူရင်း မေးသည်။





"အဲဒါ ဘာလဲလို့"

"ရည်းစားစာ"

"ဟော..."

သူမလက်ထဲမှ အချဉ်ထုပ်က မြေပြင်ထက်သို့ ပြုတ်ကျသွားပြီး သူမမျက်နှာကလည်း စတေဓါတ်ပုံတစ်ပုံပမာ ရပ်တန့်ငြိမ်သက်သွားလေသည်။ ထို့နောက်တော့ ခန့်မှန်းရန် ခက်ခဲသောအမူအရာများ သူမ မျက်နှာပေါ်၌ လျင်မြန်စွာဖြတ်သန်းသွားပြီး နောက်ဆုံး၌ နှင်းဆီရောင် ယှက်သန်းလျက် နီမြန်းသွားလေတော့သည်။

"နင်...နင် ငါ့ကို ရည်းစားစာပေးတယ် ဟုတ်လား"

အံ့သြစရာပဲ။ သူမရဲ့အသံတွေက တုန်ခါလို့ပါလား။

သူ အံ့အားတသင့် အတန်ကြာ တွေဝေနေပြီးမှ ချက်ချင်းပင် တစ်စုံတစ်ရာ မှားယွင်းနေပြီဖြစ်ကြောင်း စဉ်းစားမိကာ ရင်ထဲ၌ အေးခနဲ ဖြစ်သွားမိသည်။

"မဟုတ်ဘူး မေသက်၊ ခဏလေး ငါ ရှင်းပြဦးမယ်"

"ဘာမှ ရှင်းပြမနေနဲ့၊ နင် ငါ့ကို ရည်းစားစာပေးတယ်၊ ငါ ဒေါ်လေးနဲ့ တိုင်ပြောမယ်၊ ပြီးတော့ ဦးလေးနဲ့လဲ တိုင်မယ်"

"ငါပေးတာ မဟုတ်ဘူး"

"စကြောက်၊ နင်ကိုယ်တိုင် ငါ့လက်ထဲကို ရည်းစားစာအတင်းထိုးထည့်ပေးပြီးမှ ကြောင်လိမ်မနေနဲ့"

သူ စိတ်ညစ်ညူးစွာ ခေါင်းတစ်ချက် ခါယမ်းလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါပေးတယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီစာကို ငါရေးတာ မဟုတ်ဘူး"

"သူများကို ရေးခိုင်းတယ်ပေါ့၊ ဟား…ဟား…ကိုယ်တိုင်ဆောင် အဖြစ်ရှိအောင် မရေးတတ်ဘဲနဲ့ ရည်းစားစာ ပေးချင်ရသေးတယ်"

"တော်စမ်း မေသက်၊ အဲဒီစာက ငါက နင့်ကိုပေးတာ မဟုတ်ဘူး၊ စိုးတင့်က နင့်ကိုပေးခိုင်းလို့ ငါ ယူလာပေးတာ"

"ဘာ"

"စိုးတင့်လေ၊ နင်တို့ကျောင်း ဆယ်တန်းဘီကကောင်"

စကားအဆုံး ဖြတ်အရိုက်ခံလိုက်ရသည့်ပမာ အံ့သြနာကျင်သွားသော သူမမျက်နှာအား သူ နားမလည်နိုင်စွာ ငေးကြည့်နေရင်း အမျိုးအမည် ခွဲခြမ်းမရသော ခံစားမှုတစ်ခုက သူ့ရင်ထဲ၌ စူးရှပြင်းထန်၍လာသည်။ သူမ စကားမပြောနိုင်လောက်အောင် အတန်ကြာ နှုတ်ဆိတ်ငြိမ်သက်သွားပြီးမှ သူ့ဘက်သို့ ဖြည်းညင်းစွာ လှည့်လာသည်။

"လက်စသတ်တော့ နင်က အောင်သွယ်တော်ကြီးပေါ့ ဟုတ်လား"

"ငါ…ငါ အားနာတာနဲ့ ယူလာမိတာ၊ ငြင်းလို့လဲ မကောင်းတာနဲ့"

သူမကို မော်မကြည့်ရဲတော့ဘဲ ခေါင်းငုံ့ကာ သူ ရှင်းပြ





နေမိသည်။ တိတ်ဆိတ်ခြင်းက သူတို့နှစ်ယောက်ကြား၌ အတန်ကြာအောင် ကြီးစိုးနေခဲ့ပြီးမှ စာရွက်ဖြဲသံသဲ့သဲ့က တိုးညင်းစွာ ထွက်ပေါ်၍လာသည်။

သူ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ မျက်ရည်စက်များ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျဆင်းနေသော သူမသည် အောက်နှုတ်ခမ်းကို သွားနှင့် ဖိကိုက်လျက် စိုးတင့် နာရီပေါင်းများစွာ အချိန်ယူ ရေးသားထားသော ရည်းစားစာအား တစ်စစီ ဆုတ်ဖြဲ၍ နေသည်။

အပိုင်းအစ သေးသေးလေးများဖြစ်အောင် ဆုတ်ဖြဲပြီးမှ လက်ထဲ၌ လုံးခြေစုကိုင်ထားသော ထိုစက္ကူများဖြင့် သူ့မျက်နှာဆီသို့ အားကုန်ပစ်ပေါက်ကာ ခပ်စူးစူး အော်ဟစ်လိုက်သည်။

"နင် အရူးပဲ အောင်၊ သိလား နင်ဟာ အရူးပဲ"

ထို့နောက်တော့ သူ့ရှေ့မှ သူမ ပြေးထွက်သွားတော့သည်။ ကိုယ်ပေါ်၌ တစ်စစီ ပြန့်ကျဲတင်ရစ်နေကြသော စက္ကူအပိုင်းအစများကို ငေးကြည့်ရင်း သူ ငြိမ်သက်စွာ ကျန်ရစ်ခဲ့သည်။

မှောင်စပျိုး၍ 'သားရေ ထမင်းစားရအောင်' ဟု အမေ၏ လှမ်းခေါ်သံ ကြားမှ သူ ထိုင်ရာမှထရပ်ပြီး ဂစ်တာကိုဆွဲလျက် စိတ်ပျက်လက်ပျက်နှင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။ အိမ်ပေါ် ရောက်ရောက်ချင်း အမေ ဆီးမေးသော မေးခွန်းက 'သားနဲ့ မေသက် ဘာဖြစ်ကြတာလဲ' ဟူ၍ ဖြစ်သည်။ မေသက်၏



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရှုးရှုး အော်ဟစ်သံကို အမေ ကြားလိုက်မိဟန် တူပါသည်။ သူ ဝစ်တာကို နံရံ၌ ထောင်ရင်း...

"ဘာမှမဟုတ်ပါဘူး အမေရာ၊ ဒီလိုပဲ စိတ်ကောက်သွားတာပါ"

ခပ်ပေါ့ပေါ့လေသံနှင့် အဖြေပေးလိုက်တော့ အမေက သက်ပြင်းတစ်ချက်ချရင်း ခေါင်းတညိတ်ညိတ် လုပ်၏။ ထို့နောက်တော့ မဆိမဆိုင် ပြုံးလိုက်ပြီး...

"အေးလေ...ဒီလိုပဲပေါ့"

ဟု အရင်းမရှိ အဖျားမရှိ ရေရွတ်လေသည်။

အမေ၏တုံ့ပြန်ပုံကို သူ နားမလည်သလို မေသက်ခိုင်၏ ပေါက်ကွဲသွားမှုကိုလည်း စဉ်းစား၍မရပါ။ ထိုည၌ သူ အိပ်မပျော်မီ မေသက်ခိုင်သည် ပထမဦးဆုံးအကြိမ်အဖြစ် သူ၏အတွေးထဲ၌ အချိန်အတော်ကြာအောင် စိုးမိုးနေရာယူနိုင်ခဲ့၏။

နောက်တစ်နေ့မနက်၌ ယခင့်ယခင် အကြိမ်များကလို သူမ စိတ်ကောက်ပြေပြီး သူ့ထံ ရောက်ရှိလာလိမ့်မည်ဟု ထင်မိသော်လည်း သူမ လုံးဝရောက်ရှိမလာဘဲ ရက်ပေါင်းအတန်ကြာအောင် ရှောင်ဖယ် စိတ်ကောက်နေခဲ့လေသည်။

ထိုအတောအတွင်း စိုးတင့်နှင့်တွေ့တော့ ၎င်း၏ ရည်းစားစာ ဆုတ်ဖြဲခံရခြင်းအား ပြန်ပြောပြရန် သူ နှုတ်တွန့်နေမိသော်လည်း စိုးတင့်ကတော့ ၎င်း၏ရှုံးနိမ့်မှုကို တင်ကြိုသိရှိနေပြီး ဖြစ်သည်။





စိုးတင့်၏အဆိုအရ မေသက်ခိုင်သည် နောက်တစ်နေ့၌ စိုးတင့်၏အတန်းရှေ့သို့ တစ်ယောက်တည်း ရောက်ရှိလာခဲ့ပြီး စိုးတင့်အား ခေါ်ယူကာ ရန်တွေ့ခဲ့သည်...တဲ့။ ထို့ပြင် နောက်နောင် ယခုလို စာပေးနှောင့်ယှက်မည်ဆိုပါက ပါးရိုက်မည်ဟုပင် ခြိမ်းခြောက်သွားပါသေးသတဲ့။

မေသက်ခိုင်၏ ဒေါသတကြီး သတ္တိရှိမှုကို သူ တအံ့တသြ ဖြစ်နေသည်။ ခင်မောင်ကတော့...

"ငါ ပေဒင်ဟောလိုက်မယ်ကွာ၊ မေသက်ခိုင် မင်းကို ကြိုက်နေတာ ဖြစ်ရမယ် အောင်ထက်"

ဟု မဆိမဆိုင် ဝင်မှတ်ချက်ချလေသည်။

ခင်မောင်၏မှတ်ချက်ကြောင့် သူ တုန်လှုပ်ခဲ့ရတာတော့ အမှန်ပဲဖြစ်သည်။ သို့သော် သူ ခပ်တည်တည်ပင် ခေါင်းခါယမ်း ငြင်းဆန်လိုက်သည်။

"တော်စမ်းပါ...ခင်မောင်ရာ၊ မဟုတ်မဟပ်တွေ ပြောမနေစမ်းပါနဲ့၊ ခုတောင် သူနဲ့ငါ အဆင်မပြေဘူး၊ သူ ငါ့ကို စိတ်ကောက်နေတယ်"

"အေး...အဲဒီလို စိတ်ကောက်တာကိုက မရိုးသားတာပေါ့၊ မယုံရင်ကြည့်နေ၊ သူ မင်းကို အရင်ပြန်ခေါ်လိမ့်မယ်"

ခင်မောင်၏ နိမိတ်ဖတ်မှုက အံ့သြစရာကောင်းလောက်အောင် မှန်ကန်၍ နေပါသည်။ သူမ သူ့အား ရှောင်ဖယ် စိတ်ကောက်နေခဲ့ပြီး တစ်ပတ်ကျော်အကြာ၌ သူမဘာသာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြေပြီး သူ့အား ပြန်ခေါ်လာခဲ့သည်။

အနည်းငယ် ရယ်စရာကောင်းသည်မှာ ထိုအဖြစ်အပျက်သည် သူနှင့်စိုးတင့်တို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်၌ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။

❖ ❖ ❖



(၄)

ယခင်က မိုးအုံ့ပြီး ချမ်းစိမ့်စိမ့်ဖြစ်နေသောအခါမျိုး၌ ဝတ္ထုစာအုပ်တစ်အုပ်နှင့် အိပ်ရာထဲ၌ လဲလျောင်းနေလေ့ရှိသော သူသည် ယခုတော့ လမ်းထိပ်မှ ခပ်စုတ်စုတ် လက်ဖက်ရည်ဆိုင်ကလေးသို့သွားကာ လက်ဖက်ရည်တစ်ခွက်နှင့် စီးကရက်တစ်လိပ်ကို တွဲဖက်သောက်သုံးနေတတ်ပြီ ဖြစ်သည်။

ထိုနေ့က ခင်မောင် မအားသဖြင့် သူနှင့်စိုးတင့် နှစ်ယောက်တည်း လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြ၏။ ဆိုင်ထဲရောက်တော့ မွှန်ထရိုတစ်ပွဲကို အရင်မှာပြီး ချမ်းစိမ့်စိမ့်ရာသီဥတုကို စီးကရက်ဖွာရင်း အရသာခံနေမိသည်။ စီးကရက် တစ်ခ်တ်မကျိုးခင်မှာပင် ဗိုးကွဲသံတစ်ခုက သူ့နား၌ နီးကပ်ကျယ်လောင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲလာခဲ့၏။

"အောင် အဲဒါ ဘာလုပ်နေတာလဲ"

သူ လှည့်ကြည့်လိုက်တော့ ဆွယ်တာအနီရဲရဲလေး ဝတ်ဆင်ထားပြီး ခေါက်ထီးအနီလေး ကိုင်ထားသည့် သူမ ဖြစ်နေလေသည်။ သူမ၏မျက်လုံးက သူ့လက်ထဲမှ စီးကရက်ကို မမှိတ်မသုန် စိုက်ကြည့်နေပြီး သူ့ဘေးမှခုံမှာ ဆတ်ခနဲ ဝင်ထိုင်လိုက်သည်။

"နင် ဒီဆိုင်လာပြီး ဆေးလိပ်တွေ ခိုးခိုးသောက်နေတာပေါ့လေ၊ ဟုတ်လား အောင်၊ နင် တော်တော် ပျက်စီးနေပါလား၊ အေး ကြည့်နေ၊ ငါ ဦးလေးနဲ့ တိုင်ပြောမယ်"

သူ ဘာပြန်ပြောရမှန်း မသိခင်မှာပင် သူမ၏အကြည့်က စိုးတင့်ဆီသို့ ရုတ်တရက် ကူးပြောင်းသွား၏။

"စိုးတင့် နင် အောင့်ကို ဖျက်ဆီးနေတာ မဟုတ်လား"

"ဟာ..မဟုတ်ဘူး မေသက်ခိုင်၊ ငါ ငါနဲ့ ဘာမှမဆိုင်ဘူး"

"ဘာလို့ မဆိုင်ရမှာလဲ၊ နင်တို့ပဲ အောင့်ကို ဒီဆိုင်ခေါ်ခေါ်ပြီး ဖျက်ဆီးနေကြတာ"

စိုးတင့် မျက်စိမျက်နှာပျက်ပြီး သူ့ကိုတစ်လှည့် မေသက်ခိုင်ကို တစ်လှည့် ကြည့်နေစဉ်မှာပင် သူမက...

"နင် ဘာထိုင်လုပ်နေတာလဲ၊ သွားပါတော့လား"

ခပ်တည်တည် ဟောက်လိုက်သည်။ သူမ၏စကားဆုံးသည်နှင့် စိုးတင့် လှစ်ခနဲ ထထွက်သွားတော့သည်။ သူပင်





တားဆီးချိန် မရလိုက်။

"မေသက်၊ နင် ဘာဖြစ်လို့ စိုးတင့်ကို မောင်းထုတ်လိုက်ရတာလဲ"

"ထုတ်မှာပေါ့၊ သူတို့က နင့်ကို ဖျက်ဆီးနေကြတဲ့ဥစ္စာ"

"ဘာမှမဆိုင်ဘူး၊ ဆေးလိပ်က ငါ့ပါးစပ်နဲ့ ငါသောက်တာ၊ နေပါဦး၊ နင်က ဘယ်ကနေ ရောက်လာရတာလဲ"

"ငါ ဗီဒီယိုခွေ လာငှားတာ၊ နင် ဆေးလိပ်သောက်နေတာ တွေ့လို့ ဝင်လာတာ၊ နင့် ဆေးလိပ်ခိုးသောက်တဲ့အကြောင်း အိမ်ရောက်ရင် ငါ တကယ်တိုင်မှာ အောင်၊ ဒီတစ်ခါ တကယ့်ကို တိုင်မှာ"

"တိုင်ဟာ့..တိုင်"

သူ စိတ်ပေါက်ပေါက်နဲ့ အော်လိုက်ပြီး ဆေးလိပ်ကိုသာ စိတ်တိုတောင်းစွာ ဖွာရှိုက်နေမိသည်။ သူ့ခပ်ငေါက်ငေါက်အသံကြောင့် သူမက မိနစ်များစွာ နှုတ်ဆိတ်ငြိမ်သက်သွားပြီးမှ လေသံပျော့ပျော့နှင့် အလျှော့ပေးစကား ဆိုလာသည်။

"အလကားပါ အောင်ရာ၊ ငါ မတိုင်တော့ပါဘူး၊ တိုင်ရင် ဦးလေးက နင့်ကို ထိုးမှာပေါ့၊ နင်လည်း အမြဲတမ်းတော့ မသောက်နဲ့ပေါ့ဟာ၊ တစ်ခါတစ်လေ သောက်တော့ သောက်ပေါ့"

သူမ၏စကားကြောင့် သူ အနည်းငယ် စိတ်သက်သာမှု ရသွား၏။ သူမ ပြောသည့်အတိုင်း အိမ်ကိုပြန်တိုင်မည်ဆိုပါက အဖေနှင့်သူ ထိပ်တိုက် တွေ့ရပါလိမ့်မည်။ အဖေက ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



မအောင်ခင် ဆေးလိပ်သောက်ခြင်းနှင့် ရည်းစားထားခြင်းကို လုံးဝခွင့်မပြုနိုင်ဟု သတိပေးထားဖူး၏။ စိတ်တိုသောအခါများ၌ ထက်ပါလေ့ရှိသော အဖေသာ သူ ဆေးလိပ်သောက်ကြောင်း သိသွားလျှင် လွယ်လိမ့်မည် မဟုတ်ပါ။

သူမ အိမ်ကိုပြန်မတိုင်တော့ဟု ကတိပေးသဖြင့် ကျေးဇူးတင်သွားမိသော်လည်း ပါးစပ်ကတော့ ထုတ်မပြောဖြစ်၊ ထို့ပြင် စိုးတင့်ကို မောင်းထုတ်လိုက်သဖြင့်လည်း သူမအပေါ် အနည်းငယ် စိတ်ကွက်နေမိသည်။ လက်ဖက်ရည်ဆိုင်မှထ၍ အိမ်သို့ပြန်လာသည့် တစ်လမ်းလုံး သူမကို သူ စကားမပြောဖြစ်၊ အိမ်နားရောက်ခါနီးမှ သူမက သူ့ဘက်သို့လှည့်ကာ လှမ်းမေးသည်။

"နေပါဦး အောင်၊ ငါတို့နှစ်ယောက် ခု ဘယ်သူက ဘယ်သူ့ကို စိတ်ကောက်နေကြတာလဲဟင်"

သူမ မေးတော့မှပင် အမှန်တကယ် ရောင်ရွှာ စိတ်ကောက်နေခဲ့သူမှာ သူမဖြစ်ပြီး အလျှော့ပေး ချော့မော့ရမည့်သူမှာ သူဖြစ်ကြောင်း စဉ်းစားမိလျက် ဆန့်ကျင်ဖက်ဖြစ်နေသော အခြေအနေကို တွေးမိပြီး အနည်းငယ် ရယ်ချင်သွားမိသည်။ သူမက...

"ထားပါတော့ ငါကပဲ နင့်ကို အလျှော့ပေးပါတယ်၊ နင် ငါ့ကို စိတ်မဆိုးနဲ့တော့နော်၊ စိုးတင့်ကို မောင်းထုတ်လိုက်မိတဲ့အတွက်လည်း ငါ တောင်းပန်ပါတယ်"

"ရပါတယ်၊ ငါလည်း ရုတ်တရက်ဆိုတော့ စိတ်တိုသွားလို့ပါ"





"ဒါဖြင့်...နင် ငါ့ကို ပြန်ခေါ်တော့မယ်ပေါ့နော်"

သူမေးရမည့်မေးခွန်းကို သူမက ပြန်မေးနေသဖြင့် သူ ဟက်ခနဲ ရယ်လိုက်ပြီး ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်မိသည်။

"အေးပါ၊ ငါ နင့်ကို ပြန်ခေါ်ပါ့မယ်၊ ကဲ ကျေနပ်ပြီလား"

"ဒါဖြင့် ငါ ညနေ နင်တို့အိမ်ကို လာခဲ့မယ်နော်၊ နင် ထမင်းမစားဘဲနဲ့ ငါ့ကိုစောင့်နေ၊ ငါ နင်ကြိုက်တဲ့ ဆိတ်သားခြောက်တွေ ယူခဲ့မယ်"

သူမ ရွှင်မြူးတက်ကြွစွာ ပြောနေရင်းမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် 'ဟောတော့' ဟု ရေရွတ်လိုက်သည်။

"ဘာဖြစ်လို့လဲ မေသက်"

"ငါ ဗီဒီယိုခွေငှားဖို့ မေ့လာခဲ့ပြီ၊ ကောင်းရော"

"ပြန်သွားငှားကြမလား"

"နေပါစေတော့ဟာ၊ မိုးလည်း ရွာလာတော့မယ်၊ အိမ်ရောက်မှပဲ အိမ်က ကောင်မလေးကို လွှတ်ပြီး ငှားခိုင်းတော့မယ်"

ဗီဒီယိုခွေငှားရန် မေ့လျော့လာခဲ့သော သူမသည် ထိုနေ့ ညနေ ဆိတ်သားခြောက်များ ယူလာရန်ကိုတော့ မမေ့ပါ။ သူမ ယူလာသော ဆိတ်သားခြောက်များကို နှစ်ယောက်သား မီးဖိုထဲဝင်ပြီး ဖုတ်သောအချိန်၌ အမေ အနားသို့ရောက်လာပြီး 'ဘယ်လိုလဲဟေ့၊ ပြန်တည့်သွားကြပြန်ပြီလား၊ ဘယ်တော့ထပ်ပြီး ရန်ဖြစ် စိတ်ကောက်ကြဦးမှာလဲ' ဟု နောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ရယ်ကျဲကျဲမျက်နှာနှင့် 'သမီးက စိတ်ကောက်တာ မဟုတ်ပါဘူး ဒေါ်လေးရာ၊ ဟောဒီ အောင်ကသာ သမီး စိတ်မကောက် ကောက်အောင် တမင်လုပ်တာပါ' ဟု ဆို၏။ သူမစကားက စိုးတင့်စာအား ယူလာပေးမိခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း သူ စဉ်းစားလိုက်မိပြီး စိတ်မကောင်း ဖြစ်သွားမိသည်။

"စိတ်ချပါဟာ၊ နောက်တစ်ခါ နင် စိတ်ကောက်မယ့်ကိစ္စမျိုး ငါ မလုပ်တော့ပါဘူး"

"စိတ်ဆိုးရမယ့်ကိစ္စမျိုးပဲ လုပ်မယ်ဆိုပါတော့"

"ကဲ...ကဲ ထပ်ပြီး ရန်ဖြစ်ကြဦးမယ်၊ တော်ကြတော့၊ ဆတ်သားခြောက်တွေလဲ တူးနေပြီ၊ ဆယ်လိုက်ကြဦး"

အမေက စကားဝင်ဖြတ်လိုက်တော့မှ နှစ်ယောက်သား တူးနံ့ထွက်နေသော ဆတ်သားခြောက်ကို သတိရမိတော့သည်။

မေသက်ခိုင်နှင့် သူ ပြန်လည်သင့်မြတ်ခဲ့ပြီးနောက်ပိုင်း သူ တဖြည်းဖြည်း သတိထားမိလာသောကိစ္စမှာ သူမ၏ အနွံ့အတာခံ လိုက်လျောမှုနှင့် သူ့အပေါ် ဂရုတစိုက်ရှိမှုတို့ ဖြစ်သည်။

သူ ပထမဦးစွာ သတိပြုမိခဲ့သည်မှာ တစ်ည ဂစ်တာတီးရင်း ဆေးလိပ်သောက်ချင်စိတ် ပြင်းပြစွာ ပေါ်လာရာမှ အစပြုခဲ့သည်။ ထိုညက သူ ဂစ်တာတီးသည်ကို သူမ ဘေးနားမှာထိုင်ပြီး ငြိမ်သက်စွာ နားထောင်နေခဲ့သည်။ သီချင်းသုံးလေးပုဒ်လောက် တီးပြီးတော့ သူ ခံတွင်းချဉ်ကာ ဆေးလိပ်သောက်ချင်လာသည်။ သူတို့ရပ်ကွက်က ကွမ်းယာဆိုင်နှင့် ဆေးလိပ်ဆိုင်များ စောစီးစွာ





ပိတ်သောအရပ် ဖြစ်၏။

သူ ဟန်မဆောင်နိုင်တော့ဘဲ 'ဆေးလိပ် သောက်ချင်လိုက်တာဟာ' ဟု ညည်းမိတော့ သူမက သူ့အား မျက်စောင်းလှမ်းထိုးသည်။

"နင် သိပ်သောက်ချင်ရင် အိမ်ပေါ်တက်ပြီး ဦးလေးဆီမှာ ဆေးလိပ်သွားတောင်းပေါ့"

"မလုပ်နဲ့၊ အဖေ ငါ့ကိုထိုးလိမ့်မယ်၊ နောက်ပြီး ငါက ဆေးပေါ့လိပ် မသောက်တတ်ဘူး၊ စီးကရက်ပဲ သောက်တာ"

ဆေးလိပ်သောက်တတ်ကာစ ဖြစ်သဖြင့် ဆေးပေါ့လိပ်ကို သူ ဘယ်လိုမှ ခံတွင်းမတွေ့။ အစီခံနှင့် စီးကရက်တစ်လိပ်ကိုသာ ပြင်းပြင်းပြပြ တောင့်တနေမိသည်။

"ဒီလိုလုပ်ပါလား မေသက်"

"ဘာလဲဟ"

"နင့်အဖေဆီက စီးကရက်တစ်လိပ်လောက် သွားယူဟာ"

"ဘာလဲ၊ အောင်က စီးကရက်သောက်ချင်လို့ တစ်လိပ်လောက် တောင်းခိုင်းလိုက်တယ်လို့ပြောပြီး ယူလာရမှာလား"

"အဲလိုပြောလို့ ဖြစ်မလားဟ၊ သူမသိအောင် တိုလာပေါ့"

"နင်က ငါ့ကို သူခိုးအလုပ် လုပ်ခိုင်းနေတာပဲ"

"လိမ္မာပါတယ် မေသက်ရာ၊ ငါ ခံတွင်း အရှင်ချဉ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆီးထုပ် စားမလား"

"နှင့်ဘိုးအေ"

"မဆဲနဲ့ဟာ၊ အဲဒါဆို ငါ ယူမပေးတော့ဘူး"

သူမ၏စကားကြောင့် သူ ချက်ချင်းပင် မျက်နှာချိုသွေးရဆော့သည်။ သူမက အနည်းငယ် အိုက်တင်ခံနေပြီးမှ သူ့အဖေ၏ ငါးသုံးလုံး စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို သွားယူပေးခဲ့သည်။

ထို့နောက်တော့ သူ့ဆီလာတိုင်း သူမ ငါးသုံးလုံးတစ်လိပ်ကျ ယူလာတတ်ပြီး ထိုငါးသုံးလုံးကို ထုတ်ပေးတိုင်း...

"ငါလဲ နင့်ကြောင့် အတိုအလျှို လုပ်တတ်လာပြီအောင်"

ဟု ခပ်တည်တည် ပြောတတ်၏။

ဘာပဲဖြစ်ဖြစ် သူမ၏ အနွံအတာခံ အလိုလိုက်မှုတို့ကို သူ သတိမပြုဘဲ မနေနိုင်ခဲ့ပါ။

စိုးတင့်၊ ခင်မောင်တို့နှင့်အတူ ဒီဇင်ဘာ ကျိုက်ထီးရိုးသွားစဉ်ကလည်း အိမ်ကခွင့်မပြုသည်ကို သူမက ခွင့်ပြုအောင် သူ့ဘက်မှ တောင်းဆိုပေးခဲ့ရုံမျှမက သူ လမ်း၌သုံးရအောင်ဟုဆိုကာ ငွေတစ်ထောင် ထုတ်ပေးခဲ့သည်။ သူ လက်ခံရန်ငြင်းတော့ သူမက...

"ချေးတယ်လို့ သဘောထားပေါ့ဟာ၊ နင် အဆင်ပြေတဲ့အခါ ပြန်ဆပ်ပေါ့"





"မဆပ်နိုင်ရင်ကော"

"နင် ငါ့ဆီမှာ အပေါင်ပစ္စည်းတစ်ခုခု ထားလေ၊ မဆပ်နိုင်ရင်တော့ အဲဒီပစ္စည်းကို အဆုံးခံလိုက်ပေါ့"

ငွေတစ်ထောင်တန် အပေါင်ပစ္စည်း ထားရမတဲ့။ သူ စဉ်းစားမရစွာ နှုတ်ဆိတ် တွေဝေသွားမိသည်။ အိမ်က သူ့ကို ကျိုက်ထီးရိုးသွားရန် ခွင့်ပြုသော်လည်း လမ်းစရိတ်ထုတ်မပေးဘဲ ပညာပြထားသဖြင့် သူ့အတွက် ငွေလိုအပ်သည်မှာ အမှန်ပဲဖြစ်သည်။

"ကဲ...ဘာပစ္စည်း ထားရမှာလဲ ပြော"

"နင် ဟိုတစ်နေ့က ရေးထားတဲ့ ကောင်းကင်ခါးခါးကဗျာလေ၊ အဲဒီကဗျာလေးကို နင့်လက်ရေးနဲ့ကူးပြီး ငါ့ကိုပေးရမယ်၊ အဲဒါ ငွေတစ်ထောင်အတွက် အပေါင်ပဲ"

ဘယ်လောက်များ ရူးလိုက်တဲ့ သူငယ်မလဲ။

ကဗျာကိုသာ သူမ သဘောကျရိုးမှန်ပါက တစ်ပုဒ်မက ဆယ်ပုဒ်လောက်အထိ သူ ပေးနိုင်ပါသည်။ သို့သော် သူမကတော့ (သူမ ဖတ်ခဲ့ဖူးသည့် ကောင်းကင်ခါးခါးဟု အမည်ပေးထားသည့် တစ်ပုဒ်တည်းသော)ကဗျာကိုသာ တောင်းဆိုခဲ့သည်။ သူမ၏ တောင်းဆိုမှုအတိုင်း ထိုကဗျာကို သူ့လက်ရေးနှင့် သူမပေးသော ရေမွှေးနံ့သင်းပျံ့နေသည့် ပန်းနုရောင်စာရွက်ပေါ်၌ ကူးပေးခဲ့ရသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



(ယုံပါ)
ငါဟာ မင်းကို
ဟိုးငယ်ငယ် ကလေးဘဝကတည်းက
တစ်ခါ အလဲထိုးခဲ့ပြီး
အစွဲအလမ်းကြီးခဲ့တဲ့ ကောင်ပါ။
အဲဒီညက
'မေ့လိုက်ပါတော့' အစ
'အသစ်ရှာပါ' အလယ်
'မဖြစ်ပါဘူး' အဆုံး
(သူမ 'ဖုန်းချလိုက်တော့မယ်' တဲ့
ဒီက 'တကယ်ဆုံးဖြတ်ပြီးပြီလား' )
... ... ... ...
... ... ... ...
ဘာသံမှ မကြားလိုက်ခင်
ရင်ခွင်
ပင်လယ်
တောင်တန်းနဲ့
နီယွန်ညချမ်းကို
တိုးရှဲဖြတ်သန်းခဲ့တဲ့
လျှပ်လမ်းတွေလည်း ပြတ်တောက်
အောက်မေ့တသမှုတွေလည်း





ဖရိုဖရဲ ပြိုကွဲ
တကယ်ပဲလားဟေ့ (ကောင်မလေး)
တို့ ဝေးကြပြီဆိုတာ...။
ဒါဆိုလည်း
ဆူးလေလမ်းမထက်က
ခက်ခဲတဲ့ အိပ်မက်ကလေး
ငါ့ကို အလျော်ပြန်ပေးခဲ့စမ်းပါ။
သည်လိုညမျိုးမှာ
အရိုးစင်းဆုံး ပဲ့တင်ရစ်သမ်
နယူတန်နီယာမ (၃)
စားသုံးကြည့်ပေမယ့်
အိပ်မပျော်နိုင်ခဲ့ပါဘူး။
သည်တော့လည်း
အရက်ခပ်ပြင်းပြင်းနဲ့
ရင်ကို သန့်စင်ခြင်းအဆုံး
(ကဲ...ရက်စရာကောင်းလိုက်ပုံက)
မျက်လုံးထဲမှာ...။
မိန်းမတစ်ယောက်ကို
ဘယ်လောက်အထိ
ငြိတွယ်နေနိုင်သလဲ
ကြေကွဲတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ စီးသွားတာလည်း ပါခဲ့
(ယောကျ်ားတန်မဲ့နဲ့လေ)
သိလားကွယ့် ကောင်မလေးရဲ့…။

"အောင် နင် ကောင်မလေးတစ်ယောက်ယောက်နဲ့ ကွဲရင် ဒီကဗျာထဲကလို တကယ် ကြေကွဲမှာပဲလားဟင်"

သူ ကူးပေးသော ကဗျာစာရွက်ကိုယူရင်း သူမက စပ်စုစိတ်ဖြင့် မေးမြန်းနေသေး၏။

"မပြောတတ်ဘူးလေ၊ ငါလဲ အတွေးနဲ့ ရမ်းရေးထားတာ၊ နေပါဦး…နင်က အဲဒီကဗျာကိုမှ ဘာလို့လိုချင်ရတာလဲ"

"ငါကြိုက်တဲ့ အပိုဒ်တစ်ပိုဒ် ပါလို့"

"ဘယ်အပိုဒ်လဲ"

"ကြည့်စမ်း…ခုမှ သတိရတယ်၊ မေမေ့ကို သွေးကျဆေး တိုက်ဖို့ မေ့နေတယ်၊ ခဏလေးအောင်၊ ငါ အိမ်ကိုပြန်လိုက်ဦး မယ်"

သူမ လှစ်ခနဲ ပြေးထွက်သွားလေသည်။

သူ၏မေးခွန်းအား ရှောင်ထွက်သွားခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သော်လည်း ထိုမေးခွန်းကို သူမအား ဘယ်တော့မှ သူ ထပ်မမေးဖြစ်ခဲ့ပါ။

❖ ❖ ❖



(၁)

(၁၉၈၃) သူ ဆယ်တန်းအောင်မြင်ပြီး ရူပဗေဒအဓိကနှင့် ပထမနှစ် တက်နေချိန်၌ မေသက်ခိုင်က ဆယ်တန်းစာမေးပွဲ အတွက် ဝိုင်းကျူရှင်များနှင့် မအားလပ်ရအောင် အလုပ်များနေချိန် ဖြစ်သည်။

ထိုနှစ်အတွင်း အမေ၏ကျန်းမာရေးက သိသာစွာ ချူချာ၍လာသည်။ နှလုံးရောဂါဖြစ်သဖြင့် အထူးကုဆရာဝန်နှင့် တစ်ခါ ပြတိုင်း ကုန်ကျစရိတ်က ကြောက်မက်ဖွယ် မြင့်မားလှသလို စားဆေးသောက်ဆေးတို့ကလည်း ဈေးကြီးလွန်းလှပါသည်။ အမေမှာ သာမန် လခစားဝန်ထမ်းတစ်ယောက်သာ ဖြစ်သော်လည်း အမေ့ကျန်းမာရေးအတွက်တော့ ငွေကို မညည်းမညူ သုံးစွဲခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အသ၏ ငွေကြေးတောင့်တင်းနေမှုအတွက် သူ တအံ့တသြ ဖြစ်ရလေသည်။ အဖေ ဘယ်ကများ ငွေတွေရနေပါလိမ့်။ သူ၏မေးခွန်းအတွက် သိပ်ကြာကြာ မစဉ်းစားခဲ့ရပါ။ တစ်ရက်၌ ထိုငွေကြေးတို့မှာ ဦးကျော်ခိုင်၏ အထောက်အပံ့များကြောင့် ဖြစ်ကြောင်း ထုတ်ပြောလာခဲ့သည်။

"အန်ကယ် ဦးကျော်ခိုင်က ကျွန်တော်တို့ကို ငွေထုတ်ချေးတဲ့ သဘောလား အမေ"

သူ့မေးခွန်းကို အမေ အတန်ကြာတွေဝေနေပြီးမှ 'အဲဒီ သဘောပဲ ဆိုပါတော့ကွယ်၊ ငွေချေးရုံတင် မဟုတ်ဘူး၊ အိမ်လခ ပါ မယူတော့တာ အတော်ကြာပြီ' ဟုဆို၏။ ဦးကျော်ခိုင်၏ သဘောထားပြည့်ဝလွန်းမှုအတွက် သူ တအံ့တသြ ကျေးဇူးတင်နေမိသည်။

ထိုရက်များအတွင်း အမေ ဆေးခန်းသွားတိုင်း ဦးကျော်ခိုင်က ကားအကူအညီ ပေးရုံမျှမက သူ့ကိုပါ ကားမောင်းသင်ပေးခဲ့ပြီး ယာဉ်မောင်းလိုင်စင် လုပ်ပေးခဲ့သည်။

"ယောကျ်ားလေးဆိုတာ စွယ်စုံတတ်ထားတော့ ကောင်းတာပေါ့ကွာ၊ မလှသိန်း ဆေးခန်းသွားချင်တဲ့အခါဖြစ်ဖြစ် မေသက် အပြင်သွားချင်တဲ့အခါဖြစ်ဖြစ် အိမ်က ဒရိုင်ဘာ မရှိတဲ့အခါ မောင်အောင်ထက် လိုက်မောင်းပေးလို့ ရတာပေါ့"

ထိုအချိန်အထိ ဦးကျော်ခိုင်၏ ရည်မှန်းချက်တို့ကို သူ မရိပ်မိသေးဘဲ ကားမောင်းတတ်သွားခြင်းကိုသာ ပျော်ရွှင်နေမိ





သည်။ မေသက်ခိုင်ကတော့ သူ ကားမောင်းတတ်သွားပြီဆိုသည်နှင့် သူ့အား ဒရိုင်ဘာတာဝန်ကို မကြာခဏ ထမ်းဆောင်စေတော့၏။ သူမတို့အိမ်၌ ကားနှစ်စီးရှိသဖြင့် ဦးကျော်ခိုင် အသုံးမပြုသော ကားတစ်စီးနှင့် သူ့အား သူမစိတ်တိုင်းကျ အသုံးပြုနိုင်လေသည်။

များသောအားဖြင့် မြောက်မြားလှစွာသော သူမ၏ ဒိုင်းကျူရှင်များသို့ လိုက်လံပို့ဆောင်ပေးရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ၌ သူမ၏ မိန်းကလေးသူငယ်ချင်း တစ်ယောက်စ နှစ်ယောက်စ ကားပေါ် ပါလာတတ်သည်။ ထိုသို့ သူမ၏သူငယ်ချင်း တစ်ယောက်တစ်လေ ကားပေါ် ပါလာပြီးတိုင်း နောက်နေ့များ၌

"အောင် မနေ့က ကောင်မလေးကို နင် ဘယ်လို သဘောရသလဲဟင်"

ဟု သူမက မေးမြန်းတတ်မြဲ ဖြစ်သည်။

"နေပါဦး၊ နင် ဘာဖြစ်လို့ အဲဒီမေးခွန်းတွေချည်း ငါ့ကို ခဏခဏ မေးနေရတာလဲ"

"နင်များ စိတ်ဝင်စားသလားလို့"

"ငါ စိတ်ဝင်စားတော့ နင်က ပြောပေးမှာမို့လို့လား"

သူ စိတ်ချဉ်ပေါက်စွာ ခပ်ဆတ်ဆတ် မေးလျှင်တော့ သူမ ဘာမှမဖြေတော့ဘဲ အတန်ကြာအောင် ငေးငိုင်သွားတတ်သည်။ နောက်ဆုံးမှ 'နင် တကယ်စိတ်ဝင်စားရင်တော့ ပြောပေးရမှာပေါ့ဟာ' ဟု ခပ်ဆိုင်းဆိုင်း အဖြေပေးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဝတ်သက်သည့် သူ့မရင်ထဲမှ တစ်စုံတစ်ရာကို အနည်းငယ် ရိပ်မိစပြုနေပြီ ဖြစ်သော်လည်း သူ မသိကျိုးကျွန်ပင် နေခြင်ခဲ့၏။ သို့သော် သူ၏မသိကျိုးကျွန်နေမှုမှာ တစ်ရက်မှာတော့ တစ်စစီ ပြိုအက်ခဲ့ရသည်။ ထိုသို့ ပြိုအက်စေသူကတော့ သူ့အမေကိုယ်တိုင်ပင် ဖြစ်သည်။

တစ်နေ့ ကျောင်းစာများနှင့် မအားလပ်သဖြင့် သူတို့အိမ်ဘက်သို့ အရောက်အပေါက်နည်းနေသော မေသက်ခိုင်အား အမေက တမ်းတမ်းတတနှင့် 'ငါ့ချွေးမလောင်းလေးလဲ မလာတာကြာပါပကောလား' ဟု ညည်းညူရာမှ အစပြုခဲ့ခြင်းဖြစ်သည်။

"အမေကလဲ အဲလို မခေါ်စမ်းပါနဲ့"

ချွေးမလောင်းဟူသော အသုံးအနှုန်းအား သဘောမကျစွာ သူ ကန့်ကွက်တော့ အမေက သူ့ကို တအံ့တသြကြည့်ရင်း 'ဘာဖြစ်လို့လဲ' ဟု မေးသည်။

"မေသက်ကြားသွားရင် ရှက်သွားမှာပေါ့ အမေရဲ့၊ နောက်ပြီး အန်ကယ်ဦးကျော်ခိုင်တို့ , အန်တီဒေါ်ခင်သက်တို့ သိသွားရင်လဲ ဘယ်ကောင်းပါ့မလဲ"

သူ့စကားအဆုံးမှာတော့ အမေက ဟက်ဟက်ပက်ပက် ရယ်မောပြီး 'ငအောင်ရယ်...နင် တော်တော်တုံးပါလား' ဟု ရေရွတ်၏။ ထို့နောက် သူ့အား ကောက်ကာငင်ကာ မေးလိုက်သည်။

"ဦးကျော်ခိုင်တို့ အမေတို့အပေါ်မှာ ဘာဖြစ်လို့ ဒီလောက်





ကောင်းနေသလဲဆိုတာ မင်း နည်းနည်းလေးမှ မစဉ်းစားမိဘူးလား"

အမေ့မေးခွန်းကြောင့် သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားလေသည်။

"ဦးကျော်ခိုင်က သားနဲ့ မေသက်လေးကို တစ်ချိန်ကျရင် လက်ထပ်ပေးချင်နေတာ သားရဲ့"

ဘုရားရေ...။ သူနဲ့ မေသက်နဲ့တဲ့။

အမျိုးအမည် ဝေခွဲမရသော ခံစားမှုတစ်မျိုးနှင့် အတန်ကြာအောင် သူ မှင်တက်သွားမိပြီး နောက်ဆုံးမှာ သိချင်စိတ်ပြင်းပြစွာ မေးခွန်းတစ်ခုကို သူ မေးလိုက်သည်။

"အဲဒီကိစ္စကို မေသက်ကော သိလား"

"သိတာပေါ့၊ ဟိုနေ့ကတောင် အမေ့ကို သူ ပြောနေသေးတယ်၊ မင်းက သူ့အပေါ်ကို သိပ်ဂရုမစိုက်သလိုပဲတဲ့"

အမေ ဆက်ပြောသော စကားတို့ကို သူ ဆက်မကြားတော့ဘဲ သူ့အပေါ် လိုအပ်တာထက် ပိုမိုဂရုစိုက်လွန်းသော မေသက်၏ပုံရိပ်တို့ကိုသာ မြင်ယောင်နေမိတော့သည်။ လက်စသတ်တော့ ဒီကိစ္စတွေကို တင်ကြိုမရိပ်မိခဲ့သူဟာ သူတစ်ယောက်တည်းပါပဲလား။

အံ့သြဖွယ်ကောင်းလှသော ထိုကိစ္စကို သိရှိခဲ့ပြီးနောက်ပိုင်းမှာတော့ တစ်ချိန်ကျရင် ငါဟာ မေသက်ကို လက်ထပ်ရမှာဟူသောအသိက အချိန်ပြည့် ကြီးစိုး၍နေခဲ့သဖြင့် သူ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရမည့်လမ်းကိုလည်း ပြတ်သားစွာ တွေ့မြင်လာခဲ့တော့သည်။

တကယ်တော့ သူ့ကိုယ်သူ သတိမပြုမိခင်မှာပင် သူ့အတွက် ပန်းတိုင်က ရှိနေခဲ့ပြီးဖြစ်သည်။

ပုံမှန်အတိုင်းဆိုပါက နောက်ထပ် လေးငါးနှစ်အကြာ သူနှင့်မေသက် ကျောင်းပြီးချိန်၌ ပန်းတိုင်က သူ့ဆီသို့ (သို့မဟုတ်) သူက ပန်းတိုင်ဆီသို့ ချဉ်းကပ်ရောက်ရှိသွားမည် ဖြစ်သော်လည်း ကံကြမ္မာ အလှည့်အပြောင်းတစ်ခုက ထိုအတောအတွင်း သူ့ထံသို့ ရောက်ရှိလာခဲ့သည်။

ထိုအလှည့်အပြောင်းကတော့ ဂျီတီအိုင်တက်ရန် ခင်မောင်၏ အဖော်ညှိလာမှုပင်ဖြစ်သည်။

"မင်းတို့ ငါတို့က တစ်နေ့နေ့မှာ သူဌေးသမက် ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် လောလောဆယ်တော့ သူဌေးသားတွေ မဟုတ်ဘူး အောင်ထက်၊ ငါတို့တက်နေတဲ့ ရိုးရိုးမေဂျာဘွဲ့က ကျောင်းပြီးပေမယ့် အလုပ်ရဖို့ မသေချာဘူး၊ ဂျီတီအိုင် ဒီပလိုမာက သေချာတယ်၊ သင်္ဘောလိုက်ချင်ရင်လည်း အဆင်ပြေတယ်၊ ဂျီတီအိုင် ဝင်ခွင့်စာမေးပွဲ ဝင်ဖြေကြည့်ရအောင်"

ခင်မောင်၏စကားကို သူ စိတ်ဝင်စားမိသောကြောင့် အိမ်ကိုပင် မတိုင်ပင်တော့ဘဲ ဝင်ခွင့်စာမေးပွဲ ဝင်ဖြေလိုက်သည်။

သူနှင့်ရော ခင်မောင်ပါ အင်းစိန်ဂျီတီအိုင်၌ စက်မှုစွမ်းအား အဓိကနှင့် တက်ခွင့်ရချိန်၌ မေသက်က သူ့အား မကျေမနပ်





အပြစ်တင်လာခဲ့သည်။

"နင်ဟာ ငါ့ကိုတော့ စောစောစီးစီး ကြိုမပြောဘူး၊ ငါက နင်နဲ့အတူတူ တက္ကသိုလ်တက်ဖို့ အားခဲထားတာ"

"ဝင်ခွင့်စာမေးပွဲဖြေရုံနဲ့ တက်ခွင့်ရမရ မသေချာလို့ပါဟာ"

"ဘာပဲဖြစ်ဖြစ် ခု တက်ခွင့်ရသွားပြီ မဟုတ်လား၊ အဲဒီတော့ တက္ကသိုလ် တက်တဲ့အခါ ငါတစ်ယောက်တည်း ဖြစ်နေတော့မှာပေါ့"

"ငါ နင့်ဆီကို မကြာမကြာ လာလည်မှာပေါ့"

"တကယ်နော်"

"အေးပါ"

"ပြီးတော့လေ..."

သူမ စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ဆိုင်းထားပြီး သူ့အား မရဲတရဲ မော့ကြည့်၏။

ပြီးမှ မျက်လွှာချရင်း...

"နင်...ဂျီတီအိုင်မှာ မပွေနဲ့နော်"

သူ ရယ်မောလိုက်ပြီး 'အေးပါ မေသက်ရာ၊ ငါသိပါတယ်' ဟု ပြောလိုက်သည်။

"နင်က ဘာကိုသိတာလဲ"

"အကုန်ပေါ့ဟာ၊ နင်သိထားသလောက် ငါလဲသိထားတယ်၊ အဲဒါဆိုရင် နင် သဘောပေါက်ပေါ့"

သူမမျက်နှာ ရဲခနဲဖြစ်သွားပြီးမှ သက်ပြင်းမွှမ့်ရှိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်သည်။

"ငါ နှင့်ကို စိတ်မချဘူးဟာ"

သူကတော့ သူ့ကိုယ်သူ စိတ်မချစရာ ကိစ္စတစ်စုံတစ်ရာကို ပြုမူမိလိမ့်မည်ဟု အနည်းငယ်မှ မတွေးမိခဲ့။

ထို့ကြောင့်ပင် 'စိတ်ချပါ မေသက်ရာ၊ ငါလျှောက်ရမယ့်လမ်း ငါသိပါတယ်' ဟု ရဲဝံ့စွာ ကတိပေးခဲ့မိခြင်း ဖြစ်သည်။

သို့သော် ကံကြမ္မာသည် ဆန်းကြယ်လှပါသည်။

အထူးသဖြင့် ချစ်ခြင်းမေတ္တာသည် ပို၍ပင် ဆန်းကြယ်လှပါသည်။

ထိုသို့ ဆန်းကြယ်ပုံကြောင်းကို အတော်နောက်ကျမှသူ သိခွင့်ရခဲ့ခြင်း ဖြစ်သည်။

❖ ❖ ❖



(၆)

အင်းစိန်ဂျိုတီအိုင်၏ အစောပိုင်းကာလ ကြိုဆိုမှုများကသူ့အတွက် ဘယ်လိုမှ သက်တောင့်သက်သာ မဖြစ်ခဲ့ပါ။

နံနက်စောစော အိပ်ရာထရန် ဝန်လေးလေ့ရှိသော သူသည် ဂျိုတီအိုင်သို့ ကံဆိုးစွာ တက်ရောက်မိချိန်မှစ၍ နံနက်တိုင်းစောစီးစွာ အိပ်ရာထရတော့သည်။

ဝေးလံလှသောအရပ်ရှိ ကျောင်းတော်ကြီး၏ မနက်ရှစ်နာရီ အတန်းမီရန်အတွက် အိမ်မှ ခြောက်နာရီလောက်ထွက်ရသဖြင့် အစပိုင်းရက်များ၌ သူ့ အမြဲတမ်း အိပ်ချင်မူးတူးဖြစ်နေတတ်သည်။

(သို့သော် နောက်တော့လည်း ထိုကိစ္စအား အသားကျ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပါသည်။)

သူတို့ ပထမနှစ် စက်မှုစွမ်းအား သင်တန်းသားများက မုန့်ဆောင်ဟုခေါ်သော အဆောင်ရှိ အခန်းနံပါတ်ဝမ်းအိုဖိုက်နှင့် မှုဝိစွမ်း၌ အများဆုံးတက်ရပြီး ဒရောရင်း(ခေါ်)ပုံဆွဲသင်တန်း ရှိသောအချိန်တွေမှာတော့ ဗဟိုဆောင်သို့ တီစကွဲတစ်ဖက် ဒရောရင်း ပေပါလိပ်တစ်ဖက်နှင့် အပြေးအလွှား ပြေးကြရ၏။

အင်္ဂလိပ်စာ၊ မီအက်စ်နှင့် ဝပ်ရှော့ တက်ခ်နီလိုဂျီတို့မှအပ ကျန်ဘာသာရပ်တိုင်းလိုလို သင်္ချာနဲ့ပတ်သက်သော ဘာသာရပ်များချည်း ဖြစ်သည်။

သူက သင်္ချာနှင့်ပတ်သက်လျှင် ဝါသနာပါသူ ဖြစ်သဖြင့် အပန်းမကြီးလှသော်လည်း သင်္ချာညံ့သော ခင်မောင်ကတော့ တစ်ရက်ထက်တစ်ရက် မျက်နှာပိုမိုရှုံ့မဲ့လာပြီး 'ငါတော့ ဂျီတီအိုင်လာမိတာ မှားပြီနဲ့ တူတယ်ကွာ' ဟု ညည်းတွားတတ်လေသည်။

"သိပ်လဲပူမနေပါနဲ့ကွာ၊ ငါ အပ်ပလိုင်းဆရာကို သေချာမေးပြီးပါပြီ၊ နောင်နှစ်တွေ ဒီထက်ခက်ဖို့ပဲ ရှိတယ်တဲ့၊ ဘာမှ စိတ်ပျက်မနေနဲ့"

ခင်မောင်က ခပ်တိုးတိုး လှမ်းဆဲလေသည်။

ဘာသာခွဲပေါင်း ဆယ့်တစ်ဘာသာလောက်ရှိပြီး အချိန်တိုင်းလိုလို ကိန်းဂဏန်းတွေနှင့်ချည်း လုံးထွေးနေရသဖြင့် ခင်မောင် စိတ်ပျက်မည်ဆိုလည်း ပျက်စရာပင်ဖြစ်သည်။

"ရှိုးလ်ကော ခေါ်ပြီးရင် ထမင်းသွားစားရအောင်





ငအောင်၊ နောက်ကျရင် ထိုင်စရာမရဘဲ ဖြစ်နေဦးမယ်"

ဆရာအလစ်၌ ခပ်တိုးတိုးပြောလာသော ခင်မောင့်စကားကို သူ ခေါင်းညိတ် သဘောတူလိုက်သည်။

အစပိုင်း တစ်ရက်နှစ်ရက်က သူနှင့်ခင်မောင် ထမင်းဘူးယူရန် ကြိုးစားကြည့်ကြသေးသော်လည်း နံနက်အစောကြီးထရခြင်းနှင့် ကျောင်းသို့ အချိန်မီအောင် ပြေးရခြင်းတို့ကြောင့် ထိုအစီအစဉ် မအောင်မြင်ခဲ့ပါ။ ထို့ကြောင့် ဈေးနှုန်းသက်သာသော ကျောင်းသက်သာဆိုင်မှာ ဝယ်စားကြရသည်။

သုံးကျပ်၊ သုံးကျပ်ခွဲလောက်ပါလျှင် ထမင်းဝနိုင်သော်လည်း ထိုစဉ်က သူရော ခင်မောင်ပါ ဘတ်စ်ကားခများနုတ်ပြီး ငါးကျပ်လောက်သာ အနိုင်နိုင်သုံးနိုင်ကြသည်။ ပုံဆွဲစက္ကူနှင့် ခဲတံလို အပိုပစ္စည်းမျိုး ဝယ်ရသောအခါများ၌ လက်ဖက်ရည်နှင့် ဆေးလိပ် အငတ်ခံရပြီး တစ်ခါတစ်ရံ ထမင်းပါ ငတ်ကြရ၏။

ထို့ကြောင့် သူနှင့်ခင်မောင် နှစ်ဦးသဘောတူ တိုင်ပင်၍ ကျောင်းမှပေးသော စတိုင်ပင်(ခေါ်)ထောက်ပံ့ကြေးငွေကို လျှောက်ထားလိုက်ကြသည်။ သူတို့ စတိုင်ပင်ရသွားမှန်း သိသွားသည့် မေသက်ခိုင်က သူ့အား အပြစ်တင်စကားဆိုသည်။

"နင်ဟာ ကျောင်းမှာ စတိုင်ပင် ယူရတယ်လို့၊ ရှက်စရာကောင်းလိုက်တာ"

ဒေသကောလိပ်(၂)၌ ပထမနှစ် တက်နေပြီဖြစ်သော သူမက စတိုင်ပင်ယူခြင်းကို ရှက်စရာဟု ထင်မြင်ယူဆနေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ကျောင်းက စတိုင်ပင်မယူရင် ငါ့ကျောင်းစရိတ်ကို ဘယ်သူက ထောက်ပံ့မှာလဲ"

"ငါ ထောက်ပံ့မှာပါ"

"ဘာ"

မာကျောကျယ်လောင်သော သူ့အသံကြောင့် သူမ ဆတ်ခနဲ တုန်သွားသည်။

"ငါ့ကို ကျောင်းစရိတ် ထောက်ပံ့ရလောက်အောင် နင်က ဘာမို့လို့လဲ မေသက်...ဟင်"

"ငါ..ငါက..နင့်သူငယ်ချင်းလေ အောင်ရဲ့၊ နောက်ပြီး နင်နဲ့ငါနဲ့ ကြားမှာ ဘာအားနာစရာမှ မလိုဘဲ"

"တော်စမ်းပါဟာ"

သူ ခပ်ထန်ထန် ပြောလိုက်တော့ သူမ ဘာမှမပြောတော့ဘဲ ငြိမ်သက်သွားတော့သည်။ သူ့အား ကျောင်းစရိတ်ထောက်ပံ့ခွင့် မရသော သူမသည် အမေမှတ်ဆင့် သူ့အတွက် အကျီလုံချည်များကိုတော့ မကြာခဏ ဝယ်ပေးတတ်ခဲ့၏။ သူ ရိပ်မိသော်လည်း ဘာမှမပြောသာပါ။ သူတို့ကျောင်း၏ မစ်ဒ်တမ်း(ခေါ်)နှစ်ဝက်စာမေးပွဲနီးချိန်မှာတော့ အင်ဂျင်နီယာသုံး ကယ်ကူလေတာတစ်လုံးကို သူမ သူ့အား လက်ဆောင်ပေးလာခဲ့သည်။

"ဒီတစ်ခါတော့ နင် မငြင်းပါနဲ့ဟာ၊ ရှေ့လ နင့်မွေးနေ့အတွက် မွေးနေ့လက်ဆောင်အဖြစ် အမှတ်တရ ပေးတာပါ"

သူ့အတွက် အလွန်လိုအပ်နေသော သူမလက်ထဲမှ





(Scientific Calculator) ဂဏန်းတွက်စက်လေးကို သူ ငေးကြည့်နေမိသည်။ အတန်ကြာမှ သက်ပြင်းချရင်း...

"ကောင်းပြီလေ၊ ဒီတစ်ခါတော့ နင့်လက်ဆောင်ကို ငါယူလိုက်မယ်"

သည်တော့မှ သူမမျက်နှာလေးက ကြည်လင်ဝင်းပသွားတော့သည်။

သူနှင့် မေသက်ခိုင်၏ အခြေအနေကို သိနေပြီဖြစ်သော ခင်မောင်ကတော့ သူ့အား အားကျဟန်ဖြင့်...

"မင်းဘဝကတော့ ရေကန်အသင့် ကြာအသင့်ပဲ၊ ပညာစုံတာနဲ့ လက်ဆက်ရမယ့် ကြင်ယာက အသင့်၊ အိုကေပဲ"

"တော်စမ်းပါ ခင်မောင်ရာ"

"ဘာလဲ...မင်းက ခုလို အစစအရာရာ အဆင်ပြေနေတာကို မကျေမနပ် ဖြစ်နေလို့လား၊ မပေါစမ်းပါနဲ့ ငအောင်၊ မေသက်ခိုင်က ဘယ်လောက်နိပ်သလဲ၊ ပြီးတော့ မင်းကိုရော ဘယ်လောက် ချစ်သလဲ"

"သူ ချစ်ပေမယ့် ငါက ချစ်လို့မရဘူးကွ"

"ဟေ"

ခင်မောင်က သူ့အား အထူးအဆန်း သတ္တဝါတစ်ကောင်ပမာ စိုက်ကြည့်သည်။

"ဟုတ်တယ် ခင်မောင်၊ ငါ သူ့ကို ခင်တော့ခင်တယ်၊ ဒါပေမယ့် ရည်းစားတစ်ယောက်လို သဘောထားကြည့်လို့ ရေ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"နေစမ်းပါဦး၊ မေသက်ခိုင်ကို ရည်းစားလို သဘောထားလို့ မရဘူးဆိုတော့ မင်းက ဘယ်သူ့ကို ချစ်နေလို့လဲ"

"လောလောဆယ်တော့ ဘယ်သူ့ကိုမှ ချစ်လို့မရသေးဘူး"

"ငကြောင်ပဲ"

ခင်မောင်က ခေါင်းယမ်းလျက် ရေရွတ်သည်။

အမှန်တကယ်ပင် ထိုအချိန်အထိ မည်သူ့ကို ချစ်ရကောင်းမှန်း မသိခဲ့။ သို့သော် နောက်ထပ် ရက်အနည်းငယ်အကြာမှာပင် သူချစ်ရမည့် တစ်စုံတစ်ယောက်ကို ပခုံးချင်း ဝင်တိုက်ခဲ့မိလေသည်။

ထိုတစ်စုံတစ်ယောက်ကတော့ မျိုးသဒ္ဒါပင်ဖြစ်သည်။

❖ ❖ ❖



# မျိုးသဒ္ဒါ
# (၁၉၈၄–၈၇)

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဆောရီးဗျာ"

သို့သော် သူ၏တောင်းပန်စကားက အတော့်ကို နောက်ကျနေခဲ့ပြီ ဖြစ်သည်။ မည်မျှအထိ နောက်ကျနေသနည်းဆိုလျှင် ဗဟိုဆောင် လှေကားထစ်များပေါ်၌ ထိုတစ်စုံတစ်ယောက်၏ (Drawing Set) များ၊ (Triangle Rule)၊ (Circle Template) နှင့် Paper လိပ်များ တစ်စစီ ဖရိုဖရဲ ပြန့်ကျဲနေပြီ ဖြစ်သည်။

သူ အယောင်ယောင်အမှားမှားနှင့် ထိုအရာများကို ကမန်းကတန်း လိုက်ကောက်ပေးနေမိသည်။ ပုံဆွဲသေတ္တာကြီး ပွင့်သွားသောကြောင့် အထဲမှ ကွန်ပတ်စ်များ ထွက်ကျနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ခဲရာခဲဆစ် လိုက်လံစုဆောင်းရပါသည်။

အားလုံးပြည့်စုံတော့မှ ထိုင်ရာမှထရပ်ပြီး နောက်တစ်ခေါက် တောင်းပန်စကားပြောရင်း ထိုပစ္စည်းများကို လှမ်းပေးလိုက်သည်။

သည်တော့မှ သူ တိုက်မိသော တစ်စုံတစ်ယောက်၏ မျက်နှာကို သေချာစွာကြည့်လိုက်မိ၏။

ဘယ်လောက်များ အံ့မက်ဆန်လိုက်ပါသလဲ။

ဖတ်ကောင်းအောင် ရေးသားထားသော ဝတ္ထုတွေထဲက လို အတန်းနောက်ကျသဖြင့် လှေကားထစ်များကို အပြေးအလွှား တက်လာမိသော သူနှင့်ဝင်တိုက်မိသည့် ထိုတစ်စုံတစ်ယောက် သည် အလွန်ဆွဲဆောင်မှုရှိသော မိန်းကလေးတစ်ယောက် ဖြစ်နေ ပါသည်။

ဝင်းဝါနုညက်သော အသားအရည်နှင့် ဆံပင်ရှည်ရှည် တို့ကို ပိုင်ဆိုင်သော သူမ၏ထူးခြားမှုကတော့ မျက်လုံးတွေပဲ ဖြစ်သည်။

သည်လောက် ကြည်လဲ့လှပလွန်းသော မျက်လုံးများကို သူ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ သူမ၏မျက်နှာက တင်းမာ၍မနေသ လို သူ၏တောင်းပန်စကားကြောင့်လည်း အထူးတလည် နူးညံ့ ပျော့ပျောင်းမလာဘဲ သူလှမ်းပေးသော ပစ္စည်းများကိုသာ တည်ငြိမ် စွာ လှမ်းယူသည်။

ထို့နောက် စကားတစ်ခွန်းမှ မဆိုဘဲ သူ့ကို ကျော့ရှောင်





လျက် လှေကားပေါ်မှ ဆင်းသွားလေတော့သည်။

သူ အတန်ကြာအောင် မှင်တက်ငေးမောနေမိပြီးမှ အား အင် ကုန်ခန်းသွားသူ တစ်ယောက်ပမာ လှေကားထစ်များကို စိတ်မပါစွာ ဖြတ်နင်းလျက် ပုံဆွဲခန်းရှိရာသို့ တက်လာခဲ့သည်။ ပုံဆွဲခန်းထဲ ရောက်တော့ ခင်မောင်အပါအဝင် အခြားကျောင်း သားများက ပုံများစတင်ဆွဲနေကြပြီ ဖြစ်သည်။

လွယ်အိတ်ထဲမှ ဖယောင်းတိုင်ကိုထုတ်ပြီး ပုံဆွဲစက္ကူ ကပ်မည့် ထောင့်စွန်းနေရာလောက်ကိုချိန်၍ သစ်သားစားပွဲ မျက်နှာပြင်ကို ဖယောင်းနှင့် ဖိတိုက်လိုက်သည်။ ပြီးမှ ထိုနေရာ ပေါ်သို့ ပုံဆွဲစက္ကူကိုတင်ပြီး စက္ကူပေါ်မှ လက်သည်းခွံဖြင့် ဖိ ခြစ်လိုက်ခြင်းဖြင့် ပုံဆွဲစက္ကူသည် စားပွဲမျက်နှာပြင်ပေါ်၌ တည်ငြိမ် စွာ ကပ်နေလေတော့သည်။

စယ်လိုတိတ် မသုံးဘဲ ဖယောင်းတိုင်နှင့်စက္ကူအား ကပ် ခြင်းကို သည်ကျောင်းရောက်မှ သူ တတ်မြောက်ခဲ့ခြင်း ဖြစ်သည်။

"ငအောင်...နောက်ကျလှချည်လား၊ ငါ့ပုံတောင် ပြီးသ လောက် ဖြစ်နေပြီ၊ မင်း ငါ့ပုံကိုပဲ ကူးဆွဲလိုက်တော့"

ခင်မောင်က အနားရောက်လာပြီး သူ့အား ပြောသည်။

"ငါ ဆွဲချင်စိတ် မရှိပါဘူးကွာ၊ ဆရာလှမ်းကြည့်ရင် မြင်မကောင်းမှာစိုးလို့ စားပွဲပေါ် ပေပါကပ်ထားတာပါ"

"ဟော့ကောင်...ဒီပုံတွေက စာမေးပွဲအတွက် [illegible] မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ်၊ နောက်တစ်ပတ်မှပဲ ဆွဲပြီးတင်တော့မယ်၊ ခုတော့ ဆွဲချင်စိတ် မရှိဘူး"

ပုံဆွဲရလျှင် ပျော်နေတတ်သော သူ ထူးခြားစွာ ပုံဆွဲရန် ငြင်းဆိုလိုက်သဖြင့် ခင်မောင်က သူ့အား တအံ့တသြကြည့်သည်။

"မင်း ဘာဖြစ်လာတာလဲ"

"ငါလဲ မပြောတတ်ဘူး"

ခင်မောင်အား စိတ်မပါစွာ အဖြေပေးရင်း မျက်လုံးထဲ၌ အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် စောစောကကောင်မလေး၏ ပုံရိပ်ကိုသာ မြင်ယောင်နေမိသည်။ သူ၏ ပုံဆွဲချင်စိတ် ကုန်ခန်းနေခြင်းဟာ သူမနဲ့များ တစ်စုံတစ်ရာ ပတ်သက်နေမလား။

ဟင့်အင်း၊ မဖြစ်နိုင်ပါဘူး။ သူ ချက်ချင်းပင် ခေါင်းယမ်းလျက် အတွေးထဲ၌ ကြီးစိုးနေသော သူမ၏ပုံရိပ်ကို မောင်းထုတ်လိုက်သည်။ ထို့နောက် မေသက်ခိုင်အကြောင်း စဉ်းစားခြင်းဖြင့် ဖုံးလွှမ်းနေသော သူ၏စိတ်တို့ကို ချုပ်ထိန်းလိုက်၏။ သို့သော် ထိုချုပ်ထိန်းနိုင်မှုမှာ ရက်အနည်းငယ်မျှသာ ခံခဲ့ပါသည်။

❖ ❖ ❖

"Engineering Drawing Text များ ရှိနိုင်မလား"

လိုင်ဘရီအတွင်းရှိ ကောင်တာရှေ့၌ရပ်ရင်း ဘာစာအုပ်





ငှားရင်ကောင်းမလဲဟု သူတွေးနေစဉ် နောက်ဘက်မှ ထွက်ပေါ်လာသည့် ချိုအေးသော အသံတစ်ခုကြောင့် သူ လှည့်ကြည့်လိုက်သည်။

ကြည့်စမ်း၊ သူမပါပဲလား။

သူမကတော့ သူ့ကို မမှတ်မိသည်လား၊ ဂရုမစိုက်သည်လား မပြောတတ်။ ကောင်တာမှ သူလိုချင်သော စာအုပ်ကိုသာ စာအုပ်ငှားခွင့်ကတ်အတွင်းဖြည့်ပြီး စာကြည့်တိုက်မှူး ယူလာပေးသော စာအုပ်ကို လှမ်းယူကာ ထွက်စွာသွားသည်။ သူ့ကိုယ်သူ ဘာလုပ်မိမှန်း မသိခင်မှာပင် သူမနောက်သို့ သူ လိုက်ပါသွားခဲ့သည်။

"ဒီမှာဗျာ...တစ်ဆိတ်လောက်"

စာကြည့်တိုက် အပြင်ဘက် ကော်ရစ်ဒါအရောက် ရှည်ရှယ်ချက် ကင်းမဲ့စွာ သူ လှမ်းခေါ်လိုက်သည်။ သူမက ခြေလှမ်းတို့ကို ရပ်ပြီး သူ့ကို လှည့်ကြည့်၏။

"ဟုတ်ကဲ့...ပြောပါ"

သေတော့မှာပဲ၊ ဘာဖြစ်လို့များ ငါ သူ့ကို လှမ်းခေါ်လိုက်မိပါလိမ့်။

"ရှင် ကျွန်မကို ခေါ်လိုက်သလားလို့"

"ဩော်...ဟုတ်ကဲ့၊ ဟိုလေ"

ထစ်ငေါ့စွာ ရပ်ဆိုင်းသွားပြီးမှ ကံကောင်းထောက်မစွာ စကားဆက်နိုင်မည့်အကြောင်းအရာတစ်ခုကို စဉ်းစားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်နေ့က ကိစ္စကို တောင်းပန်ချင်လို့ပါ"

"ရှင်"

"ဗဟိုဆောင် လှေကားထစ်ပေါ်မှာ တိုက်မိတဲ့ကိစ္စကို ပြောတာပါ၊ အဲဒီတုန်းက အတန်းမမီမှာစိုးလို့ ကျွန်တော်လည်း အပြေးအလွှား တက်လာမိလို့ ခင်ဗျားဆင်းလာတာကို မမြင်လိုက်မိဘူး"

သည်တော့မှ သူမ မှတ်မိသွားဟန်ဖြင့် 'ဩော်...ရှင်ကိုး' ဟု ရေရွတ်သည်။

"ကိစ္စမရှိပါဘူး ရပါတယ်၊ ဒါပေမယ့် အဲဒီနေ့က ရှင့်ကြောင့် ကျွန်မရဲ့ ကွန်ပတ်စ်တစ်ခုတော့ ကျိုးသွားတယ်"

သူမ၏ ပွင့်လင်းစွာ စွပ်စွဲလိုက်မှုကြောင့် သူ့မျက်နှာ နွေးခနဲ ဖြစ်သွားသည်။

"အားနာစရာဗျာ၊ ကျွန်တော် အစားတစ်ခု ပြန်ဝယ်ပေးပါမယ်"

"ဒါဖြင့် နေ့လယ်ထမင်းစားချိန်လောက် ကျွန်မအတန်းကို လာပြီး ကျိုးသွားတဲ့ ကွန်ပတ်စ်နမူနာ လာယူပေါ့၊ ဒါမှ ရှင် အစားပြန်လျော်ပေးရမယ့် ကွန်ပတ်စ်အရွယ်အစားကို သိနိုင်မှာပေါ့၊ ကျွန်မ (ဝမ်းအိုဝမ်း)မှာ ရှိမယ်"

"မြို့ပြ ပထမနှစ်ပေါ့"

"ဟုတ်ပါတယ်၊ ကျွန်မနာမည် မျိုးသဒ္ဒါပါ"

"ကျွန်တော် အောင်ထက်ပါ၊ (ဝမ်းပီအမ်)ကပါ"





"ကျွန်မကို ခွင့်ပြုပါဦး"

သူမ ညင်သာစွာ လှည့်၍ထွက်ခွာသွားသည်။ သူမအား မည်မျှကြာအောင် ရပ်တန့်ငေးမောနေမိသည်မသိ၊ ခင်မောင် အနားရောက်လာမှသာ သူ သတိဝင်လာသည်။

"ရှာလိုက်ရတာ ငအောင်ရာ၊ ကင်တင်းကော မုန့်ဆောင်နဲ့ ဝပ်ရှော့ကော နှံ့နေတာပဲ"

ခင်မောင်က မောလျသံနှင့် ရေရွတ်ပြီးမှ 'မင်း စောစောက ရပ်စကားပြောနေတာ (Civil) က ကောင်မလေးလား' ဟု ကောက်ကာငင်ကာ မေးသည်။

"မင်း တွေ့လိုက်လို့လား"

"တွေ့တာပေါ့၊ ငါ ခပ်လှမ်းလှမ်းကနေ အကဲခတ်နေတာ၊ လုပ်စမ်းပါဦး၊ ဘာဖြစ်တာလဲ"

သူ ခင်မောင်အား ဖြစ်ပျက်ပုံ အစအဆုံးကို ပြောပြလိုက်သည်။ သူ့စကားဆုံးတော့ ခင်မောင်က 'အာဂအမျိုးသမီးပဲ၊ တော်ရုံတန်ရုံ ကောင်မလေးတွေသာဆိုရင် ရက်ပြီး အလျော်တွေ ဘာတွေတောင်းဖို့ သတိရမှာ မဟုတ်ဘူး' ဟု ရေရွတ်၏။

"ဘာပဲဖြစ်ဖြစ် ငါကတော့ အဲဒီလို ပွင့်လင်းတဲ့စိတ်ဓါတ်မျိုးကို သဘောကျတယ်"

ရုတ်တရက် ခင်မောင်က သူ့အား ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်၏။ ၎င်း၏အကြည့်က သူ့မျက်နှာပေါ်မှ တစ်စုံတစ်ရာကို စူးစမ်းရှာဖွေသည့် အကြည့်မျိုး ဖြစ်သည်။ ပြီးမှ မျက်နှာလွှဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး တစ်ကိုယ်တည်း ရေရွတ်ဟန်ဖြင့် စကားတစ်ခွန်း ဆိုသည်။

"ငါလဲ မေသက်ခိုင်နဲ့ မတွေ့တာ တော်တော်ကြာပြီကွာ"

အမှတ်တမဲ့ နားထောင်မည်ဆိုပါက ခင်မောင်၏စကားက မဆီမဆိုင် စကားတစ်ခွန်းဖြစ်၏။ သို့သော် သူ့ထက် အသက်ကြီးပြီး သူ့ထက် ပို၍တွေးခေါ်မြော်မြင်တတ်သော ခင်မောင်သည် သွယ်ဝိုက်သောနည်းဖြင့် သူ့ဘဝ၌ မေသက်ခိုင် ရှိသေးကြောင်း လိမ္မာပါးနပ်စွာ သတိပေးလိုက်ခြင်းဖြစ်သည်။

ခင်မောင်၏ ရည်ရွယ်ချက်ကို သဘောပေါက်စွာ သက်ပြင်းတစ်ချက်ကို ချလိုက်မိ၏။

သို့သော် ထိုနေ့ နေ့လယ်မှာတော့ ခင်မောင်ကို အဖော်ခေါ်လျက် မျိုးသဒ္ဒါထံသို့ ရောက်ရှိသွားခဲ့ပါသည်။ သူမအား ခင်မောင်နှင့် မိတ်ဆက်ပေးတော့ သူမ၏မူပိုင်ဟန် ဖြစ်ပုံရသော အေးဆေးတည်ငြိမ်သည့် အမူအရာနှင့် 'တွေ့ရတာ ဝမ်းသာပါတယ်' ဟု အသိအမှတ်ပြုစကား ဆိုသည်။ ထို့နောက် သူ့အစားပြန်လည် လျော်ပေးရမည့် ကျိုးသွားသော ကွန်ပတ်စ်ကို ထုတ်ပေးသည်။

သူမထံမှ ပြန်လာတော့ ခင်မောင်က 'ငါ မင်းကို တစ်ခုမေးချင်တယ် ငအောင်' ဟု စကားစသည်။

"မင်း မျိုးသဒ္ဒါကို စိတ်ဝင်စားနေသလား"

ခင်မောင်၏ တလေးတနက် အမေးအား သူ ပေါ့ပါးစွာ





ရယ်မောပစ်လိုက်သည်။

"ကောင်မလေးတစ်ယောက်နဲ့ အသိအကျွမ်းဖြစ်ရုံနဲ့ အဲဒီကောင်မလေးကို ငါ စိတ်ဝင်စားသွားလိမ့်မယ်လို့ ထင်ထားရင်တော့ မင်း တော်တော်ကြောင်တာပဲ ခင်မောင်"

"အေး ငါလဲ ကြောင်ချင်ပါတယ်၊ ဒါပေမယ့် ခက်တာက မင်းမျက်လုံးတွေ မရိုးတာပဲ၊ အဲဒီလို မရိုးသားတာကို သူ မပြောနဲ့၊ ငါတောင် ရိပ်မိတယ်"

တကယ်ပဲလား။ သူ့အခြေအနေက အဲလောက်တောင် သိသာနေခဲ့သလား။ သူ ခင်မောင့်ကို အထိတ်တလန့် မော့ကြည့်လိုက်တော့ ခင်မောင်က သူ့ကိုမကြည့်ဘဲ...

"မေသက်ခိုင်ကိုတော့ မင်း မေ့မထားပါနဲ့ကွာ၊ သူ မင်းအပေါ် အရမ်းကောင်းလွန်းပါတယ်"

သူ အတန်ကြာအောင် တွေဝေငြိမ်သက်သွားမိသည်။ အတော်ကြီးကြာမှ 'ဒါဖြင့် ငါဘာလုပ်ရမလဲ ခင်မောင်' ဟု မေးလိုက်တော့ ခင်မောင်က သူ့အားကြည့်ပြီး အဖြေပေးသည်။

"မင်းလုပ်ရမှာက အဲဒီကွန်ပတ်စ်ကို အစားဝယ်ပြီးတဲ့အခါ မင်းကိုယ်တိုင် သွားမပေးဖို့ပဲ၊ မင်းကိုယ်စား ငါ သွားပေးမယ်၊ ဒါဆို ဇာတ်လမ်းက သူ့အလိုလို ပြီးသွားရောပေါ့...မဟုတ်ဘူးလား"

သူ ဘာမှမပြောဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၂)

မစ်ဒ်တမ်းစာမေးပွဲပြီး၍ နှစ်ဝက်ကျော်လာချိန်မှ စတင်ကာ သူတို့၏စာများက ပိုမိုခက်ခဲ၍ လာခဲ့သလို ဝပ်ရှော့ချိန်များ၌လည်း သင်တန်းဆရာခိုင်းသော (JOB) များကို မခိုမကပ် လုပ်ဆောင်ကြရ၏။ ထိုအချိန်၌ တွင်ခုံအလုပ်ရုံသို့ ဝင်ရောက်နေကြရပြီ ဖြစ်သဖြင့် အင်ဂျင်နီယာတစ်ယောက်အတွက် အရေးကြီးသော တွင်ခုံလုပ်ငန်းနှင့် ခက်ခဲသော ကျောင်းစာများအကြား၌ သူ စိတ်ကိုနှစ်မြှုပ်ရင်း မျိုးသဒ္ဒါကို မေ့လျော့ထားခဲ့၏။

သူမထံသို့ သူ့ကိုယ်စား ခင်မောင် ကွန်ပတ်စ်အလျော်သွားပေးခဲ့ပြီးနောက်ပိုင်း ခင်မောင်၏ အကြံပေးမှုအတိုင်း သူမနှင့် ထပ်မံမဆုံဆည်းဖြစ်အောင် သူ ရှောင်ဖယ်နေခဲ့မိသည်။ (ရယ်စ





ရာ ကောင်းသည်မှာ သူမနှင့်မတွေ့အောင် သူ ရှောင်နေခဲ့သည့် ထိုတစ်လလုံး သူမကလည်း သူ့ကိုရှောင်နေခဲ့ကြောင်း နောက်မှ ပြန်လည်သိခဲ့ရခြင်း ဖြစ်သည်။)

အကြံပေးအရာရှိဖြစ်သူ ခင်မောင်ကတော့ သူ၏ စိတ်ဓါတ် ကြံ့ခိုင်မှုကို ချီးကျူးမဆုံးအောင် ရှိနေခဲ့၏။

"ယောကျ်ားဆိုတာ ဒီလိုမှပေါ့ကွာ၊ ကိုယ့်ဘဝမှာ အနှောင့်အယှက် ဖြစ်လာမယ့်အရာမှန်သမျှကို ပြတ်ပြတ်သားသား ရှောင်ရှားနိုင်ရမယ်၊ ဒါမှ ယောကျ်ားကောင်းလို့ ခေါ်တယ်"

ယောကျ်ားကောင်းတို့၏ အရည်အချင်းကို သိသော ခင်မောင်သည် ကမ္ဘာကြီး အလွန်ကျဉ်းကြောင်းကိုတော့ သိပုံမရပါ။ အထူးသဖြင့် အင်းစိန်ဂျီတီအိုင်သည် ကမ္ဘာကြီးနှင့် နှိုင်းယှဉ်၍ မရလောက်အောင် ကျဉ်းမြောင်းကြောင်း ပို၍သိပုံမရ။

ထို့ကြောင့်ပင် နေ့လယ် ထမင်းစားပြီးချိန်များ၌ အစာလည်း ကြေအောင်၊ သူမကိုလည်း ရှောင်ပြီးသားဖြစ်အောင်ဟု ဆိုကာ သူ့ကိုဦးဆောင်လျက် ကျောင်းတွင် လူရှင်းသောနေရာများဘက်သို့ လမ်းလျှောက်၏။ ထိုအခါ သူ လာမှာစိုးသဖြင့် အတန်းထဲ၌ ထမင်းမစားဘဲ လူရှင်းသောနေရာများကိုသာ ရွေးချယ်၍ ထမင်းစားတတ်သော သူမနှင့် ပက်ပင်းတိုး ရင်ဆိုင်ရလေတော့သတည်း။

"ဟော...ကိုအောင်ဘက်"

"ဟာ...မျိုးသဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



ကဲ—ဘယ်လောက်များ ရယ်စရာကောင်းလိုက်တဲ့ တိုက်ဆိုင်မှုလဲ။

သုံးယောက်စလုံး အိုးတိုးအန်းတန်းဖြစ်စွာ ငြိမ်သက်နေကြပြီးမှ ခင်မောင်က 'မမျိုးသဒ္ဒါ ဒီနေရာမှာ နေ့တိုင်းထမင်းလာစားသလား' ဟု စကားစလိုက်သည်။

"ဟင့်အင်း တစ်ခါတစ်လေမှပါ၊ ခုလိုမျိုး ဟင်းမကောင်းတဲ့ နေ့မျိုးဆိုရင်ပေါ့၊ ဒါမှ ကျွန်မထမင်းချိုင့်ထဲက ဟင်းတွေကို သူများတွေ မမြင်နိုင်မှာလေ"

ရယ်သံစွက်၍ ပြောလိုက်သည့်စကား ဖြစ်သော်လည်း သူမ၏ထမင်းချိုင့်ထဲမှ ပဲပြုတ်အနည်းငယ်နှင့် ဘဲဥကြော်ကို တွေ့မြင်ပြီးဖြစ်သော သူကတော့ စိတ်မကောင်း ဖြစ်သွားမိသည်။

"ကိုအောင်ထက်တို့ ကိုခင်မောင်တို့ကော ခုလိုမျိုး ဒီနေရာဘက်ကို နေ့တိုင်း လမ်းလျှောက်တတ်ကြသလား"

"ဟင့်အင်း၊ ဘိုင်ပြတ်တဲ့နေ့တွေမှပါ၊ ကင်တင်းဘက်သွားရင် လက်ဖက်ရည်သောက်ချင်စိတ် ပေါ်လာမှာစိုးလို့ ဒီဘက်ကို လျှောက်ကြတာလေ"

သုံးယောက်သား ရယ်မောလိုက်သဖြင့် တင်းကျပ်နေသော စိတ်တို့ အနည်းငယ် ပြေလျော့၍သွားလေသည်။ သူမက ယခုတိုင် မတ်တတ်ရပ်နေဆဲဖြစ်သော သူတို့အား 'ထိုင်ကြပါဦးလား' ဟု ဖိတ်ခေါ်သည်။

"ကျွန်တော်တို့ထိုင်ရင် မမျိုးသဒ္ဒါ ထမင်းစားတာများ





အနှောင့်အယှက် ဖြစ်မလားလို့"

"ကျွန်မချိုင့်ထဲက ဟင်းမကောင်းမှန်း တွေ့သွားကြမှတော့ မထူးတော့ပါဘူး၊ ထိုင်ကြပါ၊ ကျွန်မလဲ ရှက်မနေတော့ပါဘူး"

သူနှင့်ခင်မောင် သမံတလင်းပေါ် ထိုင်ချလိုက်ပြီးမှ သူမက ထမင်းဘူးကို တစ်ဖွန်းခပ်စားရင်း သူ့ကိုကြည့်ကာ မေးသည်။

"စိတ်မရှိနဲ့နော်၊ ကျွန်မ တစ်ခုသိချင်လို့"

"ဘာလဲ မမျိုးသဒ္ဒါ၊ မေးပါ"

"မျိုးလို့ပဲခေါ်ပါ ကိုအောင်ထက်၊ ဒီလိုပါ ကျွန်မ ကွန်ပတ်စ် အလျော်ပြန်တောင်းလိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကိုအောင်ထက် စိတ်များဆိုးနေသလားလို့"

"ဟာ...မဟုတ်တာ၊ မဆိုးပါဘူး"

"မသိဘူး၊ ကျွန်မက ကွန်ပတ်စ်လာပေးတဲ့နေ့က ကိုအောင်ထက် မပါဘဲ ကိုခင်မောင်တစ်ယောက်တည်း လာလို့ စိတ်များ ကွက်သွားသလားလို့ပါ"

"မဟုတ်ဘူး မမျိုးသဒ္ဒါ၊ အဲဒီနေ့က ဒီကောင် ကျောင်းမတက်လို့ ကျွန်တော်က သူ့ကိုယ်စား လာပေးရတာ"

"ဪ..."

သူမ သံရှည်ဆွဲ ရေရွတ်ရင်း ခေါင်းညိတ်သည်။

ထို့နောက် ကျောင်းဘများ ခက်ခဲပုံအကြောင်း စကားစမိသွားပြီး အတန်ကြာအောင် စကားဝိုင်းဖွဲ့မိခဲ့ကြသည်။ အဘာန်း



www.burmeseclassic.com

www.burmeseclassic.com



တက် ခေါင်းလောင်းထိုးမှ သူတို့သုံးယောက်စလုံး ထိုင်ရာမှထရပ်လိုက်ကြ၏။ နှစ်ပေါင်းသုံးဆယ်ကျော် ဝေးကွာနေခဲ့ရသော မျက်နှာသွယ်သွယ်လေးနှင့် နက်မှောင်ညှို့နူးသည့် ဆံပင်ရှည်ရှည်လေးများကို ပိုင်ဆိုင်သော သူမအား အမြတ်တနိုး ငေးစိုက်ကြည့်ရင်း ဘေးနားမှ ခင်မောင်ကို ဂရုမစိုက်တော့ဘဲ သူ မေးခွန်းတစ်ခု မေးလိုက်သည်။

"နောက်နေ့တွေမှာ မျိုး ထမင်းလာစားဦးမှာလား"

"ဘာဖြစ်လို့လဲ ကိုအောင်ထက်"

"ကျွန်တော်တို့ လာချင်လို့"

ကြည်လဲ့သော မျက်လုံးတောက်တောက်တစ်စုံက သူ့မျက်နှာအား အကဲခတ်သလို အကြာကြီး ငြိမ်သက်စိုက်ကြည့်နေခဲ့ပြီးမှ သူမ သက်ပြင်းချလိုက်သည်။

"သိပ်တော့ မသေချာဘူး ကိုအောင်ထက်၊ ဒါပေမယ့် လာချင်လာခဲ့ကြလေ"

"ဒါဆို ကျွန်တော်တို့ လာခဲ့မယ်"

သူမ ဘာမှမပြောဘဲ ခေါင်းကိုသာ ခပ်ဖြည်းဖြည်း ညိတ်၏။

❖ ❖ ❖





"အင့်"

"အဲဒါ ဘာတွေလဲ မေသက်"

"ရည်းစားစာတွေလေ"

မေသုက်ခိုင်၏လက်ထဲမှ ရောင်စုံစာအိတ်များကို တစ်လှည့် သူမ၏မျက်နှာကိုတစ်လှည့် နားမလည်စွာ ကြည့်လိုက်မိသည်။

"ကျောင်းမှာ ငါ့ကို လိုက်ပေးကြတဲ့ စာတွေလေ၊ ငါ မယူပါဘူး၊ ဒီစာတွေက သူငယ်ချင်းတွေကတဆင့် ငါ့လွယ်အိတ်ထဲ ရောက်နေလို့ ပါလာကြတာ"

"ဒါနဲ့ပါဦး၊ အဲဒီ နင့်ကိုပေးတဲ့ ရည်းစားစာတွေကို ငါက ဘာလုပ်ရမှာလဲ"

"နင် ဖတ်ချင်ဖတ်၊ ဒါမှမဟုတ်လဲ ဆွဲဆုတ်ပစ်ပေါ့"

"အဲဒါ နင်လုပ်ရမယ့်ကိစ္စပဲ မေသက်ရဲ့၊ ငါနဲ့ ဘာဆိုင်လို့လဲ၊ ဘာလဲ၊ ကျောင်းမှာ နင် သိပ်စွံနေတဲ့အကြောင်း ငါ့ကို လာကြွားတာလား"

"အဲလို မပြောပါနဲ့ဟာ၊ ငါက နင့်ကို သတိပေးသင့်တယ်ထင်လို့ ယူလာပြတာပါ"

သူ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်လိုက်ပြီး မီးညှိလိုက်သည်။ ဆယ်တန်းအောင်မြင်ခဲ့ပြီး ဖြစ်သဖြင့် အဖေက သူ့အား တရားဝင် ဆေးပေါ့လိပ်သောက်ခွင့် ပြုခဲ့ပြီဖြစ်သလို သူကလည်း ဆေးပေါ့လိပ်ကို နှစ်ခြိုက်စ ပြုနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဆေးပေါ့လိပ်က စီးကရက်နှင့်စာလျှင် ငွေကြေးပွန်းခဲ့မှု ပိုနည်းပါးသဖြင့် ဆေးပေါ့လိပ်ကိုသာ ပြောင်းလဲသောက်သုံးဖြစ်ခဲ့၏။ သူမက ဆေးပေါ့လိပ်သောက်ပုံကို ငေးကြည့်နေပြီးမှ

"အောင် နင် အဲဒါတွေကို ဘယ်လို သဘောရသလဲဟင်"

"ဘာကိုလဲ"

"ဒီစာတွေကိုလေ"

"ငါ ပြောပြီးပြီပဲ မေသက်၊ အဲဒါက ငါ့ကိစ္စမဟုတ်ဘူး၊ နင့်ကိစ္စလို့"

သူမ စပယ်ပန်းရုံတွေဘက်သို့ ငေးရင်း သက်ပြင်းဖွဖွ ရှိုက်၏။

"ခုတစ်လော စာလိုက်ပေးတဲ့ကောင်တွေကလဲ ပိုပိုများလာတယ်ဟာ၊ ငါ စိတ်ညစ်တယ်၊ ဒီကြားထဲ နင်ကလဲ ကျောင်းကို အလည်မလာတော့ ပိုဆိုးတာပေါ့"

သူမ၏ ဦးတည်မှုကို သူ ခပ်ရေးရေး ရိပ်မိလာသည်။

"နေပါဦး၊ ငါ နင့်ကျောင်းကို အလည်မလာတဲ့ကိစ္စနဲ့ နင် စာပေးခံရတာနဲ့ ဘယ်လိုများ သက်ဆိုင်နေလို့လဲ"

"ဆိုင်တာပေါ့ အောင်ရဲ့၊ နင် ငါ့ဆီကို မကြာမကြာ လာနေရင် သူတို့ ရှိန်သွားကြမှာပေါ့၊ အနည်းဆုံး တစ်ပတ်တစ်ခါ လာရင်တောင် သူတို့ စိတ်ပျက်သွားကြမှာ အမှန်ပဲ"

"ဘာဖြစ်လို့လဲ"

"ဘာလို့လဲဆိုတော့ သူတို့က နင်နဲ့ ငါ့ကို..."





သူမ ဆက်မပြောတော့ဘဲ စကားကို ရပ်ဆိုင်းပစ်လိုက်သည်။ အမှန်တော့လည်း ပြောစရာ မလိုတော့ပါ။ ဆေးလိပ်မီးခိုးငွေ့တို့နှင့်အတူ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"ငါနားလည်ပြီ မေသက်၊ ဒါပေမယ့် ခက်တာက ငါတို့ကျောင်းက ကျောင်းခေါ်ချိန်မပြည့်ရင် စာမေးပွဲဖြေခွင့် မရဘူး၊ ဒီတော့ ခဏခဏ လာလို့တော့ ရမှာမဟုတ်ဘူး"

"တစ်ပတ်တစ်ခါလောက်တော့ ရမှာပါဟာ၊ အတန်းတစ်ချိန်နှစ်ချိန်လောက်ဖျက်ပြီး လာပေါ့"

"ကောင်းပြီလေ၊ ငါကြိုးစားပါ့မယ်"

"တကယ်နော် အောင်"

"အေးပါ"

သူ ကတိပေးလိုက်တော့ သူမမျက်နှာက ကျေနပ်စွာ ဝင်းလက်သွား၏။ ထို့နောက် ထိုင်ရာမှ ဆတ်ခနဲထရင်း 'ငါ ဒီစာတွေ ဒေါ်လေးကို သွားပေးလိုက်မယ်' ဟု ဆိုသည်။

"ဘာလုပ်ဖို့လဲ"

"မီးမွှေးတဲ့အခါ သုံးလို့ရတာပေါ့ဟာ၊ ခဏလေး၊ ငါ အခုပြန်လာမယ်"

သူမ အိမ်ဘက်သို့ ရွှင်မြူးစွာ ပြေးထွက်သွားသည်။ မေသက်ခိုင်၏ နောက်ကျောကို ငေးကြည့်ရင်း သူ ဆေးပေါ့လိပ်ကို ခပ်ကြမ်းကြမ်း ဖွာရှိုက်လိုက်မိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ခပ်ပါးပါးကျဆင်းလာသော နှင်းမှုန်များနှင့်အတူ ပထမနှစ် စာမေးပွဲကြီးက သူတို့ထံသို့ ချဉ်းနင်း ဝင်ရောက်လာခဲ့လေသည်။

မျိုးတို့၏ မြို့ပြနှင့် သူတို့၏ စက်မှုစွမ်းအားက ပထမနှစ်၌ ပုံဆွဲနှင့် မေဂျာဘာသာမှလွဲ၍ ကျန်ဘာသာရပ်များက အတူတူပဲ ဖြစ်သည်။ ထို့ကြောင့် နေ့လယ်ထမင်းစားချိန်များ၌ မျိုးနှင့်သူတို့ စာအတူတူ လုပ်ဖြစ်ကြ၏။ အစပိုင်း၌ ခင်မောင်က သူနှင့်မျိုးတို့၏ ရင်းနှီးမှုကို သဘောကျဟန်မတူသော်လည်း နောက်ပိုင်းမှာတော့ ‘မင်းလျှောက်ရမယ့်လမ်းကို မင်းသိရင် ပြီးတာပါပဲကွာ’ ဟု အလျှော့ပေးလာခဲ့ပြီး သူ့နည်းတူ မျိုးကို ရင်းနှီးစွာ





ဆက်ဆံလာခဲ့သည်။

ထိုအချိန်၌ သူက မျိုး၏ သုံးဆင့်ထမင်းချိုင့်လေးထဲမှ ထမင်းနှင့် ဟင်းအချို့ကို နှိုက်ယူစားသောက်ခွင့် ရနေပြီဖြစ်သည်။ (မျိုးက အစားနည်းသည်လား သို့မဟုတ် သူ့အတွက်ပင် ရည်ရွယ်၍ တမင်ပိုထည့်လာတတ်သည်လား မပြောတတ်။ သူမ၏ သုံးဆင့်ချိုင့်လေးထဲ၌ အမြဲတမ်း နှစ်ယောက်စာ ဖြစ်နေတတ်သည်။)

“စားနော် ကိုအောင်၊ နောက်နေ့တွေလဲ ဆိုင်မှာ သွားမစားနဲ့၊ မျိုးနဲ့ပဲ အတူတူစား၊၊ တစ်ခုတော့ရှိတယ်၊ ဟင်းမကောင်းတဲ့အတွက်တော့ ကိုအောင့်ကို အားနာတယ်”

“ဒီလိုဟင်းမျိုးကိုသာ မကောင်းဘူးလို့ ယူဆရင် ကျွန်တော်တို့ အိမ်ကဟင်းဆို ပိုဆိုးတော့မှာပေါ့ မျိုးရယ်၊ ကျွန်တော်စားနိုင်ပါတယ်”

ဟင်းမကောင်းသော်လည်း သူစားနိုင်သည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် သူတို့အိမ်ကဟင်းမှာ မျိုး၏ဟင်းထက် ပိုမိုညံ့ဖျင်းသည်ဆိုတာကတော့ သူ မုသားသုံးလိုက်မိခြင်းသာ ဖြစ်သည်။

အစပိုင်းကာလများ၌ သူတို့မိသားစုသုံးယောက်၏ ထမင်းဝိုင်းက အမှန်တကယ် ဆိုးရွားညံ့ဖျင်းခဲ့သော်လည်း နောက်ပိုင်းမှာ ထမင်းစားခါနီးတိုင်း မေသက်က ဟင်းတစ်ခွက်မဟုတ်တစ်ခွက် လာပို့ခြင်းဖြင့် သူတို့၏ထမင်းဝိုင်းကို စိုပြည်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အိမ်မှာ ဟင်းတွေ အမြဲတမ်းပိုနေတတ်တာ ဒေါ်လေးရဲ့ ဒါကြောင့် မေသက် ထည့်ယူလာတာ' ဟူ၍လည်းကောင်း၊ 'မေသက် ဒေါ်လေးတို့နဲ့ အတူတူစားချင်လို့ အိမ်ကဟင်းပါ ယူလာခဲ့တယ်' ဟူ၍လည်းကောင်း အကြောင်းပြချက်အမျိုးမျိုးနှင့် ဆီပြန်ဟင်းများ သူတို့၏စားပွဲပေါ်သို့ ရောက်အောင် မေသက် ပြုလုပ်နိုင်ခဲ့သည်။

"စားလေ...ကိုအောင်၊ ဒီနေ့တော့ အာပြဲခြောက်နဲ့ မြေပဲကြော်၊ စားနိုင်ရဲ့လားဟင်"

"သိပ်စားနိုင်တာပေါ့"

ခင်မောင်ကတော့ သူတို့နှင့်အတူ စားလေ့မရှိပါ။ ပထမ တစ်ရက်နှစ်ရက်လောက် ဆိုင်မှ ထမင်းဟင်းဝယ်ပြီး လာစားခဲ့သေးသော်လည်း နောက်ပိုင်းတော့ 'ဆိုင်မှာစားရတာက ပိုအဆင်ပြေတယ်ကွ၊ ငါးမူးတန် ပဲဟင်းလည်း ဗိုက်ကားအောင် သောက်ခွင့်ရတယ်၊ သက်သာဆိုင်မှာပဲ စားတော့မယ်ကွာ' ဟု ဆိုကာ ရှောင်ထွက်သွားခဲ့သည်။

"ခုတစ်လော ကိုအောင် မနက်ပိုင်း အတန်းတွေ လစ်နေတယ်ဆို"

"မဟုတ်ပါဘူး...မျိုးရဲ့၊ တစ်ခါတစ်လေ အိပ်ရာထနောက်ကျလို့ အတန်းမမီတော့တဲ့အတူတူ မထူးဘူးဆိုပြီး တမင်နောက်ကျမှ လာတာပါ၊ အဲဒါကို ခင်မောင်က အတန်းလစ်တယ်လို့ ထင်နေတာ"





အမှန်တော့ မျိုးစွပ်စွဲသလို သူ အတန်းလစ်သောအချိန်များသည် မေသက်၏ကျောင်း၌ သူ ရောက်ရှိနေတတ်သောအချိန်များ ဖြစ်သည်။

ထိုအကြောင်းကို သိလျက်နှင့် ခင်မောင်က တမင်ချောက်တွန်းလိုက်ခြင်း ဖြစ်ပါလိမ့်မည်။

"စာမေးပွဲ အရမ်းနီးနေပြီနော် ကိုအောင်၊ စာတွေရောစုံရဲ့လားဟင်"

"စုံပါတယ်၊ တချို့ မမီတဲ့စာတွေကျတော့လည်း ခင်မောင့်ဆီက ယူကြည့်လိုက်မှာပေါ့"

"တကယ် စာမေးပွဲဖြေရပြီဆိုရင် စာအုပ်တစ်အုပ်ထဲကိုနှစ်ယောက် ဘယ်လိုလုပ် ကြည့်လို့ရမှာလဲ၊ မျိုး ကိုအောင့်စာတွေကူးပေးမယ်လေ"

"နေပါစေ...မျိုးရဲ့၊ ရပါတယ်"

သို့သော် နောက်ထပ် ရက်အနည်းငယ်အတွင်းမှာပင် သူ့၌မစုံသောစာများကို ခင်မောင့်ထံမှ စာအုပ်ငှားလျက် မျိုးကူးပေးခဲ့သည်။

သေသပ်လှပသည့် လက်ရေးဝိုင်းဝိုင်းလေးများနှင့် မျိုးကူးပေးသည့် စာအုပ်ကို အဖုံးလေးဖုံးပြီး မျိုးနှင့်မတွေ့သည့်အချိန်များ၌ သူ မကြာခဏ ထုတ်ကြည့်မိ၏။ သူကြည့်သည်မှာ စာအုပ်တွင်းပါ စာများကို မဟုတ်ဘဲ မျိုး၏လက်ရေးကလေးများကိုသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်များအတွင်း မျိုးက သူ့အား အင်္ဂလိပ်စာနှင့် ဆိုင်းယင့်ဝမ်း၊ ဆိုင်းယင့်တူး ပြပေးခဲ့ပြီး သူကတော့ မျိုး မလိုက်နိုင်သည့် ကာလ်ကူလက်နှင့် အပ်ပလိုင်းမက်စ်တို့ကို ပြပေးခဲ့ရသည်။

စာမေးပွဲမဖြေခင် တစ်လျှောက်လုံး တင်ကြိုရင်မောနေကြရသော်လည်း တကယ့်တကယ် ဖြေဆိုရသောအခါမှာတော့ စာမေးပွဲရက်များကို သူတို့ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြပါသည်။

"ကိုအောင် ဖြေနိုင်တယ် မဟုတ်လားဟင်"

"အင်း...မျိုးကော"

"ဖြေနိုင်တယ်"

"ဟော့...ငါ့ကျတော့ ဘယ်သူမှ မမေးကြပါလား"

ခင်မောင်က ခပ်ကျယ်ကျယ် ဝင်ပြောတော့ သူက ရယ်ရင်း...

"မင်းက ကျိန်းသေပေါက် ကျမယ့်လူပဲဥစ္စာ၊ ဘာမေးစရာ လိုသေးလဲ"

"မင်းကြီးတော်...နိမိတ်မရှိ နမာမရှိ မပြောစမ်းပါနဲ့၊ နဂိုကမှ လန့်နေရတဲ့ကြားထဲ"

"ဘာလန့်စရာရှိလဲ ကိုခင်မောင်ရယ်၊ ကျလည်း နောက်တစ်နှစ်ပေါ့"

မျိုးကပါ ဝင်နောက်လိုက်သဖြင့် ခင်မောင် မကျေမနပ်





နှင့်...

"တော်ပြီ...နင်တို့နှစ်ယောက်ကို ငါ လက်ဖက်ရည် မတိုက်တော့ဘူး"

ဟု ကြုံးဝါးသည်။

"အလကားနောက်တာပါ ခင်မောင်ရာ၊ မင်း အောင်မှာပါ"

"ဟုတ်တယ်၊ အောင်ရုံတင်မဟုတ်ဘူး ကိုခင်မောင်ကြီး ဂုဏ်ထူးတောင်ပါဦးမယ်"

"အေး...ဒါဆို လိုက်ခဲ့ကြ၊ လက်ဖက်ရည်တင် မဟုတ်ဘူး၊ မုန့်ပါကျွေးမယ်"

"ကင်တင်းက နိုင်လွန်လက်ဖက်ရည်ဆိုရင်တော့ မလိုက်ဘူးနော်"

"နန်းသီတာထွန်းမှာ တိုက်မှာပါကွ"

ခင်မောင်က သဘောကောင်းစွာ ကတိပေး၏။

စာမေးပွဲရက်များအတွင်း ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ ကိန်းဂဏန်းများ၊ စာအကြောင်းများနှင့်သာ လုံးထွေးနေခဲ့သော သူသည် စာမေးပွဲ နောက်ဆုံးနေ့မှပင် ကိုယ်ရေးကိုယ်တာ အကြောင်းများကို စဉ်းစားမိပြီး မျိုးအား မေးခွန်းတစ်ခု မေးလိုက်မိသည်။

"မျိုးလိပ်စာ ကျွန်တော် သိချင်တယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မျိုးနေတဲ့ အိမ်လိပ်စာလေး၊ ကျွန်တော့်ကို ပေးခဲ့ပါ"

"ဘာလုပ်ဖို့လဲ ကိုအောင်"

"လာလည်ဖို့ပေါ့ မျိုး၊ ကျောင်းပိတ်ထားတဲ့ရက်တွေ ကျွန်တော် မျိုးဆီ လာလည်ချင်လို့"

"ကျောင်းပြန်ဖွင့်ရင် ပြန်တွေ့ကြမှာပဲ ကိုအောင်ရယ်၊ ကျောင်းပိတ်ရက်ကလဲ သိပ်ကြာမှာမှ မဟုတ်တာ၊ ဘာလုပ်မှာလဲ"

သူမက ပေါ့ပါးစွာ ပြန်ပြောရင်း လိပ်စာပေးချင်ပုံမရ ဟန်နှင့် ငြင်းဆန်သည်။ သူမ၏စကားကြောင့် သူ အတင်းအကြပ် မတောင်းဖြစ်တော့ပါ။

သို့သော် ထိုသို့ မတောင်းဖြစ်ခဲ့ခြင်းအတွက် တကယ့်တကယ် ကျောင်းပိတ်ရက်များကို ရင်ဆိုင်ဖြတ်သန်းရသောအခါမှပင် သူ နောင်တကြီးစွာ ရခဲ့မိသည်။ ကျောင်းဖွင့်စဉ်အခါက နေ့စဉ်နီးပါး တွေ့မြင်ခွင့်ရခဲ့သော ဝင်းဝါနုညက်သည့် မျက်နှာနုနှင့် မျက်လုံးတောက်တောက်တစ်စုံ၏ လွမ်းမိုးမှုသည် သူ၏ အိပ်မက်များထဲအထိပင် စိုးမိုးခြယ်လှယ်နိုင်ခဲ့ပါသည်။

ထိုရက်များအတွင်းမှာ သူမအား ပြင်းပြစွာ သတိရနေခဲ့မိသည်မှာ သူ၏ဘေးနားမှ မေသက်ခိုင်ကို မေ့လျော့နေမိသည် အထိပင် ဖြစ်သည်။ မေသက်ခိုင်ကတော့ တာဝန်ကျေပွန်စွာပင် သူတို့အိမ်ဘက်သို့ နေ့စဉ်လာမြဲ။ သူ ဂစ်တာတီးလျှင် သူ၏ နံဘေး၌ ငြိမ်ငြိမ်သက်သက်လေးထိုင်၍ စည်းချက်လိုက်မြဲ။ သူ လက်ဖက်ရည်ဆိုင် ထိုင်စရာ ပိုက်ဆံ မရှိသောအခါများ၌





သူ၏အကျႌအိတ်ကပ်အတွင်းသို့ ပိုက်ဆံ အတင်းထည့်ပေးတတ်မြဲ ဖြစ်သည်။

သူမ၏ အလိုက်တသိ ဂရုစိုက်မှုတို့က ယခင်ကလိုပင် နွေးထွေးဆဲ ဖြစ်သော်လည်း သူကတော့ ထိုဂရုစိုက်မှုတို့အား ယခင်ကလို မသာယာမိဘဲ သူမကို ကျော်လွန်လျက် မျိုးကိုသာ အံ့သြဖွယ်ကောင်းစွာ သတိရနေခဲ့မိသည်။

မျိုးသဒ္ဒါအား လွမ်းဆွတ်သတိရမှုတို့က ကျောင်းပိတ်ရက်ရှည်များအတွင်း ကဗျာတစ်ပုဒ်ကို မွေးဖွားဖြစ်စေခဲ့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



(၃) ယုံလိုက်စမ်းပါ
ငါဟာ
မင်းအတွက်
နှင်းစက်တွေ ကျနေတဲ့
ဒီလို ဆောင်းညချမ်းမှာတောင်
မအေးမြနိုင်လောက်အောင်
ပူလောင်
ပြင်းပြ
သတိရနေခဲ့တယ်ဆိုတာ...။
(၂) ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးရေ
ဟော့ဒီ
နေ့ရက်တွေသာ
သောက်လက်စ
စီးကရက်တစ်လိပ် ဖြစ်မယ်ဆိုလည်း
အကောင်းသားပေါ့
(ဒါဆို...)
ချက်ချင်း ခြေမွှ
လွှတ်ချပစ်လိုက်မှာပါ...။
(၁) ခုတော့...
အချစ်ဆိုတဲ့ စကားလုံး
စာလုံးပေါင်းတတ်ရုံ ရှိသေး





မင်းက...
ဟိုးအဝေးကို ရောက်နေခဲ့...။
(၀) ရက်စက်
ဆိုးဝါး
မရိုးသားတဲ့ ကံကြမ္မာကိုပဲ
အပြစ်ပုံချနေဆဲမှာ
ငါ့အိပ်မက်တွေ မှောင်မိုက်
ကြေကွဲမှုတွေ မီးလောင်မြိုက်
မိန်းကလေးရေ...
(ငါ...)
ရူးမိုက်ခဲ့မိပြီ ထင်ပါရဲ့...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၇)

ဒုတိယစာသင်နှစ်အတွက် ပထမဆုံး ကျောင်းစဖွင့်သည့်နေ့၌ မျိုးအား တွေ့ချင်စိတ်ဖြင့် သူ ကျောင်းကို အစောကြီး ရောက်နေခဲ့သည်။ တစ်ရပ်ကွက်ထဲမှ ကျောင်းအတူတူတက်သော ခင်မောင့်ကိုပင် ဝင်မခေါ်တော့ဘဲ စောစီးစွာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

အင်းစိန်–ဒညင်းကုန်း ကားပေါ်မှဆင်းတော့ ကျောင်းကင်တင်းမှာ သွားမထိုင်သလို နန်းသီတာထွန်းဘက်ကိုလည်း မသွားဘဲ ကားဂိတ်မှာပင် မျိုးအလာကို ရပ်စောင့်နေမိသည်။ လက်ထဲမှ သောက်လက်စ နွားတံဆိပ်ဆေးပေါ့လိပ်တစ်ဝက်အကျိုး တတိယမြောက် ဒညင်းကုန်းကား ဆိုက်လာချိန်၌ ရက်ပေါင်းများ





စွာ တမ်းတနေခဲ့သော မျက်နှာသွယ်သွယ်လေးကို တွေ့မြင်လိုက်ရသည်။

ဂျင်းဂျက်ကက်ကို ဝတ်ထားပြီး မွေးပွလွယ်အိတ်ကို လွယ်၍ လက်တစ်ဖက်၌ သုံးဆင့်ချိုင့်လေး ကိုင်ထားသော သူမသည် သူ့ကို အတွေ့မှာပင် မျက်ခုံးထူထူလေးများ မြင့်တက်လျက် တအံ့တသြ ဝမ်းသာသွားလေသည်။

"ဟယ်...ကိုအောင်၊ အစောကြီး ရောက်နေတယ်"

"ဟုတ်တယ် မျိုး၊ ဒါနဲ့ ခု မျိုး ရောက်လာတာကော အစောဘူးလား"

ခုနစ်နာရီပင် မထိုးသေးသော သူမလက်ထဲမှ မိန်းမပတ်နာရီလေးကို တစ်ချက်ငုံ့ကြည့်လျက် ရယ်လိုက်ပြီး...

"ဟုတ်တယ်၊ မျိုးလဲ တမင် အစောကြီး ထွက်လာမိတာ"

"ဘာဖြစ်လို့လဲ မျိုး"

"ဘာကိုလဲဟင်"

"ဩော်...ဘာဖြစ်လို့ အစောကြီး ထွက်လာရတာလဲလို့"

သူမမျက်နှာ ပန်းနုရောင်သမ်းသွားပြီးမှ ခေါင်းငုံ့ကာ ခပ်တိုးတိုး အဖြေပေးသည်။

"ကျောင်းကြီးကို လွမ်းလို့ပေါ့"

"ကျောင်းကြီးကိုပဲလား မျိုး"

ကျွန်တော့်ကိုကော မလွမ်းဘူးလားဟု ဆက်မေးလိုက်ချင်သော်လည်း ထိုမျှအထိ သူ သတ္တိမကောင်းပါ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



'အေးအေးဆေးဆေး တစ်ခါတစ်လေ' ဟူသော နာမည်ရှည်ရှည်နှင့် လက်ဖက်ရည်ဆိုင်ကလေးမှာ သွားထိုင်ဖို့ မျိုးကို စည်းရုံးရန် လောက်တော့ သူ သတ္တိကောင်းပါသည်။

ဆိုင်ထဲမှ စားပွဲခုံလေးမှာ ထိုင်ပြီးချိန်ကျမှ သူ မျိုးကို စကားစလိုက်သည်။

"မျိုး ကျွန်တော့်ကို တော်တော် နှိပ်စက်တာပဲနော်"

"ရှင်"

"အိမ်လိပ်စာ မပေးခဲ့တာလေ၊ ကျွန်တော် မျိုးကို လာတွေ့ချင်လိုက်တာ အရမ်းပဲ"

"ကိုအောင်လာလဲ မျိုးကို တွေ့မှာမဟုတ်ဘူး၊ မျိုးက နယ်ရောက်နေတာလေ"

"အလည်သွားတာလား"

"ဟင့်အင်း၊ မျိုးမိဘတွေက နယ်မှာလေ၊ မျိုးက ကြီးတော်အိမ်ကနေ ကျောင်းတက်တာ၊ ကျောင်းပိတ်တိုင်း အဖေနဲ့ အမေ့ဆီ ပြန်တယ်၊ ဒါကြောင့် ကိုအောင့်ကို လိပ်စာမပေးခဲ့တာပါ"

မျိုးနှင့်သူ ခင်မင်ခဲ့သည့်ကာလအတွင်း မျိုးဘဝအကြောင်း တစ်ခါမှ စကားမစပ်ခဲ့မိသလို မျိုးကလည်း သူ့အကြောင်း တစ်ခါမှ မမေးဖူးခဲ့။ ယခုမှသာ မျိုး၏မိဘများက နယ်မှဖြစ်ကြောင်း သူ သိခွင့်ရလိုက်သည်။

မျိုးအဖေနဲ့အမေက ဘာလုပ်ငန်းများ လုပ်ကိုင်ကြပါလိမ့်။





ပြီးတော့ မျိုးမှာ မောင်နှမ ဘယ်နှစ်ယောက် ရှိသလဲ။ နောက်ပြီး မျိုးကို ကြိုက်နေတဲ့ ကောင်လေး တစ်ယောက်တစ်လေကော မျိုးတို့နယ်မှာ မရှိနိုင်ဘူးလား။

သူသိချင်သော မေးခွန်းတို့က များပြားလွန်းလှပါသည်။ သို့သော် ထိုမေးခွန်းတို့ကို ဘာတစ်ခုမှ မမေးဖြစ်ဘဲ ထိုမေးခွန်းများအစား 'ကျောင်းပိတ်ထားတုန်း မျိုး ဘာတွေလုပ်နေခဲ့သလဲ' ဟုသာ မေးလိုက်သည်။

"ဒီလိုပါပဲ၊ အိမ်ကအလုပ်တွေ ကူလုပ်ပေးတယ်၊ ဖေဖေနဲ့ မေမေ့ကို ပြုစုတယ်၊ ဒါပဲပေါ့၊ ကိုအောင်ကောဟင်"

"ကျွန်တော် ကဗျာတစ်ပုဒ် ရေးဖြစ်တယ်၊ မျိုးကို ပေးဖတ်မလို့၊ ခုတောင် ထည့်ယူလာသေးတယ်"

ပြောပြောဆိုဆို ကဗျာရေးထားသော စာအုပ်ကို လွယ်အိတ်ထဲမှ ထုတ်ယူလိုက်သည်။ မျိုးက သူ့ကိုငေးကြည့်နေပြီးမှ အိပ်မက်မက်ရာမှ လန့်နိုးလာသူတစ်ယောက်ပမာ ကဗျာကယောတားဆီးလိုက်သည်။

"ဟင့်အင်း...ကိုအောင်၊ မျိုး မဖတ်ချင်ဘူး"

ကဗျာစာအုပ်ကို ဆွဲထုတ်နေဆဲလက်တို့ ရုတ်တရက် ရပ်တန့်သွားကြပြီး သူမကို တအံ့တဩ ကြည့်လိုက်မိသည်။

"ဘာဖြစ်လို့လဲ မျိုး"

"ဘာမှမဖြစ်ပါဘူး၊ မျိုး...မျိုး မဖတ်ချင်လို့ပါ"

ခေါင်းငုံ့ထားဆဲ သူမ၏အသံတို့က မသိသော တုန်ခါ



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။

"ဒါဆိုလည်း ကျွန်တော်ပြောမယ့် စကားကိုတော့ နားထောင်ပါ မျိုး"

"ဟင့်အင်း၊ အဲဒီစကားကိုလည်း ကိုအောင် မပြောပါနဲ့"

"ဗျာ"

"ကျေးဇူးပြုပြီး မပြောပါနဲ့ ကိုအောင်၊ မျိုး နားမထောင်ချင်လို့ပါ"

ကျောင်းပိတ်ရက်အတွင်း သူမအား မည်မျှအထိ သတိတရ ရှိနေကြောင်း ပြောရန်ကြံရွယ်ထားသော သူ၏စကားတို့က လည်ချောင်းဝ၌ တစ်ဆို့ကာ ကြေမွသွားကြသည်။ မပြောပါနဲ့တဲ့။

"ဒါဆိုလဲ မပြောဘဲ နေလိုက်ပါ့မယ် မျိုး၊ ဒါပေမယ့် တစ်နေ့နေ့မှာတော့ ကျွန်တော် မျိုးကို စကားတစ်ခွန်း ပြောပါရစေ၊ အဲဒီစကားကိုတော့ မျိုး နားထောင်ပေးပါ"

မရည်ရွယ်ဘဲ ထိန်းချုပ်ထားဆဲ စကားတို့ ရုတ်တရက် ပွင့်ထွက်ကျသွားကြ၏။ မှားသွားပြီလားဟူသော အတွေးနှင့် နောင်တရနေဆဲမှာပင် သူမ သူ့အား ဖျတ်ခနဲ မော့ကြည့်သည်။

"အဲဒီစကားတွေကို ပြောဖို့ ရည်ရွယ်ထားတယ်ဆိုရင်တော့ ကိုအောင် မျိုးပြောတာတွေကို အရင်နားထောင်ရလိမ့်မယ်"

"ဘာတွေလဲ မျိုး"

"မျိုးရဲ့ဘဝအကြောင်းပါ"





သူမ၏အမူအရာက စောစောကအခြေအနေနှင့် ဘာမှမဆိုင်လောက်အောင် ပကတိ တည်ငြိမ်၍နေသည်။ သူမအား ငေးကြည့်နေရင်းမှာပင် နီထွေးသော နှုတ်ခမ်းတို့ လှုပ်ခတ်လျက် သူမ စကားစတင်လိုက်သည်။

"မျိုးက တရားဝင် မဟုတ်တဲ့နည်းနဲ့ မွေးစပ်တာကို လက်ခံထားရတဲ့ မိန်းကလေးတစ်ယောက်ပါ ကိုအောင်"

"ဗျာ"

သူမ၏စကားက သူ့တစ်ကိုယ်လုံး လောင်ကျွမ်းသွားစေခဲ့၏။ မျှော်လင့်ချက်များ၊ စိတ်ကူးယဉ်အိပ်မက်များ၊ သိကုံးထားသော စကားလုံးများအားလုံး ထိုစကားအောက်၌ တစ်စစီ ကြေမွသွားကြပြီ ဖြစ်ကြောင်း ကြေကွဲစွာ နားလည်လိုက်မိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၅)

သူမဘဝအား ကံဆိုးမိုးမှောင်ကျစေမည့် အဖြစ်အပျက်သည် သူမတို့ မြို့ငယ်လေး၏ တစ်ခုတည်းသော အထက်တန်းကျောင်း၌ သူမ ကိုးတန်းစတက်ချိန်မှာပင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

"မိမျိုး...နှင့်အဖေ လေဖြတ်လို့"

ကြေကွဲတုန်လှုပ်ဖွယ်ကောင်းသော ထိုသတင်းအား သယ်ဆောင်လာသူမှာ သူမ၏ အစ်ကိုနှစ်ဝမ်းကွဲတော်သူ ကိုကိုကြီးဖြစ်၏။

အတန်းပိုင်ဆရာမထံ ခွင့်တိုင်လျက် အိမ်ကို အပြေးအလွှား ပြန်လည်ရောက်ရှိသွားချိန်၌ ဝါးကြမ်းခင်းလေးများနှင့်





ယိုင်နဲ့နဲ့ သူမတို့၏အိမ်ကလေးပေါ်တွင် ဘေးနားဝန်းကျင်မှလူများ စုပြုံရောက်ရှိနေကြသည်။

ဘုရား...ဘုရား၊ အဖေ ဘာမှမဖြစ်ပါစေနဲ့။

တစ်အိမ်လုံး၏ မှီခိုအားထားရာဖြစ်သော အဖေသာ တစ်ခုခု ဖြစ်သွားမည်ဆိုပါက သူမတို့မိသားစု၏ ရှေ့ရေးမှာ မတွေးဝံ့စရာပင် ဖြစ်သည်။

အရွယ်မရောက်သေးသော ငါးတန်းကျောင်းသူ ညီမလေး။ ၎င်း၏အထက်မှ ဆေးထိုးမှားပြီး ပိုလီယိုသဖွယ် ဖြစ်နေသဖြင့် ကျောင်းနုတ်ထားရသော မောင်လေး။ ထို့နောက် သူမနှင့် အမေ။

အားလုံး၏ ဘဝရှေ့ရေးက ဆန်စက်မှ ဆန်အိတ်တင်ကုန်ကားမောင်းသူ အဖေ့အပေါ်၌ အမှီပြုနေရခြင်း ဖြစ်သည်။

ယခုတော့ ဆိုးရွားသောကံကြမ္မာက လေသင်ဖုန်းဖြတ်ခြင်းဟူသောအမည်နှင့် သူမတို့မိသားစုအတွင်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

"အမေ၊ အဖေ ဘယ်လိုနေသေးလဲဟင်"

"ခုထိတော့ သတိကောင်းကောင်း မလည်သေးဘူး၊ အသက်အန္တရာယ်တော့ စိုးရိမ်စရာမရှိဘူးလို့ ပြောတာပဲ"

ငိုရှိုက်သံနှင့် အမေ အဖြေပေး၏။ ဘေးနားမှ မောင်လေးနှင့် ညီမလေးကတော့ သူမကိုသာ အားကိုးတကြီး မော့ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်စိတ်တို့က လှိုက်၍တက်လာကြသော်လည်း အားငယ်နေကြသော ကလေးတွေရှေ့မှာတော့ မငိုသင့်ပါ။ သူမ အိမ်နောက်ဖေးဘက်သို့ ထွက်လာပြီး အိမ်သာထဲဝင်ကာ အားရပါးရ ငိုချလိုက်မိသည်။

သို့သော် သူမ၏မျက်ရည်ကော၊ အမေ့၏မျက်ရည်ပါ အဖေ့အပေါ် ကျရောက်နေသည့် လေဖြတ်ခြင်းဟူသော ရောဂါကို မတွန်းလှန်နိုင်ခဲ့ပါ။

ကိုယ်တစ်ခြမ်း လေဖြတ်ခံလိုက်ရသော အဖေသည် ကားပြန်မမောင်းနိုင်ရုံမျှမက ထမင်းကိုပင် ကိုယ့်လက်နှင့်ကိုယ် ယူမစားနိုင်တော့။ စကားပြောလျှင်လည်း စကားသံတို့က မပီတော့သလို၊ မှတ်ဉာဏ်ကလည်း မကောင်းတော့။

အာရုံကြောကို ထိခိုက်သွားတာဟူသော ဆရာဝန်၏ မှတ်ချက်ထက် ပိုမိုဝမ်းနည်းဖွယ်ကောင်းသည်မှာ အမေနှင့် သူမတို့ ကိုပင် အဖေ ကောင်းစွာ မမှတ်မိတော့ခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ ထမင်းခွံ့ကျွေးရန် အနားကပ်သွားမိသော သူမအား 'ညည်း…ဘယ်သူလဲ' ဟု မပီသောအသံနှင့် ဗလုံးဗထွေး မေးတတ်သည်။

"ဖေကြီး…သမီးပါ၊ မျိုးလေ..ဖေကြီးကို ထမင်းခွံ့ကျွေး မလို့"

ထမင်းကို စားသော်လည်း မျိုး…ဟူသော သူ့သမီးအရင်း ကိုတော့ မမှတ်မိပါ။ ထို့အတူ နေ့နှင့်ညကိုလည်း မခွဲခြားတတ်





တော့။

အဖေ ကားမောင်းနေစဉ်က ဆေးလိပ်လိပ်ခြင်းနှင့် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာခဲ့သော အမေသည် အဖေ လေဖြတ်ပြီးနောက်ပိုင်း ဝင်ငွေပိုမိုရရှိနိုင်မည့် အကြော်ရောင်းခြင်း အလုပ်ကို ပြောင်းလဲလုပ်ကိုင်ခဲ့သည်။

နေ့လယ်ခင်းများ၌ ငါးတန်းကျောင်းသူ ညီမလေးနှင့် တစ္ဆတ်တိုက်ဆွဲကာ လမ်းလျှောက်နေရသော မောင်လေးတို့က အကြော်ဗန်းနှင့် အရပ်ထဲလှည့်ကာ ရောင်းကြသည်။ ထိုတာဝန်ကို သူမ လွှဲပြောင်းယူရန် ပြောသော်လည်း အမေကတော့ လက်မခံ ခဲ့။

"မုန့်နှစ် ကူစပ်ပြီး အကြော်တဲမှာသာ အကြော်ကူရောင်း ပေးစမ်းပါအေ၊ ညည်းရှိမှ ဆိုင်မှာရောင်းရတာ အပတ်လည်တော့ မပေါ့၊ ဟိုအငယ်နှစ်ယောက် ဘယ့်နှယ့်လုပ်ပြီး အကြော်ကြော် တတ်မှာလဲ"

"ဒါဖြင့်လဲ သမီး ကျောင်းထွက်မယ် အမေ"

"ဘာရယ်…ကျောင်းထွက်လိုက်ရင် ညည်းဘဝက အ ကြော်သည်မပဲ ဖြစ်တော့မှာပေါ့၊ ဘယ်လိုလုပ်ပြီး ပညာတတ်ကြီး ဖြစ်နိုင်တော့မလဲ၊ ပညာတတ်မှသာ မိသားစုကို ကောင်းကောင်း မွန်မွန် ရှာကျွေးနိုင်တော့မှာပေါ့၊ ကျောင်းတော့ လုံးဝမထွက်ရဘူး၊ ကျောင်းအားတဲ့အချိန် အကြော်ဆိုင်မှာ ဝိုင်းကူ၊ ဒါပဲ"

"ဒါပေမယ့် တစ်အိမ်လုံးတွက် အမေတစ်ယောက်ဆဲ



www.burmeseclassic.com

www.burmeseclassic.com



ရှန်းနေလို့ ဖြစ်မှာတဲ့လား"

"ဖြစ်တယ်၊ ဖြစ်အောင်ကို လုပ်ပြမယ်၊ ညည်းဘာသာ ဆယ်တန်းအောင်အောင် မြန်မြန်လုပ်"

သို့သော် အမေတစ်ယောက်တည်း ရှန်းကန်လှော်ခတ်နေရုံနှင့် သူမတို့ မိသားစုလှေကြီးက ဘယ်လိုမှ မရွေ့နိုင်ကြောင်း သူမ သိပါသည်။

အခန့်မသင့်လျှင် ကံဆိုးစွာပင် နစ်မြုပ်သွားနိုင်ပါသေးသည်။ ပညာကို မက်မောသော်လည်း တစ်မိသားစုလုံး ထမင်းငတ်သေရမည့်အဖြစ်ကိုတော့ သူမ မလိုလားပါ။

ထို့ကြောင့် အမေ့ကို အသိမပေးတော့ဘဲ ကျောင်းထွက်ရန် သူမ ဆုံးဖြတ်ချက်ချလိုက်သည်။

သို့သော် ထိုအချိန်မှာပင် ကံကောင်းထောက်မစွာ ကယ်တင်ရှင်တစ်ယောက်က ပေါ်ပေါက်လာခဲ့သည်။ ယင်းမှာ သူမ၏ အစ်ကိုနှစ်ဝမ်းကွဲ ဖြစ်သူ (အဖေ ကားမောင်းခဲ့သော ဆန်စက်ကို အုပ်ချုပ်သူ) ကိုကိုကြီးပင် ဖြစ်သည်။

❖ ❖ ❖





"မိမျိုးက ကျောင်းထွက်မလို့ဆို"

"ဟုတ်တယ် ကိုကိုကြီး၊ အိမ်မှာ စားဝတ်နေရေးက အဆင်မှမပြေတာ၊ ပြီးတော့ အဖေ့အတွက် ဆေးဖိုးဝါးခလဲ ရှိသေးတယ်လေ၊ ဆရာဝန်က ပြောတယ်၊ အဖေ့ကို ဦးနှောက် ကြည့်ဆေး ထိုးရမယ်တဲ့၊ ဒါမှ အဖေ့မှတ်ဉာဏ် ပြန်ကောင်းလာမှာတဲ့"

တရုတ်သွေးစပ်သော ကိုကိုကြီးမျက်နှာက တစ်စုံတစ်ရာကို အပြင်းအထန် စဉ်းစားနေပုံမျိုးဖြင့် ငြိမ်သက်သွား၏။ အတန်ကြာမှ ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ကိုကိုကြီး ပြောသည်။

"မိမျိုး ကျောင်းထွက်စရာ မလိုပါဘူး"

"ရှင်"

"မိမျိုးတို့ အိမ်စရိတ်ကို ကိုကိုကြီး ထောက်မယ်၊ ပြီးတော့ ဦးအတွက် ဆေးဖိုးဝါးခကိုလဲ တာဝန်ယူမယ်၊ ဒါဆို မိမျိုး ကျောင်းဆက်တက်လို့ မဖြစ်နိုင်ဘူးလား"

သူမ ကိုကိုကြီး၏မျက်နှာကိုသာ တအံ့တသြ ငေးကြည့်နေမိသည်။

"ဘာဖြစ်လို့...ဘာဖြစ်လို့ ကိုကိုကြီးက အဲ့လို ကူညီချင်ရတာလဲ"

ရုတ်တရက် ကိုကိုကြီးက ရယ်မောလိုက်ပြီး သူမ၏ ခေါင်းကို ပုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဆိုတော့ မိမျိုးနဲ့ ကိုကိုကြီးက ဆွေမျိုးတွေဖြစ်နေကြလို့ပေါ့၊ ကိုကိုကြီးက ဆန်စက်ကြီးတစ်လုံး ပိုင်ထားရက်နဲ့ ကိုယ့်ညီမက ကျောင်းထွက်ပြီး အလုပ်လုပ်နေရမယ်ဆိုရင် လူကြားလို့ ဘယ်ကောင်းပါ့မလဲ၊ မဟုတ်ဘူးလား၊ ကိုကိုကြီးပြောတာ"

ဘုရားရေ...ဆွေမျိုးတွေတဲ့။

ပြီးတော့ လူကြားလို့ ဘယ်ကောင်းပါ့မလဲတဲ့။

သူမ နားကြားများ လွဲသွားလေသလား။

သို့သော် ကိုကိုကြီး၏မျက်နှာက ပကတိ တည်ငြိမ်နေသဖြင့် သူမ ပိုမိုအံ့ဩရပါသည်။ ကိုကိုကြီးတို့မိသားစုက သူမအား ဘယ်တုန်းကမှ ဆွေမျိုးရင်းချာများပမာ မဆက်ဆံခဲ့ကြ။

တစ်မြို့တည်းနေသူများ ဖြစ်သော်လည်း လမ်းမှာတွေ့လျှင်ပင် ၎င်းတို့၏ဆက်ဆံရေးက မေးထူးခေါ်ပြောထက် မပိုခဲ့။ ကိုကိုကြီး၏ညီ ကိုကိုလေးက ပို၍ပင်ဆိုးပါသည်။

၎င်းတို့၏ဆန်စက်၌ ကုန်တင်ကားမောင်းသူ အဖေ့ကို ဆက်ဆံပုံက သွေးသားမတော်စပ်သော အလုပ်သမားတစ်ယောက်ကို ဆက်ဆံသလိုမျိုး အထက်စီး ဆန်လှသည်။

ယခုတော့ ထိုမိသားစုထဲမှ တစ်ယောက်ဖြစ်သော ကိုကိုကြီးက သူမ ပညာဆက်သင်နိုင်ရေးအတွက် ငွေကြေးထောက်ပံ့အကူအညီပေးမတဲ့။ ကျောင်းဆက်နေချင်လှသော်လည်း ကိုကိုကြီး၏ စကားကို မယုံရဲအောင် ဖြစ်နေမိသည်။





"ဟိုဒင်း...ကိုကိုကြီးတို့အိမ်ကကော သဘောတူပါ့မလား"

"ဘာဖြစ်လို့ သဘောမတူရမှာလဲ မိမျိုးရဲ့၊ အိမ်မှာကိုကိုကြီးက ဦးဆောင်နေတာပဲ၊ ကိုကိုကြီးစကားကို ဘယ်သူက ပယ်ရှားဝံ့လို့လဲ"

"ဒါပေမယ့် မဖြစ်ဘူးနဲ့ တူပါတယ် ကိုကိုကြီးရယ်၊ ဟင့်အင်း၊ မိမျိုး ကျောင်းပဲထွက်ပါ့မယ်၊ ကိုကိုကြီး ကူညီချင်ရင် ဆန်စက်မှာ မိမျိုးအတွက် အလုပ်တစ်နေရာလောက်ပဲ ပေးပါ၊ စာရင်းကိုင်ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မိမျိုး လုပ်ပါ့မယ်"

"မိမျိုးသာ ဆန်စက်မှာ အလုပ်လုပ်ချင်ရင် သိပ်ဖြစ်တာပေါ့၊ ဒါပေမယ့် ကိုးတန်းတောင် မအောင်သေးဘဲ စာရေးလုပ်တာထက် ဘွဲ့ရပြီးမှ စာရင်းကိုင်လုပ်တာ ဘယ်ဟာက ပိုကောင်းမလဲ၊ မိမျိုး စဉ်းစားကြည့်စမ်း။ ဒီတော့ ဘာမှ အတွေးလွဲမနေနဲ့၊ ကိုကိုကြီး ပြောတဲ့အတိုင်း ကျောင်းဆက်တက်၊ ကျန်တာ ကိုကိုကြီး တာဝန်ထား"

ကိုကိုကြီး၏ သဘောထားပြောင်းလဲလာမှုက မယုံနိုင်စရာပင် ကောင်းလှပါသည်။ သူမအား ကျောင်းဆက်တက်စေရုံသာမက သူ့ကတိအတိုင်း အိမ်စရိတ်ပါ ထောက်ပံ့ပေးခဲ့သဖြင့် မောင်လေးနှင့် ညီမလေးတို့ အကြော်လှည့်ရောင်းစရာ မလိုတော့ဘဲ အိမ်ရှေ့အကြော်ဖိုမှာသာ ဣန္ဒြေရရ ထိုင်ရောင်းနိုင်ခဲ့ကြ၏။

ထိုမျှသာမက နိုင်ငံခြားမှ ရေခဲဘူးနှင့် တကူးတကမှာယူရသော ဦးနှောက်ကြည်ဆေးတစ်မျိုးကို အဖေ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မှာကြားလျှက် ပုံမှန်ထိုးပေးခဲ့၏။

ထိုဆေးထိုးထားသော အချိန်များ၌ အမေက လူကောင်းတစ်ယောက်ပမာ ပုံမှန်အတိုင်း သတိကောင်းနေခဲ့သည်။ သို့သော် ထိုဆေးအာနိသင် ပြယ်သွားလျှင်တော့ ယခင်ကလိုပင် ဘာကိုမှ ခမှတ်မိတော့။

ဈေးကြီးလှသော ထိုဆေးကို ကိုကိုကြီးက အမေ့အတွက် မပြတ်အောင် လစဉ်မှာကြားပေးခဲ့၏။ ကိုကိုကြီး၏ကျေးဇူးကြောင့် ဆယ်တန်းအောင်သည်အထိ အပူအပင်ကင်းမဲ့စွာ သူမ ပညာသင်ကြားနိုင်ခဲ့သည်။

သူမ ဆယ်တန်းအောင်သည့်နှစ်၌ စာမေးပွဲအောင်သည့်အတွက် လက်ဆောင်ဟုဆိုကာ သူမတို့၏ ခနိမိုးထရံကာအိမ်လေးအား ပျဉ်ထောင်သွပ်မိုးအိမ်လေးအဖြစ် ပြောင်းလဲ ဆောက်လုပ်ပေးခဲ့သည်။

အမေကတော့ ကိုကိုကြီး၏ ကျေးဇူးကြီးမားပုံကို တဖွဖွ ရေရွတ်၍ မဆုံးနိုင်အောင်ပင်။ ထို့အတူ ကိုကိုကြီး၏ ကူညီမှုတို့ကလည်း မဆုံးနိုင်ပါ။ ဆယ်တန်းအောင်ပြီး စာပေးစာယူ ယူရန် ပြင်ဆင်ချိန်၌ ကိုကိုကြီးက သူမ၏ ထိုအစီအစဉ်ကို ခပ်တင်းတင်း ပယ်ချခဲ့သည်။

"မိမျိုး တက္ကသိုလ်ပဲ ဆက်တက်ရမယ်၊ စာပေးစာယူ မယူနဲ့"

"မဟုတ်သေးဘူး ကိုကိုကြီး၊ ဒေးပဲတက်တက်၊ ကော်





ရက်စ်ပဲ ယူယူ ဘွဲ့ရတာချင်းက အတူတူပါပဲ၊ ကော်ရက်စ်ဆိုတော့ အိမ်မှာ အမေ့ကို စက်ကူနင်းပေးလို့ ရတာပေါ့"

ထိုအချိန်၌ ကိုကိုကြီး၏ကျေးဇူးကြောင့် အမေသည် အကြော်ရောင်းစရာ မလိုတော့ဘဲ (ကိုကိုကြီး ဝယ်ပေးသည့်) အပ်ချုပ်စက်ကလေးနှင့် စက်ချုပ်နေပြီ ဖြစ်သည်။

ကိုကိုကြီးက သူမ၏စကားကို လုံးဝအသိအမှတ်မပြုဘဲ 'အိမ်အတွက် ကိုကိုကြီးတာဝန် ထားစမ်းပါ' ဟူသော စကားနှင့် တက္ကသိုလ်တက်ရန်သာ တိုက်တွန်းခဲ့သည်။

အမေကပါ ကိုကိုကြီးဘက်မှ တစ်တပ်တစ်အား ဝါဝင်လာသဖြင့် သူမ အလျှော့ပေးလိုက်ရသော်လည်း တက္ကသိုလ်အစား သုံးနှစ်တက်ရုံနှင့် အလုပ်ရလွယ်ကူသော ဂျီတီအိုင်ကိုသာ တက်မည် ဟု ပြန်လည်တောင်းဆိုဖြစ်ခဲ့၏။

ထိုတောင်းဆိုမှုကိုတော့ ကိုကိုကြီး လွယ်လင့်တကူ လိုက်လျောခဲ့ပါသည်။

သို့သော် သူမ ဝင်ခွင့်စာမေးပွဲ အောင်မြင်ပြီး အင်းစိန်ဂျီတီအိုင် တက်ခွင့်ရချိန်၌ အဆောင်မှာနေရန်ကိုတော့ ကိုကိုကြီး ခွင့်မပြုခဲ့ပါ။

"ကမာရွတ်က ဒေါ်ရှုအင်းတို့အိမ်ကနေ တက်ပေါ့၊ သိပ်ဝေးတာမှ မဟုတ်ဘဲ၊ အဲဒီအိမ်မှာဆိုတော့ ကိုကိုကြီး ရန်ကုန်ရောက်တဲ့အခါ ဝင်လာလို့ ရတာပေါ့"

ဤသို့ဖြင့် ကိုကိုကြီး၏အစီအမံဖြင့် သူမအဖေ့ ဆော်ရှ



www.burmeseclassic.com

www.burmeseclassic.com



မှ နည်းပါးလှသော ဒေါ်ရှုအင်းတို့အိမ်တွင် နေ၍ ဂျီတီအိုင်တက်ခဲ့ရသည်။

သူမ ဂျီတီအိုင်တက်ရန်အတွက် ရန်ကုန်သို့ မသွားမီည၌ အမေက သူမ နားလည်ရ ခက်ခဲနေခဲ့သော ကိုကိုကြီး၏ ကူညီထောက်ပံ့မှုများ၏ အကြောင်းအရင်းများကို ရှင်းပြလာခဲ့သည်။

သူမတို့မိသားစုအား ကိုကိုကြီး ကူညီနေခြင်း၏ ရည်ရွယ်ချက်ကတော့ ဂျီတီအိုင်ပြေပြီးသည်နှင့် သူမအား လက်ထပ်ယူရန် ဖြစ်ပါသတဲ့။

အမေ့စကားအဆုံး၌ သူမတစ်ကိုယ်လုံး အားအင်ကုန်ခမ်း လျက် မိုက်ခနဲ ဖြစ်သွားလေသည်။ ဘုရား...ဘုရား...အဲဒီလို ဖြစ်နိုင်တယ်ဆိုတာကို ငါ ဘာဖြစ်လို့များ ကြိုတင်မစဉ်းစားခဲ့မိပါလိမ့်။

“သမီး...သမီး သဘောမတူနိုင်ဘူး အမေ၊ နောက်ပြီး ကိုကိုကြီးနဲ့ သမီးနဲ့က မောင်နှမတွေ”

သူမ အထိတ်တလန့် ငြင်းဆန်တော့ အမေက ပြုံး၍ ဖျောင်းဖျသည်။

“မောင်နှမဆိုပေမယ့် နှစ်ဝမ်းကွဲတွေပါ သမီးရယ်၊ နောက်ပြီး တကယ့်တကယ် ပြောမယ်ဆိုရင် နှစ်ဝမ်းတောင် မတော်ပါဘူး၊ ကိုကိုကြီးက ဦးကျင်စိန် အရင်ကမိန်းမနဲ့ မွေးထားတဲ့သား၊ ဒီတော့ သွေးချင်းက အဝေးကြီးပါ၊ ပြီးတော့ အမေတို့





မိသားစုအပေါ် သူ ကောင်းခဲ့တာတွေကိုလဲ ထည့်စဉ်းစားဦးလေ၊ သူ့ကျေးဇူးကြောင့် ညည်းအဖေ ထူထူထောင်ထောင် ဖြစ်လာတာ မဟုတ်လား၊ နို့မို့ဆို ညည်းအဖေကို ပစ်လိုက်ရတာ ကြာပေါ့၊ ဒီတော့ အမေ့စကားကို နားထောင်ပါ၊ ကျောင်းပြီးရင် ကိုကိုကြီးကို လက်ထပ်လိုက်ပါ၊ ဒါမှ သူ့အပေါ် ပြန်ပြီးကျေးဇူးဆပ်ရာ ရောက်သလို အမေတို့မိသားစုကို သမီး ကယ်တင်ရာလဲ ရောက်မှာပေါ့”

“အမေရယ် ဒီလိုမှန်းသိရင် သမီး အစောကြီးကတည်းက ကျောင်းထွက်ခဲ့ပါတယ်၊ သူ့အကူအညီတွေကိုလဲ မယူခဲ့ပါဘူး”

သူမ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိ၏။

သို့သော် အမေ့စကားကို ခေါင်းညိတ်ရန်မှတပါး သူမအတွက် တခြားရွေးစရာလမ်းက မရှိတော့ပါ။ ကျောင်းတက်စဉ်ကာလ၌ ယောက်ျားလေး သူငယ်ချင်းများပင် မထားပါဟု အမေ့ကို သူမ ကတိပေးခဲ့ရသည်။ ထို့ကြောင့်လည်း အတန်းထဲ၌ မိန်းကလေးချင်းပင် အပေါင်းအသင်းမထားဘဲ အထီးကျန်စွာ နေထိုင်ခဲ့ရခြင်း ဖြစ်သည်။ သို့သော် ထိုနေထိုင်မှုကာလမှာ အောင်ထက်နှင့် မတွေ့မီ အချိန်အထိသာ ဖြစ်ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၆)

မျိုး၏စကားအဆုံး၌ သက်ပြင်းတစ်ချက်ကို ဖွဖွရှိုက်သွင်းလျက် မွန်းကျပ်ပူလောင်မှုတို့ဖြင့် အတန်ကြာအောင် သူ ငြိမ်သက်တွေဝေနေမိသည်။

ဘယ်လောက်များ တိုက်ဆိုင်လိုက်တဲ့အဖြစ်လဲ။ အချိန်တန်ရင် မျိုးမှာလည်း သူ့လိုမျိုး လက်ထပ်ရမယ့်လူ ရှိနေပါသတဲ့။ တကယ်တော့ ဒီလိုဘဝမျိုးတွေဟာ အပျော်ဖတ်ဝတ္ထုတွေနဲ့ ဇာတ်နာအောင် ရိုက်တတ်တဲ့ ဗီဒီယိုဇာတ်လမ်းတွေထဲမှာပဲ ရှိသင့်တာပါ။ ခုတော့ ကံကြမ္မာဟာ ရက်စက်ဆိုးဝါးစွာ သူနဲ့သူမထံသို့ ကြေကွဲဖွယ် နိဒါန်းကို ယူဆောင်လာခဲ့ပြီ။

ပါးလျအားပျော့နေဆဲ နေရောင်နုနုတို့ ဖိတ်စဉ်ကျဆင်းနေ





သည့် လမ်းမဆီသို့ သူ ငေးနေချိန်၌ သူမက ရည်ရွယ်ချက်ကင်းမဲ့စွာ လွယ်အိတ်ကြိုးကို လုံးခြေ၍နေသည်။ တအောင့်ကြာမှ သူမ ခပ်တိုးတိုး စကားစ၏။

"မျိုးဟာ ကျေးဇူးတရားဆိုတဲ့ နှောင်ကြိုးတွေနဲ့ မလှုပ်နိုင်အောင် ချုပ်နှောင်ခံထားရတဲ့သူပါ ကိုအောင်"

သူမ၏စကားက ချွန်မြသော မြားတစ်စင်းပမာ သူ့ရင်ထဲသို့ အားကောင်း နက်ရှိုင်းစွာ စူးနစ်စွဲဝင်သွားသည်။ ဝင်းဝါနည်ကဲသော မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်မိသော်လည်း တစ်စုံတစ်ရာ မတုံ့ပြန်နိုင်ဖြစ်။

"အချိန်တန်ရင် မျိုးလျှောက်ရမယ့်လမ်းက အဆင်သင့်ရှိနေပြီးသားပါ၊ ဒါကြောင့် အဲဒီလမ်းကနေ သွေဖယ်သွားရမယ့် ကိစ္စမျိုးကို မျိုး နည်းနည်းလေးမှ အဖြစ်မခံရဲတာ၊ ဘာဖြစ်လို့လဲဆိုတော့ မျိုးနောက်မှာ မိသားစုဆိုတဲ့ ရထားတွဲကြီးက ရှိနေတယ် ကိုအောင်၊ ဒီလောက်ဆိုရင် မျိုးဘဝကို ကိုအောင် သဘောပေါက်မှာပါ"

(သဘောပေါက်ပါတယ် မျိုး၊ ဒါကြောင့်လည်း မျိုးရှေ့က အောင်ထက်ဆိုတဲ့ လူတစ်ယောက်ဟာ ရင်နဲ့မမျှအောင် ကြေကွဲခံစားနေရတာပါ။)

"မျိုး ပြောပြီးသွားရင် ကျွန်တော်လဲ ကျွန်တော့်ဘဝအကြောင်းတွေ မျိုးကို ပြောပြပါရစေ"

"ဘာလဲ ကိုအောင်၊ ကျောင်းပြီးရင် မေသက်ခိုင်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနဲ့ လက်ထပ်ရမယ်ဆိုတဲ့အကြောင်းလား"

မထင်မှတ်သောမေးခွန်းက သူ့အား အံ့အားသင့် ငေးကြောင်သွားစေသည်။ သူမက မျက်တောင်ကော့ရှည်ကြီးများကို ဝင့်လျက် ယဲ့ယဲ့ပြုံး၏။

"အံ့သြသွားလား ကိုအောင်"

"မျိုး ဘယ်လိုသိနေတာလဲ"

"မျိုးသိတာ ကြာပါပြီ၊ ကိုခင်မောင်ကြီး ပြောပြလို့လေ"

"သြော်...ခင်မောင်က..."

"ဟင့်အင်း၊ သူ့ကို အထင်မလွဲပါနဲ့၊ မျိုးက အတင်းမေးလွန်းလို့ သူ အရိပ်အမြွက်လောက်သာ ပြောပြတာပါ၊ မျိုးဘာသာ ဆက်စပ်စဉ်းစားကြည့်တာ"

ခင်မောင်အား သူ စိတ်မဆိုးစေရန် ပျာပျာသလဲ တောင်းပန်၏။ သို့သော် သူမ ထင်သလို ခင်မောင့်အပေါ် စိတ်ကွက်ဒေါသဖြစ်ခြင်းမျိုး သူ့၌ တစ်စုံတစ်ရာမရှိ။

"ခင်မောင် မပြောလဲ မျိုးကို ကျွန်တော်ကိုယ်တိုင်ပြောပြမလို့ပါပဲ၊ ခု သူပြောပြပြီးသွားပြီဆိုတော့ ပိုကောင်းသွားတာပေါ့၊ ဟုတ်တယ် မျိုး၊ ကျွန်တော်လဲ မျိုးလိုပဲ ကျေးဇူးတရားတွေနဲ့ အချည်နှောင်ခံထားရတဲ့ လူတစ်ယောက်ပါ၊ မေသက်ရဲ့မိဘတွေကရော ကျွန်တော့်မိဘတွေကပါ တစ်ချိန်ကျရင် မေသက်နဲ့ ကျွန်တော့်ကို လက်ထပ်စေချင်ကြတယ်"

သူ့စကားအဆုံး၌ သူမ သက်ပြင်းရှိုက်လိုက်သလား။





ဒါမှမဟုတ် စာနာနားလည်တဲ့ အကြည့်နဲ့ လှမ်းကြည့်လိုက်လေသလား။ သေချာတာကတော့ နှစ်ယောက်စလုံး အတန်ကြာအောင် နှုတ်ဆိတ်ငြိမ်သက်သွားကြခြင်းပဲ ဖြစ်သည်။

လက်ထဲမှ ဆေးလိပ်ကို ခပ်ကြမ်းကြမ်း ဖွာရှိုက်လျက် မိနစ်များစွာအား တွေဝေဖြတ်သန်းနေခဲ့ပြီးမှ စကားသံတချို့က သူ့နှုတ်ဖျားမှ ရုတ်တရက် လွင့်စဉ်ထွက်ကျသွား၏။

"ကျွန်တော့်ကို တစ်ခုခုပြောပါလား မျိုး"

"ရှင်"

"တစ်ခုခုလေ၊ ဘာပဲဖြစ်ဖြစ်ပေါ့ မျိုး၊ အနည်းဆုံး ကျွန်တော်တို့ ရှေ့ဆက်ပြီး ဘာလုပ်သင့်သလဲ၊ အကြံပေးတာမျိုး ဖြစ်ဖြစ်ပေါ့"

တုံ့ပြန်လာသည့် သူမ၏အကြည့်နှင့် အပြုံးတို့က သူ့အတွက် နားလည်ရန် ခက်ခဲလွန်းလှပါသည်။

"အကြံဉာဏ်ဆိုတာ ဘာလုပ်ရမှန်းမသိတဲ့လူတွေအတွက်သာ လိုအပ်တာပါ ကိုအောင်၊ မျိုးမှာရော ကိုအောင့်မှာပါ ရှေ့ဆက်လုပ်ရမယ့် အစီအစဉ်တွေက အဆင်သင့် ရှိနေပြီးသားပဲ"

"ဒါပေမယ့် အဲဒီအစီအစဉ်တွေက ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်မှ မဟုတ်တာပဲ မျိုး၊ ပြီးတော့ ကျွန်တော်က မျိုးပေးမယ့်အကြံကို နားထောင်ချင်တာ"

"တကယ်ကော လိုက်နာမှာလား ကိုအောင်"

သူ အဖြေမပေးနိုင်ခင်မှာပင် မျိုးက စကားဆက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံးကတော့ ကိုအောင်ကော မျိုးပါ ကိုယ်လျှောက်ရမယ့်လမ်းကို အဆုံးထိ ဆက်လျှောက်ကြဖို့ပါပဲ"

"မျိုး ဆိုလိုတာက ကျွန်တော် မေသက်ကို လက်ထပ်ရမယ်ပေါ့"

"ဟုတ်တယ်၊ ကိုအောင် မေသက်ခိုင်ကို လက်ထပ်ရမယ်၊ မျိုးလည်း..."

"ဟင့်အင်း...မျိုး၊ အဲဒါဟာ မဖြစ်နိုင်ဘူး၊ ဖြစ်လဲမဖြစ်သင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် မေသက်ကို မချစ်ဘူး၊ မျိုးလဲ ကိုကိုကြီးကို မချစ်ဘူး"

"တစ်ခါတစ်ခါတော့လဲ ဘဝအတွက် အချစ်ဆိုတာဟာ သိပ်ပြီးအရေးမကြီးလှပါဘူး ကိုအောင်"

"ကျွန်တော့်အတွက်တော့ အရေးကြီးတယ် မျိုး၊ အထူးသဖြင့် မျိုးနဲ့တွေ့ပြီးနောက်ပိုင်းမှာ ပိုပြီးအရေးကြီးလာတယ်၊ ကျွန်တော် မေသက်ကို ဘယ်လိုမှ ချစ်ကြည့်လို့မရဘူး၊ ကျွန်တော် တကယ်ချစ်တာက..."

"ဟင့်အင်း"

"ဆက်ပြောပါရစေ မျိုး"

"ကျေးဇူးပြုပြီး မပြောပါနဲ့တော့ ကိုအောင်"

"ဘာဖြစ်လို့လဲ မျိုး"

သူမ သက်ပြင်းငွေ့ငွေ့ချလျက် အကြည့်လွှဲ၏။ ပြီးမှ တစ်လုံးချင်း ခပ်တိုးတိုး ရေရွတ်သည်။





'ကိုအောင်ပြောမယ့်စကားကို မျိုး သိနေပြီပဲ' ...တဲ့။

သူမ၏စကားက သူ့ရင်အစုံကို လှုပ်ခါသွားစေလေသည်။ သူ တစ်စုံတစ်ရာ မတုံ့ပြန်နိုင်ခင်မှာပင် သူမက ရုတ်တရက် ပြောသည်။

"မျိုးတို့ ကျောင်းထဲ ပြန်ကြရအောင် ကိုအောင်၊ တော်ကြာ အတန်းတစ်ချိန် လွတ်သွားဦးမယ်"

ဆေးလိပ်တိုကို ထိုးချေလိုက်ရင်း ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



(၁) အဲဒီလိုနဲ့ပဲ
နေ့ရက်တွေဟာ
တဖြည်းဖြည်း အရည်ပျော်ကျလာခဲ့...॥ ॥

(၂) မျှော်လင့်ချက်
ယုံကြည်ချက်
ရွှေအိုရောင် အနာဂတ်အိပ်မက်တွေနဲ့
ဘဝကို တည်ဆောက်ချင်သူတစ်ယောက်
ကံကြမ္မာဆိုတဲ့
မျက်လှည့်ဆရာ ရှေ့မှောက်မှာ
အသေအချာကို
ဒူးထောက်နေရပေါ့...॥ ॥

(၃) ဖျော့တော့တဲ့ ဆည်းဆာအိုနဲ့
ညခရီးကြမ်းတွေကို
ဖြတ်သန်း
တပင်တပန်း
လျှောက်လှမ်းလာခဲ့ပြီးမှ
အရဏ်တက်ချိန်ကို မမြင်ရတဲ့အဖြစ်လောက်
ရင်နာစရာကောင်းတာ
ဘာ...ရှိနိုင်ဦးမှာတဲ့လဲ





(ခုတော့)... ... ...
... ... ... ... ...॥ ॥

(၄) ... ... ...အဲဒီလိုနဲ့ပါပဲ
နေ့ရက်တွေသာ
တဖြည်းဖြည်း
အရည်ပျော်ကျလာပေါ့॥

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၇)

စက်မှုလက်မှုသိပ္ပံ၏ ဒုတိယစာသင်နှစ်သည် ခက်ခဲသော ဘာသာရပ်များ၊ လက်တွေ့လုပ်ဆောင်မှုများနှင့် ကျောင်းသားများအတွက် ပင်ပန်းရသော စာသင်နှစ်ဖြစ်သလို သူ့အတွက် ရင်မောရသော ကာလလည်း ဖြစ်သည်။

ကိုအောင်ပြောမယ့်စကားကို မျိုးသိနေပြီပဲဟူသော လိမ္မာပါးနပ်သည့် တားဆီးမှုဖြင့် သူ့ရင်ထဲမှ ခံစားချက်တို့အား မသိကျိုးကျွန် ပြုနိုင်ခဲ့သော မျိုးသည် သူနှင့်ပတ်သက်သည့် သူမရင်ထဲမှ တစ်စုံတစ်ရာကိုလည်း သူ့အား ဖော်ထုတ်မပြခဲ့။

ထို့အတူ သူနှင့် ပိုမိုဝေးကွာသွားရန် မကြိုးစားခဲ့သလို သူမထံသို့ ပိုမိုနီးကပ်လာစေရန်လည်း မဆွဲဆောင်ခဲ့။





ခါတိုင်းလိုပင် အတန်းအားချိန်များ၌ ကင်တင်း အတူတူထိုင်ရင်း သူမ၏ သုံးဆင့်ထမင်းချိုင့်လေးထဲမှ ထမင်းနှင့်ဟင်းတို့ကို နှစ်ယောက်အတူ ခွဲဝေစားရင်း သူရော သူမပါ ဝါသနာပါသည့် အနုပညာအကြောင်း ပြောဆိုဆွေးနွေးရင်း သာမန်သူငယ်ချင်း တစ်ယောက်ပမာ ဆက်ဆံမြဲ ဖြစ်၏။

သို့သော် သာမန်ထက်ပိုသော တစ်စုံတစ်ရာသည် သူနှင့်သူမအကြား ခပ်ပါးပါး လွှမ်းခြုံကျရောက်နေပြီး ဖြစ်ကြောင်းကိုတော့ သူမ သတိမပြုမိဘဲ နေမည်မဟုတ်ပါ။

ထိုကိစ္စအား သူမ၏ မျက်ဝန်းညိုညိုတို့မှတဆင့် အလွယ်တကူ အကဲခတ်နိုင်ခဲ့သော်လည်း ဝမ်းနည်းဖွယ်ကောင်းသည်မှာ သူနှင့်သူမအကြားရှိ တစ်စုံတစ်ရာအား ပိုမိုထင်ရှားလာစေရန် ကြိုးစားတိုင်း သူမက နူးညံ့သိမ်မွေ့စွာ ရှောင်လွှဲသွားတတ်ခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ၌ သူမ၏ ဟန်ဆောင်တည်ငြိမ်မှုတို့ ယိမ်းယိုင်ပြိုလဲသွားအောင် ရိုက်ချိုးချေဖျက်ပစ်လိုက်ချင်သော်လည်း စကားပြော လိမ္မာပါးနပ်သော သူမသည် သူ၏တိုက်ခိုက်မှုမှ်သမျှကို လွယ်လင့်တကူ ရှောင်ရှားသွားနိုင်မြဲ ဖြစ်သည်။

"လောကကြီးမှာ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ ဘယ်ဟာကို ပိုပြီးဦးစားပေးသင့်တယ်လို့ မျိုး ထင်သလဲ"

သူမ၏အဖြေကတော့ သူ မျှော်လင့်ထားသည့်အတိုင်း ဖြစ်သင့်တာကို ပိုပြီးဦးစားပေးသင့်တာပေါ့ ဟူ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သင့်တယ်ဆိုတဲ့ ကိစ္စကကော တကယ်ဖြစ်သင့်တာ ဟုတ်မဟုတ် မျိုး ဘယ်လိုသိနိုင်မှာလဲ၊ ဘာနဲ့ သတ်မှတ်နိုင်မှာလဲ"

သူ့စကား၏ ဦးတည်မှုအစစ်အမှန်ကို ရိပ်မိသွားသော သူမက မပွင့်တပွင့် ပြုံးလိုက်ပြီး...

"ဘဝပေး အခြေအနေအရပေါ့ ကိုအောင်ရဲ့၊ လူတစ်ယောက်ရဲ့ ဘဝပေးအခြေအနေအရ ကိစ္စတစ်ခုဟာ တကယ်ဖြစ်သင့်သလား မဖြစ်သင့်ဘူးလား သူ့အလိုလို သိလာနိုင်တာပဲ၊ ဥပမာ ကိုအောင်နဲ့မျိုး ဟောဒီ ဂျိဟီအိုင်ကို ရောက်နေတာပဲကြည့်လေ၊ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တာကို မျိုးတို့ကိုယ်တိုင် ရွေးချယ်ခဲ့ကြလို့ပဲ မဟုတ်လား"

မျိုး၏ဥပမာကို သူ အလွယ်တကူ လက်ခံလိုက်ပါသည်။

"ထားပါတော့ မျိုးပြောသလို ဂျိတီအိုင် တက်တာဟာ ဖြစ်သင့်တာကို ရွေးချယ်ခဲ့တာဆိုရင်တောင် အဲဒီဖြစ်သင့်တာကို ကျွန်တော်တို့ နှစ်ယောက်စလုံးက စိတ်ဝင်စားတယ်လေ၊ မျိုးရော ကျွန်တော်ပါ အင်ဂျင်နီယာ ဘာသာရပ်ကို ဝါသနာပါတယ်၊ တကယ်လို့ ဝါသနာမပါဘဲ ဖြစ်သင့်ဖြစ်ထိုက်တာမို့ ဇွတ်ကြိတ်မှိတ်ပြီး ရွေးချယ်ခဲ့ရတဲ့လူဆိုရင် ဘယ်လိုနေမလဲ၊ ခင်မောင်ဆိုပါတော့၊ မြန်မာစာကို ဝါသနာပါလို့ မြန်မာစာအဓိကနဲ့ ပထမနှစ်တက်နေရင်းက အလုပ်ရလွယ်လို့ဆိုပြီး ဂျိတီအိုင်ကို ပြောင်းတက်တယ်၊ နဂိုကမှ သင်္ချာညံ့ရတဲ့အထဲ ဒီရောက်မှ သူ လုံးဝဝါသနာမပါတဲ့ သင်္ချာတွေချည်း တွက်နေရတော့ ခင်မောင် ဘယ်လောက်စိတ်ဆင်းရဲနေရသလဲ"

"ကိုအောင် ဆိုလိုချင်တာက ဘာလဲဟင်"

"ရှင်းရှင်းလေးပါ၊ လူတစ်ယောက်ဟာ ဖြစ်သင့်တာကို ဦးစားပေးသင့်တယ်ဆိုပေမယ့် အဲဒီဖြစ်သင့်တာဟာ ကိုယ့်ကို စိတ်ဆင်းရဲစေမယ့်ကိစ္စမျိုးဆိုရင် မရွေးချယ်သင့်ဘူး၊ အထူးသဖြင့် တစ်သက်လုံး စိတ်ဆင်းရဲနေရမယ့် ကိစ္စမျိုးဆိုရင် ပိုပြီးသတိထားသင့်တယ်"

သူ့စကားအဆုံး၌ သူမ လှပသေသပ်စွာ ပြုံးလိုက်သည်။

"ဒါကတော့ လူတစ်ယောက်ဟာ ဘယ်လောက် အတိုင်းအတာအထိ ရွေးချယ်ပိုင်ခွင့်ရှိသလဲ ဆိုတဲ့အပေါ်မှာ မူတည်တယ်လေ၊ ကိုအောင် ပြောသလို စိတ်ဆင်းရဲရမယ့်ကိစ္စမျိုး ဖြစ်ပေမယ့် ဘဝပေးအခြေအနေက အဲဒီစိတ်ဆင်းရဲရမယ့်ကိစ္စကလွဲပြီး တခြားရွေးချယ်ခွင့် မပေးဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုငြင်းမလဲ၊ အဲဒီစိတ်ဆင်းရဲစရာကိစ္စဆီကိုပဲ ဦးတည်ရမှာပဲ မဟုတ်လား၊ နောက်ကိုလဲ ပြန်ဆုတ်လို့မရဘူး၊ တခြားရွေးစရာလမ်းလည်း မရှိဘူးဆိုရင် မျက်စိစုံမှိတ်ပြီး ရှေ့ဆက်တိုးကြရမှာပဲ၊ ဒါကို မိုက်မဲမှုလို့ ခေါ်မလား၊ ဒါမှမဟုတ် ကံဆိုးမှုလို့ သတ်မှတ်မလား"

"နှစ်ခုစလုံး မဟုတ်ဘူး မျိုး၊ အားမနာတမ်းပြောရရင် အဲဒါဟာ သတ္တိနည်းတာပဲ၊ ရွေးချယ်မှုဆိုတာ လူက လုပ်တာပါ၊ လမ်းဆိုတာဟာလည်း တစ်စုံတစ်ရာအတွက် ရည်ရွယ်ဖောက်လုပ်ထားတဲ့အရာပဲ၊ အဲဒီလမ်းဟာ မကောင်းဘူး၊ ဆက်လျှောက်သင့်







www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဆိုရင် လမ်းသစ်ထွင်သင့် ထွင်ရမှာပဲ၊ လမ်းသစ်ဖောက်ပြီး ဆက်လျှောက်ရမှာပဲ”

“ဒါပေမယ့် လမ်းသစ်ဖောက်ဖို့အတွက် ကူညီထောက်ပံ့မှုတွေ သတ္တိခွန်အားတွေကို ထည့်စဉ်းစားဦးလေ ကိုအောင်၊ နောက်ပြီး လမ်းသစ်ထွင်မယ့်လူဟာ လွတ်လပ်နေဖို့ လိုတယ်၊ မမြင်ရတဲ့ကြိုးတွေနဲ့ ရစ်ပတ်ချုပ်နှောင်ခံထားရတဲ့လူဆိုရင် ဘယ်လို လုပ်မလဲ၊ အဲဒီလိုလူမျိုးကို ကိုအောင် ဘယ်လိုအကြံပေးမလဲ”

“မမြင်ရတဲ့နှောင်ကြိုးတို့ ချုပ်နှောင်ခံရမှုတို့ဆိုတာ သူ့ရဲ့ ဘောကြောင်သူတွေရဲ့ ဆင်ခြေစကားပါ”

“ကိုအောင် မျိုးကို ရိနေတာလားဟင်”

“အမှန်ကို သိစေချင်တာပါ”

“တဆိတ်ကွယ်...မျိုး ကိုအောင်နဲ့ ရန်မဖြစ်ချင်ဘူး”

“ကျွန်တော်လည်း စိတ်မဆင်းရဲချင်ဘူး မျိုး”

ဖျတ်ခနဲ ရွှေ့လျားရောက်ရှိလာကြသည့် သူမ၏အကြည့်တို့က မှုန်ရီမှိုင်းပျလွန်းလှပါသည်။

❖ ❖ ❖

ပွင့်လင်းမှုနည်းပါးပြီး မပြတ်မသားနိုင်လှသော မျိုးနှင့်သူ၏ဆက်ဆံရေးကို သဘောမကျသော်လည်း တစ်စုံတစ်ရာ





ပြောင်းလဲသွားရန်တော့ သူ မစွမ်းဆောင်နိုင်ခဲ့ပါ။ မျိုးနှင့်သူ၏ ဇာတ်လမ်းကို အတွင်းသိ ဖြစ်နေကြသော ခင်မောင်နှင့်စိုးတင့်တို့၏ အကြံပေးမှုတို့ကတော့ တစ်ယောက်တစ်မျိုး ဖြစ်သည်။

ခင်မောင်က သူ့အား ဒီအတိုင်းပဲ ဇာတ်မျှောနေသင့်သည်ဟု အကြံပြုသည်။

“မင်းချစ်နေတာကို သူသိသလို သူ မင်းကိုချစ်နေတာလည်း မင်း ရိပ်မိနေတာပဲ ဘာလိုသေးလို့လဲ”

“ပွင့်လင်းမှုရှိဖို့တော့ လိုတာပေါ့ ခင်မောင်၊ ဒီထက်ပိုမိုပွင့်လင်းတဲ့ ဆက်ဆံရေးမျိုး ရှိဖို့လိုတယ်၊ ဒါမှ ရှေ့ဘာဆက်လုပ်သင့်သလဲ အဖြေရှာလို့ရမယ်”

“အဖြေက နှစ်ယောက်စလုံးမှာ ရှိနေပြီးသားပဲ၊ မင်းရဲ့ အဖြေက မေသက်ခိုင်၊ မျိုးသဒ္ဒါရဲ့အဖြေက ကိုကိုကြီး၊ အဲဒါဟာ အချိန်တန်ရင် မင်းတို့နှစ်ယောက်ဆီကို အလိုလိုရောက်လာမယ့် အဖြေပဲ၊ အဲဒီအဖြေကို သဘောမကျလို့ ငြင်းဆန်မယ်၊ စွန့်စားမယ်ဆိုရင် မင်းတို့နှစ်ယောက်ရဲ့ နောက်ကွယ်က မိသားစုနှစ်စုရဲ့ ဘဝကို ရင်းနှီးရလိမ့်မယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် စတေးရလိမ့်မယ်”

ခင်မောင့်စကားက ရင်ထဲသို့ ပူလောင်ကြမ်းရှစွာ စူးဝင်သွား၏။

ဒဿနိက တတိယနှစ်ကျောင်းသား စိုးတင့်၏ အကြံပေးမှုကတော့ ခင်မောင်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ခင်မောင့်စကားကို လက်မခံဘူး၊ လူတိုင်း လူတိုင်းဟာ ဘဝပေးအခြေအနေကြောင့် ရေစုန်မျောပြီး နေကြရ မယ်၊ မပျော်ပိုက်တဲ့ အခြေအနေကို ဇွတ်ကြိတ်မှိတ်ပြီး လက်ခံကြ ရမယ်ဆိုရင် အောင်မြင်တဲ့ဘဝကို ဘယ်သူမှ ရနိုင်တော့မှာ မဟုတ်ဘူး၊ ငါ့အယူအဆကတော့ ဖောက်ထွက်ရမယ်၊ ကိုယ်ဖြစ် ချင်တဲ့ အနေအထားမျိုးဖြစ်အောင် ဖန်တီးယူရမယ်၊ နံရံကြီး ကွယ်နေလို့ ထိုင်ငိုနေရုံနဲ့ အဲဒီနံရံကြီးက ပျောက်ကွယ်သွားမှာ မဟုတ်ဘူး၊ အဲဒီနံရံကို ကျော်တက်နိုင်အောင် ဖြိုဖျက်နိုင်အောင် ကြိုးစားရမယ်၊ (ချားလ်စ်ဘော်ဒလဲ)ရဲ့ ကဗျာတစ်ပုဒ် ရှိတယ်"

"နိဗ္ဗာန်ဖြစ်ဖြစ်၊ ငရဲဖြစ်ဖြစ်
စိတ်ညစ်မနေနဲ့။
ခုန်ချလိုက်စို့၊ အမှောင်ထဲကို…လာ။
မသိမှုရဲ့ ချောက်ထဲမှာ
အသစ်တစ်ခုတော့ (ငါတို့အတွက်)တွေ့မှာ
အသေအချာ …။ ။" …တဲ့။

"(ငါတို့)ဆိုတာက စွန့်စားရဲတဲ့လူတွေကို ဆိုလိုတာ၊ ခရစ္စတိုဖာ ကိုလံဗတ်သာ မစွန့်စားခဲ့ရင် ကမ္ဘာကြီးဟာ ကျဉ်း ကျဉ်းလေးပဲ ဖြစ်နေမှာပေါ့၊ ဒီမှာ အောင်ထက်၊ မကူးဘဲ ကိုယ်ဖော့နေရုံနဲ့တော့ ကမ်းစပ်ကြီးက မင်းဆီကို ရောက်လာမှာ





မဟုတ်ဘူး၊ ကမ်းစပ်ကို ရောက်ချင်ရင် လက်ပစ်တော့ ကူးရမှာပဲ"

ရည်းစားစာတစ်စောင်ကိုပင် အဖြစ်ရှိအောင် မရေးနိုင်ခဲ့ သော စိုးတင့်ထံမှ ယခုလို လေးနက်သည့်စကားမျိုး ကြားရလိမ့် မည်ဟု သူ မျှော်လင့်မထားမိခဲ့။

"လောကကြီးမှာ ကိုယ် ဘာလိုချင်သလဲဆိုတာ သိအောင် အရင်စဉ်းစား၊ ပြီးရင် အဲဒီအရာဆီကို ရောက်အောင် ဘယ်လို သွားရမလဲဆိုတာ ဒုတိယ စဉ်းစား၊ အဲဒါဟာ အောင်မြင်တဲ့ဘဝ ကို တည်ဆောက်ဖို့ အလွယ်ဆုံးနည်းပဲ"

ခင်မောင်၏စကားကြောင့် ကျဆင်းနေသော စိတ်ဓါတ် တို့က စိုးတင့်၏အကြံပေးမှု၌ ပြန်လည်မြင့်တက်လာသော်လည်း ခင်မောင်ကတော့ စိုးတင့်၏ဒဿနကို လက်မခံပါ။

"မင်းနည်းက (Self-center) ဖြစ်လွန်းတယ် စိုးတင့်၊ ကိုယ့်ကိုယ်ကို ဗဟိုပြုပြီး စဉ်းစားတဲ့လူတစ်ယောက်အတွက် အလွယ်ဆုံးနည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ပတ်ဝန်းကျင် အတွက်တော့ အန္တရာယ်များတဲ့နည်းပဲ၊ ကိုယ်လိုချင်တဲ့အရာ ကိုယ်ဖြစ်ချင်တဲ့ကိစ္စကို ဆုံးဖြတ် အကောင်အထည်ဖော်တဲ့နေရာမှာ ပတ်ဝန်းကျင်ကို ထည့်ပြီး စဉ်းစားရမယ်၊ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်အသိုက်အဝန်းကို အကျိုးရှိစေနိုင်သလား၊ အကျိုးယုတ်စေနိုင် သလား၊ အကျိုးမရှိတောင် အန္တရာယ် မဖြစ်အောင်တော့ သတိ ထားရမယ်"

"နေပါဦး၊ အောင်ထက်တို့ မျိုးသဒ္ဒါတို့ကိစ္စက အနေမြင်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲတာမှ မဟုတ်ဘဲ၊ ဘာများ အန္တရာယ်ဖြစ်နိုင်လို့လဲ"

"အနည်းဆုံးတော့ လူလေးငါးယောက်လောက် စိတ်ဆင်းရဲစေနိုင်တယ် စိုးတင့်၊ အောင်ထက်မိဘ၊ မေသက်ခိုင်မိဘတွေ အပေါ်မှာ စိတ်အနှောင့်အယှက် ဖြစ်စေနိုင်တယ်"

"အဲဒီမိဘတွေက အောင်ထက်တို့နားမှာ ဘယ်လောက်ကြာအောင် နေပေးနိုင်မှာလဲ၊ နောက်ငါးနှစ်လား၊ ဆယ်နှစ်လား၊ ဒါမှမဟုတ် အနှစ်နှစ်ဆယ်လား၊ မိဘကို စိတ်ချမ်းသာအောင် ကျေးဇူးဆပ်တဲ့နည်းက ကောင်းပါတယ်၊ ဒါပေမယ့် နောက်မျိုးဆက်သစ်တစ်ခုကို ဖန်တီးတဲ့နေရာမှာတော့ အဲဒီမိဘတွေ ကိုယ်တိုင် ဖန်တီးပေးနိုင်တာ မဟုတ်ဘူး၊ အကြံဉာဏ်ပဲ ပေးနိုင်တာ၊ ကိုယ့်မျိုးဆက်သစ်ကို ကိုယ်ကိုယ်တိုင်ပဲ ဖန်တီးယူရမှာ၊ ဒီတော့ ကိုယ့်ကြောင့် (အထူးသဖြင့် ကိုယ်တည်ဆောက်မယ့် အိမ်ထောင်ရေးကြောင့်) ဖြစ်ထွန်းလာမယ့် မျိုးဆက်သစ်ရဲ့အကျိုးကို ရှေးရှုမလား၊ မျိုးဆက်ဟောင်းရဲ့ဆန္ဒကို ဦးစားပေးမလား၊ ဒါကို လေးလေးနက်နက် စဉ်းစားဖို့လိုတယ်၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ဖွံ့ဖြိုးတဲ့ သားသမီးတွေကို အောင်မြင်သာယာတဲ့ အိမ်ထောင်ရေးတွေကပဲ ဖန်တီးပေးနိုင်တယ်၊ အဲဒီသားသမီးတွေ မျိုးဆက်သစ်တွေဟာ နောင်တစ်ချိန်မှာ တိုင်းပြည်ကို ခေါင်းဆောင်ရမယ့် လူငယ်တွေပဲ၊ ဒီတော့ အိမ်ထောင်ရေး ဆုံးဖြတ်ချက် တစ်ချက်မှားလိုက်ရင် ကိုယ်က မွေးဖွားလာမယ့် မျိုးဆက်တွေတင် မဟုတ်ဘူး၊ တိုင်းပြည်အတွက်ပါ နစ်နာနိုင်တယ်"





"အဲဒီတော့ မင်းဆိုလိုတာက မိဘဖန်တီးပေးတဲ့ အိမ်ထောင်ရေးထက် ကိုယ်ချစ်တာကို ကိုယ့်ဘာသာ ရွေးချယ်ယူတဲ့ အိမ်ထောင်ရေးက ပိုကောင်းတယ်ပေါ့၊ ဒါဖြင့်ရင် အချစ်ကို ဦးစားပေးပြီး မိဘပေးစားတာကို မယူဘဲ ပညာတစ်ပိုင်းတစ်စနဲ့ ခိုးရာလိုက်ပြေးပြီး မအောင်မမြင် ဖြစ်နေတဲ့ အိမ်ထောင်ရေးတွေကို မင်း ဘယ်လိုပြောမလဲ၊ ချစ်တော့ချစ်ကြပါရဲ့၊ ဒါပေမယ့် မအောင်မြင်ဘူး၊ ပစ္စည်းဥစ္စာ မပြည့်စုံဘူး၊ မွေးလာတဲ့ သားသမီးတွေကို ကျောင်းထားမပေးနိုင်ဘူး၊ အဲဒါမျိုးတွေ အများကြီးပဲ၊ ဒီတော့ အဲဒီလို အိမ်ထောင်ရေးမျိုးတွေကျတော့ မင်း ဘယ်လို ဆင်ခြေပေးမလဲ"

များသောအားဖြင့် ခင်မောင်နှင့် စိုးတင့်၏ အကြံပေးမှုတို့က ထိုသို့ပင် ဆွေးနွေးငြင်းခုံပွဲအဖြစ်သို့ ပြောင်းလဲသွားလျက် နောက်ဆုံးမှာတော့ မအီမလည်နှင့်ပင် အဆုံးသတ်သွားတတ်မြဲ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ခင်မောင်ကတော့ မိသားစုနဲ့ ပတ်ဝန်းကျင်ကို ဦးစားပေးသင့်တယ်ဟု အကြံပြုပြီး စိုးတင့်ကတော့ စွန့်စားရမယ်၊ ဖောက်ထွက်ရမယ်ဟု ကြွေးကြော်လေ့ရှိ၏။ သို့သော် မည်သို့ပင် တိုက်တွန်း အကြံပေးသည်ဖြစ်စေ အမှန်တကယ် ဆုံးဖြတ်ရမည့်သူက သူကိုယ်တိုင် ဖြစ်ပြီး၊ ထိုသို့ ဆုံးဖြတ်နိုင်ရန် အတွက် အဓိက တွန်းအားပေးမည့်အရာက သူ၏ဦးနှောက်နှင့် နှလုံးသားပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏နှလုံးသားသည် မျိုးသဒ္ဒါထံ၌ ယစ်မူးနေခဲ့သော်လည်း သူ၏ဦးနှောက်ကတော့ မေသက်ခိုင်၏ လွှမ်းမိုးမှုတို့ဖြင့် တွေဝေ၍နေခဲ့သည်။

မေသက်ခိုင်သည် အံ့သြဖွယ်ကောင်းလောက်အောင် သူ့အပေါ် နားလည်နိုင်သူ ဖြစ်သလို သူ့မျက်နှာပေါ်မှ ခံစားချက်တို့ကိုလည်း အမြဲတမ်း မှန်ကန်စွာ ဖတ်ရှုနိုင်ခဲ့သူ ဖြစ်သည်။

ဒုတိယစာသင်နှစ် ကုန်ဆုံးခါနီးအချိန်မှာတော့ မေသက်ခိုင်သည် သူ့ရင်ထဲမှ တစ်စုံတစ်ရာကို အနည်းငယ် ရိပ်မိသွားခဲ့သည်။

"အောင်...အခုတလော နင့်ကြည့်ရတာ တစ်မျိုးပဲ၊ နင် ဘာဖြစ်နေသလဲ"

သူမ၏မေးခွန်းက သူ့အား တုန်လှုပ်သွားစေခဲ့သော်လည်း သူ ချက်ချင်းပင် ဣန္ဒြေဆည်နိုင်ခဲ့ပါသည်။

"ဘာဖြစ်လို့လဲ၊ ငါ နေကောင်းနေသားပဲ"

"ဟာသတွေ လုပ်မနေနဲ့ အောင်၊ နင် တစ်ခုခုဖြစ်နေတယ် မဟုတ်လား"

သူမ၏လေသံက သိလိုစိတ်ဖြင့် မေးမြန်းလိုက်ခြင်းမျိုး မဟုတ်ဘဲ တပ်အပ်သေချာစွာ စွပ်စွဲလိုက်ခြင်း ဖြစ်သည်။ သူမအား ငြင်းနေပါက အပိုသက်သက်သာဖြစ်မည်ဟု သိပြီးဖြစ်နေသဖြင့် ကျိုးကြောင်းဆီလျော်သော လိမ်ညာမှုတစ်ခုကို အလျှင်အမြန် စဉ်းစားပြီး ခေါင်းညိတ်ပြလိုက်သည်။





"ဟုတ်တယ် မေသက်၊ ခုတလော ငါ (D) ဝင်နေတယ်၊ (ဒီပရက်ရှင်)လေ၊ စိတ်ဓါတ်ကျနေတာ"

"ဗုဒ္ဓေါ ရေ...နင်က ဘာကို စိတ်ဓါတ်ကျနေရတာလဲ"

"ကျောင်းစာတွေပေါ့ဟာ၊ စာမလိုက်နိုင်မှာ၊ အောင်စာရင်းထွက်ရင် အမှတ်မကောင်းမှာ၊ စာမေးပွဲတစ်ခုခု ဖြေခါနီးတိုင်း ငါ အဲဒီလို ဖြစ်နေကျပဲ"

ထိုစကားကတော့ မုသားချည်းသက်သက် မဟုတ်သဖြင့် သူမ ယုံကြည်သွားဟန် တူပါသည်။

"စိတ်ကို လျှော့ထားပေါ့ဟာ၊ သိပ်အများကြီး မျှော်လင့်မထားနဲ့ပေါ့၊ အဲဒါဆို နင် သက်သာသွားမှာပါ"

သူမ၏ အကြံဉာဏ်အတွက် သူ ကျေးဇူးတင်ရသလို သူမ၏ ယုံကြည်သွားမှုအတွက်လည်း ဝမ်းသာရပါသည်။ သို့သော် သူ၏ဝမ်းသာရမှုက သိပ်တော့ ကြာကြာမခံခဲ့။ ဒုတိယနှစ်စာမေးပွဲအား အောင်မြင်စွာ ကျော်လွှားဖြတ်သန်းပြီး၍ တတိယနှစ်စတက်ချိန်မှာပင် သူစိုးရွံ့နေခဲ့သောကိစ္စက စတင်လာခဲ့သည်။

❖ ❖ ❖

"ခု ငါ ဘယ်ကို မောင်းရမှာလဲ"

"နင့်မောင်းချင်တဲ့ဆီသာ မောင်းဟာ၊ ဒါမှမဟုတ်လဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တဲ့နေရာမှာ ကားထိုးရပ်လိုက်"

"ဘာ"

သူ့အသံက အနည်းငယ် ကျယ်လောင်သွားသော်လည်း မေသက်ခိုင်ကတော့ ကားပြတင်းအပြင်ကို ငေးမောရင်း အေးဆေး တည်ငြိမ်နေခဲ့သည်။

သူ ကားကို လမ်းဘေးသို့ ခပ်ကြမ်းကြမ်း ထိုးရပ်လိုက်ပြီး သူမအား စိတ်တိုတောင်းခြင်းတစ်ဝက်၊ အံ့သြခြင်းတစ်ဝက်နှင့် လှမ်းကြည့်ကာ...

"နေပါဦး၊ နင်ပြောတော့ နင့်မှာ အရေးတကြီးသွားစရာ ကိစ္စရှိတယ်၊ လိုက်ပို့ပေးပါဆို၊ ခု ဘယ်လိုဖြစ်ရတာလဲ၊ ဘာလဲ..၊ နင့်မှာ အချိန်တွေ သိပ်ပိုနေလို့လား၊ အဲဒါဆိုလဲ တခြားနည်းနဲ့ ဖြုန်းဖို့ကောင်းတယ် မေသက်၊ ငါ့မှာ မအားတဲ့ကြားထဲက တကူးတက နင့်ကို လိုက်ပို့ပေးရတာ"

သူ စိတ်တိုတောင်းစွာ ပြောလိုက်သော်လည်း သူမကတော့ သူ့စကားသံကို မကြားသည့်ပမာ ငြိမ်သက်၍နေမြဲ ဖြစ်သည်။

"ငါပြောတာ ကြားရဲ့လား မေသက်"

ခပ်ဆတ်ဆတ် မေးလိုက်တော့မှ သူမ သူ့ဘက်သို့ ညင်သာစွာ လှည့်ကြည့်ပြီး ခေါင်းညိတ်ပြ၏။

"ကြားပါတယ်"

"ဒါဖြင့် ပြောစမ်းပါဦး၊ ဘာဖြစ်လို့ နင့်ကားထဲက





ဓါတ်ဆီတွေနဲ့ ငါ့လက်ပတ်နာရီထဲက အချိန်တွေကို ခုလို ဖြုန်းတီးပစ်လိုက်ရတာလဲ"

"ငါ...ငါ..နင့်ကို မေးစရာရှိလို့"

သေတော့မှာပဲ။ မေးခွန်းလေးတစ်ခု မေးဖို့အတွက် သွားစရာကိစ္စ တစ်စုံတစ်ရာမရှိဘဲ သွားစရာရှိတယ်ဆိုပြီး သူ့ကို လိမ်ညာပို့ခိုင်းရသတဲ့။ သူ စိတ်ပျက်လက်ပျက်ဖြစ်စွာ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"မေးစရာရှိတာများ မေသက်ရယ်၊ အိမ်မှာမေးလဲရတာပဲ"

သူမကတော့ သူ့စကားကို စိတ်မဝင်စားဘဲ သူမ မေးမည်ဆိုသော မေးခွန်း၌သာ အာရုံစူးစိုက်နေပုံ ရလေသည်။ လက်ထဲမှ လက်ကိုင်ပုဝါကို အခဲပွါယ်မဲ့စွာ လုံးခြေနေပြီးမှ ရုတ်တရက် သူ့ကို မော့ကြည့်ကာ မေးသည်။

"အောင်...နင် ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

ထင်မှတ်မထားသော မေးခွန်းကြောင့် ထိတ်ခနဲ ဖြစ်သွားလျက် သူမကို ကမန်းကတန်း လှမ်းကြည့်လိုက်သည်။ သူမကတော့ သူ့ထံမှ အဖြေကိုသာ စိတ်ဝင်တစား စောင့်ဆိုင်းနေ၏။

"နင့်ကို ဘယ်သူပြောလဲ မေသက်"

"သူငယ်ချင်းတစ်ယောက် ပြောတာ၊ သူ့ညီမက နင်တို့ ကျောင်းမှာ တက်နေတာလေ၊ နင့်ကို (Civil) က ကောင်မလေး တစ်ယောက်နဲ့ တွဲနေတာ တွေ့တယ်တဲ့၊ အဲဒါ ဟုတ်သလား



www.burmeseclassic.com

www.burmeseclassic.com



အောင်"

ဘာပြန်ဖြေရမှန်း မသိစွာ အတန်ကြာ မှင်တက်နေပြီးမှ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။

"နင် သိနေပြီပဲ မေသက်၊ ဘာဖြစ်လို့ မေးနေသေးလဲ"

"ငါက နင့်ပါးစပ်က ဖြေတာကို ကြားချင်တာ"

"မဟုတ်ပါဘူး ငြင်းတော့ကော နင်က ယုံမှာမို့လို့လား"

"ငါ...ယုံမှာပါ"

ထူးဆန်းသောစကားကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ သူမက သူ့ကိုမကြည့်ဘဲ ထပ်ပြောသည်။

"ငါယုံမှာပါ အောင်၊ ဘာဖြစ်လို့လဲဆိုတော့ ငါက နင့်စကားကိုပဲ ယုံချင်တဲ့သူကိုး"

သူမ၏စကားသာ ကြိုးတစ်ချောင်းဖြစ်မည်ဆိုပါက ထိုကြိုးသည် သူ့အား ညင်သာစွာ တုပ်နှောင်လိုက်သောကြိုးသာ ဖြစ်ပါလိမ့်မည်။ မွန်းကျပ်မှု၊ ပူလောင်မှုတို့ဖြင့် မိနစ်အတန်ကြာ ငြိမ်သက်တွေဝေနေပြီးမှ သူ ခေါင်းကို ညိတ်ပြလိုက်၏။

"နင်ယုံချင်ပေမယ့် ငါ မညာချင်ဘူး မေသက်၊ နင်ကြားတဲ့ သတင်းက အမှန်ပါပဲ"

စကားအဆုံး အားအင်ကုန်ခန်းသွားသည့်ပမာ ခံစားလိုက်ရသူမှာ သူမလား၊ သူလား၊ သူကိုယ်တိုင်ပင် ဝေခွဲ၍မရခဲ့။

❖ ❖ ❖



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၁)

အင်းစိန်မြို့နယ်၏ အထင်ကရ ဆေးလိပ်တစ်မျိုး ဖြစ်သော နွားတံဆိပ် ဆေးပေါ့လိပ်ကို ခင်မောင် ခက်ခဲစွာ မီးညှိနေချိန်၌ သူက ကျောင်းရှေ့လမ်းမပေါ်၌ ဖြတ်သန်းသွားကြသော အင်းစိန်–ဒညင်းကုန်းကားနှင့် ကိုယ်ပိုင်ကားများကို အဓိပ္ပါယ်မဲ့စွာ ငေးကြည့်နေမိသည်။

နောက်ဆုံးနှစ် စက်မှုဖွမ်းအား စာသင်ချိန်စာရင်းအရ သူနှင့်ခင်မောင် ရောက်ရှိနေသင့်သောနေရာမှာ ဝပ်ရှော့အတွင်းမှ ဒီဇယ်အင်ဂျင်များအကြား၌ ဖြစ်သော်လည်း နှစ်ယောက်စလုံး အတန်းမတက်ဘဲ ဗဟိုဆောင်အပေါ်ထပ် ရှေ့ဘက်ကော်ရစ်တာ၌ ရောက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လေကြမ်းကြမ်း တိုက်ခတ်နေသည့်ကြားမှပင် ခင်မောင်က နှုတ်တစ်လိပ်ကို အောင်မြင်စွာ မီးညှိလိုက်နိုင်ပြီး ခပ်ပြင်းပြင်း ရှူရှိုက်လိုက်နိုင်သည်။

သို့သော် သူကတော့ အာရုံ၌ ကပ်ငြိနေဆဲ စိတ်မွန်းကြပ်မှုတို့ကို ယနေ့တိုင်အောင် ဖြေဖျောက်၍မရနိုင်သေးဘဲ ငေးငိုင်နေမိဆဲ ဖြစ်သည်။

"ဘယ်လိုလဲ အောင်ထက်၊ စိတ်လေနေတုန်းပဲလား"

"စိတ်လေတာ မဟုတ်ဘူး ခင်မောင်၊ စိတ်လေးနေတာ"

"ဘာလဲ၊ မေသက်ခိုင်က တစ်ခုခု ပြောလိုက်လို့လား"

ခင်မောင်၏မေးခွန်းအား သူ ခေါင်းယမ်း တုံ့ပြန်လိုက်သည်။

"ငါ ကြုံတွေ့နေရတဲ့ အဓိကပြဿနာက အဲဒါပဲ ခင်မောင်၊ မျိုးနဲ့ပတ်သက်ပြီး မေသက် ငါ့ကို တစ်ခုခုပြောသင့်တယ်၊ ဆိုလိုတာက္ဂာ၊ စိတ်ဆိုးသင့်တယ်၊ ရန်တွေ့သင့်တယ်၊ ချစ်သူတစ်ယောက်အနေနဲ့ မဟုတ်တောင် တစ်ချိန်ကျရင် လက်ထပ်ရမယ့် မိန်းကလေးတစ်ယောက်အနေနဲ့ အဲဒီလောက်တော့ တုံ့ပြန်သင့်တယ်၊ ဒါပေမယ့် ခက်နေတာက"

"ဘာဖြစ်လို့လဲ"

"သူ ငါ့ကို ဘာမှမပြောဘူး၊ မပြောတာမှ ဘာဆိုဘာမှ မပြောတာ၊ မပြောတဲ့အပြင် မျိုးနဲ့ငါ့ကိုတောင် သူက သဘောတူနေသေးတယ်"





"ဟော"

ခင်မောင် တအံ့တဩ ရေရွတ်သည်။

အမှန်တကယ်ပင် မေသက်ခိုင်သည် သူ့အပေါ် တင်းမာစွာ တုံ့ပြန်သင့်ပါလျက် အံ့ဩဖွယ်ကောင်းလောက်အောင် နူးညံ့ပျော့ပျောင်းစွာ လိုက်လျော အလျှော့ပေးခဲ့သည်။ မနေ့ညနေက ပြောလိုက်သည့် မေသက်ခိုင်၏စကားတို့က သူ့နားထဲ၌ ပဲ့တင်ထပ်စွာ ရစ်ဝဲကြားယောင်နေဆဲ ဖြစ်သည်။

"ငါ့ကြောင့်တော့ နင်တို့နှစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်စရာ မလိုပါဘူး အောင်ရာ၊ နင်ကလဲ သူ့ကိုချစ်တယ်၊ သူကလဲ နင့်ကိုချစ်တယ်ဆိုရင် ဘာလိုသေးလို့လဲ"

ထိုစကားအား သူမ တည်ငြိမ်စွာ ပြောခဲ့ခြင်း ဖြစ်သည်။ သို့သော် သူကတော့ သူမလောက် မတည်ငြိမ်နိုင်ခဲ့ပါ။

"ဒါပေမယ့် နင်နဲ့ ငါနဲ့က..."

"ဘာလဲ၊ တစ်ချိန်ကျရင် လက်ထပ်ရမယ်လို့ ပြောဓလို့လား"

တစ်ပိုင်းတစ်စ ရပ်ဆိုင်းသွားသော သူ့စကားအား သူမက ဖြည့်စွက်လိုက်ရင်း ခြောက်ကပ်စွာ ရယ်မောလိုက်သည်။ ထိုသို့သော ရယ်သံမျိုးကို သူမထံမှ ဘယ်တုန်းကမှ မကြားခဲ့ဖူးကြောင်း သူ တွေးလိုက်မိသည်။

"လက်ထပ်တယ်ဆိုတာက နင်နဲ့ငါ နှစ်ယောက်လုံး သဘောတူမှ ဖြစ်တာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် နှင်နဲ့ ငါ့ရဲ့မိဘတွေက အဲဒီကိစ္စကို ဖြစ်စေချင်တယ်လေ"

"သူတို့ ဖြစ်စေချင်တိုင်း ဖြစ်ရမှာလား အောင်ရဲ့"

"နှင် ဆိုလိုတာက..."

သူနားမလည်နိုင်စွာ မေးလိုက်တော့ သူမ သူ့အား မကြည့်ဘဲ မျက်နှာလွှဲလျက် ခပ်တိုးတိုး အဖြေပေးသည်။

"နှင့်ဘက်ကသာ ဆန္ဒရှိရင် အဲဒီကိစ္စကို ငါ ဖျက်ပေးပါ့မယ်"

မိန်မျော တိုးညင်းလွန်းသော်လည်း သူမ၏စကားက သူ့ရင်ကို ပြင်းထန်စွာ ဖိလိုက်သွားစေလေသည်။ ဖျက်ပေးပါ့မယ်တဲ့။ ဒါဟာ မေသက်ခိုင်ရဲ့ လိုက်လျောမှုပေါ့။

မှင်တက် နှုတ်ဆိတ်နေမိဆဲမှာပင် အဖေ၊ အမေ၊ ဦးကျော်ခိုင်၊ ဒေါ်ခင်သက်နှင့် မျိုးသဒ္ဒါတို့၏မျက်နှာများက အတွေး၌ တစ်လှည့်စီ ရစ်ဝဲစွာ ပေါ်လာကြ၏။ သူ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်မိသည်။

"ကျေးဇူးတင်ပါတယ် မေသက်၊ ဒါပေမယ့် အဲဒီလောက်အထိ မလိုအပ်ပါဘူး"

စကားအဆုံး သူမ၏မျက်ဝန်းတို့ လက်ခနဲ ဖြစ်သွားကြလေသလား မသေချာသော်လည်း စိတ်လက်ပေါ့ပါးသွားပုံကတော့ သိသာလှပါသည်။

"ဒါဆို မေသက်ခိုင် တော်တယ်လို့ ပြောရမှာပေါ့"





"ငါ ဆုံးဖြတ်ရခက်နေတာ အဲဒါကြောင့်ပဲ ခင်မောင်၊ တကယ်လို့ မေသက်ကသာ ငါ့ကို တင်းတင်းမာမာ တုံ့ပြန်မယ်ဆိုရင် ငါ မျိုးဘက်ကို ယိုင်သွားမိမှာ အမှန်ပဲ၊ ခုတော့ မေသက်က ငါ့အပေါ် သိပ်ကောင်းလွန်းနေတယ်"

မီးသေသွားသော ဆေးပေါ့လိပ်ကို ဒုတိယအကြိမ်မြောက် မီးပြန်ညှိရင်း ခင်မောင် ခေါင်းညိတ်သည်။

"ငါတော့ မေသက်ခိုင်ကို ချီးကျူးတယ် အောင်ထက်၊ တော်ရုံမိန်းကလေးသာဆိုရင် မင်းအပေါ် ခုလောက် နားလည်အနစ်နာခံနိုင်မှာ မဟုတ်ဘူး၊ မင်းအပေါ် နားလည်တယ်ပဲထား၊ မျိုးအပေါ်မှာတော့ သည်းခံနိုင်မှာ မဟုတ်ဘူး၊ ဟိုတစ်နေ့ကလို နန်းသိတာထွန်း လက်ဖက်ရည်ဆိုင်ထဲမှာ မင်းနဲ့မျိုးကို တွေ့သွားတုန်းက မေသက်ခိုင်နေရာမှာ တခြားတစ်ယောက်ယောက်သာဆိုရင် ပြဿနာတက်မှာ အမှန်ပဲ၊ ပြဿနာ မတက်တောင် မျိုးအပေါ် စကားနဲ့ဖြစ်ဖြစ် တင်စီးတာမျိုး ရိုတာမျိုး လုပ်သွားမှာပဲ၊ ဒါပေမယ့် မေသက်ခိုင် ဘာမှလုပ်မသွားဘူး၊ မလုပ်တဲ့အပြင် မင်းနဲ့သူ့ကို တစ်မျိုးထင်သွားမှာစိုးလို့ မျိုးရှေ့မှာ သူငယ်ချင်းပုံစံမျိုးနဲ့တောင် ဆက်ဆံသွားသေးတယ်၊ ဒါဟာ မိန်းမတစ်ယောက်မှာတွေ့ရခဲတဲ့ သဘောထားပြည့်ဝမှုတစ်မျိုးပဲ အောင်ထက်"

ခင်မောင့်စကားကို သူ ကန့်ကွက်စရာမရှိပါ။ မေသက်ခိုင်၏ သဘောထားပြည့်ဝမှုနှင့် လိုက်လျောအနစ်အတာခံမှုကို သူ အသိဆုံးဖြစ်ပြီး ထိုသို့သိနေခြင်းကပင်လျှင် သူ့အား [illegible]



www.burmeseclassic.com

www.burmeseclassic.com



အောင် ချည်နှောင်ထားမှုတစ်မျိုးလည်း ဖြစ်နေလေသည်။

"ထားပါတော့၊ မေသက်ကို သဘောထားပြည့်ဝတဲ့မိန်းမ လို့ ခင်း သတ်မှတ်ရင် မျိုးအပေါ်မှာကော မင်း ဘယ်လိုသုံးသပ် မလဲ"

သိချင်စိတ် ပြင်းပြစွာ မေးလိုက်သော်လည်း သူ့အမေးကို ချက်ချင်း အဖြေမပေးဘဲ ခင်မောင် ထိုင်ရာမှထရပ်သည်။

"အဲဒီမေးခွန်းကို လောလောဆယ် ငါ မဖြေနိုင်သေးဘူး အောင်ထက်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ တအောင့်ကြာရင် ထမင်းစားဖို့ အတန်းတွေ လွှတ်တော့မယ်လေ၊ အတန်းလွှတ်ရင် သုံးဆင့် ထမင်းချိုင့်လေးကို ကိုင်ပြီး မျိုး ရောက်လာလိမ့်မယ်၊ ပြီးတော့ မျိုးနဲ့မင်း ထမင်းလက်ဆုံ စားကြလိမ့်မယ်၊ အဲဒီအတွက် ငါက အလိုက်တသိနဲ့ တစ်နေရာရာကို ရှောင်ပေးဖို့ လိုတာပေါ့၊ ပြောရင်းဆိုရင်း အတန်းတောင် လွှတ်လာပြီ၊ ကဲ…ငါသွားမယ် အောင်ထက်"

စကားဆုံးသည်နှင့် လွယ်အိတ်ကို ကောက်လွယ်ပြီး ခင်မောင် သူ့ဘေးနားမှ ထွက်ခွာသွား၏။ သူ ခင်မောင့်ကို တားမနေတော့ဘဲ အုတ်ဝရန်တာဘောင်ပေါ်သို့ လက်ထောက် လျက် ငေးမောကျန်ရစ်ခဲ့သည်။

တအောင့်ကြာတော့ ခင်မောင်ပြောသလိုပင် သုံးဆင့်





ထမင်းချိုင့်လေးကို ကိုင်လျက် မျိုး သူ့နားသို့ ရောက်ရှိလာလေ သည်။ နက်မှောင်သော ဆံပင်ရှည်ရှည်များကို ကျောဘက်သို့ ညင်သာယိမ်းနွဲ့စွာ သိမ်းတင်ရင်း ဘေးနားမှ သစ်သားခုံရှည်၌ မျိုး ဝင်ထိုင်သည်။

"ဒီနေ့ ကိုအောင်ကြိုက်တဲ့ ဆိတ်သားခြောက်ဟင်း ထည့်လာတယ်"

ပြောပြောဆိုဆို စတီးချိုင့်လေးကို မျိုး ဖွင့်၏။ သူက တော့ ချိုင့်ထဲမှဟင်းထက် ထမင်းချိုင့်ကိုဖွင့်နေသည့် မျိုး၏ လက်ချောင်း သွယ်သွယ်လေးများကိုသာ ငေးကြည့်နေမိသည်။

❖ ❖ ❖

"စားလေဟာ"

သူ့ပန်းကန်ထဲသို့ တတိယအကြိမ်မြောက် ဟင်းခပ်ထည့် ပေးရင်း မေသက်ခိုင် ပြောသည်။ ပန်းကန်ထဲမှ ထမင်းတို့တို ဖုံးလွှမ်းလုနီးပါး ဖြစ်နေသည့် ဟင်းများကိုကြည့်ရင်း သူ စိတ်ပျက် နေမိသည်။

သူက အစားနည်းသူ ဖြစ်သည့်အပြင် ပန်းကန်ထဲ၌ ဟင်းအလျှံပယ် များပြားနေပါက မစားတတ်သူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇွန်းခရင်းကိုကိုင်ရင်း ဘယ်ကဘယ်လို စစားရမှန်း မသိအောင် ဖြစ်နေသော သူ့ကို သူမက အားမရဟန်နှင့် ကြည့်ရင်း...

"နင်ကလဲဟာ၊ စားချင်သလို မစားချင်သလိုနဲ့၊ ယောက်ျားလေးပဲ၊ အားရပါးရ စားစမ်းပါ၊ ဘာလဲ ငါကျွေးတဲ့ဟင်းတွေက မျိုးသဒ္ဒါချက်တဲ့ဟင်းလောက် မကောင်းလို့လား"

ပြောပြီးမှ စကားမှားသွားမှန်း သတိပြုမိဟန်နှင့် 'ဆောရီး' ဟု သူမ ကမန်းကတန်း ရေရွတ်သည်။

"စိတ်မဆိုးနဲ့နော်၊ ငါ ဘာကိုမှ ရည်ရွယ်ပြောတာ မဟုတ်ပါဘူး၊ ပါးစပ်က လွှတ်ခနဲ ယောင်ပြီးထွက်သွားတာပါ"

သူမ စိတ်မလုံသလို ဒုတိယအကြိမ် ထပ်တောင်းပန်တော့ သူ အေးဆေးစွာပင် ပြန်ပြုံးပြလိုက်သည်။

"ရပါတယ်ဟာ၊ နင့်မှာ လွှတ်ခနဲ ယောင်ပိုင်ခွင့် ရှိပါတယ်"

"အောင်...ငါ တောင်းပန်ပါတယ်"

"အေးပါ၊ ငါက နင့်ကို ဘာပြောနေလို့လဲ"

"မသိဘူးလေ၊ နင် စိတ်များ ဆိုးသွားသလားလို့၊ ကဲ..ဒါဖြင့်လဲ ငါ့မွေးနေ့အထိမ်းအမှတ် ထမင်းလေးကိုတော့ နည်းနည်းဖြစ်ဖြစ် စားပါဟာ"

စားချင်စိတ် မရှိသော်လည်း သူမ၏မွေးနေ့အတွက် အမှတ်တရကျွေးသော ထမင်းကိုတော့ လုံးဝမစားဘဲ မနေသင့်ပါ။





ဇွန်းဖြင့် ထမင်းနှင့်ဟင်းကို မွှေလိုက်ပြီး ခပ်စားလိုက်တော့မှ သူမ၏မျက်နှာက ကြည်လင်၍ လာလေသည်။

တကယ်တော့ သူမ၏အသက် နှစ်ဆယ့်သုံးနှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မနက်ကတည်းက ဘုန်းကြီးဆွမ်းကပ်ပြီးဖြစ်သည့်အပြင် ခင်မောင်နှင့် စိုးတင့်အပါအဝင် သူငယ်ချင်းများအားလုံးကိုလည်း ဖိတ်ကြားကျွေးမွေးခဲ့ပြီး ဖြစ်သည်။

သည်ကြားထဲက သူ့အား သီးသန့်ကျွေးချင်သည်ဟုဆိုကာ စားသောက်ဆိုင်သို့ ခေါ်ငင်ခဲ့ခြင်း ဖြစ်သည်။ မစားချင်သော်လည်း သူမ စိတ်မကောင်းဖြစ်မည်စိုးသဖြင့် ထမင်းပန်းကန်တစ်ဝက်ကျိုးအောင် ကြိတ်မှိတ်စားလိုက်ရသည်။

"စားဦးလေဟာ"

"တော်ပြီ မေသက်၊ ငါ ရင်ပြည့်နေလို့"

"ဒါဆိုလဲ အအေးသောက်ရင်း ငါ့ကိုစောင့်ဦး၊ ငါ မဝသေးလို့"

သူ အအေးသောက်ရင်း သူမ ထမင်းစားသည်ကို ထိုင်စောင့်ပေးရသည်။ ထမင်းစားနေရင်းမှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ရုတ်တရက် စကားစသည်။

"အတော်ပဲ၊ ဒီကအပြန် နင့်ကို လက်ဆောင်တစ်ခု ဝယ်ပေးရဦးမယ်"

"မကြောင်စမ်းပါနဲ့ မေသက်ရာ၊ ငါကသာ နင့်ကို မွေးနေ့လက်ဆောင် ပေးရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ငါ့မွေးနေ့နဲ့ မဆိုင်ဘူးဟ၊ အစောကြီးကတည်းက ဝယ်ဆေးမလို့၊ နင် စိတ်ဆိုးမှာစိုးလို့ မဝယ်ဖြစ်တာ"

စိတ်ဆိုးမှာစိုးလို့ ဆိုသော သူမ စကားကြောင့် သူ ရယ်မောလိုက်သည်။

"လက်ဆောင် ဝယ်ပေးတာများ စိတ်ဆိုးစရာလား မေသက်ရာ"

"ဒါဖြင့် နင် ငါ့လက်ဆောင်ကို ယူမယ်ပေါ့နော်"

"ငါယူမယ် ပြောမိလို့လား"

"ဒါဆို..."

"ငါမယူချင်ဘူး မေသက်၊ ဒါပေမယ့် နင်ပေးမယ့် လက်ဆောင် ဘာလဲဆိုတာတော့ ငါ သိချင်တယ်"

"ဒါကတော့ နင် ဘယ်တရားမလဲ အောင်ရဲ့၊ သိချင်ရင် ငါ့လက်ဆောင်ကို လက်ခံရမှာပေါ့၊ ပြီးတော့ စိတ်လဲမဆိုးဘူး ဆိုရင်လေ"

လက်ဆောင်ပေးခြင်းနှင့် သူစိတ်ဆိုးမှာ စိုးရိမ်နေခြင်းတို့က ဆက်စပ်မှုမဲ့စွာ ပဟေဠိဆန်လှသလို သူ၏သိချင်စိတ်တို့ကို ပိုမိုပြင်းပြလာစေသည်။

"ကဲ...ဒါဖြင့်လဲ ပြောဟ၊ ဘာလက်ဆောင်လဲ"

"နင် ယူမှာလား"

"ငါ စဉ်းစားမယ်လေ"

သူမ ခေတ္တတွေဝေသွားပြီးမှ ထမင်းချိုင့်ဟု ရုတ်တရက်





ပြောသည်။

"ဘာ...ထမင်းချိုင့်၊ ဟုတ်လား"

ထမင်းချိုင့်တစ်ချိုင့် လက်ဆောင်ပေးချင်သော သူမ၏ စိတ်ကူးကို သူ နားမလည်နိုင်ပါ။

"သုံးဆင့် စတီးချိုင့်လေဟာ၊ ဒါပေမယ့် ငါပေးမယ့် စတီးချိုင့်က နည်းနည်းကြီးတယ်၊ ဟို...နှစ်ယောက်စာ ထည့်လို့ရတဲ့ ချိုင့်မျိုး"

သည်တော့မှ သူမ၏ရည်ရွယ်မှုကို သူ ဖျတ်ခနဲ သဘောပေါက် နားလည်လာမိသည်။

သူမ သူ့ကျောင်းသို့လိုက်လာစဉ် မျိုးသန္တါ၏ သုံးဆင့်ထမင်းချိုင့်ငယ်လေးဖြင့် မျိုးနှင့်သူ တစ်ယောက်တစ်ဝက် ခွဲဝေစားသောက်သည်ကို မြင်ခဲ့ခြင်းဖြင့် ထိုသို့သော စိတ်ကူးမျိုး သူမခေါင်းထဲသို့ ဝင်ရောက်လာခဲ့ဟန် တူလေသည်။

သို့သော် ထိုစိတ်ကူး၏နောက်ကွယ်၌ ရှိသားမှု မည်မျှပါသလဲဆိုသည်ကိုတော့ သူ စဉ်းစားရပါလိမ့်မည်။

"နေပါဦး...နင်က ဘာဖြစ်လို့ ထမင်းချိုင့် လက်ဆောင်ပေးချင်ရတာလဲ"

သိလျက်နှင့် တမင်မေးလိုက်ရင်း သူမမျက်နှာပေါ်မှ တစ်စုံတစ်ရာကို သူ ရှာဖွေနေမိသည်။

သို့သော် သူမ၏မျက်နှာက သူ သံသယဖြစ်သလို မဟုတ်ဘဲ ပကတိ ရိုးသားဖြူစင်သည့် မျက်နှာမျိုးဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အဖြေကလည်း ရိုးရှင်းလှပါသည်။

"ဘာရယ်မဟုတ်ပါဘူး၊ နှစ်ယောက်စာ ထည့်လို့ရတဲ့ချိုင့်ဆိုရင် မျိုးသဒ္ဒါအတွက်ရော နင့်အတွက်ပါ ပိုပြီးအဆင်ပြေမလားလို့ပါ၊ ဟိုလေ သူ့ရဲ့ချိုင့်က သေးတော့ နင်တို့ ထမင်းမဝမှာစိုးလို့"

သူမ၏အဖြေစကားကြောင့် သူ သွေ့ခြောက်စွာ ပြုံးလိုက်သည်။

"မလိုပါဘူးဟာ၊ ကျေးဇူးတင်ပါတယ်၊ နောက်ပြီး ငါတို့နှစ်ယောက်စလုံးက ထမင်းစားထဲ နည်းတယ်၊ နှစ်ယောက်စာချိုင့် မျိုး သုံးရလောက်အောင် မလိုအပ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် မျိုးကိုတော့ နင် ထမင်းချိုင့် လက်ဆောင်ပေးချင်တဲ့အကြောင်း ပြောပြလိုက်ပါ့မယ်"

"ဟင့်အင်း...မပြောပါနဲ့"

"ဘာဖြစ်လို့လဲ"

"ငါ...ငါ သူ့ကို မသိစေချင်ဘူး"

သူမ ခေါင်းယမ်းလျက် တားဆီးငြင်းဆန်၏။

သူ ဘာမှမပြောတော့ဘဲ အအေးကိုသာ ငုံ့သောက်နေလိုက်သော်လည်း ရင်ထဲကတော့ သူမအား တီးတိုး တုံ့ပြန်နေမိသည်။

(နင့်ရဲ့ရိုးသားမှုနဲ့ အလိုက်သိတတ်မှုတွေက တစ်ခါတစ်ခါ ငါ့ရဲ့ရင်ကို နာကျင်စေတယ် မေသက်။ အဲဒါကို နင် သတိထားမိရဲ့လား)





"ပြန်ကြရအောင်"

"နင် မဝသေးဘူးဆို၊ ဆက်စားလေ"

"တော်ပြီဟာ...မစားချင်တော့ဘူး"

ပြောပြောဆိုဆို ပိုက်ဆံရှင်းရန် မေသက်နိုင် ထိုင်ရာမှ ထရပ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၂)

ဝေါ်ခနဲ အရှိန်ပြင်းစွာ ဖြတ်သန်းသွားကြသော ကားများ အကြား မျိုးသဒ္ဒါ လမ်းကူးရန် တွန့်ဆုတ်နေ၏။ သူလှည့်ကြည့် လိုက်တော့ မျိုး၏မျက်နှာက ထိတ်လန့်မှုဖြင့် ဖြူရော်၍နေသည်။

"မျိုး...လမ်းကူးရမှာ ကြောက်နေလို့လား"

"ဟင့်အင်း...ကားတွေကို လန့်တာ"

"ကျွန်တော့်လက်မောင်းကို ကိုင်ထားပါလား"

ပြောသာပြောလိုက်ရသော်လည်း သူမ တကယ် ကိုင် လာလိမ့်မည်ဟု မျှော်လင့်မထားပါ။

သို့သော် သူမ၏ ဖြူသွယ်သော လက်ချောင်းလေးများ ဖြင့် သူ၏လက်မောင်းအား အားကိုးတကြီး လှမ်းကိုင်လာသော





အခါမှာတော့ သူ့တစ်ကိုယ်လုံး အေးစက်သွားလျက် ကတုန် ကယင် ဖြစ်လာလေသည်။

ထိုခဏ၌ သူ၏မျက်နှာသည် မျိုးလိုပင် ဖြူရော်ရော် ဖြစ်နေလိမ့်မည်ဟု ထင်မိ၏။

အင်းစိန်–ဂျီတီအိုင်ဝန်းကျင်၌သာ တွဲသွားတွဲလာ ပြုလုပ် ခွင့် ရခဲ့သော သူမနှင့်အတူ ရန်ကုန်မြို့လယ်ခေါင်၏ လူရှုပ်သော လမ်းမတစ်ခုအား ယခုလို လက်ချင်းတွဲလျက် ဖြတ်ကူးရသော အဖြစ်သည် သူ့အတွက် အိပ်မက်တစ်ခုပမာ ဖြစ်နေလေသည်။

သို့သော် ထိုအိပ်မက်ဆန်သော အဖြစ်အပျက်သည် Triangle Rule (ခေါ်) သုံးမြှောင့်ပေတံ ဝယ်ချင်တယ်ဟူသော သူမ၏ဆန္ဒဖြင့် အစပျိုးလာခဲ့ခြင်း ဖြစ်သည်။

သူမ ဂျီတီအိုင်တက်ရန် တည်းခိုနေရသော ကိုကိုကြီး၏ အမျိုးအိမ်သည် သူမအား ကျောင်းချိန်မှအပ ကျန်အချိန်များ၌ အပြင်ထွက်ခွင့်မပြုပါ။

ထို့ကြောင့် အတန်းဖျက်၍ ပေတံသွားဝယ်ချင်သည် ဟူသော သူမအား မြို့ထဲသို့ လိုက်ပို့ခွင့် ကံကောင်းထောက်မစွာ သူရရှိခဲ့ခြင်း ဖြစ်သည်။

"ကိုအောင် ကူးရအောင်လေ၊ ကားရှင်းနေပြီ"

ရုတ်တရက် ထွက်ပေါ်လာသော သူမ၏အသံကြောင့် အတွေး၌ နစ်မျောနေမိသောအဖြစ်ကို သတိရပြီး 'ဆောရီးနော်' ဟု ယောင်ယမ်း ရေရွတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲဟင်"

"ဟင့်အင်း၊ ဘာမှမဟုတ်ပါဘူး၊ လာ မျိုး၊ ကူးရအောင်"

သူမက သူ့လက်မောင်းကို ကိုင်ထားလျက်နှင့်ပင် လေဟာပြင်ဈေးရှိရာ လမ်းတစ်ဖက်ခြမ်းသို့ ခပ်သွက်သွက် ကူးလိုက်သည်။

တစ်ဖက် ပလက်ဖောင်းသို့ အရောက် 'ဟိတ်…မိပြီ' ဟူသောအသံကြောင့် မျိုးနှင့်သူ ကမန်းကတန်း ကြည့်လိုက်တော့ မျိုးတို့အတန်းထဲမှ ကောင်မလေးသုံးယောက်ကို တွေ့ရ၏။ ၎င်းတို့၏လက်ထဲမှ ဘိုဖာဘူးများအရ ဒရောရင်းဆက် လာဝယ်တာ ဖြစ်မည်ဟု သူ တွေးနေချိန်မှာပင် ကောင်မလေးများက မျိုးအား ပြုံးစစ' ကြည့်၍…

"ဘယ်လိုလဲ မျိုးသဒ္ဒါ၊ မေးတော့ မဟုတ်ဘူး မဟုတ်ဘူးနဲ့ ခုတော့ လက်ပူးလက်ကြပ် မိပြီ၊ ဘာငြင်းဦးမလဲ"

"ဟုတ်တယ်၊ လွတ်သွားမှာစိုးလို့ လက်မောင်းလေးကိုင်ပြီး လမ်းကူးလာတာ တို့တွေ အစအဆုံး တွေ့တယ်"

"ဂျိတ်အိုင်က ကျဉ်းကျဉ်းလေးနော်၊ နှုတ်ပိတ်ခအနေနဲ့ တစ်ခုခု မကျွေးလို့ကတော့ နောက်နေ့ ဆရာတွေကော ဌာနမှူးတွေပါ သိအောင် အကုန်လျှောက်ပြောမှာပဲ"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေခြင်းအတွက် မျိုး မည်သို့ရှိမည် မသိသော်လည်း သူကတော့ ရှက်အမ်းထူပူနေမိသည်။





ထိုမိန်းကလေးများအတွက် ပို၍နောက်ချင်စဖွယ် ကောင်းသည်မှာ မျိုးက ယခုတိုင်အောင် သူ၏လက်မောင်းအား ယောင်ယမ်း ကိုင်ထားခြင်းဖြစ်၏။

တစ်ယောက်က 'ဘယ်လိုလဲ လွတ်သွားမှာစိုးတုန်းပဲလား' ဟု လှမ်းပြောမှ သတိတရနှင့် မျိုး လက်ကို အမြန်ဖြုတ်လိုက်သည်။

"အလကား စတာပါနော်၊ နှုတ်ပိတ်ခအတွက် ဘာမှ ကျွေးစရာ မလိုပါဘူး"

"ဟုတ်တယ်၊ ကျွေးလဲ တို့ကတော့ ကျောင်းပြန်ရောက်တာနဲ့ ဝတ္တရားအရ အကုန်လျှောက်ပြောရမှာပဲ"

"ကဲ…တော်ပါတော့ဟာ၊ ဘေးနားက (MP) ကြီးကို အားနာဖို့ကောင်းပါတယ်၊ လာ…လစ်ကြရအောင်"

တစ်ယောက်က ဝင်ပြောတော့မှ ကျန်နှစ်ယောက်က သူ့ကို တစ်ချက်ကြည့်၍ 'ဆောရီးနော်၊ ကျွန်တော်တို့က ပျော်တတ်လို့' ဟု ပြောပြီး ထွက်ခွာသွားကြသည်။

ဗရုတ်ကျလွန်းသော ထိုအုပ်စုနှင့် တိုက်ဆိုင်စွာ ဆုံစည်းလိုက်မှု၏ ရလဒ်ကတော့ သူရောမျိုးပါ ရင်ဖိုကျန်ရစ်ခဲ့ကြရခြင်းပဲ ဖြစ်သည်။

ကျောင်းခွဲ သူမနှင့်တွဲသွားစဉ် ပြုံးစေ့စေ့ ကြည့်တတ်မျိုး မကြားတကြား လှမ်းနောက်တာမျိုးကို ကြုံရဖူးသော်လည်း ဤမျှအထိ ပွင့်လင်းစွာ နောက်ပြောင်မှုမျိုးကိုတော့ မခံခဲ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မျိုး၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ပေတံဝယ်ပြီး၍ အအေးဆိုင်မှာ ထိုင်ချိန်၌ မပြေသေးသော ရှင်ခုန်မှုနှင့်အတူ သူ စကားစတင်လိုက်တော့ မျိုးက နားမလည်သလို မော့ကြည့်သည်။

"ဘာကိုပြောတာလဲ ကိုအောင်"

"စောစောက ကောင်မလေးတွေ နောက်သွားတာကိုလေ"

"အဲဒါ ဘာဖြစ်လို့လဲ"

"ဩော်...သူတို့ ပြောသွားသလို ကျောင်းမှာ တကယ် လျှောက်ပြောရင် ဘယ်လိုလုပ်မလဲလို့"

သူ့စကားကြောင့် အအေးကိုသောက်ရင်း သူမ ပြုံးသည်။

"ဘာလုပ်စရာလိုလဲ ကိုအောင်ရဲ့၊ မျိုးတို့က သူတို့ ပြောသလိုမှ မဟုတ်တာဘဲ"

"မဟုတ်သေးတာပါ မျိုးရဲ့၊ တစ်ချိန်ကျရင်..."

"ဟင့်အင်း မဟုတ်နိုင်တာပါ၊ ဘယ်တော့မှ..."

"အနာဂတ်ကို မျိုးက တထစ်ချ ပြောရဲလို့လား"

"ပစ္စုပ္ပန်ကိုရော ကိုအောင်က ပြောင်းလဲပစ်နိုင်လို့လား"

"ကံကြမ္မာကို မျိုး မယုံဘူးလားဟင်၊ ကံကြမ္မာ အပြောင်းအလဲဆိုတာ သိပ်အံ့သြစရာကောင်းတယ်"

"ကျေးဇူးတရားဆိုတာလဲ သိပ်ကြောက်စရာ ကောင်းပါတယ် ကိုအောင်၊ လူတစ်ယောက်ကို မလှုပ်နိုင်အောင် ချည်နှောင်





ထားလို့ရတယ်၊ မစွန့်စားရဲအောင် ခြိမ်းခြောက်ထားလို့ရတယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် မျိုးကိုချစ်တယ်၊ မျိုးလဲ..."

"ကိုအောင့်စကားတွေ ဘေးရောက်ကုန်ပြီ"

"ကိစ္စမရှိပါဘူး၊ ဒါ ဘေးလုံးကန်နေတာမှ မဟုတ်ဘဲ"

အနည်းငယ် မာသွားသော သူ့လေသံအား သူမက ရယ်မောတုံ့ပြန်ရင်း 'ကိုအောင်က သိပ်စိတ်ကူးယဉ်တာပဲနော်' ဟု မှတ်ချက်ချသည်။ သူမ၏ မှတ်ချက်စကားကြောင့် သူ အောင့်သက်သက်ဖြစ်စွာ စိတ်တိုတောင်းသွားရသည်။

"စိတ်ကူးယဉ်တာ ဘာဖြစ်လို့လဲ မျိုးရဲ့၊ မျိုးလဲ (Civil) ကျောင်းသူတစ်ယောက်ပဲ၊ အဆောက်အအုံတစ်ခု ဆောက်ဖို့ အရင်ဆုံး စိတ်ကူးက စတင်ရတာပဲ မဟုတ်လား၊ ကျွန်တော် စိတ်ကူးယဉ်တာ ရယ်စရာ ကောင်းနေလို့လား"

"ဟင့်အင်း၊ မျိုးက အဲလိုပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်ကူးယဉ်တယ်ဆိုတာ ဖြစ်နိုင်ခြေနဲ့ နီးစပ်တာကိုပဲ ယဉ်တာ ကောင်းတယ် ကိုအောင်၊ နို့မို့ဆို စိတ်ပင်ပန်းရတတ်တယ်"

သူမ၏ အနက်အဓိပ္ပါယ်ကျယ်ဝန်းသော ဖြစ်နိုင်ခြေဟူသည့်စကားက သူနှင့်သူမ၏ဘဝအား သတိတရရှိစေရန် သွယ်ဝိုက်စွာ သတိပေးလိုက်ခြင်းဖြစ်ကြောင်း သူ နားလည်လိုက်သည်။

"ဒါပေမယ့် ဖြစ်နိုင်ခြေဆိုတာကို မျိုး ဘာနဲ့တိုင်းတာမလဲ"

သူမ အဖြေမပေးဘဲ အအေးခွက်ကို မယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ တစ်ချိန်က မဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့ ကိစ္စတွေ နောင်တစ်ချိန်မှာ ဖြစ်လာတာ အများကြီးပါ မျိုး၊ ဥပမာ–လပေါ်ကို လူတွေသွားဖို့ ကြိုးစားတုန်းက မဖြစ်နိုင်ဘူးလို့ ထင်ခဲ့ကြပေမယ့် နောက်တော့ ဖြစ်သွားတာပဲ၊ အောင်မြင်သွားတာပဲ မဟုတ်လား"

"ဒါပေမယ့် အောင်မြင်မှုတိုင်းမှာ အရင်းအနှီးဆိုတာ ရှိတယ် ကိုအောင်၊ ရင်းနှီးမှု ပေးဆပ်မှုတွေကို ထည့်တွက်ရမယ်၊ ကိုယ် တတ်နိုင်ရဲ့လားလို့ စဉ်းစားရမယ်"

ရင်းနှီးမှု ပေးဆပ်မှုဟူသော သူမ၏အသုံးအနှုန်းက သူ့ရင်ကို လှုပ်ခတ်သွားစေလျက် အမေ၏ ကျန်းမာရေး အခြေအနေနှင့် ဦးကျော်ခိုင်၏ နောင်ကြိုးတို့ကို အတွေးထဲသို့ ရစ်ဝဲဝင်ရောက်လာစေသည်။

တိုက်ဆိုင်စွာပင် မနေ့ညက အမေပြောခဲ့သော စကားတစ်ခွန်းကို ဖျတ်ခနဲ သတိရလိုက်သည်။

"အမေတို့က ငွေမမက်ပေမယ့် ကျေးဇူးတရားကိုတော့ တန်ဖိုးထားတယ်၊ ကျေးဇူးဆိုတာ အကြွေးလိုပဲ သား၊ ကိုယ်ယူထားတဲ့အကြွေးကို ပြန်ဆပ်ရသလို ကိုယ့်အပေါ်တင်နေတဲ့ကျေးဇူးကိုလည်း တတ်နိုင်တဲ့နည်းနဲ့ တုံ့ပြန်ရတယ်၊ ဒါမှ လူပီသတယ်"

မွန်းကြပ်မှုက ရုတ်တရက် ရင်ထဲသို့တိုးဝင်လျက် သူ့ဘေးနား၌ ရှုရှိုက်စရာ လေထုမရှိတော့သလို ခံစားလိုက်ရသည်။

ထိုစဉ်မှာပင် မျိုးက စကားတစ်ခွန်း ဆိုသည်။





"ဘဝဆိုတာ နေတတ်တဲ့လူတွေအတွက် ကျေနပ်စရာချည်းပါ ကိုအောင်' ...တဲ့။

"မျိုးက လက်ရှိဘဝကို ကျေနပ်နေတာလား"

"ကျေနပ်ရမှာပေါ့၊ မျိုးတင် မဟုတ်ဘူး၊ ကိုအောင်လဲ ကိုအောင့်ဘဝကို ကျေနပ်လက်ခံနိုင်အောင် ကြိုးစားရမယ်၊ ဘဝက ကိုယ့်ကို မလိုက်လျောရင် ကိုယ်က ဘဝကို ပြန်ပြီးလိုက်လျောရမယ်၊ ဘဝနဲ့ လိုက်လျောညီထွေဖြစ်အောင် ကြိုးစားရမယ်"

သူမ၏စကားကြောင့် သူ သွေ့ခြောက်နာကျင်စွာ ပြုံးလိုက်မိသည်။

"အကြံပေးရတာ လွယ်သလောက် တကယ်လိုက်နာနိုင်ဖို့က ခက်တယ် မျိုး၊ ဒါပေမယ့် ကျွန်တော် ကြိုးစားပါ့မယ်၊ လက်ရှိဘဝကိုရော ကျောင်းပြီးရင် ကြုံတွေ့လာရမယ့် အခြေအနေတွေကိုပါ လက်ခံနိုင်အောင် ကျွန်တော် ကြိုးစားမယ်၊ အဲဒီအတွက် မျိုး တစ်ခုတော့ ပြန်ပြီးကူညီပါ"

"ဘာလဲ ကိုအောင်"

"ကျွန်တော့်ကို ချစ်တယ်လို့ ပြောပါ"

"ရှင်"

"ဟုတ်တယ် မျိုး၊ မလှုပ်နိုင်အောင် ချည်နှောင်ခံထားရတဲ့ ဘဝကို ရင်ဆိုင်နိုင်ဖို့ ခွန်အားတစ်ခုတော့ လိုတာပေါ့၊ အဲဒီခွန်အားကတော့ မျိုးဆီက ချစ်တယ်ဆိုတဲ့ စကားပဲ၊ အဲဒီစကားကို ကျွန်တော် ကြားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ နှုတ်ဆိတ် ငြိမ်သက်သွားသူကတော့ သူမ ဖြစ်လေသည်။

❖ ❖ ❖

တင်ကြိုရည်ရွယ်မထားဘဲ သူမထံမှ 'ချစ်တယ်' ဟူသော စကားကို တောင်းဆိုခဲ့မိခြင်းအတွက် ကိုယ့်ကိုယ့်ကို ကျေနပ်ရမည်လား၊ ဒေါသဖြစ်ရမည်လား ဝေခွဲမရခဲ့။

ထို့အပြင် သူ၏တောင်းဆိုမှုက လက်နက်ချခါနီး လူတစ်ယောက်၏ သွေးရူးသွေးတန်း တောင်းဆိုမှုမျိုးနှင့် တူနေမလားဟု ဇဝေဇဝါ ဖြစ်နေမိပြန်သည်။

စိုးတင့်ကတော့ သူ၏တောင်းဆိုမှုနှင့် ပတ်သက်၍...

"ဘာပဲဖြစ်ဖြစ် ဒါဟာ စွန့်စားမှုတစ်မျိုးပဲ၊ ကိုယ်ဖော့နေရာကနေ လက်ပစ်ကူးလိုက်တာပဲ" ဟု မှတ်ချက်ချ၏။

"ငါကတော့ စွန့်စားမှုလို့ မထင်ဘူး၊ ဒါဟာ အကျပ်ကိုင်တာပဲ၊ မျိုးရင်ထဲမှာ ဘာရှိနေသလဲဆိုတာ သိလျက်နဲ့ ခုလိုမေးလိုက်တာဟာ မျိုးအပေါ် တမင် အကျပ်ကိုင်လိုက်တာပဲ"

စိုးတင့်နှင့် ခင်မောင်၏ ထင်မြင်ချက်က တစ်ယောက်တစ်မျိုးစီ ဖြစ်၏။





"နေပါဦး...မင်း အဲလိုပြောလိုက်တော့ မျိုးက ဘယ်လိုပြန်ပြောသလဲ"

နောက်ဆုံးမှ အရေးကြီးသောအချက်ကို သတိရသွားဟန်ဖြင့် စိုးတင့် အလောတကြီးမေးသည်။ မျိုးပြောသော စကားတို့ကို ပြန်ပြောပြလိုက်သည်။

မျိုး၏ ပထမဦးဆုံး တုံ့ပြန်မှုကတော့ သူ၏ အကြောင်းပြချက်ကို လက်မခံခြင်းပဲ ဖြစ်သည်။

"မျိုးတော့ ဒါဟာ ဘဝကိုရင်ဆိုင်ဖို့ သတ္တိခွန်အားလို့ မထင်ဘူး ကိုအောင်၊ ဖြစ်ချင်းဖြစ် ကိုယ့်ဘဝကို တစ်သက်လုံး မကျေမနပ် ဖြစ်နေရမယ့်စကား၊ နှစ်ယောက်စလုံးအတွက် အကျိုးမဲ့တဲ့စကားလို့ပဲ ထင်တယ်"

"ကျွန်တော့်အတွက်တော့ အဲဒီစကားဟာ အမှန်တကယ်ကို လိုအပ်တယ် မျိုး၊ လိပ်ခဲတည်းလည်း ဖြစ်နေရတာထက်စာရင် အရှုံးအနိုင်ကို သဲသဲကွဲကွဲ သိလိုက်ရတာက ဖြေသိမ့်ဖို့အတွက် ပိုပြီးလွယ်ကူတယ်"

"ကိုအောင် အဲဒီအတိုင်း တကယ်ပဲ ယုံကြည်သလား"

သူ ခေါင်းညိတ်ပြလိုက်တော့ မျိုး အတန်ကြာ ဆွေးဆွေးငိုင်နေပြီးမှ 'ကောင်းပြီလေဘဝကိုရင်ဆိုင်ဖို့ တကယ်လိုအပ်တဲ့စကားဟုတ်မဟုတ် မျိုး ဒီညစဉ်းစားမယ်၊ ဟုတ်တယ်ဆိုရင် ကိုအောင် ကြားချင်တဲ့စကားကို မျိုး ပြောပါ့မယ်' ဟု ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မနက်ဖြန် မျိုးဆီကအဖြေကို မင်း သိရမှာပေါ့"

သူ ခေါင်းယမ်းလိုက်တော့ ဘာဖြစ်လို့လဲဟု စိုးတင့် မေးသည်။

"မနက်ဖြန် စနေနေ့လေ၊ ကျောင်းပိတ်တယ်၊ တနင်္လာနေ့မှ သူနဲ့ငါ တွေ့မှာ"

"ဒါဆို နှစ်ရက်ကြီးများတောင် ကြိတ်မှိတ်ပြီး စောင့်ရဦးမှာပဲ"

သို့သော် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်နှစ်ရက်ကို ကျော်ဖြတ်ရန် သူ သိပ်တော့ ပင်ပန်းတကြီး အားစိုက်မထုတ်ခဲ့ရ။

ကဗျာရေးရင်း၊ ဂစ်တာတီးရင်း၊ မျိုးသဒ္ဒါအား လွမ်းဆွတ်သတိရရင်းနှင့်ပင် ကျော်ဖြတ်နိုင်ခဲ့သည်။

ထိုနှစ်ရက်အတွင်း အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်ရတာတစ်ခုက မေသက်ခိုင်အား ကားတစ်စီးဖြင့် သူမသွားချင်ရာကို လိုက်ပို့ပေးရခြင်း ဖြစ်သည်။

ထို့ပြင် သူမပြောသမျှ စကားများကိုလည်း နားထောင်ပေးရသေး၏။ သို့သော် ကံကောင်းထောက်မစွာ သူမပြောသော စကားများ၌ မျိုးသဒ္ဒါနှင့်ပတ်သက်သည့် အကြောင်းအရာများ မပါဝင်ဘဲ သူမမိသားစု၏ အကြောင်းများသာ ဖြစ်နေခဲ့သည်။

ဥပမာ သူမဖခင် ဦးကျော်ခိုင် နိုင်ငံခြားသွားရမည်ဟူသော အကြောင်းမျိုး ဖြစ်သည်။ ပြည်ပကုမ္ပဏီတစ်ခုနှင့် ဖက်စပ်လုပ်ကိုင် နေသော ဦးကျော်ခိုင် နိုင်ငံခြားသွားခြင်းမှာ





သိပ်တော့ မထူးဆန်းလှပါ။

သို့သော် သည်တစ်ခေါက် နိုင်ငံခြား၌ အတော်ကြာကြာ နေမည်ဟု သိရသည်။

"ဟိုမှာ အကြာကြီးနေပြီး ဘာလုပ်မှာလဲ"

"မသိပါဘူး၊ ရှုံးထိုင်ရမယ်ဆိုလား၊ ဟိုနိုင်ငံဒီနိုင်ငံသွားပြီး လေ့လာရမယ်ဆိုလားပဲ၊ ဖေဖေကတောင် ပြောနေသေးတယ်၊ သူသွားရင် နင့်ကို ကုမ္ပဏီမှာ ရာထူးတစ်ခုပေးပြီး အလုပ်လုပ်ခိုင်းမယ်တဲ့"

"ငါက ကျောင်းတစ်ဖက်နဲ့ ဘယ်လိုလုပ်နိုင်မှာလဲ"

"ရုံးမှာ အချိန်ပြည့်ထိုင်ရမှာမျိုး မဟုတ်လို့ပေါ့၊ ဘယ်လိုခေါ်မလဲ၊ စာရင်းဇယားတွေ ကိုင်ရတာမျိုး ဖြစ်မှာပေါ့၊ ဖေဖေသွားဖို့ကလဲ လိုပါသေးတယ်၊ နှစ်လသုံးလလောက် ကြာဦးမှာပါ"

"အန်ကယ်က ဟိုမှာ ဘယ်လောက်ကြာအောင် နေမှာလဲ"

"တစ်နှစ်"

ထိုကဲ့သို့သောစကားမျိုးကို နားထောင်ပေးရခြင်းနှင့် မေသက်ခိုင် သွားလိုရာ ဈေးနှင့်စတိုးဆိုင်များကို လိုက်လံပို့ဆောင်ပေးရခြင်းမှအပ စနေတနင်္ဂနွေနှစ်ရက်သည် သိပ်တော့ပြဿနာမရှိခဲ့။

သူ့အတွက် အမှန်တကယ် မွန်းကြပ်ပူလောင်ရသည်က ကျောင်းပြန်ဖွင့်သည့် တနင်္လာနေ့မှသာ ဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၇)

အင်းစိန်ဂျိုတီအိုင်၏ ကင်တင်းသည် အခြားကျောင်းများလို ကျောင်းဝင်းအတွင်း၌ မဟုတ်ဘဲ ကျောင်းရှေ့ စည်းရိုးအစပ်၌ ဖြစ်သဖြင့် ကိုယ့်ထက်နောက်ကျ၍ ကျောင်းသို့ရောက်ရှိလာမည့် တစ်စုံတစ်ယောက်အား စောင့်ရန် အလွန်အဆင်ပြေသောနေရာ ဖြစ်သည်။

သူက အမြဲတမ်း မျိုးထက်စော၍ ကျောင်းသို့ ရောက်တတ်သူ ဖြစ်သဖြင့် မျိုးအလာကို ကင်တင်းမှ စောင့်ဆိုင်းရမြဲ ဖြစ်သည်။

တနင်္လာနေ့မနက်မှာတော့ ခါတိုင်းနေ့များထက် ပိုမိုစောစီးစွာ ကင်တင်းသို့ သူ ရောက်ရှိနေခဲ့သည်။





ကျဲတောက်တောက် လက်ဖက်ရည်တစ်ခွက်၊ နွားတံဆိပ်ဆေးပေါ့လိပ်တစ်လိပ်နှင့်အတူ မျိုး ရောက်အလာကို ရင်ခုန်စွာစောင့်ဆိုင်းနေဆဲမှာပင် သူ မျှော်လင့်မထားသော တစ်စုံတစ်ယောက်က သူရှိရာဝိုင်းသို့ ရောက်ရှိ၍လာသည်။

"ကိုယ် ထိုင်မယ်နော်"

ကျောင်းချိန် စောသေးသဖြင့် စားပွဲဝိုင်း အလွတ်များစွာရှိပါလျက် သူရှိရာဝိုင်းကိုမှ ဦးတည်လျှောက်လှမ်းလာပြီး ထိုင်ခွင့်တောင်းခြင်းမှာ မတော်တဆ ကိစ္စမျိုးတော့ မဖြစ်နိုင်ပါ။

သိဟောင်းကျွမ်းဟောင်းထဲကများလားဟု ဇဝေဇဝါ ဖြစ်ရင်း ထိုင်ပါဟု ပြန်ပြောလိုက်ချိန်၌ ၎င်းက သူ့ရှေ့တည့်တည့်ခုံ၌ဝင်ထိုင်ပြီး ဖြစ်နေလေသည်။

"မောင်အောင်ထက်နော်"

သေချာတယ်။ ဒါဟာ မတော်တဆကိစ္စတစ်ခု ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ၎င်း၏မေးခွန်းကို သူ ခေါင်းညိတ်အဖြေပေးလိုက်သည်။

"ကိုယ် ညီလေးနဲ့ စကားနည်းနည်း ပြောချင်လို့"

ငါးသုံးလုံးတစ်လိပ်ကို ထုတ်၍ နှုတ်ခမ်း၌ တပ်လိုက်ပြီး စီးကရက်ဘူးကို သူ့ရှေ့သို့တိုးပေးရင်း စကားစသည်။ အနည်းငယ် မေးစင်းသော်လည်း အတော်အသင့် ရုပ်ရည်ချောသည့် ၎င်း၏မျက်လုံးကို အကဲခတ်သလို ပြန်ကြည့်ရင်း သူ ခပ်ကြောင်ကြောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက..."

"ကိုယ့်နာမည် ကိုကိုကြီးပါ"

ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ချည်း မှောင်အတိကျသွားသလို ခံစားလိုက်ရသည်။

ကိုကိုကြီး...။ နှောင်တစ်ချိန်၌ သူ၏ချစ်လှစွာသော မျိုးသဒ္ဒါအား လက်ထပ်သိမ်းပိုက်မည့်သူ။ တစ်နည်းအားဖြင့် မျိုးအား နှောင်ကြိုးအထပ်ထပ်နှင့် ရစ်ပတ်ထားခဲ့သူ...။

သူ၏မျက်နှာပေါ်မှ အပြောင်းအလဲများအား ၎င်းက မရိပ်မိသည့်ပမာ စကားဆက်သည်။

"ကိုယ်က မိမျိုး...အဲ...မျိုးသဒ္ဒါရဲ့အစ်ကိုပါ၊ ကိုယ့်နာမည်ကို ညီလေး ကြားဖူးချင်မှ ကြားဖူးမယ်"

သူ နှုတ်ဆိတ်နေ၍ မဖြစ်တော့သဖြင့် ၎င်း၏စကားကို တုံ့ပြန်လိုက်သည်။

"ကျွန်တော် ကြားဖူးပါတယ်၊ ပြီးတော့ မျိုးနဲ့ အစ်ကို့အကြောင်းကိုလဲ မျိုးပြောပြထားလို့ ကျွန်တော် အကုန်လုံးသိထားပါတယ်"

"ဒါဆို ကိုယ်တို့ ဆက်ဆွေးနွေးဖို့ ပိုပြီးအဆင်ပြေသွားတာပေါ့"

စကားကိုရပ်ရင်း ကိုကိုကြီး စီးကရက်ကို မီးညှို၍ တစ်ချက် ဖွာရှိုက်ပြီးမှ...

"ကိုယ်...ညီလေးနဲ့မိမျိုးရဲ့ အနေအထားကို သိချင်တယ်၊





ကိုယ့်ကို ဘာမှ အားနာစရာမလိုဘူး၊ ပွင့်ပွင့်လင်းလင်းသာ ဖြေပါ"

မျိုးနဲ့ သူ့ရဲ့အနေအထား။ သူကိုယ်တိုင်ပင် အဖြေရှာမရခဲ့သော မေးခွန်းအား ကိုကိုကြီးက မေးမြန်းလာခဲ့ခြင်း ဖြစ်သည်။

သူ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ 'ကျွန်တော်တို့ သူငယ်ချင်းတွေပါ' ဟု အဖြေပေးလိုက်တော့ ကိုကိုကြီး ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်၏။

၎င်း၏အမူအရာက သူငယ်ချင်းတွေပါဟူသော သူ၏ အဖြေစကားကို တင်ကြိုမျှော်လင့်ထားခဲ့သည့် အမူအရာမျိုး ဖြစ်သည်။

"မိမျိုးလဲ အဲဒီလိုပဲပြောတယ်၊ ကိုယ် ညီလေးကိုရော မိမျိုးကိုပါ ယုံတယ်၊ ဒါပေမယ့် ခက်နေတာက ကိုယ် ယုံပေမယ့် မိမျိုးရဲ့အမေ မယုံဘူး"

ကိုကိုကြီး၏စကားက သူ့အား ရှိုးသားစွာ အသိပေးလာသည်လား။ သွယ်ဝိုက်စွာ ခြိမ်းခြောက်လိုက်သည်လား။ ဝေခွဲမရ။

သာမန်အားဖြင့် သူနှင့်မျိုးအပေါ် ကိုကိုကြီး၏ ယုံမှုမယုံမှုကသာ အဓိကကျသော်လည်း ကိုကိုကြီးက မျိုးအမေ၏ မယုံကြည်မှုကို ရှေ့တန်းတင်လာခဲ့သည်။

"အဲဒီတော့ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ အစ်ကို့အနေနဲ့ ဘယ်လို ဖြစ်စေချင်သလဲ"

သူ၏မေးခွန်းက ပွင့်လင်းရာ ကျလွန်းသော်လည်း ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ အဖြေကတော့ ဝေ့လည်လည် နိုင်လွန်းလှသည်။

"ကိုယ့်ရဲ့ဆန္ဒက အရေးမကြီးပါဘူး၊ ဆိုလိုတာက ညီလေးနဲ့ မိမျိုးကိစ္စမှာ ကိုယ် ဘာမှဝင်မပါချင်ဘူး၊ ဒါပေမယ့် မိမျိုးအမေ ဒေါ်လေးကတော့..."

ဆက်ပြောရမှာ အားနာသွားသည်လား၊ သို့မဟုတ် မျိုးအမေအား ၎င်း၏စကားအတွင်း ဒုတိယအကြိမ်မြောက် ထည့်သွင်းမိခြင်းအတွက် ၎င်းဖာသာ စိတ်မလုံဖြစ်သွားသည်လား မပြောတတ်။ ကိုကိုကြီး၏စကား တုံ့ဆိုင်းပြတ်တောက်သွား၏။

ဆက်ပြောပါဟု သူ စကားထောက်ပေးလိုက်တော့မှ မျိုးအမေ၏ဆန္ဒဟု ခေါင်းစဉ်တပ်ထားသော ၎င်း၏စကားအား ဆက်သည်။

"ဒေါ်လေးက မိမျိုးနဲ့ မောင်အောင်ထက်ကို ကင်းကင်းရှင်းရှင်း ရှိစေချင်တယ်၊ အဲဒီလိုမှမဟုတ်ရင် မိမျိုးကို ကျောင်းထုတ်ပြီး နယ်ပြန်ခေါ်လိမ့်မယ်"

ကျောင်းထုတ်မည်ဟူသော စကားကြောင့် သူ ငြိမ်သက်သွားမိသည်။ သူ့ကြောင့်တော့ မျိုးသဒ္ဒါ ကျောင်းထုတ်ခံရမည့် အဖြစ်မျိုး မဖြစ်စေချင်ပါ။

ထိုအတူ နေ့စဉ်တွေ့မြင်နေကျ မျိုးနှင့်သူ ကင်းကင်းရှင်းရှင်း နေဖို့ကိစ္စကလည်း မလွယ်ကူလှ။

နှစ်ယောက်စလုံး၏ရင်ထဲမှ သံယောဇဉ်ဟူသောအရာအား မေ့ပစ်ရန် သူ့အတွက်ရော မျိုးအတွက်ပါ အလွန်ပင်ပန်း





ခက်ခဲပါလိမ့်မည်။

"တကယ်လို့ ကျွန်တော့်ဘက်က နောက်ဆုတ်မယ်၊ ကင်းကင်းရှင်းရှင်း နေမယ်ဆိုရင်ကော..."

"အဲဒါဆိုရင်တော့ ဒီတစ်နှစ် ကျောင်းပြီးတဲ့အထိ ဆက်ထားမှာပေါ့၊ တစ်ခုတော့ရှိတယ်၊ ကင်းကင်းရှင်းရှင်းနေတယ်ဆိုတဲ့ နေရာမှာ လမ်းတွေ့ရင်တောင် နှုတ်မဆက်ဘဲ သူငယ်ချင်းအနေနဲ့ မဆက်ဆံဘဲ နေရမှာ၊ အဲဒီတော့ မောင်အောင်ထက် သေသေချာချာ စဉ်းစားပါ၊ မျိုးနဲ့လည်း တိုင်ပင်ဦးပေါ့၊ ကိုယ် နောက်သုံးလေးရက်လောက်အထိ ရန်ကုန်မှာ ရှိနေဦးမှာပါ"

'မျိုးနဲ့လည်း တိုင်ပင်ဦးပေါ့' ဟူသည့် စကားက သူနှင့်မျိုး နှစ်ယောက်စလုံး၏ကတိကို လိမ္မာပါးနပ်စွာ တောင်းဆိုလိုက်ခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။

စိတ်ကျဉ်းကြပ်မှုဖြင့် မည်မျှကြာအောင် သူ ငေးငိုင်မိသည် မသိ။

ကိုကိုကြီး ထိုင်နေရာမှ ထရပ်၍ 'ကိုယ် ညီလေးဆီ နောက်တစ်ခေါက် ထပ်လာခဲ့ဦးမယ်' ဟု နှုတ်ဆက်တော့မှ သူခေါင်းညိတ်ရင်း 'ကျွန်တော် စဉ်းစားထားပါ့မယ်' ဟု ချောင်ပိတ်မိနေသူ တစ်ယောက်၏ လေသံမျိုးဖြင့် တုံ့ပြန်လိုက်သည်။

ထိုနေ့အဖို့ သူ့အတွက် စိတ်ပင်ပန်းရမှုတို့က ထိုမျှနှင့် မရပ်ခဲ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ မျိုး"

သူ့စကားဆုံးချိန်အထိ မျိုးက စိတ်လှုပ်ရှားမှုမဲ့စွာ နှုတ်ဆိတ်နေဆဲ ဖြစ်သည်။

သူမ၏ သွေးအေးတည်ငြိမ်နေမှုကို ကြည့်ရင်း သူ့ရင်ထဲမှ ပူလောင်ခြင်းတို့က ပိုမိုဆူဝေ၍လာသည်။

"ကျွန်တော် ဘာလုပ်ရမလဲ မျိုး"

"ကိုအောင် ဘာလုပ်ချင်သလဲ"

"ကျွန်တော့်ဆန္ဒကတော့ ခွန့်စားချင်တယ်၊ ပတ်ဝန်းကျင်တစ်ခုလုံးကို ဂရုမစိုက်ဘဲ ခွန့်စားပစ်လိုက်ချင်တယ်"

သူ့စကားအဆုံး သူမ သက်ပြင်းသဲ့သဲ့ ရှိုက်၏။

"ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ နေလို့ရပေမယ့် မိသားစုဆိုတာကိုတော့ လစ်လျူရှုလို့မရဘူး ကိုအောင်"

"ကျေးဇူးပြုပြီး အဲဒီ မိသားစုဆိုတဲ့စကားကို ခဏခဏ မသုံးပါနဲ့ မျိုး၊ ခုချိန်မှာ ခံစားနေရတာက မျိုးနဲ့ ကျွန်တော်ရဲ့ မိသားစု မဟုတ်ဘူး၊ ကျွန်တော်တို့ နှစ်ယောက်ပါ၊ ဘာလဲ မျိုးက ကိုယ် မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီး တစ်သက်လုံး စိတ်ဆင်းရဲနေရမယ့်ဒုက္ခကို ရင်ဆိုင်ရဲတဲ့သတ္တိ ရှိလို့လား"

သူ့မေးခွန်းက သူမ၏ တည်ငြိမ်နေမှုအား ပထမဆုံး အကြိမ်အဖြစ် ယိမ်းယိုင်သွားစေသည်။

သူမ အတန်ကြာအောင် နှုတ်ဆိတ်သွားပြီးမှ ခေါင်းကို





ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"မရှိပါဘူး၊ အဲလိုသတ္တိမျိုး မရှိသလို ကိုယ်တစ်ယောက်တည်း စိတ်ချမ်းသာပြီး ကိုယ့်မိသားစုတစ်ခုလုံး စိတ်ဆင်းရဲနေရမယ့် ကိစ္စမျိုးကို လုပ်ရဲတဲ့သတ္တိလည်း မျိုးမှာ မရှိဘူး၊ မျိုးမှာ မရှိသလို ကိုအောင့်မှာလည်း မရှိသင့်ဘူး"

"မျိုး ကျွန်တော့်ကို တရားချနေတာလား"

"ဟင့်အင်း...ဖြစ်သင့်တာကို သုံးသပ်ပြနေတာပါ"

"ဒါပေမယ့် မျိုး..."

"ကိုအောင်နဲ့ မျိုး အပေးအယူတစ်ခု လုပ်ထားတယ်နော်"

ရုတ်တရက် ဖြတ်ပြောလိုက်သော သူမ၏စကားကြောင့် သူ လှည့်ကြည့်လိုက်တော့ ခေါင်းငုံ့လျက် လွယ်အိတ်ကြိုးကို လုံးခြေနေရာမှ သူမ ခပ်တိုးတိုး ဆက်ပြောသည်။

"ကိုအောင် ကြားချင်တဲ့စကားကို မျိုးပြောရင် လက်ရှိဘဝကို ကိုအောင် ရင်ဆိုင်ရဲတယ်ဆိုတာလေ"

သူပြောခဲ့ဖူးသော စကားဖြင့် သူ့အား မလှုပ်နိုင်အောင် နားညှပ်ညင်သာစွာ သူမ ချည်နှောင်လိုက်ခြင်းပဲ ဖြစ်သည်။

သူ တစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပင် တိုးညင်းသော်လည်း သူ့ရင်ကို လှုပ်ခါသွားစေရန် လုံလောက်သော စကားသံက သူမ၏နှုတ်ဖျားမှ ထွက်ပေါ်၍လာသည်။

သူမ၏စကားအဆုံး ကြမ်းရှနာကျင်သော ကြည့်[illegible] သူ့တစ်ကိုယ်လုံးကို လောင်မြိုက်သွားစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြစည်းရိုးတံခါးကို တွန်းဖွင့်လျက် သူ ထိုင်နေရာ ပိတောက်ပင်အောက် ခုံတန်းဆီသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာသည့် ခြေသံအရ လှည့်ကြည့်စရာမလိုဘဲ မေသက်ခိုင်ဖြစ်ကြောင်း သူသိလိုက်သည်။

ခေါင်းလျှော်ပြီးစ သင်းပျံ့နေသော ရှန်ပူရနံ့နှင့်အတူ သူ့ဘေးနား ခုံအစွန်း၌ ဝင်ထိုင်လာချိန်အထိ သူမအား သူ လှည့်မကြည့်မိသလို နှုတ်ဆက်စကားလည်း မဆိုဖြစ်။

"အောင် နင် ဘာဖြစ်နေတာလဲ"

သူ၏နှုတ်ဆိတ်နေမှုကို ရိပ်မိဟန် သူ့မျက်နှာအား အကဲခတ်သလို ကြည့်ရင်း သူမ မေးသည်။

"ဘာလဲ ဦးလေးက နင့်ကို ဆူထားလို့လား"

အဖြေမပေးဘဲ ဆေးပေါ့လိပ်ကိုသာ ခပ်ကြမ်းကြမ်း ဖွာရှိုက်နေသော သူ့အား သူမ စိတ်မရှည်သလို ကြည့်သည်။

"ဟဲ့...ငါ မေးနေတယ်လေ၊ နင် ဘာဖြစ်နေတာလဲ"

"ငါ စိတ်ညစ်နေတယ် မေသက်"

"အဲဒါတော့ နင်ပြောစရာ မလိုဘူး၊ နင့်မျက်နှာကို မြင်ကတည်းက သိတယ်၊ ဘာဖြစ်လို့ စိတ်ညစ်တာလဲလို့ မေးတာ"

ဆေးပေါ့လိပ်တိုကို တစ်ချက်ဖွာရှိုက်ပြီး လက်ညှိုးနှင့်တောက်ကာ လွှင့်ပစ်၍ ထိုင်ရာမှ ထရပ်လိုက်သည်။

"လောလောဆယ် ငါ့ကို ဘာကြောင့် စိတ်ညစ်တာလဲ





ဆိုတဲ့ မေးခွန်းမျိုးတွေ မမေးနဲ့ မေသက်၊ ငါ မဖြေချင်ဘူး စိတ်ညစ်ရင် ဘာလုပ်သင့်သလဲဆိုတာမျိုး အကြံပေးတတ်ရင်မေး၊ မပေးတတ်ရင်လဲ ပိုက်ဆံနှစ်ရာလောက် ခဏချေး"

"နင် ဘာလုပ်မလို့လဲ"

"ငါ ဘီယာသွားသောက်မလို့"

သူ့စကားကြောင့် သူမ သူ့ကို တအံ့တဩ မော့ကြည့်သည်။

"နင် ရူးနေသလား၊ ဘီယာသောက်တော့ နင့်စိတ်ညစ်တာက ပျောက်သွားမှာတဲ့လား၊ နောက်ပြီး ဦးလေးသိရင်လဲ နင် ဆူခံထိ ဦးမယ်၊ နင် အဆူခံရဲတယ်ပဲထား၊ ဒေါ်လေးက ကောင်းကောင်း နေကောင်းတာ မဟုတ်ဘူး၊ ဒေါ်လေး စိတ်ဆင်းရဲအောင်တော့ နင် မလုပ်သင့်ဘူး"

သူမ၏စကားက မျိုးသဒ္ဒါကြောင့် တငွေ့ငွေ့ လောင်မြိုက်နေခဲ့ရသော ခံစားမှုတို့အား ဆူဝေပေါက်ကွဲသွားစေတော့သည်။

"ဒီနေ့တစ်နေ့လုံး တရားဟောဆရာမတွေနဲ့ချည်းပဲ ကြုံနေရပါလား၊ ဆုံးမဩဝါဒပေးတာမျိုးကို ဝါသနာပါရင် စာရေးဆရာမဖြစ်ဖြစ် ကျောင်းဆရာမဖြစ်ဖြစ် လုပ်စား မေသက်၊ ငါ့ကို လာပြီး တရားချမနေနဲ့၊ နင်ပြောသလို အမေစိတ်ဆင်းရဲမှာစိုးလို့ တခြားလူတွေ မိတ်ဆင်းရဲမှာစိုးလို့ ငါ ချုပ်ထိန်းခဲ့ရတာတွေ ထောက်ထားခဲ့ရတာတွေ များပြီ၊ ဒီတစ်ခါတော့ ငါလုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါရစေ။ အမေ မေးရင် နင် ကြည့်ကောင်းသလို ဖြေထားလိုက်၊ ငါသွားမယ်”

စိတ်တိုတောင်းစွာဖြင့် သူမရှေ့မှ သူ လှည့်ထွက်လာခဲ့သည်။ ခြေလှမ်းဆယ်လှမ်းလောက် မပြည့်ခင်မှာပင် နောက်မှ ပြေးလိုက်လာသော ခြေသံနှင့်အတူ သူမ သူ့နားသို့ အမောတကော ရောက်ရှိလာသည်။

“အောင် နင် တကယ် ဘီယာ သွားသောက်မလို့လား”

“ငါ နင့်ကို ဘယ်နှစ်ခါ ပြောရမလဲ”

သူ ခပ်ဆတ်ဆတ် တုံ့ပြန်လိုက်တော့ သူမ အောက်နှုတ်ခမ်း ဖိကိုက်လျက် စဉ်းစားဟန်ပြုပြီး ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်၏။

“ကောင်းပြီလေ၊ ဒါဖြင့်လဲ ငါပါလိုက်မယ်”

“နင်က ဘာလိုက်လုပ်မှာလဲ”

သူ၏အင်္ကျီအိတ်ကပ်ဆီသို့ သူမ မေးတစ်ချက် ဆတ်ပြလျက်...

“နင့်အိတ်ထဲမှာ ဘီယာ သောက်နိုင်လောက်အောင် ပိုက်ဆံမပါဘူးလေ၊ အဲဒီတော့ နင့်ဘီယာဖိုးတွေ ရှင်းပေးဖို့ လူတစ်ယောက် လိုတယ်၊ နောက်ပြီး နင် ဘီယာမူးလာရင် နင့်ခံစားချက်တွေကို ရင်ဖွင့်ချင်လာလိမ့်မယ်၊ အဲဒီအတွက်လဲ နင်ပြောသမျှကို နားထောင်ပေးဖို့ လူတစ်ယောက် လိုတယ်၊ အဲဒီကိစ္စတွေအတွက် ငါလိုက်ရမှာပေါ့”





သူမ၏စကားက သူ့ရင်အစုံကို လှပ်ခနဲ ဖြစ်သွားစေလျက် ဘီယာ၌ ယစ်မူးလိုစိတ်တို့ကိုပါ ကွယ်ပျောက်သွားစေသည်။

“မေသက်”

သူ့ခေါ်သံကြောင့် သူမ ဖျတ်ခနဲ မျက်လုံးဝင့်၍ကြည့်၏။

“နင် ငါ့အပေါ် ဘာဖြစ်လို့ ဒီလောက်တောင် ကောင်းနေရတာလဲ”

သူ့မေးခွန်းကြောင့် ပျက်ယွင်းသွားသော မျက်နှာအား ဖုံးကွယ်ရန် သူမ လျင်မြန်စွာ ခေါင်းကိုငုံ့လိုက်ပြီးမှ သက်ပြင်း တစ်ချက်ရှိုက်လျက် ခပ်ညည်းညည်း ဖြေသည်။

“ငါလဲ မပြောတတ်တော့ပါဘူးဟာ”

အနည်းငယ် တုန်ခါနေသော သူမ၏စကားသံအဆုံး သူ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ထိုနေ့က ဘီယာဆိုင်သို့ သူ မသွားဖြစ်တော့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဘီယာသောက်ရန် စိတ်ကူးတို့ကို သူ ဖြေဖျောက်နိုင်ခဲ့သော်လည်း မျိုးသဒ္ဒါနှင့်ပတ်သက်သည့် ပူလောင်မှုတို့ကိုတော့ ဝမ်းနည်းဖွယ် ကောင်းစွာ သူ မဖြေသိမ့်နိုင်ခဲ့။ နားထဲ၌ 'မျိုးကိုအောင့်ကို ချစ်တယ်၊ ဒါပေမယ့် ကိုကိုကြီးကိုပဲ မျိုး လက်ထပ်ရလိမ့်မယ်' ဟူသော စကားကိုသာ အဖန်တလဲလဲ ရစ်ဝဲကြားယောင်နေမိသည်။

ဘယ်လောက်များ အံ့ဩစရာ ကောင်းလိုက်ပါသလဲ။

မျိုးထံမှ ချစ်တယ်ဟူသော ဝန်ခံစကားသည် သူ လွမ်းမင်းစွာ ကြားချင်နေခဲ့သည့် စကားဖြစ်သော်လည်း တကယ့်တကယ်ကြားရသောအချိန်၌ ထိုစကားကပင် သူ့ရင်ကို တစ်စစီ ကြေမွစေခဲ့သလို သူ၏ အိပ်မက်မှန်သမျှကိုလည်း ပျက်သုဉ်းသွားစေခဲ့၏။

ပိုဆိုးသည်မှာ ကိုကိုကြီး သူ့ထံသို့ ဒုတိယအကြိမ်မြောက် ထပ်မံရောက်ရှိလာမည့်အချိန်၌ 'ကျွန်တော် နောက်ဆုတ်ပေးပါ့မယ်' ဟူသော စကားအား သူ စိတ်မပါဘဲ ပြောရမည့်ကိစ္စဖြစ်သည်။ ထို့ပြင် ထိုကတိစကားအတိုင်း တည်ရန် မျိုးနှင့် ကင်းဝေးစွာ နေပေးရပါလိမ့်မည်။

ခါတိုင်းကဲ့သို့ မနက်ပိုင်း ကျောင်းသို့ နောက်ကျရောက်ရှိလာမည့် မျိုးအား သူ ကြိုဆိုခွင့်မရနိုင်တော့သလို နေ့လယ်ထမင်းစားချိန်များ၌ မျိုး၏ သုံးဆင့်ထမင်းချိုင့်ငယ်လေးဖြင့် နှစ်ယောက်အတူ ထမင်းလက်ဆုံစားခွင့်ကိုလည်း လက်လွှတ်ဆုံးရှုံးမည် ဖြစ်သည်။





ကျောင်းဆင်းလျှင် ယခင်ကလို အင်းစိန်–ဒညင်းကုန်းကားကို နှစ်ယောက်အတူစီး၍ ကားခ လုပေးကြသည့်အဖြစ်မျိုးကိုလည်း ကြုံတွေ့နိုင်တော့မည် မဟုတ်ပါ။

စိတ်ကူးရုံမျှနှင့်ပင် နာကျင်ကြေကွဲဖွယ်ကောင်းလှသော ထိုအဖြစ်အပျက်အားလုံး အမှန်တကယ်ကို ဖြစ်ပျက်လာပါလိမ့်မည်။

အရာရာသည် မျှော်လင့်ချက် ပျက်သုဉ်းစွာ ပြီးဆုံးသွားပြီဖြစ်ကြောင်း လက်ခံနိုင်ရန် ကြိုးစားရသည်မှာ သူ့အတွက် ပင်ပန်းဖွယ် ကောင်းလှသည်။

စိတ်အပင်ပန်းရဆုံးကတော့ နောက်တစ်နေ့မနက် ကျောင်းသို့ ရောက်ရှိချိန် ဖြစ်သည်။ ဆံပင်ရှည်ရှည်များ ယိမ်းနွဲ့လျက် လက်တစ်ဖက်က သုံးဆင့်ထမင်းချိုင့်လေးကိုကိုင်ပြီး နီညိုရောင် မွေးပွလွယ်အိတ်ကို လွယ်ကာ အင်းစိန်–ဒညင်းကုန်းကားပေါ်မှ ဆင်းလာမည့် သူမအား ကင်တင်း၌ထိုင်၍ စောင့်ဆိုင်းချင်စိတ်ကို အပြင်းအထန် ချိုးနှိမ်ရ၏။

သူမနှင့်ပတ်သက်၍ နေ့စဉ်ပြုနေကျ ကိစ္စများစွာအနက် ထိုကိစ္စတစ်ခုတည်းကို မပြုဖြစ်အောင် ထိန်းချုပ်ရခြင်းကပင်လျှင် သူ့အတွက် ပင်ပန်းလှပါသည်။

နောက်ဆုံးတော့ ထိုနေ့အတွက် ကျောင်းတက်ရန်စိတ်ကူးကို လက်လျှော့လိုက်ပြီး အိမ်သို့သာ လှည့်ပြန်လာခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၄)

"မင်းသတင်းက သေချာရဲ့လား"

သူ့မေးခွန်းအား ရေရွေးကြမ်းငှဲ့နေရာမှ ခင်မောင် ခေါင်းညိတ် တုံ့ပြန်သည်။

အင်္ဂါနေ့မှစ၍ သုံးရက်လုံးလုံး ကျောင်းမတက်ဘဲ နေခဲ့သော သူ့ထံသို့ ကြာသပတေးနေ့ ညနေ၌ ခင်မောင် ရောက်ရှိလာပြီး လက်ဖက်ရည်သောက်ရန် အကြောင်းပြ၍ အိမ်ထဲမှ ခေါ်ထုတ်ခဲ့သည့် ခင်မောင်၌ ပြောစရာတစ်ခုခု ရှိလိမ့်မည်ဟု သူတွေးမိသော်လည်း ဘာဖြစ်မည်ဆိုသည်ကိုတော့ စဉ်းစားမရခဲ့။

ထိုင်နေကျ လက်ဖက်ရည်ဆိုင်သို့ ရောက်မှ ခင်မောင် စကားစသည်။





မျိုး ကျောင်းမတက်တာ သုံးရက်ရှိပြီတဲ့။

ယင်းသို့ဆိုပါက သူ ကျောင်းဝမှ လှည့်ပြန်ခဲ့သောနေ့မှစ၍ မျိုးလည်း သူ့နည်းတူ ကျောင်းပျက်ခဲ့ခြင်း ဖြစ်ပေမည်။

"နေမကောင်းလို့များလား"

သူ့ထင်မြင်ချက်ကို ခင်မောင်က ခေါင်းယမ်းသည်။

"မဟုတ်ဘူး၊ နယ်ပြန်သွားတာ"

"မင်း ဘယ်လိုလုပ် သိသလဲ"

"သူ့အတန်းထဲက ကောင်မလေး ပြောပြလို့ သိတာ၊ သူ့အဖေ နေမကောင်းလို့ နယ်ပြန်ဖို့ ခွင့်လာတိုင်သွားတယ်တဲ့၊ ဘေးနားမှာ ကိုကိုကြီးလဲ ပါတယ်လို့ ပြောတယ်၊ မင်း ကျောင်းစပျက်တဲ့နေ့ကတည်းက ခွင့်တိုင်သွားတာ"

ထိုစကားကတော့ စဉ်းစားစရာ ကောင်းလှပါသည်။ ကိုကိုကြီးနှင့်တွေ့စဉ် မျိုးအဖေ၏ ကျန်းမာရေးနှင့် ပတ်သက်၍ စကားတစ်ခွန်းတစ်ရာ မဟခဲ့။ ထို့ပြင် ရန်ကုန်၌ သုံးလေးရက်လောက် ကြာအောင် နေဦးမည်ဟုပင် ကိုကိုကြီး သူ့အား ပြောခဲ့သေး၏။

ယခုတော့ ထိုသို့ပြောပြီး နောက်တစ်နေ့မှာပင် မျိုးအဖေ၏ ကျန်းမာရေးအခြေအနေကို အကြောင်းပြလျက် နယ်ပြန်ရန် မျိုးနှင့် ကိုကိုကြီး ခွင့်လာတိုင်သွားပါသတဲ့။

ဒါဟာ သွေးရိုးသားရိုးကိစ္စတစ်ခု ဖြစ်နိုင်ပါ့မလား။

သံသယဖြစ်စွာ သူ စိုးရိမ်သွားမိသော်လည်း ခင်မောင်က



www.burmeseclassic.com

www.burmeseclassic.com



သူ၏စိုးရိမ်နေမှုကို ကျိုးကြောင်းဆက်စပ်ကာ ဖျောင်းဖျ၏။

"ဥပမာ–နယ်က သင်္ကြိုးလုမ်းရိုက်လိုက်တာတို့ ဘာတို့ကြောင့် ကောက်ကာငင်ကာ ပြန်သွားရတာမျိုး ဖြစ်မှာပေါ့"

"ဒါပေမယ့် အပြောင်းအလဲက သိပ်မြန်လွန်းတယ် ခင်မောင်၊ ငါနဲ့တွေ့တုန်းက မျိုးအဖေ နေမကောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကိုကိုကြီး ဘာမှမပြောဘူး၊ အဲဒီနေ့ မျိုးနဲ့တွေ့တော့လဲ ဒီတိုင်းပဲ၊ နောက်ပြီး ကိုကိုကြီးက ငါနဲ့ ထပ်လာတွေ့ဦးမယ်လို့ ပြောသွားတယ်၊ နောက်တစ်နေ့ ခွင့်လာတိုင်တော့ ငါ့ဆီ ဘာဖြစ်လို့ လာမတွေ့လဲ၊ ငါ ကျောင်းမတက်ဘူးပဲထား၊ အဲဒီနေ့က ငါ ကျောင်းမတက်တာ သူတို့ မသိနိုင်ဘူး၊ အတန်းထဲမှာ ငါ့ကို လာရှာတာမျိုးဖြစ်ဖြစ် ကိုကိုကြီး လုပ်သင့်တယ်"

"*လာရှာရင်လဲ ရှာမှာပေါ့*"

"မဖြစ်နိုင်ဘူး ခင်မောင်၊ အတန်းထဲမှာလာရှာရင် မင်းသိရမှာပေါ့၊ ငါကျောင်းမတက်ပေမယ့် မင်းက အတန်းမှန်တာပဲ"

ခင်မောင်က စဉ်းစားဟန်ဖြင့် အတန်ကြာ ငြိမ်သက်သွားပြီးမှ 'မင်းက ဘယ်လိုထင်လို့လဲ' ဟု မေးသည်။

"ဖြစ်နိုင်ရင်တော့ ဘယ်လိုမှ မထင်ချင်ဘူး၊ မင်းပြောသလို နေမကောင်းလို့ ခဏပြန်သွားတာမျိုးပဲ ဖြစ်စေချင်တယ်၊ ငါစိုးရိမ်တာက မျိုးကို ညာခေါ်သွားပြီး နယ်ရောက်မှ ပြန်မလွှတ်တော့ဘဲ ကျောင်းထုတ်လိုက်မှာကို စိုးရိမ်တာ၊ ဖိုင်နယ်အထိ တက်လာပြီးမှ ဘာမဟုတ်ဘဲ ပညာတစ်ပိုင်းတစ်စနဲ့ နစ်နာသွားမှာ





စိုးလို့"

"အဲဒီလောက်တော့လဲ မျိုးက အဖြစ်ခံမှာ မဟုတ်ပါဘူး၊ အကြောင်းထူးရင် သူ မင်းဆီကို စာလှမ်းရေးမှာပေါ့"

"ငါ့လိပ်စာကို မျိုးမသိဘူး"

"ကျောင်းလိပ်စာနဲ့ရေးရင်ရတာပဲ၊ သိပ်လဲစိုးရိမ်မနေပါနဲ့"

ခင်မောင်က ဖျောင်းဖျသည့်တိုင် သူ၏ပူလောင်မှုကတော့ ပြေလျော့မသွားပါ။

"ဖြစ်နိုင်ရင် နယ်ကိုတောင် လိုက်သွားပြီး မျိုးအမေကို ငါနောက်ဆုတ်ပေးမယ့်အကြောင်း ပြောပြချင်တယ်၊ အဲဒါမှ မယုံကြည်သေးဘူးဆိုရင်လဲ တခြားကျောင်းတစ်ကျောင်းကို ထရန်စ်ဖာတင်ပြီး ပြောင်းပေးလိုက်မယ်၊ ဒါမှ မျိုး ကျောင်းဆက်တက်ရမှာ"

"မလိုပါဘူးကွာ၊ တစ်ပတ်နှစ်ပတ်လောက် စောင့်ကြည့်လိုက်ပါဦး၊ သူ့အဖေကိစ္စကြောင့် ခဏပြန်သွားတာပဲ ဖြစ်မှာပါ၊ အဲလိုမှ မဟုတ်လဲ ငါပြောသလို မျိုးဆီက စာဖြစ်ဖြစ် ရောက်လာမှာပေါ့"

နောက်ဆုံးတော့ သူ့အတွက် လုပ်စရာက ခင်မောင်ပြောသလို အခြေအနေကို စောင့်ကြည့်ရန်နှင့် မျိုး၏အနာဂတ်အတွက် ဆုတောင်းပေးရန်သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် နယ်ပြန်သွားရသော မျိုး၏အနာဂတ် အတွက် စိုးရိမ်ပူပင်နေမိသော သူ့ထံသို့ သူကိုယ်တိုင်၏ အနာဂတ် အတွက် ပူပင်ရမည့်ကိစ္စတစ်ခု နောက်ထပ် ရက်အနည်းငယ် အကြာမှာပင် ရောက်ရှိလာခဲ့သည်။

တစ်ချိန်မဟုတ်တစ်ချိန် ထိုကိစ္စအား ရင်ဆိုင်ရမည်ဟု မျှော်လင့်ထားသော်လည်း ဤမျှအထိ ဆောလျင်စွာ ရောက်ရှိလာလိမ့်မည်ဟူ၍တော့ ထင်မထားမိခဲ့။

သို့သော် ဦးကျော်ခိုင် နိုင်ငံခြားသွားဖြစ်ရန် သေချာသွားခြင်းနှင့် ပြည်ပ၌ အချိန်အတော်ကြာကြာနေရန် ဆုံးဖြတ်လိုက်ခြင်းက ထိုကိစ္စအား လျင်မြန်စေရန် တွန်းအားပေးလိုက်ခြင်းပင် ဖြစ်သည်။

သူနှင့် မေသက်ခိုင်အား ဦးကျော်ခိုင် နိုင်ငံခြားမသွားခင် စေ့စပ်ပေးခဲ့ချင်သည်ဟူသော သတင်းကို စတင်အသိပေးလာသူက အမေဖြစ်သည်။

အမေ့ထံမှ ထိုသတင်းကို ကြားကြားချင်း သူ၏တုံ့ပြန်မှုက 'မစောလွန်းဘူးလား အမေ' ဟု တအံ့တသြ ရေရွတ်မိခြင်းပင် ဖြစ်သည်။

"ဒီနှစ်ကုန်ရင် ကျောင်းပြီးတော့မှာပဲ၊ ကျောင်းပြီးမှ စေ့စပ်လို့ မဖြစ်ဘူးလား"

သူ၏စောဒကတက်မှုကို အမေက ခေါင်းယမ်းငြင်းဆန်ရင်း အေးဆေးစွာ ရှင်းပြသည်။





"ဦးကျော်ခိုင်က သားတို့ ကျောင်းမပြီးခင် နိုင်ငံခြားသွားမှာလေ၊ ဒီတော့ သူမသွားခင် စီစဉ်ခဲ့ချင်တာပေါ့၊ နောက်ပြီး ဒီက သူ့လုပ်ငန်းတွေကို သူ့ကိုယ်စား လွှဲပေးဖို့ လူတစ်ယောက် လိုတယ်၊ မေသက်က မိန်းကလေး ဖြစ်နေတော့ သားကိုပဲ ကိုယ်စားလှယ်အနေနဲ့ လွှဲပေးခဲ့ချင်တယ်တဲ့"

"သူ့ကုမ္ပဏီက တခြားလူတစ်ယောက်ယောက်ကို လွှဲပေးလို့ မဖြစ်ဘူးလား"

"ဖြစ်ပေမယ့် သွေးရင်းသားရင်း မဟုတ်တော့ ဘယ်စိတ်ချရမလဲ၊ အဲဒါကြောင့် သားကို လွှဲခဲ့ချင်တာ၊ ဒါပေမယ့် ဒီတိုင်းလွှဲခဲ့ပြန်ရင်လည်း တခြားကုမ္ပဏီဝန်ထမ်းတွေ အမြင်မှာ ပြောစရာဖြစ်မယ်၊ ဒီတော့ ပြောစရာလည်း မဖြစ်အောင် မေသက်လေးကိုလည်း စိတ်ချသွားရအောင် သားနဲ့ စေ့စပ်ပေးခဲ့ချင်တာ၊ ဒါမှ သမက်လောင်း တစ်ယောက်အနေနဲ့ သူ့လုပ်ငန်းတွေကို လွှဲပေးခဲ့လို့ ကောင်းမှာတဲ့"

ဦးကျော်ခိုင်၏ အစီအစဉ်က ဟာကွက်မရှိအောင် ကျိုးကြောင်းဆီလျော် သေသပ်လှသည့် တစ်ချက်ခုတ် နှစ်ချက်ပြတ် အစီအစဉ်ဖြစ်သလို သူ့အတွက် ငြင်းဆန်စရာ စကားလုံး ရှာမတွေ့အောင် ပိတ်ဆို့ချည်နှောင်လိုက်သည့် အစီအစဉ်လည်း ဖြစ်သည်။

"ကျွန်တော် ဖြစ်စေချင်တာက..."

တစ်ပိုင်းတစ်စ ရပ်ဆိုင်းသွားသော သူ၏ ငြင်းခြားချက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကပ် စကားသံအဆုံး…

"သားက ဘယ်လိုဖြစ်ချင်လို့လဲ"

ဟု အမေက လိုက်လျောစွာ မေး၏။

သို့သော် အမေ၏လိုက်လျောမှုကို သူ ပြန်မဖြေဖြစ်။ အကြောင်းကတော့ သူဖြစ်ချင်သည့်ဆန္ဒတို့ မဖြစ်နိုင်ကြောင်း သူ့ဘာသာ သိနေ၍ပဲ ဖြစ်သည်။

"ထားပါလေ၊ အန်ကယ်ဦးကျော်ခိုင်က ဘယ်တော့ စိစဉ်ချင်တယ်လို့ ပြောလဲ"

"သူ မသွားခင် ဒီတစ်လနှစ်လအတွင်းပေါ့"

"မေသက်ကရော ဘာပြောသလဲ"

မေးပြီးမှ အပိုသက်သက်မေးခွန်းသာဖြစ်ကြောင်း သူ တွေးလိုက်မိသည်။

"မေသက်ကတော့ ဘာပြောမှာလဲ၊ လူကြီးတွေ စီစဉ်တဲ့အတိုင်းပေါ့၊ သားကရော ဘယ်လိုလဲ၊ ဦးကျော်ခိုင်ကို အမေ ဘာပြန်ပြောလိုက်ရမလဲ"

သူ့အနေနှင့် အန်ကယ်ဦးကျော်ခိုင်ကို ပြောပြချင်သည့် စကားအတော်များများ ရှိသော်လည်း ထိုစကားတို့ကို ပြောနိုင်ခွင့်တော့ သူ့၌မရှိပါ။

ရက်တရက် မျိုးပြောခဲ့ဖူးသည့် 'ကျေးဇူးတရားဆိုတာ ကြောက်စရာကောင်းတယ် ကိုအောင်၊ လူတစ်ယောက်ကို မလှုပ်နိုင်အောင် ချည်နှောင်ထားလို့ရတယ်' ဟူသော စကားကို ဖျတ်ခနဲ





ကြားယောင်ရင်း ရင်နင့်နာကြည်းသွားမိသည်။

"ဘယ်လိုလဲ သား"

"ကျွန်တော် တစ်ရက်နှစ်ရက်လောက် စဉ်းစားချင်တယ်"

သူ့စကားကြောင့် အမေ တအံ့တဩ သူ့ကိုကြည့်၏။ ပြီးမှ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

"မေသက်လေးကတောင် ဘာမှမပြောဘဲ သဘောတူတဲ့ဥစ္စာ မင်းက စဉ်းစားဦးမလို့လား သားရဲ့"

"ဟို…ကျွန်တော် သူနဲ့လဲ တိုင်ပင်ချင်လို့ပါ၊ သူ့ဆန္ဒကို သေချာအောင် မေးကြည့်ချင်လို့"

အမေ ရယ်မြဲရယ်နေပြီးမှ 'အေးလေ…တိုင်ပင်ချင်လဲ တိုင်ပင်ဦးပေါ့' ဟု ခွင့်ပြုစကား ဆိုသည်။

❖ ❖ ❖

"နင် သိပြီးပြီမဟုတ်လား"

သူ့မျက်နှာကို မရဲတရဲကြည့်ရင်း တုန်ခါသောလေသံဖြင့် မေသက် မေးသည်။

"သိပြီးပြီ မေသက်၊ ညနေကပဲ အမေ ငါ့ကိုပြောတယ်"

သူ အဖြေပေးလိုက်တော့ ဘာဆက်ပြောရမှန်း စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



မရဟန်ဖြင့် စားလက်စဆီးထုပ်ကို ကိုင်ထားရင်း သူမ အတန်ကြာအောင် ငြိမ်သက်သွားသည်။

သူမနည်းတူ သူလည်း ပြောစရာစကားတို့ကို စဉ်းစား၍ မရ။ အတော်ကြီးကြာမှ မေသက်ခိုင် ခပ်တိုးတိုးမေးသည်။

"ငါ ဘာလုပ်ပေးရမလဲ အောင်"

"ဘာကိုပြောတာလဲ မေသက်"

"ဟိုလေ...လူကြီးတွေ ခုလိုစီစဉ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး နင် ဘယ်လိုဖြစ်စေချင်သလဲ၊ ငါ ဘာလုပ်ပေးရမလဲလို့"

အံ့သြဖွယ်ကောင်းသော လိုက်လျောမှုဖြစ်သလို အရင်းအနှီး များလှသော စွန့်စားမှုလည်း ဖြစ်သည်။ တကယ်တော့ ထိုသို့ မေးဖို့မကောင်း။

'ဘာလုပ်ပေးရမလဲ' ဟု သူမ မေးလိုက်ခြင်းဖြင့် ဘာလုပ်ရင် ကောင်းမလဲဟူသော အတွေးက သူ့ခေါင်းထဲသို့ ထိုးခွဲဝင်ရောက်လာသလို မျိုးသဒ္ဒါနှင့်ပတ်သက်သည့် ပူပင်သောကတို့က ရုတ်ချည်း ရှန်းကြွလာကြလေသည်။

"ပြောပါ...အောင်၊ နင် ဘယ်လိုဖြစ်စေချင်သလဲ၊ စေ့စပ်ပွဲကို ဖျက်ခိုင်းပေးပါဆိုရင်လဲ ငါ့ဘက်က ဖျက်ခိုင်းပေးပါ့မယ်"

"နေပါဦး...မေသက်၊ နင် ငါ့အပေါ် ဘာဖြစ်လို့ ဒီလောက် သဘောကောင်းနေရတာလဲ"

"ဟို...နင်နဲ့ မျိုးသဒ္ဒါနဲ့"

သူမ၏စကားတို့က တစ်ပိုင်းတစ်စ ရပ်ဆိုင်းသွားကြ၏။





သူ အတန်ကြာအောင် တွေဝေငေးငိုင်နေပြီးမှ သက်ပြင်းတစ်ချက်ကို ဖွဖွရှိုက်သွင်းလိုက်မိသည်။

"စေ့စပ်ပွဲကို ဖျက်သိမ်းပေးရလောက်အောင် မလိုပါဘူး မေသက်၊ ဒါပေမယ့် နင် ငါ့ကို တစ်ခုတော့ ကူညီပါ"

ဆီးထုပ်ကို နှုတ်ခမ်းဆီသို့ ရွှေ့လျားဆဲ သူမ၏လက်တို့ တုံ့ဆိုင်းရပ်တန့်သွားကြပြီး သူ့အား ဖျတ်ခနဲ လှည့်ကြည့်သည်။

"ဘာလဲ...အောင်၊ ငါ ဘယ်လိုကူညီရမှာလဲ"

"ငါ ခရီးတစ်ခု ထွက်ချင်တယ် မေသက်၊ အဲဒီတော့ တစ်ပတ်ဆယ်ရက်လောက် ငါ့ကို အချိန်ပေးပါ၊ ခရီးကပြန်လာမှ"

သူ့စကားမဆုံးခင်မှာပင် သူမ ခေါင်းညိတ်ပြီး...

"ငါနားလည်ပြီ အောင်၊ တစ်ပတ်ဆယ်ရက် မဟုတ်ဘူး၊ တစ်လလောက်အထိ အချိန်ရပါတယ်၊ စေ့စပ်ပွဲကို ငါ အချိန်ဆွဲထားပေးမယ်၊ နင် စိတ်အေးလက်အေး သွားပါ"

ကျေးဇူးတင်စွာ သူမအား သူ ကြည့်လိုက်သည်။ သူမက သူ့အကြည့်ကို မသိကျိုးကျွန်ပြုလျက် ဆီးထုပ်ကိုစားရင်း အဝေးသို့ မျှော်ငေးနေ၏။

မေသက်ဟု သူ ခပ်တိုးတိုးခေါ်လိုက်တော့ သူမ သူ့ကို လှည့်ကြည့်သည်။

"ငါ ဘယ်ကို ခရီးထွက်မှာလဲဆိုတာ နင် မမေးတော့ဘူးလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းကို ခါယမ်းပြီးမှ...

"ငါ မမေးပါဘူး အောင်၊ နောက်ပြီး သိချင်စိတ်လည်း မရှိဘူး၊ နင်ပြန်လာရင်လည်း အဲဒီခရီးနဲ့ပတ်သက်ပြီး ငါ့ကို ဘာမှမပြောပါနဲ့၊ ငါမသိချင်ဘူး"

'မသိချင်ဘူး' ဟု ဆိုသည့်တိုင် သူ ဘယ်ကိုခရီးထွက်မလဲ ဆိုသည်ကိုတော့ သူမ ရိပ်မိပြီး ဖြစ်နေပါလိမ့်မည်။ သို့သော် သူမ၏ငြင်းဆန်မှုကြောင့် သူ ဘာမှဆက်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်။

❖ ❖ ❖

မေသက်ခိုင်ထံမှ ခွင့်ပြုချက်ရပြီး နောက်တစ်နေ့မှာပင် စိုးတင့်ကို အဖော်ခေါ်၍ မျိုးသဒ္ဒါ၏မြို့သို့ သူ ထွက်လာခဲ့သည်။ လာသာလာရသော်လည်း မျိုး၏လိပ်စာကို သူ မသိပါ။

သို့သော် သူ့အတွက် ကံကောင်းထောက်မမှုတစ်ခုက မျိုးတို့မြို့၌ စိုးတင့်၏ အသိမိတ်ဆွေတစ်ယောက် ရှိနေခြင်း ဖြစ်သည်။

တည်းခိုခန်းမရှိသော မြို့ဖြစ်သဖြင့် ထိုအသိအိမ်၌ပင် တည်းရမည်ဖြစ်ပြီး ထိုအသိကိုပင် မျိုးသဒ္ဒါ၏လိပ်စာအား စုံစမ်း





ခိုင်းရမည် ဖြစ်သည်။

သူနှင့်စိုးတင့် ရန်ကုန်မှ ထွက်မလာခင် ခင်မောင်က သူ့အား...

"နေစမ်းပါဦး၊ မျိုးဆီကို လိုက်သွားပြီး ဘာလုပ်မှာလဲ"

ဟု မေးမြန်းခဲ့သေးသည်။ ခင်မောင်၏ မေးခွန်းအား ရေရေရာရာ အဖြေမပေးနိုင်ခဲ့။

မျိုးနေထိုင်ရာမြို့သို့ လိုက်သွားလိုခြင်း၏ ခိုင်လုံသော အကြောင်းရင်း ပြပါဟုဆိုလျှင် အဓိကက မျိုးအား မြင်တွေ့လိုခြင်းဖြစ်ပြီး အခြားတစ်ခုကတော့ သူ့ကြောင့် မျိုး ကျောင်းထုတ်ခံထားရသည့် အခြေအနေမျိုး ရောက်နေပြီလားဟု သိလိုခြင်းပင် ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ငါ မျိုးကို တွေ့ချင်တယ် ခင်မောင်၊ ဘာကြောင့် တွေ့ချင်သလဲဆိုတာ ငါမသိဘူး၊ တွေ့ပြီး ဘာလုပ်မှာလဲလို့ မေးရင်လည်း ငါ မဖြေတတ်ဘူး"

သူ့စကားအဆုံး တော်တော်ကြောင်တာပဲဟု ခင်မောင် မှတ်ချက်ချသည်။ စိုးတင့်ကတော့ သူ့ဆန္ဒအား တစ်စုံတစ်ရာ ဝေဖန်ခြင်းမပြုဘဲ တက်ကြွစွာ သူနှင့်အတူ လိုက်ပါလာခဲ့သည်။

'ဟိုရောက်ပြီး ဆယ့်ငါးမိနစ်အတွင်း မင်းကောင်မလေးရဲ့ လိပ်စာကို သိစေရမယ်' ဟုပင် အာမခံခဲ့၏။

စိုးတင့် အာမခံသည့်အတိုင်း မျိုးတို့မြို့ရှိ ၎င်း၏အသိအိမ်သို့ ရောက်ရှိပြီး အချိန်အနည်းငယ်အတွင်းမှာပင် မျိုးနေထိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်နှင့် လမ်းအမည်ကို သိခွင့်ရခဲ့သည်။

"လူချင်းတော့ မရင်းနှီးပါဘူး၊ ဒါပေမယ့် မြို့က သိပ်အကျယ်ကြီး မဟုတ်တော့ တစ်ယောက်နဲ့တစ်ယောက် မျက်မှန်းတန်းမိတာမျိုးတော့ ရှိတာပေါ့၊ သွားချင်ရင် အဲဒီအိမ်ကို ကျွန်တော် လိုက်ပို့ပေးမယ်"

စိုးတင့်၏မိတ်ဆွေ မြို့ခံလူက မျိုးသဒ္ဒါ၏အိမ်သို့ လိုက်ပို့ပေးမည်ဟု ဆိုသည့်တိုင် သူ့အနေအထားက မျိုးအိမ်ပေါ်သို့ သူငယ်ချင်းတစ်ယောက်ပမာ တက်လည်ခွင့်ရနိုင်သည့် အနေအထား ဟုတ်မဟုတ် မသေချာပါ။

ထို့ပြင် မျိုး၏ လက်ရှိအခြေအနေကိုလည်း ရေရေရာရာ မသိရသေးသဖြင့် မြို့ခံလူ၏ကမ်းလှမ်းမှုကို အားနာစွာ ငြင်းပယ်လိုက်ရသည်။

"ရတယ် အစ်ကို၊ ညနေကျမှပဲ မြို့ထဲလျှောက်ရင်းနဲ့ ကျွန်တော်တို့ဘာသာ ဝင်လိုက်မယ်"

"အိမ်ကို သေချာမသိတော့ ဟိုမေးဒီမေး လုပ်နေရမှာပေါ့၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ အားမနာပါနဲ့"

"အားနာလို့မဟုတ်ဘူး အစ်ကို၊ သူ့အိမ်က ကျွန်တော်တို့ အလည်လာတာ ကြိုက်ချင်မှကြိုက်မှာ၊ ဒါကြောင့် အိမ်ပေါ်မတက်ဘဲ အိမ်ရှေ့က ဖြတ်လျှောက်ရုံလောက်ပဲ လျှောက်မှာမို့လို့"

ဒီတော့မှ မြို့ခံအိမ်ရှင်က သဘောပေါက်သွားပြီး သူနှင့် စိုးတင့် နှစ်ယောက်တည်း သွားခွင့်ကို လိုက်လျောသည်။





ညနေစောင်းတော့ စိုးတင့်နှင့်အတူ မျိုးနေထိုင်ရာ ရပ်ကွက်ဖက်သို့ ထွက်လာခဲ့ကြသည်။

"ငါတို့ သူ့အိမ်ရှေ့က ဖြတ်လျှောက်တုန်း မျိုး အိမ်ထဲက ထွက်လာလို့ တွေ့သွားရင် မင်း ဘာလုပ်မလဲ"

စိုးတင့်၏မေးခွန်းအား 'ငါလည်း မပြောတတ်ဘူး' ဟု အဖြေပေးလိုက်တော့ စိုးတင့်က မကျေမနပ်ဖြင့် စုတ်တစ်ချက်သပ်သည်။

သို့သော် စိုးတင့်ပြောသလို အိမ်ရှေ့မှဖြတ်အလျှောက် အိမ်ထဲမှ ထွက်လာဖို့ဝေးစွ၊ မျိုး၏အရိပ်အယောင်ကိုပင် မမြင်ရပါ။ နှစ်ခေါက်လောက် အစုန်အဆန် ဖြတ်လျှောက်ပြီး၍ ထူးခြားမှု မရှိသောအခါ၌...

"တော်ပြီကွာ၊ ခြေထောက်တွေ ညောင်းလှပြီ၊ တစ်ခုခု သွားစားရအောင်၊ ပြီးမှ နောက်တစ်ခေါက် ထပ်လျှောက်တာပေါ့"

ဟု စိုးတင့် စိတ်ပေါက်ကျသလို ရေရွတ်သည်။

စိုးတင့်၏ တောင်းဆိုမှုကြောင့် မျိုးတို့လမ်းနှင့် မလှမ်းမကမ်းမှ ခေါက်ဆွဲဆိုင်ဆီသို့ သူတို့ ဦးတည်လိုက်ကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၅)

"ညီလေးတို့ပြောနေတဲ့ မျိုးဆိုတာ ရန်ကုန်မှာ ကျောင်းတက်တဲ့ မျိုးသဒ္ဒါကို ပြောတာလား"

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် သူနှင့် စိုးတင့် ပြိုင်တူလိုလို လှည့်ကြည့်လိုက်ကြသည်။

ခေါက်ဆွဲဆိုင်ထဲရောက်ပြီး စိုးတင့်က သူ့အား...

"မင်း မျိုးက ဒီမြို့မှာရော ရှိသေးရဲ့လားကွာ၊ ရန်ကုန်များ ပြန်သွားပြီလား"

ဟု ပြောသည်။ စိုးတင့်စကားကြောင့် ငိုင်သွားပြီးမှ...

'ရှိမှာပါ' ဟု သူ ပြန်ပြောလိုက်သည်။ ထိုအချိန်မှာပင် အထက်ပါမေးခွန်းက သူတို့နောက်ဖက်မှ ပေါ်လာခြင်းဖြစ်သည်။





စိုးတင့်နှင့်သူ လှည့်ကြည့်လိုက်တော့ ဆိုင်အတွင်းဘက် စားပွဲဆီမှထ၍ သူတို့ရှိရာသို့ လျှောက်လာသော လူတစ်ယောက်ကို တွေ့ရသည်။

လက်ထဲ၌ နီညိုရောင်အရည်များပါရှိသည့် ဖန်ခွက်ကို ကိုင်ထားပြီး ပုံမှန်ထက် ပိုမိုနီမြန်းနေသည့်မျက်နှာနှင့် ထိုလူက သူတို့စားပွဲ၌ ခပ်တည်တည် ဝင်ထိုင်လာသည်။

၎င်းထလာရာဝိုင်းဆီသို့ ကြည့်လိုက်တော့ ၎င်း၏အဖော်သုံးယောက်က အေးဆေးစွာပင် သူတို့စားပွဲဆီသို့ လှည့်ကြည့်နေကြသည်။

"ဘယ်လိုလဲ၊ ကိုယ်မေးနေတာ ဟုတ်တယ်မဟုတ်လား၊ ညီလေးတို့ပြောနေတာ မျိုးသဒ္ဒါအကြောင်း မဟုတ်လား"

သူ ဘာမှ အဖြေမပေးနိုင်ခင်မှာပင် စိုးတင့်က...

'ဟုတ်တယ် အစ်ကို' ဟု ဝင်ဖြေသည်။

"ဒါဖြင့် မောင်ရင်တို့က မျိုးသဒ္ဒါရဲ့ သူငယ်ချင်းတွေပေါ့"

"ဟုတ်ကဲ့"

စိုးတင့်၏ အဖြေအဆုံး ဖန်ခွက်ထဲမှ လက်ကျန်အရည်များကို မော့ချလိုက်ရင်း ၎င်းက စိုးတင့်နှင့်သူ့အား တစ်လှည့်စီ အကဲခတ်သလို ကြည့်သည်။

"မောင်အောင်ထက်ဆိုတာ မောင်ရင်တို့နှစ်ယောက်ထဲက ဘယ်သူလဲ"

မျှော်လင့်မထားသော မေးခွန်းကြောင့် သူရော စိုးတင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်သွားပြီး တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ပြီးမှ 'ကျွန်တော်ပါ' ဟု သူ ဖြေလိုက်တော့ ၎င်းက သူ့အား ခပ်စူးစူး စိုက်ကြည့်သည်။

"လက်စသတ်တော့ အောင်ထက်ဆိုတာ မင်းကိုး"

မောင်ရင်တို့ဟူသော ဝေါဟာရမှ မင်းဟူသော အသုံးအနှုန်းသို့ ပြောင်းလဲသွားသလို ၎င်း၏မျက်နှာကလည်း ပိုမိုနီမြန်း၍ လာသည်။

"မင်းကို အကောင်းဆုံး အကြံတစ်ခု ပေးချင်တယ်၊ မင်းကော ဟောဒီက မင်းသူငယ်ချင်းပါ နှစ်ယောက်စလုံး ဒီမြို့ကနေ ခုချက်ချင်း ပြန်သွားဗျ"

"ဗျာ"

"နောက်တစ်ခေါက် ထပ်ပြောမယ်၊ ခုချက်ချင်း ဒီဆိုင်ထဲက အထုတ်အပိုးတွေပြန်ယူပြီး ရန်ကုန်ကို အမြန်ဆုံးပြန်ပါ"

"နေပါဦး၊ ကျွန်တော်တို့ကို အမိန့်ပေးရအောင် ခင်ဗျားက ဘာမို့လို့လဲ"

စိတ်ဆတ်ပြီး ဒေါသပေါက်ကွဲလွယ်သော စိုးတင့်က ကိုင်ရာမှ ဆတ်ခနဲထ၍ ရုတ်တရက် မေးလိုက်သည်။ ၎င်းက ခပ်ထေ့ထေ့ ပြုံးရင်း...

"ငါ့နာမည် ကိုကိုလေး၊ မင်းတို့သူငယ်ချင်း မျိုးသဒ္ဒါနဲ့ လက်ထပ်မယ့် ကိုကိုကြီးရဲ့ညီ ကိုကိုလေး"

ကိုကိုကြီး၌ ခပ်ဆိုးဆိုးညီတစ်ယောက် ရှိကြောင်း မျိုး





သဒ္ဒါ ပြောခဲ့ဖူးသည်ကို သူ သတိရလာမိသည်။ ကိုကိုလေးအား သောက်စားမူးယစ်ပြီး အချိန်ပြည့် ရမ်းကားနေတတ်သူ တစ်ယောက်ဟု မျိုးက ကင်ပွန်းတပ်ခဲ့ဖူး၏။

ယခုတော့ ထိုရမ်းကားတတ်သော ကိုကိုလေးနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့နေရပြီ ဖြစ်သည်။ အခြေအနေက ၎င်းအမိန့်ပေးသလို ရန်ကုန်သို့ မပြန်သည့်တိုင်အောင် ဤဆိုင်တွင်းမှ အမြန်ဆုံး ထွက်ခွာသွားခြင်းသည်သာ အကောင်းဆုံးဖြစ်လိမ့်မည်ဟု သူတွေးလိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

"စိုးတင့် ငါတို့ ပြန်ကြရအောင်"

"အဲ့လို လိမ္မာကြစမ်းပါ"

ကိုကိုလေး၏ ရိသဲ့သဲ့ လှမ်းပြောလိုက်မှုက စိုးတင့်၏ မခံချင်စိတ်ကို ရန်းကြွသွားစေဟန် တူ၏။ စိုးတင့် သူ့လက်ကို ဆွဲပြီး...

"ပြန်ထိုင် အောင်ထက်၊ ဒါ လွတ်လပ်တဲ့တိုင်းပြည်၊ ဘယ်သူမှ ငါတို့ကို အကြောင်းမဲ့ အမိန့်ပေးလို့မရဘူး၊ ဂရုစိုက်မနေနဲ့"

အခြေအနေက မဖျော်လင့်ဘဲ တင်းမာသွားလေတော့သည်။ စိုးတင့်၏စကားအဆုံး ကိုကိုလေး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သလို ၎င်း၏အဖော်များကလည်း သူတို့ရှိရာဝိုင်းသို့ ထလာကြ၏။

"ဟော့ကောင် မင်း ကိုကိုလေးအကြောင်း မသိသေးဘူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တုတယ်"

"ကိုကိုလေးတွေ ကိုကိုလတ်တွေ နားမလည်ဘူး၊ လောလောဆယ် ကျုပ်တို့ ခေါက်ဆွဲကြော်စားတာကို မနှောင့်ယှက်ပါနဲ့"

သို့သော် စိုးတင့် ခေါက်ဆွဲကြော် စားခွင့်မရလိုက်သလို သူလည်း စိုးတင့်ကို ဖျောင်းဖျခွင့်မရလိုက်။

ဗီဒီယိုခွေတွေထဲမှ လက်သီးထိုးသံမျိုး မဟုတ်သည့် ခပ်အုပ်အုပ် အသံတစ်ခုနှင့်အတူ စိုးတင့် နောက်သို့ ပြိုလဲကျသွားသည်။ နာခေါင်းမှ စီးကျလာသည့်သွေးတို့ဖြင့် ရဲရဲနီနေသော စိုးတင့်မျက်နှာကို သူ ငေးကြောင်ကြည့်နေမိစဉ်မှာပင် ဒုတိယမြောက် ခပ်အုပ်အုပ်အသံက သူ့မျက်နှာနှင့် နီးကပ်စွာ ထွက်ပေါ်၍ လာသည်။

ထို့နောက်တော့ ကုလားထိုင်ကျိုးသံများ၊ ထိုးကြိတ်အော်ဟစ်သံများနှင့် ဆူညံသွားလေတော့သည်။ သို့သော် နှစ်ယောက်နှင့် လေးယောက်ဟူသော အနေအထားမှာ ရပ်ရှင်ရိုက်နေခြင်း မဟုတ်သဖြင့် ဘယ်လိုမှ ကြည့်မကောင်းနိုင်ပါ။

သူ ပြန်လည်သတိထားမိချိန်၌ သွေးသံရဲရဲဖြစ်နေသော စိုးတင့်နှင့် သူ့အား လူကြီးအချို့က တွဲ၍ တည်းခိုရာအိမ်သို့ ပြန်လည် လိုက်ပို့ပေးခဲ့သည်။

ထိုရန်ပွဲ၏ရလဒ်အဖြစ် စိုးတင့်က လေးချက် ချုပ်လိုက်ရပြီး သူကတော့ ခေါင်း၌ ပတ်တီးဖြူဖြူ စည်းလိုက်ရသည်။





ဘာပဲဖြစ်ဖြစ် သူတို့အား သွေးထွက်သံယိုဖြစ်အောင် ထိုးကြိတ်ခဲ့သော ကိုကိုလေးတို့လူစုကို ကျေးဇူးတင်ရပါလိမ့်မည်၊ အကြောင်းကတော့ စိုးတင့်နှင့်သူ ဆေးခန်းမှ ပြန်ရောက်လာချိန်၌ သူတို့တည်းခိုရာ အိမ်ရှေ့၌ မျိုးအား တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

"သိပ်နာနေလားဟင်"

"ဘာကိုမေးတာလဲ မျိုး"

"ဒဏ်ရာတွေကိုလေ၊ ခေါင်းမှာရော နှုတ်ခမ်းမှာပါ ကွဲသွားတယ်"

သူ၏ဒဏ်ရာတွေကိုကြည့်ပြီး ကရုဏာသံဖြင့် သူမ ပြောသည်။

"မြင်ရတဲ့ဒဏ်ရာထက် မမြင်ရတဲ့ဒဏ်ရာက ပိုပြီးနာတယ်"

"ဘယ်နေရာကို ထိသေးလို့လဲ"

"အသည်းကို"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မျိုး၊ ရန်ကုန်မှာကတည်းက ထိလာတာ၊ ခုချိန်ထိ နာနေတုန်းပဲ"

သူ့စကားကြောင့် မျိုးမျက်နှာ ငုံ့သွား၏။ ထို့နောက် ချက်ချင်းပင် စကားလွှဲလျက်...

"ကြားကြားချင်း အရမ်းစိတ်ပူသွားတာ၊ ဒါကြောင့် အိမ်ကိုတောင် မဝင်တော့ဘဲ ဒီကို ချက်ချင်း လိုက်လာခဲ့တာ"

သူတို့ရန်ဖြစ်ချိန်၌ မျိုးက မြို့အနောက်ဖက်ခြမ်းမှ သူငယ်ချင်းတစ်ယောက်၏အိမ်၌ ရောက်ရှိနေခဲ့သည်ဟု ဆိုသည်။ ထိုသူငယ်ချင်းအိမ်မှ ပြန်လာ၍ လမ်းတစ်ဝက်ရောက်မှ သူနှင့် စိုးတင့်အား လိုက်ပို့ပေးခဲ့သည့် မြို့ခံလူကြီးတစ်ယောက်နှင့် တွေ့ပြီး အကျိုးအကြောင်းသိကာ ဤအိမ်သို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။

"မျိုးအိမ်က မျိုးကို ခုချိန်အထိ သူငယ်ချင်းအိမ်မှာ ရှိနေတုန်းလို့ပဲ ထင်မှာပေါ့နော်"

"အင်း...တစ်ခါတစ်လေ မျိုးက အဲဒီသူငယ်ချင်းအိမ်မှာ မိုးချုပ်တဲ့အထိ နေတတ်တယ်လေ"

"ဒါဆို ဒီည အိမ်မပြန်ရင်လည်း အဲဒီသူငယ်ချင်းအိမ်မှာ အိပ်တယ်လို့ပဲ ထင်မှာပေါ့"

"ရှင်"

"ကျွန်တော် မျိုးကို ပြန်မလွှတ်တော့ဘူး"

သူ့စကားကြောင့် သူမကိုယ်လေး ဆတ်ခနဲ တုန်သွားပြီး





သူ့မျက်နှာကို ထိတ်လန့်တကြား ကြည့်သည်။ တကယ်တော့ သူ မျိုးအား ခြိမ်းခြောက်လိုက်ခြင်းသာ ဖြစ်သည်။

သို့သော် ထိုခြိမ်းခြောက်စကားကို ပြောပြီးပြီးချင်းပင် ထိုအတိုင်း လုပ်ရန် သူ ခိုင်မာစွာ ဆုံးဖြတ်ချက် ချလိုက်သည်။

"တကယ်ပြောတာ မျိုး၊ ဒီတစ်ခါတော့ ကျွန်တော် နောက်မဆုတ်နိုင်တော့ဘူး၊ ဖြစ်ချင်တာဖြစ် စွန့်စားတော့မယ်၊ မျိုးမပါဘဲ ဒီမြို့က မပြန်တော့ဘူး၊ ကိုကိုလေးတို့နဲ့ နောက်တစ်ခါ ထပ်ပြီး ရန်ဖြစ်ရဖြစ်ရ၊ ဓားချင်းပဲ ခုတ်ရခုတ်ရ၊ နောက်ဆုံး သေချင်လဲ သေသွားပေ့စေ"

"ကိုအောင် အဲဒီအတိုင်း တကယ် ဆုံးဖြတ်ပြီးပြီလား"

သူ ခေါင်းညိတ်ပြလိုက်တော့ သူမ၏မျက်နှာက ညှိုးငယ်သွားလျက် သက်ပြင်းဖွဖွရှိုက်၏။

"ကိုအောင် မျိုးကို မသနားဘူးလား"

"မျိုးကော ကျွန်တော့်ကို မသနားဖူးလား"

"သနားပါတယ်၊ ကိုအောင့်ကို သနားသလို ကိုအောင့် မိဘတွေကိုလဲ သနားတယ်၊ နောက်ပြီး မျိုးမိသားစုကိုလဲ သနား တယ်"

"ဒါဖြင့် မျိုးက ကျွန်တော်နဲ့အတူတူ မစွန့်စားဖူးပေါ့"

သူမ ဒုတိယအကြိမ်မြောက် သက်ပြင်းကိုချရင်း [illegible] အောင်ရယ်ဟု ဆုံးဖြတ်ရခက်ဟန်ဖြင့် ခပ်ညည်းညည်း [illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဖြင့်လဲ မျိုးပြန်ပါ"

"ကိုအောင်ကော..."

"ကျွန်တော် ပြောပြီးပြီလေ၊ မျိုးမပါဘဲ ရန်ကုန်မပြန်ဘူးလို့ ကျွန်တော် ဆုံးဖြတ်ထားတယ်"

"ကိုအောင့်ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလားဟင်"

"ကျွန်တော် အလျှော့ပေးခဲ့ရပေါင်း များပြီ မျိုး၊ နောက်ပြီး သူများဆုံးဖြတ်ချက်တွေကို လိုက်ပြီး ခေါင်းညိတ်ခဲ့ရပေါင်းလဲ များပြီ၊ ဒီတစ်ခါတော့ ကျွန်တော့်ဆုံးဖြတ်ချက်ကို မပြင်ပါရစေနဲ့"

သူ့မျက်နှာကို ငေးကြည့်ရင်း မိနစ်ပေါင်းများစွာ သူမ နှုတ်ဆိတ် ငြိမ်သက်သွားလေသည်။ အတော်ကြီးကြာမှ သူမ တိုးတိုးလေး ပြောသည်။ 'မျိုးမှာ မှတ်ပုံတင်ပါမလာဘူး ကိုအောင်' တဲ့။ သူမစကားကြောင့် ခေတ္တ ငေးကြောင်သွားပြီးမှ ချက်ချင်း သဘောပေါက်နားလည်ကာ လှိုက်ခနဲ ဝမ်းသာသွားလျက် သူမ၏ လက်ကလေးကို ဆုပ်ကိုင်လိုက်မိသည်။

ဖောင်းအိသော်လည်း အနည်းငယ် အေးစက်နေကြသော လက်ဖဝါးတို့၏ အတွေ့အထိက သူ့တစ်ကိုယ်လုံးကို သတ္တိခွန်အားတို့ဖြင့် ပြည့်ဝလာစေလေသည်။

❖ ❖ ❖





မျိုးထံမှ ခေါင်းညိတ်သဘောတူညီမှုကို ရရှိပြီးနောက် ပထမဦးဆုံး လုပ်ဆောင်ရန်ကိစ္စမှာ ဤမြို့မှ အမြန်ဆုံး ထွက်ခွာရေးပင် ဖြစ်သည်။

မျိုး၌ မှတ်ပုံတင် မပါသော်လည်း ကျောင်းသားကတ်ပါရှိသဖြင့် ယာဉ်ရထားလက်မှတ် ဝယ်ယူရန်ကိစ္စမှာ သိပ်တော့ မခက်ခဲလှ။ သို့သော် သူတို့အတွက် ကံဆိုးမှုမှာ ထိုအချိန်၌ ရန်ကုန်သို့ ထွက်ခွာမည့် မည်သည့်ယာဉ်မှ မရှိခြင်း ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ဒီအိမ်မှာ ဆက်နေလို့ကတော့ မဖြစ်ဘူး၊ မျိုးအိမ်က လူတွေဖြစ်ဖြစ်၊ ကိုကိုကြီးတို့ဖြစ်ဖြစ် စုံစမ်းပြီး လိုက်လာလို့ တွေ့သွားရင် မလွယ်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

စိုးတင့်၏မိတ်ဆွေ အိမ်ရှင်က အကြံတစ်ခုပေး၏။ မြို့နှင့် မလှမ်းမကမ်းရှိ ရွာတစ်ရွာသို့ ခေတ္တတိမ်းရှောင်နေရန်နှင့် နောက်နေ့မနက်မှ ရန်ကုန်သို့ သွားကြရန် ဖြစ်သည်။ ထိုအကြံကိုပင် လက်ခံလိုက်ကြပြီး ၎င်းပြောသောရွာသို့ သွားရန် ဆုံးဖြတ်လိုက်ကြသည်။

အချိန်ဆိုင်းမနေတော့ဘဲ စိုးတင့်နှင့်သူ အမြန်ဆုံး အထုပ်အပိုး ပြင်ဆင်၍ အိမ်ရှင်ဖြစ်သူကတော့ ကားငှားရန် ထွက်ခွာသွားသည်။ မျိုးက သူ၏အဝတ်အစားများကို ကူညီသိမ်း[illegible] ဒုက္ခပဲနော်။ မျိုးမှာ ဘာအဝတ်အစားမှ အပိုပါမလာ[illegible] ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ မျိုးရယ်၊ ဘာခက်တာမှတ်လို့၊ ကျွန်တော့် အဝတ်အစားတွေ ယူဝတ်လိုက်ပေါ့"

"အို...အဲဒါဆို မျိုး ငရဲကြီးမှာပေါ့"

"လက်ထပ်ပြီးရင် မျိုးနဲ့ကျွန်တော် လင်မယား ဖြစ်တော့မှာပဲ၊ ဘာငရဲကြီးစရာ ရှိသလဲ"

"ဒါပေမယ့် မျိုးတို့က လက်မှမထပ်ရသေးဘဲနဲ့"

"ဟိုရောက်ရင် လက်ထပ်မှာပေါ့"

"အဲဒီမှာ တရားရုံးမှမရှိတာ"

"မရှိလဲ အကြောင်းမဟုတ်ပါဘူး၊ ကျွန်တော်တို့ နှစ်ယောက်တည်း တိတ်တိတ်လေး လက်ထပ်လိုက်ကြတာပေါ့၊ ဘယ်သူမှ မသိအောင်လေ၊ မဟုတ်ဘူးလား"

သူ့စကားကြောင့် သူမမျက်နှာ ရဲခနဲဖြစ်သွားလျက် 'ကိုအောင်နော်' ဟု ခပ်နွဲ့နွဲ့ ရေရွတ်သည်။

ထိုစဉ်မှာပင် စိုးတင့်က 'အောင်ထက် အောက်မှာ ကားရောက်နေပြီ' ဟု လာပြောသဖြင့် သူနှင့်မျိုး အခန်းထဲမှ ထွက်လာကြသည်။

သူတို့အားလုံး အိမ်ပြင်ရောက်တော့ ရွာအထိ လိုက်ပို့ပေးမည့် အိမ်ရှင်က အိမ်တံခါးများကို သော့ခတ်ပြီး စိုးတင့်ကတော့ ငှားလာသောကားပေါ်သို့ ၎င်း၏အိတ်နှင့် သူ့ထံမှ အထုပ်အပိုးတို့ကို တင်သည်။ ကားခက ဈေးကြီးလှသော်လည်း အရေးကြီးသော အချိန်ဖြစ်သဖြင့် သူတို့ မငြင်းနိုင်ပါ။





"ကဲ...သွားကြရအောင်"

အိမ်တံခါးပိတ်ပြီး အနားသို့ရောက်လာသော မြို့ခံအိမ်ရှင်က သူတို့ကို လှမ်းပြောသည်။

ထိုအချိန်မှာပင် အရှိန်ပြင်းစွာမောင်းလာသော ဟိုင်းလပ်ကားတစ်စီးက အနားသို့ ထိုးဆိုက်လာသည်။ ကားတံခါးကိုဖွင့်၍ ဆင်းလာသူကို မြင်လိုက်ရချိန်၌ သူ့လက်မောင်းကို ကိုင်ထားသည့် မျိုး၏လက်ဖဝါးတို့ ရုတ်ချည်း အေးစက်သွားကြပြီး သူ့ရင်အစုံကတော့ ဆူဝေလောင်မြိုက်သွားလေသည်။

❖ ❖ ❖

"တော်သေးတယ်၊ ကိုယ်က အချိန်မှ မီပါ့မလားလို့"

နှုတ်ခမ်း၌ခဲထားသည့် စီးကရက်ကို မြေပြင်ပေါ် ပစ်ချ၍ ဖိနပ်ဦးနှင့် နင်းခြေလိုက်ရင်း ကိုကိုကြီး လှမ်းပြောသည်။ အိမ်ရှင်အပါအဝင် သူတို့အားလုံး ကိုကိုကြီးကိုကြည့်၍ မှင်တက် ငေးကြောင်နေပြီးမှ သူ ပထမဦးဆုံး အသိဝင်လျက် ကိုကိုကြီးကို ပြောလိုက်သည်။

"ကျွန်တော် တစ်ခုပြောပါရစေ၊ မျိုးနဲ့ကျွန်တော် လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ၊ အဲဒီတော့ ကျွန်တော်တို့ကို မနှောင့်



www.burmeseclassic.com

www.burmeseclassic.com



ယုက်ဖို့ တောင်းပန်ပါတယ်"

သူ့စကားအဆုံး ကိုကိုကြီး ဖျာဖျာသလဲ ခေါင်းယမ်းသည်။

"ကိုယ် နှောင့်ယှက်ဖို့ လာတာ မဟုတ်ပါဘူး၊ နောက်ပြီး တောင်းပန်ချင်းတောင်းပန် ကိုယ်ကသာ ညီလေးကို တောင်းပန်ရမှာပါ၊ ညနေက ကိုယ့်ညီရဲ့ရိုင်းပျမှုအတွက် ကိုယ် တောင်းပန်ပါတယ်"

ထိုကိစ္စအား တောင်းပန်ရုံသက်သက်ဆိုလျှင်တော့ ကိုကိုကြီး၏ ရောက်ရှိလာမှုက အစီပွါယ် ကင်းမဲ့လွန်းလှပါသည်။

"ရပါတယ် အစ်ကို၊ အခန့်မသင့်လို့ ဖြစ်ကြတာပဲ၊ ကျွန်တော်တို့ စိတ်မဆိုးပါဘူး၊ ကဲ...ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

"ခဏလေး မောင်အောင်ထက်၊ ကိုယ် ပြောစရာတစ်ခု ရှိသေးတယ်"

"ဖြစ်နိုင်ရင် နောက်မှပြောပါလား အစ်ကို၊ ကျွန်တော်တို့ အချိန်နောက်ကျနေမှာစိုးလို့"

စိုးတင့်က စိတ်မရှည်ဟန်ဖြင့် ဝင်ပြောသည်။

"ကိုယ် သဘောပေါက်ပါတယ်၊ ဒါပေမယ့် မိမျိုးကို အသိပေးမှဖြစ်မယ့် ကိစ္စတစ်ခု ရှိနေလို့ပါ"

ကိုကိုကြီး၏စကားကြောင့် ကားပေါ်သို့ လှမ်းတက်ဆဲ မျိုး၏ခြေလှမ်းတို့ တုံ့ဆိုင်းသွားကြသည်။ ကိုကိုကြီးက ပထမဦးဆုံး





အကြိမ်အဖြစ် မျိုးကို တည့်တည့်ကြည့်ပြီး...

"မိမျိုး စိတ်ခိုင်ခိုင်ထားပါ"

"ဘာ...ဘာဖြစ်လို့လဲ ကိုကိုကြီး"

"မိမျိုးဖေဖေ ဆုံးပြီ"

"ရှင်"

သူ၏လက်မောင်းအား ဆုပ်ကိုင်ထားသော မျိုး၏လက်တို့ ပြုတ်ကျသွားကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

(၁)

လက်ထဲမှ စီးကရက်တိုကို စပယ်ရုံအစပ်ဆီသို့ ရောက်အောင် လက်ညှိုးဖြင့်တောက်၍ လွှင့်ပစ်လိုက်ပြီး နဖူးပေါ်မှဆံပင်တို့ကို သပ်တင်လိုက်သည်။ လက်တို့က ဂျိုးစောင်းဆီမှ အနာရွတ်သို့ အမှတ်မဲ့စွာ ရောက်ရှိသွားကြသည်။

ရုတ်တရက် လက်တင်စကားပုံတစ်ခုဖြစ်သော (ဒဏ်ရာဆိုတာ ပျောက်သွားတောင်မှ အနာရွတ်ကတော့ ကျန်နေဦးမှာပါ) ဟူသည့်စကားကို သတိရမိပြီး ရင်ထဲ၌ ဆစ်ခနဲ နာကျင်သွားမိသည်။

ယခုဆိုလျှင် မိုးနှင့်ပတ်သက်ပြီး ရရှိခဲ့သည့် သူ့ခေါင်းမှ ဒဏ်ရာတို့ ကောင်းစွာ ကျက်သွားပြီဖြစ်သော်လည်း ရင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



အနှာရှုတ်တတော့ နက်ရှိုင်းစွဲမြဲစွာ ထင်ကျန်နေဆဲ ဖြစ်သလို မျိုးအား မမေ့နိုင်စွာ ခံပြင်းကြေကွဲနေမိဆဲ ဖြစ်သည်။

မျိုးနှင့်သူ စွန့်စားထွက်ပြေးကြရန် ဆုံးဖြတ်ခဲ့သောည တစ်နည်းအားဖြင့် မျိုးအဖေဆုံးကြောင်း ကိုကိုကြီး လာပြောသောညမှ စတင်ရေတွက်ပါက ရက်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း ထိုစဉ်က အဖြစ်အပျက်တို့ကို မနေ့တစ်နေ့ကလိုပင် သူ ထင်မြင်အမှတ်ရမိနေဆဲ ဖြစ်သည်။

အကယ်၍ ထိုညကသာ ကိုကိုကြီး ရောက်ရှိမလာခဲ့လျှင် သူနှင့်မျိုး၏ စွန့်စားမှုမှာ အောင်မြင်ကောင်း အောင်မြင်သွားနိုင်သော်လည်း ကိုကိုကြီး ရောက်ရှိလာခဲ့ခြင်းက အခြေအနေအားလုံးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေခဲ့သည်။

ယင်းအတွက် ကံကြမ္မာကို အပြစ်တင်ရမည်လား။ သို့မဟုတ် ကိုယ်ကိုယ်တိုင်၏ ကုသိုလ်ကံနည်းပါးမှုကိုပင် ဒေါသဖြစ်ရမည်လား ယခုတိုင်အောင် ဝေခွဲမရခဲ့။

❖ ❖ ❖





"ဖေဖေဆုံးပြီ ဟုတ်လား ကိုကိုကြီး"

သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ထားသည့် သူမ၏လက်တို့ ပြုတ်ကျသွားလျက် အထိတ်တလန့် ရေရွတ်သည်။ 'ဟုတ်တယ် မိမျိုး၊ ညဦးပိုင်းကပဲ ဆုံးတာ' ဟု ကိုကိုကြီး ပြန်ဖြေချိန်၌ 'မယုံနဲ့ မျိုး၊ ဒါ တမင်အကွက်ဆင်တာ ဖြစ်နိုင်တယ်' ဟု သူ လွှတ်ခနဲ ပြောလိုက်မိသည်။

"ဟုတ်တယ်၊ ပထမတစ်ခါလဲ မျိုးအဖေ အသည်းအသန်ဖြစ်လို့ဆိုပြီး မျိုးကို ရန်ကုန်ကနေ ညာခေါ်လာခဲ့ပြီးပြီ၊ ခုတစ်ခါ အဖေဆုံးတယ်ဆိုတော့ စဉ်းစားစရာပဲ"

စိုးတင့်ကပါ သံသယဖြင့် ဝင်ပြောသည်။ မျိုးက ကိုကိုကြီးကို တစ်လှည့် သူနှင့်စိုးတင့်ကိုတစ်လှည့် ကြည့်ရင်း ဆုံးဖြတ်ရခက်စွာ ဇဝေဇဝါ ဖြစ်နေလေသည်။

"ခုလိုကိစ္စမျိုးက လိမ်ညာလို့ ကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး၊ ကိုယ့်စကားကို မယုံရင် ညီလေးတို့ပါ လိုက်ခဲ့ကြပါ၊ ညီလေးတို့ မှဲ့တစ်ပေါက် မစွန်းစေရဘူး၊ နောက်ပြီး မောင်အောင်ထက်နဲ့ မိမျိုး လက်ထပ်ဖို့ အစီအစဉ်လဲ မပျက်စေရဘူး၊ ကိုယ် တာဝန်ယူတယ်၊ နာရေးကိစ္စပြီးရင် ညီလေးတို့ စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်ပါ"

ကိုကိုကြီး၏စကားက မျိုးကိုသာမက သူနှင့်စိုးတင့်တို့ကို တွေဝေသွားစေသည်။ မျိုးက တိုင်ပင်သောမျက်ဝန်းတို့ဖြင့် သူ့ကို မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပြီလေ၊ ဒါဖြင့် ကျွန်တော်တို့ပါ လိုက်ခဲ့မယ်၊ ဒီကာ အိမ်ရှင်အစ်ကိုကြီးကိုလဲ သက်သေအနေနဲ့ ခေါ်ခဲ့မယ်"

သူ့တောင်းဆိုမှုအား ကိုကိုကြီးက ခေါင်းညိတ်၍ 'ခေါ်ခဲ့ပါ' ဟု လိုက်လျောသဘောတူသည်။ ငှားထားသော့ကားအား ပြန်လွှတ်ပြီး သူတို့အားလုံး ကိုကိုကြီး၏ကားပေါ်သို့ တက်လိုက်ကြသည်။

လိုက်သာလိုက်ခဲ့ရသော်လည်း စိတ်ထဲမှာတော့ တထင့်ထင့် ဖြစ်နေသည်။

အကယ်၍ ဤကိစ္စသာ ကိုကိုကြီး၏ ထောင်ချောက်တစ်ခု ဖြစ်မည်ဆိုပါက သူတို့အတွက် ရုန်းထွက်ရန် အလွန်ခက်ခဲပါလိမ့်မည်။ ကိုကိုကြီး၏ကားက ညနေက သူနှင့်စိုးတင့် ရောက်ခဲ့ဖူးသော မျိုးနေထိုင်ရာ လမ်းထဲသို့ ချိုးကွေ့လိုက်ပြီး မျိုးတို့အိမ်ရှေ့တည့်တည့်၌ ရပ်လိုက်သည်။

သူ အိမ်ပေါ်သို့ လှမ်းကြည့်လိုက်ချိန်၌ ကိုကိုကြီး သူတို့အား လိမ်ညာခဲ့ခြင်း မဟုတ်သလို ထောင်ချောက်ဆင်ခြင်းလည်း မဟုတ်မှန်း သူ သိလိုက်ရသည်။

မျိုး၏အဖေ ကွယ်လွန်ခြင်းဟူသော ကိစ္စမှာ အမှန်တကယ် ဖြစ်နေလေသည်။

သည့်နောက်ပိုင်း အဖြစ်အပျက်များကတော့ ကြေကွဲဖွယ်ကောင်းလှသလို စိတ်ပင်ပန်းဖွယ်လည်း ကောင်းလှပါသည်။ မျိုးအဖေ၏ အသုဘရက်များအား သူနှင့်စိုးတင့် တပင်တပန်း





ဖြတ်သန်းခဲ့ရ၏။ ကိုကိုကြီးမှအပ သူတို့နှစ်ယောက်အား မည်သူမှ ဆေးဖော်ကြောဖက် မလုပ်ကြ။

မျိုးက အဖေဇာနှင့် သူတို့နှစ်ယောက်ကို ဂရုမစိုက်နိုင်ခြင်း ဖြစ်သော်လည်း ကျန်အိမ်သားများကတော့ ရန်သူများပမာ သဘောထားလျက် တမင်အရွဲ့တိုက်ပြီး ဖော်ရွေမှုကင်းမဲ့စွာ ဥပေက္ခာပြုထားခြင်း ဖြစ်သည်။

မျိုးအမေ၊ အပျိုဖော်ဝင်စ မျိုးညီမလေးနှင့် ခြေတစ်ဖက်တရွတ်ဆွဲနေသည့် မျိုး၏မောင်လေး။

အားလုံးက သူတို့နှစ်ယောက်အား နှစ်လိုခြင်းမရှိမှန်း သိသော်လည်း၊ သူရောစိုးတင့်ပါ သည်းခံ၍ အသုဘပြီးဆုံးသည်အထိ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ထိုမျှအထိ အလျှော့ပေးသည်းခံ၍ မျိုးအပေါ် မြတ်နိုးခဲ့သော သူ့ထံသို့ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသောကိစ္စက ရက်လည် ဆွမ်းကျွေးပြီး နောက်တစ်နေ့မှာပင် ရောက်ရှိလာခဲ့သည်။

ထိုနေ့က မျိုး သူနှင့် နှစ်ယောက်တည်း စကားပြောချင်သည်ဟု ဆိုကာ မြို့အနောက်ဖက်ခြမ်းသို့ ခေါ်လာခဲ့သည်

သစ်ပင်အုပ်အုပ်ကလေးများဖြင့် ပန်းခြံသဖွယ် လှသေးသော တစ်နေရာအရောက်၊ သည်မှာပဲ ပြောကြရအောင်ဟုဆိုကာ ယာဉ်အသွားအလာ နည်းပါးလှသော ကားလမ်း၏နံဘေး အုတ်ခုံတစ်ခု၌ မျိုး ဝင်ထိုင်သည်။

သူကတော့ မျိုးဘေးနား၌ရပ်၍ မျက်ခုံးမွေးများ



www.burmeseclassic.com

www.burmeseclassic.com



စကားကိုသာ စိတ်ဝင်တစား စောင့်ဆိုင်းနေမိသည်။

ပြောစရာရှိသည်ဟု ဆိုသော်လည်း အချိန်အတော်ကြာသည်အထိ ဘာမှမပြောဘဲ မျိုး တိတ်ဆိတ်နေ၏။ သူ၏သည်းခံစောင့်ဆိုင်းနိုင်မှု ကုန်ဆုံးလုလုအချိန်ကျမှ မျိုး ရုတ်တရက်စကားစသည်။

'မနက်ဖြန် ကိုအောင်တို့ ရန်ကုန်ပြန်ပါ' တဲ့။ မျိုး၏စကားက နားထဲသို့ ပူလောင်ကြမ်းရှစွာ စီးဝင်သွားလေသည်။

သူ နားမလည်နိုင်စွာ 'ဘာအတွက်လဲ မျိုး၊ ဘာဖြစ်လို့ကျွန်တော်တို့ ရန်ကုန်ပြန်ရမှာလဲ' ဟု မေးလိုက်တော့ သူမအေးဆေးစွာ အဖြေပေးသည်။

"လက်ထပ်ဖို့ပေါ့ ကိုအောင်၊ ကိုအောင် ရန်ကုန်ပြန်ပြီးမေသက်ခိုင်ကို လက်ထပ်ပါ၊ မျိုးလဲ ကိုကိုကြီးကို လက်ထပ်မယ်"

"ဘာ...ကိုကိုကြီးကို လက်ထပ်မယ် ဟုတ်လား မျိုး"

သူမ၏ ပြောင်းလဲသွားမှုအတွက် သူ တအံ့တသြဒေါသဖြစ်သွား၏။ သူ၏စကားသံတို့က ဗလုံးဗထွေး နိုင်လှသော်လည်း သူမ၏တုံ့ပြန်မှုက ရှင်းလင်း တည်ငြိမ်လှပါသည်။

"ဟုတ်တယ်...ကိုအောင်၊ မျိုး သေသေချာချာ ဆုံးဖြတ်ပြီးမှ ဒီစကားကိုပြောတာ၊ လောကမှာ ရွှေကိုရွှေချင်းထပ်မှ မြတ်တယ် ကိုအောင်၊ ရွှေချင်းမထပ်နိုင်တောင် ကြေးနဲ့စပ်ရင် တင့်တယ်နိုင်သေးတယ်၊ မျိုးတို့ ကိုအောင်တို့ဘဝက ကြေးလိုဘဝမျိုးတွေပါ၊ ကြေးကို ကြေးနဲ့ရောရင် ကြေးပဲဖြစ်မှာပေါ့၊ မျိုးတို့မိဘ





တွေ မိသားစုတွေ စိတ်ချမ်းသာဖို့ ရွှေဖြစ်တဲ့ ကိုကိုကြီးတို့မေသက်ခိုင်တို့ဆီမှာ မျိုးတို့ရဲ့ဘဝကို စတေးရလိမ့်မယ်၊ ဒါမှလည်းမျိုးတို့ကို မှီခိုနေရတဲ့ မိသားစုတွေရဲ့ရှေ့ရေး ရင်အေးရမှာ..."

သူမ၏စကားတို့က အဆိပ်လူးထားသော မြားများပမာ သူ့ရင်ထဲသို့ နက်ရှိုင်းစွာ စူးနစ်စွဲဝင်လျက် ပြင်းပြနာကျင်သွားစေလေသည်။

"မဟုတ်ဘူး မျိုး၊ မျိုးပြောတာ ကျွန်တော် လက်မခံဘူး၊ ရန်ကုန်လဲ မပြန်နိုင်ဘူး၊ မျိုးပဲ စွန့်စားဖို့ သဘောတူခဲ့တယ်လေ၊ ကျွန်တော့်ကို လက်ထပ်မယ်လို့ ခေါင်းညိတ်ခဲ့တယ်လေ၊ အဲဒါတွေကို မျိုး မေ့သွားပြီလား၊ မေ့ပစ်လိုက်ပြီလား"

"မမေ့ပါဘူး ကိုအောင်၊ အဲဒါတွေအားလုံး အိပ်မက်မက်တုန်းက ဖြစ်ခဲ့တဲ့ကိစ္စတွေပါ"

အိပ်မက်မက်တုန်းက...တဲ့။

ဒါဟာ ပြီးခဲ့တဲ့ကိစ္စတွေအားလုံးကို အိပ်မက်တစ်ခုလို့ သူမ သဘောထားလိုက်တာပေါ့။ အလေးအနက် မဟုတ်ဘူးလို့ သတ်မှတ်လိုက်တာပေါ့။

ခံပြင်းနာကျင်မှုဖြင့် သူမအား စူးရဲစွာ စိုက်ကြည့်လိုက်ချိန်၌ သူမက • သူ့ကိုမကြည့်ဘဲ တစ်လုံးချင်းပြောသည်။

"ဟုတ်တယ်...ကိုအောင်၊ မျိုး အိပ်မက်မက်ခဲ့မိတယ်၊ ဒါပေမယ့် အိပ်မက်က လန့်နိုးတဲ့အခါ ဘယ်သူမဆို လက်တွေ့ဘဝထဲကို ပြန်ဝင်ကြရတာပဲ၊ ခု မျိုး အိပ်မက်က နိုးသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင် မျိုးသဒ္ဒါဆိုတဲ့ လက်တွေ့ဘဝထဲကို ပြန်ရောက်နေပြီ၊ ဒီတော့ အမေ့အတွက် ဒုက္ခိတမောင်လေးနဲ့ ညီမလေးအတွက် မျိုး ခေါင်းစားရတော့မယ်၊ သူတို့ရဲ့ရှေ့ရေးအတွက် ကိုကိုကြီးကို မျိုး လက်ထပ်ရမယ်"

ပြတ်သားလှသော သူမ၏စကားက သူ့ရင်ထဲမှ မျှော်လင့်ထားမှု မှန်သမျှကို တစ်စစီ ကြေမွသွားစေလျက် သူ့အား ပြင်းထန်စွာ နာကျင်သွားစေသည်။

"ဒါဖြင့် မျိုး ကျွန်တော့်ကို ချစ်တယ်လို့ ပြောခဲ့ဖူးတဲ့စကား ကလည်း အိပ်မက်မက်တုန်းက ပြောခဲ့တာပေါ့ ဟုတ်လား မျိုး၊ ခု အိပ်မက်က လန့်နိုးသွားပြီဆိုတော့ မျိုး ကျွန်တော့်ကို မချစ်နိုင်တော့ဘူးပေါ့၊ ဒီလိုလား"

သူမ ဆတ်ခနဲ တုန်သွားပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ဘူး…ကိုအောင်၊ မျိုး ကိုအောင့်ကိုချစ်တယ်၊ အရင်တုန်းက ချစ်ခဲ့သလို နောက်လဲ ချစ်နေဦးမှာပဲ၊ ဒါပေမယ့် အချစ်နဲ့ဘဝက သပ်သပ်စီပါ ကိုအောင်၊ ကိုယ့်ဘဝက ဘယ်လိုမို့ ဘယ်သူ့ကို မချစ်ရဘူးလို့ ဘဝက အချစ်ကို ပြဋ္ဌာန်းလို့မရသလို အချစ်ကလဲ ဘဝကို တည်ဆောက်မပေးနိုင်ဘူး"

သူ ခြောက်ကပ်စွာ ရယ်မောလိုက်မိသော်လည်း သူ့ရယ်သံတို့က နှုတ်ဖျားမှ ထွက်ပေါ်မလာကြပါ။

"နားထောင်လို့ သိပ်ကောင်းပါတယ် မျိုး၊ ပြီးတော့





သိပ်လဲ ခံစားရပါတယ်၊ ဒါပေမယ့် မျိုး ကျွန်တော့်ကို ရန်ကုန် ပြန်စေချင်တယ်ဆိုရင် မေသက်ခိုင်နဲ့ လက်ထပ်စေချင်တယ်ဆိုရင် အဲဒီ ချစ်တယ်ဆိုတဲ့စကားဟာ လိမ်ညာပြီး ပြောခဲ့တဲ့စကားလို့ မျိုး ဝန်ခံပါ၊ ကျွန်တော့်ကို မုန်းတယ်လို့ မျိုး ပြောပါ"

သူမက တအံ့တသြ မော့ကြည့်၏။ ကြည်လဲ့သော မျက်ဝန်း၌ မျက်ရည်စတို့ တဖြည်းဖြည်း ရစ်ဝဲလာကြပြီးနောက် 'မျိုး မပြောနိုင်ဘူး ကိုအောင်' ဟု ခေါင်းယမ်း ငြင်းဆန်သည်။

"မပြောလို့မဖြစ်ဘူး မျိုး၊ မျိုးက ကျွန်တော့်ကို မျိုးသဒ္ဒါ ဆိုတဲ့ မိန်းမတစ်ယောက်ကို မေ့ခိုင်းနေတာလေ၊ ဒီတော့ အဲဒီ မိန်းမကို ကျွန်တော် မေ့နိုင်အောင် မျိုး ကူညီရမှာပေါ့၊ မျိုး ကျွန်တော့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူးလို့ ပြောရမယ်၊ မုန်းတယ်လို့ ပြောရမယ်၊ ကျွန်တော် နာကြည်းသွားအောင် လုပ်ရမယ်၊ ဒါမှ ကျွန်တော် ရန်ကုန်ကို ပြန်နိုင်မှာပေါ့၊ ဒါမှ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို မေ့ပြီး ကိုယ်မချစ်တဲ့ တခြား မိန်းမတစ်ယောက်ကို လက်ထပ်နိုင်မှာပေါ့"

မျက်ရည်တို့ ရစ်ဝဲနေရာမှ သူမ ငိုရှိုက်လိုက်သည်။ ထို့နောက် သူ့ကို မော့ကြည့်၍ ငိုသံဖြင့်ပြောသည်။

"မုန်းတယ်ဆိုတဲ့ စကားကို မျိုး မပြောနိုင်ဘူး ကိုအောင်၊ ဘာဖြစ်လို့လဲဆိုတော့ မျိုးမှ ကိုအောင့်ကို မမုန်းဘဲ၊ ဒါပေမယ့် ကိုအောင် မျိုးကို နာကြည်းချင်တယ် မဟုတ်လား၊ ကိုအောင် နာကြည်းသွားအောင် တခြားနည်းနဲ့ ကူညီပါ့မယ်၊ မျိုး ငိုရဲ့အကြီးခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုအောင့်ကို ကူညီမယ်”

သူမ အသံတိတ်စွာ တစ်ချက်ရှိုက်လိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။ ထို့နောက် အံကိုကြိတ်၍…

“ကိုအောင် မျက်စိ ခဏမှိတ်လိုက်ပါ”

ဟု ပြောသည်။

သူမ၏ တောင်းဆိုမှုအတိုင်း သူ မျက်စိမှိတ်လိုက်သည်။

ထိုခဏ၌ ဘယ်လိုမှ မျှော်လင့်မထားသောကိစ္စတစ်ခုကို သူမ လုပ်လိုက်သည်။ သူ အမြဲတမ်း ဆုပ်ကိုင်ခဲ့ဖူးသော သူမ၏ လက်ဖဝါးအိအိလေးဖြင့် သူ့ပါးကို ရိုက်ချလိုက်ခြင်း ဖြစ်သည်။

မျက်လုံးဖွင့်၍ တအံ့တသြ ကြည့်လိုက်ချိန်၌…

“ကိုအောင် ကျေနပ်ပြီမဟုတ်လား”

ဟု မေးရင်း သူမ ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

❖ ❖ ❖



(၂)

ရှုံးနိမ့်မှု၊ နာကျင်မှုတို့ဖြင့် ရန်ကုန်သို့ ပြန်ရောက်လာခဲ့ပြီး နောက်ပိုင်းအဖြစ်အပျက်များကတော့ သိပ်ထူးထူးခြားခြား မရှိခဲ့။

ခေါင်း၌ ပတ်တီးဖြူဖြူစည်းလျက် ပြန်ရောက်လာသော သူ့အား အဖေရော အမေပါ တအံ့တသြဖြင့် ‘ဘာဖြစ်တာလဲ’ ဟု ဝိုင်းမေး၏။

စိုးတင့်နှင့် တင်ကြိုတိုင်ပင်ထားသည့်အတိုင်း ချော်လဲရင်း ခေါင်းပေါက်သွားတာဟု အဖြေပေးလိုက်တော့ သူ့စကားကို ယုံကြည်သွားကြပြီး ဘာမှ ထပ်မမေးကြတော့။ သို့သော် သူ၏ ချော်လဲခြင်းကို မယုံကြည်သူက မေသက်နိုင် ဖြစ်သည်။

“နင် ရန်ဖြစ်လာတာ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်တုန်းက ရန်ဖြစ်ဖူးလို့လဲ မေသက်ရဲ့"

"ဒါပေမယ့် ခုတော့ ဖြစ်လာပြီလေ"

သူမအား ပိုရိုသေသပ်စွာ သူ လိမ်ညာနိုင်မည်မဟုတ်ပါ။ သူ ခေါင်းညိတ်ဝန်ခံလိုက်တော့ ဘယ်သူနဲ့ဖြစ်လာတာလဲဟု စပ်စုနေသေးသည်။

"အလကားပါဟာ၊ နယ်က အရက်သမားတွေပါ"

"မသေကောင်း မပျောက်ကောင်းဟာ"

သူ့ဒဏ်ရာတို့ကို ကြည့်ရင်း မေသက်ခိုင် ညည်းညည်း ညူညူ ရေရွတ်သည်။

"ငါ့ဒဏ်ရာထက် ပိုပြီးအရေးကြီးတဲ့ကိစ္စကို ပြောကြရအောင် မေသက်"

"ဘာလဲ အောင်"

"နင်နဲ့ငါ စေ့စပ်ဖို့ကိစ္စလေ၊ ဖြစ်နိုင်ရင် အဲဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ရအောင်၊ အန်ကယ့်ကို နင် ကြည့်ပြောလိုက်ပါ"

"အောင်"

သူမ၏ခေါ်သံက အထိတ်တလန့် နိုင်လွန်းလှပါသည်။ သူ လှည့်ကြည့်လိုက်တော့ သူမက သူ့မျက်နှာအား ပန်းချီကား တစ်ချပ်ကို ကြည့်သည့်ပမာ စေ့စေ့စပ်စပ်ကြည့်ပြီး...

"နင် တစ်ခုခု ဖြစ်လာသလားဟင်"

"ငါက ဘာဖြစ်ရမှာလဲ မေသက်ရဲ့"





"ငါ မပြောတတ်ဘူး၊ ဒါပေမယ့် နင့်ကြည့်ရတာ တစ်ခုခု ဖြစ်လာသလိုပဲ"

သူ ပင့်သက်ရှိုက်သွင်းလိုက်ရင်း 'ကိုအောင် ကျေနပ်ပြီ မဟုတ်လား' ဟူသော မျိုး၏စကားသံကို ဖျတ်ခနဲ ကြားယောင် လိုက်မိသည်။

ရင်နင့်နာကျင်မှုတို့က လှိုက်၍ တက်လာကြ၏။ သူ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ရင်း...

"ငါ ဘာမှမဖြစ်ပါဘူး မေသက်၊ ဖြစ်မယ်ဆိုရင်လဲ တစ်ခုမက ဖြစ်လာတာပါ"

သူမ တစ်ခုခုမေးမည့်ဟန် ပြုပြီးမှ မမေးတော့ဘဲ...

"ကောင်းပြီလေ...အမြန်ဆုံး စေ့စပ်ဖို့ကိစ္စ ဖေဖေ့ကို ငါပြောလိုက်ပါ့မယ်"

ဟု ကတိပေးသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေသက်ခိုင်နှင့်သူ စေ့စပ်ရန်ကိစ္စမှာ အမြန်ဆုံး အကောင်အထည် မပေါ်ခဲ့ပါ။

ကြန့်ကြာမှုများအနက် တစ်ခုမှာ နောက်ထပ် ရက် အနည်းငယ်အကြာ၌ ကောက်ခါငင်ခါ ဆိုသလိုပင် ဗန်ကောက်သို့ အလုပ်ကိစ္စဖြင့် ဦးကျော်ခိုင် ထွက်ခွာသွားရခြင်း ဖြစ်သည်။

တစ်လလောက်သာ ကြာမည်ဖြစ်သဖြင့် ၎င်းပြန်လာမှ စေ့စပ်ရန်ကိစ္စကို စီစဉ်မည်ဟု ဆိုသည်။

သို့သော် ၎င်းပြန်ရောက်လာသော အချိန်၌ မေသက်က တိုက်ဖွိုက်ဖြစ်ကာ အိပ်ရာထဲ လဲ၍နေသည်။ မေသက်က နေမကောင်း ဖြစ်နေသည့်တိုင် စေ့စပ်ပွဲလုပ်ခိုင်းမည်ဟု ဆိုသည်။

"နင် ရူးနေသလား မေသက်၊ ဒီလောက် ဖျားနေတဲ့ဥစ္စာ ဘယ်လိုလုပ် စေ့စပ်ပွဲ လုပ်နိုင်မှာလဲ"

"ဒါပေမယ့် နင်က အဲဒီကိစ္စကို အမြန်ဆုံး ဖြစ်စေချင်တယ်ဆို"

သူ့စကားအပေါ် သူမ၏ အလေးအနက်ထားမှုက သူ့ရင်ကို နာကျင်သွားစေလေသည်။

ရက်ပေါင်းများစွာ အစာမစားရဘဲ အရည်ချည်း သောက်နေခဲ့ရသဖြင့် ချောင်ကျနေသော သူမ၏မျက်နှာလေးကို ငေးကြည့်ရင်း ပထမဆုံးအကြိမ်အဖြစ် သူမအပေါ် သနားကြင်နာစိတ်တို့ ဖြစ်ပေါ်လာမိသည်။

"နင် နေကောင်းအောင်သာ အမြန်ဆုံးကြိုးစားပါ မေ





သက်ရာ၊ စေ့စပ်တာက ဘယ်အချိန်ပဲ စေ့စပ်စေ့စပ် ရပါတယ်"

"ငါ နေကောင်းနေပါပြီ"

သို့သော် သူမ၏ နေမကောင်းမှုက တော်တော်နှင့် မပျောက်ကင်းနိုင်ခဲ့ပါ။ တစ်လကျော်မျှကြာအောင် အိပ်ရာထဲ လဲနေခဲ့ပြီးမှ ဆရာဝန်က ဆန်ပြုတ် စသောက်နိုင်ပြီဖြစ်ကြောင်း ခွင့်ပြုခဲ့၏။

အနည်းငယ် ထူထူထောင်ထောင် ဖြစ်လာသည်နှင့် သူမ၏ ပထမဆုံးမေးခွန်းက စေ့စပ်ဖို့ရက်က ဘယ်နေ့ သတ်မှတ်ရမလဲ ဟူ၍ ဖြစ်သည်။

'အဲဒီကိစ္စကို လူကြီးတွေ စီစဉ်ပါလိမ့်မယ်ဟာ' ဟု သူ ပြန်ပြောလိုက်ရသည်။

သူပြောသည့်အတိုင်းပင် စေ့စပ်ရန် ရက်သတ်မှတ်ခြင်းနှင့် ညစာခံပွဲလုပ်ရန် နေရာရွေးချယ်ခြင်းကို လူကြီးတွေကပင် စီစဉ်ရွေးချယ်ခဲ့သည်။

သူနှင့်မေသက်၏ စေ့စပ်ပွဲအား ၎င်းတို့၏ခြံထဲ၌ပင် ကျင်းပမည်ဟု ဦးကျော်ခိုင် ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်မှုများနှင့် ပတ်သက်၍ သူ ကန့်ကွက်ခြင်း ငြင်းဆန်ခြင်း မရှိခဲ့သလို ခေါင်းညိတ်သဘောတူခြင်းလည်း မပြုခဲ့ဘဲ နှုတ်ဆိတ်၍သာ နေခဲ့သည်။

လောလောဆယ် သူ့အတွက် အရေးတကြီး လိုအပ်ချက်က မျိုးသဒ္ဒါအား အမြန်ဆုံးမေ့နိုင်ရေးပင် ဖြစ်ပြီး ကိစ္စအား



www.burmeseclassic.com

www.burmeseclassic.com



ကူညီနိုင်သူက မေသက်ခိုင်ပင် ဖြစ်သည်။

❖ ❖ ❖

သစ်ပင်ရိပ်အောက်၌ ထိုင်လျက် ပင်စည်ကိုမှီရင်း သူမည်မျှကြာအောင် အတွေး၌ နစ်မျောနေခဲ့မိသည်မသိ။

သူ့နာမည်ကို ခေါ်သံကြောင့် ဖျတ်ခနဲ အသိဝင်လျက် လှည့်ကြည့်လိုက်တော့ ဘေးနား၌ရပ်နေသော မေသက်ကို တွေ့ရသည်။

"နင် ဘာတွေတွေးနေတာလဲ"

"ဘာမှမတွေးပါဘူး"

"လုပ်မနေနဲ့၊ ငါရောက်နေတာ ကြာလှပြီ၊ နင် တစ်ခုခု တွေးနေတယ် မဟုတ်လား"

ဘေးနား၌ဝင်ထိုင်ရင်း စိတ်ဆိုးသံလည်း မဟုတ်သော အသံတစ်မျိုးဖြင့် မေသက် မေးသည်။

"ဘာရယ်မဟုတ်ပါဘူး၊ စာစပ်မယ့်နေ့ကျရင် ဘာဝတ်ရင် ကောင်းမလဲလို့ စဉ်းစားနေတာပါ"

သူမ ကျေနပ်စေရန် လိမ်ညာပြောလိုက်သော သူ့အား





သူမက မယုံကြည်ဟန်ဖြင့် ပြုံး၍စိုက်ကြည့်လျက် 'အေးပါဟာ ငါယုံလိုက်ပါမယ်' ဟု ပြောသည်။

ထို့နောက် လက်ထဲမှ ကြွပ်ကြွပ်အိတ်နှင့် ထုပ်လာသော အရာများကို သူ့အား လှမ်းပေးသည်။

"ဘာတွေလဲ မေသက်"

"ဖိတ်စာတွေလေ၊ ဒီနေ့ပဲ ရလာတာ၊ နင်ဖိတ်ချင်တဲ့လူတွေ ဖိတ်ဖို့"

"ငါ့မှာ ဖိတ်ရမယ့်လူ များများမရှိပါဘူးဟာ၊ အဖေတို့ကိုပဲ ပေးလိုက်ပါ"

စောင်ရေ လေးငါးဆယ်လောက် ရှိမည်ထင်ရသော ဖိတ်စာတို့ကို ကြည့်ရင်း သူ ငြင်းလိုက်သည်။

"ဦးနဲ့ဒေါ်လေးကို ပေးပြီးပြီဟ၊ ဒါ နင့်အတွက် သပ်သပ် ပေးတာ၊ ဖိတ်စရာ ရှိရှိမရှိရှိ ယူထားလိုက်ပေါ့၊ ဖေဖေက ပေးခိုင်းလိုက်တာ"

ထပ်ငြင်း၍ မကောင်းသဖြင့် သူ လှမ်းယူလိုက်ရသည်။

"ဒီနေ့ ဒေါ်လေး ဆေးခန်းသွားရမယ်နော်၊ ညနေ နင် အပြင်ထွက်မသွားနဲ့ဦး"

မေသက် သတိပေးလိုက်တော့မှ တစ်ပတ်တစ်ခါ အမေ၏ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းခြင်းရောဂါအတွက် အထူးကု ဆရာဝန်နှင့် ပြနေရသောအဖြစ်ကို တွေးလိုက်မိပြီး ဒီနေ့ ဆေးခန်းသွားရမည့်ရက်ပဲဟု သတိရလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် ထိုသို့ ဆေးခန်းသွားရန် မေသက်ခိုင်တို့ထံမှ ငွေကြေးနှင့် မော်တော်ကား အကူအညီ ရယူနေရသည့်အဖြစ်ကို လည်း မေ့ထား၍ မရပါ။

"ခုတစ်လော ဒေါ်လေးကြည့်ရတာ ပိုပြီး သက်သာလာ သလိုပဲနော်"

မေသက်ခိုင် သူ့အား လှမ်းပြောသည်။

သူမ ပြောသလိုပင် ယခုရက်ပိုင်းအတွင်း အမေ၏ ကျန်းမာရေးအခြေအနေ သိသာစွာ တိုးတက်ပြီး လန်းလန်းဆန်း ဆန်း ဖြစ်လာ၏။

ထိုသို့ ကျန်းမာရေး လျင်မြန်ကောင်းမွန်လာခြင်းမှာ မေသက်နှင့် စေ့စပ်ရန် သူ ခေါင်းညိတ်သဘောတူခဲ့ခြင်းကြောင့် ဖြစ်ကြောင်းကိုတော့ သူသာ အသိဆုံးဖြစ်သည်။

❖ ❖ ❖

"အတော်ပဲ၊ ငါတောင် ညနေကျရင် မင်းဆီလာမလို့"

သူ့အား တွေ့တွေ့ချင်း ခင်မောင် ဆီးပြောသည်။

ထို့နောက် ထုံးစံအတိုင်း ခင်မောင် အိမ်ပေါ်မှဆင်းလာပြီး 'လာ...လက်ဖက်ရည်ဆိုင် သွားရအောင်' ဟု ဆိုသည်။ ဆိုင်





ရောက်တော့ မဂ္ဂဇင်းစာအုပ်ကြား၌ ညှပ်ထားသော ဖိတ်စာကို ထုတ်ယူ၍ ခင်မောင့်ရှေ့သို့ သူ ချပေးလိုက်သည်။

"ငါ့ ဖိတ်စာ လာပေးတာ"

သူ့စကားအဆုံး စားပွဲထိုးလာချပေးသော စီးကရက်ပွဲထဲ မှ တစ်လိပ်လှမ်းယူရင်း 'ငါလဲ မင်းကို ပေးစရာတွေ ရှိနေတယ်' ဟု ခင်မောင် ပြန်ပြောသည်။

"ဘာတွေလဲ"

"အစုံပဲ၊ သတင်းတွေကော အမှာစကားတွေကော"

ထူးဆန်းသောစကားကြောင့် သူ စိတ်ဝင်စားသွားပြီး 'ဘာသတင်းတွေလဲ လုပ်စမ်းပါဦး' ဟု ခင်မောင့်ကို မေးလိုက်တော့ ခင်မောင်က စီးကရက်ကို အချိန်ဆွဲ၍ မီးညှိနေပြီးမှ...

"ပထမဆုံး ဆရာဦးလှမြင့် မင်းကိုမှာလိုက်တာ အရင် ပြောမယ်"

ဆရာဦးလှမြင့်က သူတို့ စက်မှုစွမ်းအား ဌာနမှူးဖြစ်သလို နောက်ဆုံးနှစ်သင်တန်းသားများ၏ မိသားစုဆရာလည်း ဖြစ် သည်။

"ဆရာက မင်း ကျောင်းပျက်တာ သိပ်များနေပြီတဲ့ တော်ကြာ (Roll Call) မပြည့်လို့ စာမေးပွဲဖြေခွင့်မရဘဲ ဖြစ်နေ မယ်၊ ကျောင်းလာတက်ပါဦးတဲ့"

"ရှေ့အပတ်ကျရင် ပြန်တက်မှာပါ၊ ခုတစ်လော နေ့ပေါ်ခွဲ အတွက် အလုပ်တွေရှုပ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်လောက မျိုးတို့နယ်ကို လိုက်သွားတုန်းကလဲ မင်း ကျောင်းပျက်ခဲ့သေးတယ်လေ၊ တော်ကြာ ဆရာပြောသလို ကျောင်းခေါ်ချိန် မပြည့်ဘဲ ဖြစ်နေဦးမယ်၊ ဒါနဲ့ မင်းနဲ့မေသက် နေ့စပ်ပွဲက ဘယ်နေ့လဲ"

"လဆန်းတစ်ရက်နေ့"

"တိုက်တိုက်ဆိုင်ဆိုင်ပါလား"

မဆီမဆိုင် ရေရွတ်လိုက်သော ခင်မောင့်စကားကြောင့် သူ နားမလည်နိုင်စွာ 'ဘာတိုက်ဆိုင်တာလဲ' ဟု မေးလိုက်တော့ မျိုးအဖေ ဆုံးတာ သုံးလပြည့်တဲ့နေ့နဲ့ တိုက်ဆိုင်နေတာဟု ခင်မောင် ဖြေသည်။

သူနှင့်စိုးတင့်၏ ပြန်ပြောခဲ့မှုအရ မျိုးအဖေဆုံးကြောင်း ခင်မောင် သိနေသော်လည်း ဆုံးသည့်ရက်စွဲကို ထိုမျှအထိ အတိအကျ မှတ်မိနေလိမ့်မည်ဟု သူ မထင်မိခဲ့။ သူပင် ထိုရက်စွဲအား မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့သည်။

"နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက် အတိအကျ မှတ်မိနေတာလဲ"

သူ့မေးခွန်းအား သူ့ရှေ့စားပွဲပေါ်သို့ စာတစ်စောင် တင်ပေးလာခြင်းဖြင့် ခင်မောင် တုံ့ပြန်သည်။ စာဟုဆိုသော်လည်း စာအိတ်ဖြင့်ထည့်၍ ပိတ်ထားသည့်စာမျိုး မဟုတ်ဘဲ စာရွက် ခေါက် တစ်ခုမျှသာ ဖြစ်သည်။

"ဒါ ဘာလဲ ခင်မောင်"





"စာလေ၊ မင်းကို ပေးခိုင်းလိုက်တာ"

"ဘယ်သူကလဲ"

"မျိုးသဒ္ဒါ"

ဗုံးတစ်လုံး ပေါက်ကွဲသွားသည့်ပမာ ရင်ထဲ၌ ဝုန်းခနဲ တုန်ခါဆူညံသွား၏။ သူ့ရှေ့မှ အဖြူရောင်စာရွက်ခေါက်လေး အား အန္တရာယ်ပြုနိုင်သည့် အရာဝတ္ထုတစ်ခုပမာ ထိတ်လန့် တကြား သူ စိုက်ကြည့်နေမိစဉ်မှာပင် 'မျိုး ကျောင်းကို ရောက် လာတယ် အောင်ထက်၊ ငါနဲ့ လာတွေ့တယ်' ဟု ခင်မောင် ပြောသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၃)

လူသားတစ်ယောက်အပေါ် ကံကြမ္မာ၏ ပြက်ရယ်ပြုမှုသည် တစ်ခါတစ်ရံ၌ ဆိုးရွားလွန်းလှသလို အံ့သြဖွယ်လည်းကောင်းလှပါသည်။ ဖြစ်မည်ဟု အခိုင်အမာ ယုံကြည်ထားသော ကိစ္စတို့အား ဖြစ်မလာအောင် ပြုမူတတ်သလို မဖြစ်နိုင်တော့ဟု မျှော်လင့်ထားသောကိစ္စတို့အား ဖြစ်လာစေလျက် လူသားတို့၏ ဖြစ်တည်မှုကို မထီမဲ့မြင် ပြုတတ်လေသည်။

သူ့အား လက်ထပ်မည်ဟု ခေါင်းညိတ်သဘောတူခဲ့သော မျိုးသည် ရက်အနည်းငယ်အတွင်းမှာပင် ထိုသဘောတူညီမှုကို ပြန်လည်ရုပ်သိမ်း၍ သူ့အား နာကျင်စေခဲ့ပြီးမှ မေသက်နှင့် စေ့စပ်ရန် ရက်အနည်းငယ်အလို၌ ခင်မောင်မှတဆင့် သူ့ထံသို့





စာတစ်စောင် ပို့ပေးလာခဲ့သည်။

စာပါ အကြောင်းအရာများကို မဖတ်ခင် ခင်မောင်၏ ရှင်းပြမှုနှင့်ပင် သူ တအံ့တသြ ဖြစ်ခဲ့ရ၏။

ပထမဦးစွာ အံ့သြရမှုက ကိုကိုကြီးအပါအဝင် မျိုးဘက်မှ မိသားစုက သူနှင့်မျိုးအား လက်ထပ်ရန် သဘောတူသည်ဆိုသော ကိစ္စဖြစ်သည်။

"နေစမ်းပါဦး၊ ဘယ်လိုဖြစ်လို့ ပြောင်းလဲသွားရတာလဲ"

သူ တအံ့တသြ မေးလိုက်မိသည်။

"ကိုကိုကြီးကြောင့်ပေါ့၊ ကိုကိုကြီးက မျိုး မင်းကို မေသက်နဲ့ လက်ထပ်ဖို့ တိုက်တွန်းတာတွေ၊ ရန်ကုန် ပြန်လွှတ်လိုက်တာတွေ ဘာမှမသိလိုက်ဘူး၊ မင်း ရန်ကုန် ပြန်သွားပြီးမှ မျိုး ပြောပြလို့ သိရတာ၊ သိသိချင်းပဲ သူ နောက်ဆုတ်ပေးမယ်လို့ ပြောတယ်၊ မျိုးကို မင်းနဲ့လက်ထပ်ဖို့ တိုက်တွန်းတယ်၊ သဘောထား ပြည့်ဝတယ်လို့ ပြောရမှာပေါ့၊ မျိုးအိမ်ကပါ မင်းနဲ့ သဘောတူလာအောင် စည်းရုံးပေးခဲ့တယ်၊ နာရေးကိစ္စပြီးတာ ဘာမှမကြာသေးလို့ လောလောဆယ်တော့ လက်မထပ်နဲ့ဦး၊ ဒါပေမယ့် မျိုးအမေကို လာတွေ့ပြီး စေ့စပ်ထားပါတဲ့၊ အဖြစ်အပျက် အတိုချုပ်ကတော့ အဲဒါပဲ၊ မျိုး ငါ့ကိုလာတွေ့ပြီး ရှင်းပြတယ်၊ မင်းနဲ့ တွေ့ချင်ပေမယ့် နေ့ချင်းပြန်ရမှာမို့လို့ အဲဒီစာရေးပြီး ပေးသွားတယ်"

အပြောင်းအလဲတို့က အိပ်မက်ဆန်စွာ အံ့သြဖွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လှပါသည်။ စာကို တုံဆိုင်းစွာ လှမ်းယူလိုက်ပြီး ဖြန့်၍ဖတ်လိုက်တော့ အနုတ်ရောင်မှင်ဖြင့် ရေးထားသည့် ရင်းနှီးနေသော မျိုး၏ ဝိုင်းစက်စက်လက်ရေးတို့ကို တွေ့ရသည်။

ကိုအောင်...

အဖြစ်အပျက်တွေအားလုံး ကိုခင်မောင့်ကို မေးကြည့်ပါ။ မျိုး ကိုအောင်နဲ့ လာတွေ့ချင်ပေမယ့် အချိန်မရလို့ သည်စာပဲ ရေးလိုက်တယ်။ လဆန်းတစ်ရက်နေ့ မျိုးတို့အိမ်မှာ ဖေဖေဆုံးတာ သုံးလပြည့် ဆွမ်းကပ်မယ်။ အဲဒီနေ့ ကိုအောင် လာခဲ့စေချင်တယ်။ မျိုးအပေါ် မနာကြည်းသေးဘူးဆိုရင် တစ်ရက်နေ့ ဆက်ဆက်လာခဲ့ပါ။ မျိုး စောင့်နေမယ်။

စာအဆုံး၌ 'ကိုအောင့်ကိုချစ်တဲ့ မျိုး' ဟု သူမ လက်မှတ်ထိုးထားသည်။ သူမ၏သေသပ်လှပသော လက်မှတ်အပေါ်မှ ဝိသေသက သူ့ကို လှိုက်ဖို၍လာစေသည်။

တစ်ရက်နေ့ ဆက်ဆက်လာခဲ့ပါ တဲ့။

သူ မျှော်လင့်နေခဲ့သော အိပ်မက်အား လှပစွာ အဆုံးသတ်ပေးမည့် သူမ၏ ကမ်းလင့်ချိန်းဆိုမှုပင် ဖြစ်သည်။ အနည်းငယ် ဝမ်းနည်းစရာကောင်းသည်မှာ သူမ ချိန်းဆိုထားသော ထိုနေ့သည် မေသက်နှင့်သူ စေ့စပ်ရန် သတ်မှတ်ထားသောနေ့ ဖြစ်နေခြင်းပင်။





စာကို ကိုင်ထားရင်း စာရွက်ပေါ်၌ မျိုးသဒ္ဒါနှင့် မေသက်ခိုင်တို့၏ မျက်နှာက တစ်လှည့်စီ ရစ်ဝဲစွာ ပေါ်လာကြ၏။

နောက်ဆုံး၌ ဆုံးဖြတ်ရခက်စွာ ခင်မောင့်ကို အားကိုးတကြီး မေးလိုက်မိသည်။

"ငါ ဘာလုပ်ရင် ကောင်းမလဲ ခင်မောင်"

ခင်မောင် သူ့အား ကရုဏာသက်ဟန်ဖြင့် ကြည့်၏။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး...

"ငါ အကြံမပေးချင်ဘူး အောင်ထက်၊ မင်းဘာသာ ဆုံးဖြတ်တာ အကောင်းဆုံးပဲ၊ တစ်ခုတော့ရှိတယ်၊ မင်းလက်ထဲက စာက မျိုးလက်ရေးနဲ့ မင်းတစ်ယောက်တည်းဖတ်ဖို့ ရေးထားတာ၊ ဟောဒီဖိတ်စာက လူတွေအများကြီးကိုဝေဖို့ ပုံနှိပ်ထားတာ၊ အဲဒါကိုတော့ မင်း ထည့်ပြီးစဉ်းစား"

အဓိပ္ပါယ်များစွာ ကျယ်ဝန်းသော ခင်မောင့်စကားက သူ့အား ငေးငိုင်သွားစေသည်။ ထိုနေ့ အိမ်ပြန်ရောက်သည့်တိုင် ၎င်း၏စကားက သူ့နားထဲမှ တော်တော်နှင့်မထွက်ဘဲ ပဲ့တင်ထပ်စွာ ရစ်ဝဲနေခဲ့သည်။

တကယ်တော့ ခင်မောင် ပြောသည့်အတိုင်းပင် မျိုးထံ သွားသင့် မသွားသင့်ဟူသော ကိစ္စအား သူ့ဘာသာ ဆုံးဖြတ်ရပါလိမ့်မည်။ ထို့ပြင် ထိုသို့ ဆုံးဖြတ်နိုင်ရန်အတွက် ဖြစ်ချင်တာနှင့် ဖြစ်သင့်တာ တစ်စုံတစ်ရာကို ရင်းနှီးမြှုပ်နှံရပေလိမ့်မည်။

မျိုးနှင့် စေ့စပ်ရန်အတွက် မေသက်ခိုင်နှင့် စေ့စပ်ပွဲကို



www.burmeseclassic.com

www.burmeseclassic.com



ဖျက်၍သွားရမည်ဖြစ်ပြီး မေသက်ခိုင်နှင့် လူကြီးများ၏ စိတ်ချမ်းသာမှုကို ဦးစားပေးမည်ဆိုပါက မျိုးကို လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်၊ ထိုကိစ္စကတော့ သူ အလွန် ပင်ပန်းခက်ခဲပါလိမ့်မည်။

မျိုး သူ့အား ရန်ကုန်သို့ ပြန်လွှတ်ခဲ့စဉ်အခါက သူမကို လက်လွှတ်ဆုံးရှုံးရပြီဟူသော အသိဖြင့် သူ ပြင်းပြစွာ ခံစားမှုလောင်ခဲ့ရ၏။

မေသက်ခိုင်နှင့် အမြန်ဆုံးစေ့စပ်ခြင်းဖြင့် ထိုခံစားမှုတို့အား ဖြေဖျောက်နိုင်လိမ့်မည်ဟု သူ ထင်ခဲ့မိသော်လည်း တကယ့်တကယ်တော့ သူထင်သလို မဖြေဖျောက်နိုင်ခဲ့။ ထို့အတူ မျိုးအား မေ့နိုင်ရန် ကြိုးစားမှုတို့မှာလည်း မအောင်မြင်ခဲ့။

ယခုတဖန် သူမအား ထပ်မံ လက်လွှတ်ဆုံးရှုံးရမည်ဆိုပါက သူ့ဘဝတစ်လျှောက်လုံး ကြေကွဲနာကျင်၍ နေရပါလိမ့်မည်။

အတွေးနှင့်ပင် သူ မွန်းကြပ်ပူလောင်သွားမိသည်။

ထိုညက အတော် ညဉ့်နက်သည်အထိ သူ အိပ်မပျော်နိုင်ဘဲ စာကြည့်စားပွဲပေါ်မှ မျိုး၏စာအား အခေါက်ပေါင်း မရေတွက်နိုင်လောက်အောင် ဖတ်ရင်း မျိုး၏မျက်နှာကိုသာ တရစ်ဝဲဝဲမြင်ယောင်နေခဲ့မိသည်။

မျိုးသဒ္ဒါအား သတိတရ လွမ်းဆွတ်မှုသည် နောက်တစ်နေ့ ကျောင်းသို့ ရောက်ရှိချိန်မှာတော့ ဘယ်လိုမှ မဖြေသိမ့်နိုင်လောက်အောင် ရှန်းကြွ၍လာခဲ့သည်။

တကယ်တော့ သူ ကျောင်းသို့ ရောက်ရှိသွားခဲ့ခြင်းမှာ





ကျောင်းတက်ရန်မဟုတ်ဘဲ သူ၏ ကျောင်းပျက်မှုတို့နှင့် ပတ်သက်၍ ဆရာဦးလှမြင့်အား အကျိုးအကြောင်း ရှင်းပြရန် ဖြစ်သည်၊

စိုးတင့်ကို အဖော်ခေါ်၍ ကျောင်းသို့ ထွက်လာခဲ့ချိန်အထိ ပြဿနာ တစ်စုံတစ်ရာ မရှိသော်လည်း ကျောင်းထဲသို့ လှမ်းဝင်လိုက်ချိန်မှာတော့ မျိုးနှင့်ပတ်သက်သည့် ခံစားမှုတို့က ရုတ်ချည်းဆိုသလို သူ့ရင်ထဲသို့ ရှူးရှတိုးဝင်လာကြသည်။

အဆိုးဆုံးကတော့ မျိုးနှင့်အတူတူ ထမင်းတစ်ချိုင့်တည်းကို ခွဲဝေစားနေကျ ဇဟိုဆောင် ဝရန်တာဘက်ဆီသို့ လှမ်းမျှော်ကြည့်မိချိန် ဖြစ်သည်။ ထိုနေရာ၌ မျိုးနှင့်အတူ ထမင်းလက်ဆုံစားရင်း သူ ရင်ခုန်ခဲ့ဖူး၏။ ထိုနေရာ၌ပင် သူ မကြိုက်သောငါးဟင်းကို မျိုးက ဂရုတစိုက် အရိုးထွင်ပေးခဲ့ဖူး၏။

လွမ်းမောဖွယ်ရာ အဖြစ်အပျက်တို့ကို သတိရသွားပြီးလိုက်ခနဲ ဖြစ်သွားလျက် သူ၏ခြေလှမ်းတို့ တုံ့ဆိုင်းရပ်တန့်သွားကြသည်။ ဘေးနားမှ စိုးတင့်က သူ့ကို လှည့်ကြည့်ပြီး...

"ဘာလုပ်မလို့လဲ၊ ဌာနမှူးကို သွားတွေ့မလို့ဆို"

သူ ခေါင်းကို ခါယမ်းလိုက်ရင်း 'မတွေ့ချင်တော့ဘူးကွာ' ဟု ရေရွတ်လိုက်တော့ စိုးတင့်က သူ့အား နားမလည်သလို ကြည့်သည်။

"ငါ ဆုံးဖြတ်လိုက်ပြီ စိုးတင့်"

အဆက်အစပ်ကင်းမဲ့သော သူ့စကားကြောင့် စိုးတင့် ခပ်ကြောင်ကြောင် ဖြစ်သွားပြီး 'ဘာကိုလဲ' ဟု မေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုဆောင် အပေါ်ထပ်ဆီသို့ ငေးကြည့်နေရင်းမှ သူ တစ်လုံးချင်း ဖြေလိုက်သည်။

"ငါ မျိုးဆီကို သွားမယ်"

❖ ❖ ❖

တစ်ခါတစ်ရံ၌ ကိစ္စတစ်ခုအား ဆုံးဖြတ်ရန် လေးလံခက်ခဲစွာ တွေဝေနေတတ်သော်လည်း ဆုံးဖြတ်ပြီးသွားပြီဆိုလျှင်တော့ စိတ်လက်ပေါ့ပါးစွာ ရဲရင့်ပြတ်သားသွားတတ်မြဲ ဖြစ်သည်။

မထင်မှတ်ဘဲ ကျောင်းသို့ ရောက်ရှိသွားခဲ့ခြင်းဖြင့် မျိုးအား လက်လွှတ်ဆုံးရှုံးရန် ဘယ်လိုမှမဖြစ်နိုင်ကြောင်း သူ့ကိုယ်သူ နားလည်လာခဲ့ပြီးနောက် ထိုနားလည်မှုကပင် မျိုးဆီသို့သွားရန် ဖိအားပေးလာခဲ့သည်။

ထို့ကြောင့်ပင် မျိုး၏ချိန်းဆိုမှုအတိုင်း တစ်ရက်နေ့ မျိုးထံသို့ အရောက်သွားရန် ခိုင်မာစွာ ဆုံးဖြတ်ချက်ချခဲ့၏။ ဆုံးဖြတ်ချက်ချပြီး သူ့အတွက် အရေးတကြီး လုပ်ဆောင်စရာကိစ္စကတော့ မေသက်ခိုင်နှင့် သူ၏စေ့စပ်ပွဲကို ဖျက်သိမ်းရန် ဖြစ်သည်။

သို့သော် ဖိတ်စာများပင် ဝေပြီးနေသော စေ့စပ်ပွဲအား





ဖျက်သိမ်းရန် တောင်းဆိုမှုကို မည်သူကမှ အသာတကြည် လိုက်လျောခွင့်ပြုလိမ့်မည် မဟုတ်ပါ။

မေသက်ခိုင်အား အကျိုးအကြောင်း ရှင်းပြနိုင်သည့်တိုင် သူ့အပေါ် နာကြည်းစိတ်ဆိုးရုံမှလွဲ၍ သူမလည်း ဘာမှ တတ်နိုင်လိမ့်မည် မဟုတ်။ ထိုကိစ္စမှာ အတွေးနှင့်ပင် စိတ်ပင်ပန်းဖွယ် ကောင်းလှပါသည်။

နောက်ဆုံးတော့ သူ့ဘက်မှ တစ်ဖက်သတ် ဖျက်သိမ်းမှုသာ ဖြစ်နိုင်မည်ဟု သူ သဘောပေါက်လိုက်သည်။

သူ့စိတ်ကူးအား စိုးတင့်ကော ခင်မောင်ကပါ သဘောမတူသော်လည်း သူ့အတွက် ရွေးချယ်စရာက များများမရှိပါ။ တစ်ခုခုကို လိုချင်လျှင် တစ်ခုခုကို ရင်းနှီးရပါလိမ့်မည်။

မေသက်နှင့် သူ၏စေ့စပ်ပွဲအား သူ့ဘက်မှ ရှောင်ဖယ်ထွက်ခွာခြင်းနှင့် ပတ်သက်၍ မေသက်အား ရှင်းပြရန်အတွက် စေ့စပ်ရန် နှစ်ရက်အလို သုံးဆယ်ရက်နေ့ညတွင် သူ စာတစ်စောင် ရေးလိုက်သည်။

သူမအား ဖုံးကွယ်ထားခဲ့သော မျိုးနှင့်ပတ်သက်သည့် အကြောင်းတို့ကို နယ်သို့လိုက်သွားချိန်မှစ၍ မျိုး၏စာ သူ့ထံသို့ ရောက်လာချိန်အထိ ခပ်တိုတို ရေးချလိုက်၏။

ထိုစာ မေသက်လက်ထဲသို့ ရောက်ရန်ကိစ္စကိုတော့ နောက်တစ်နေ့ မနက်၌ ခင်မောင့်ကို အကူအညီတောင်းရသည်။ ခင်မောင်က ကူညီရန် လိုလိုလားလား မရှိသော်လည်း ငြင်းတော့



www.burmeseclassic.com

www.burmeseclassic.com



မငြင်းပါ။

သူမေးသည့်စာကို လှမ်းယူရင်း 'မင်း မျိုးဆီ ဘယ်တော့ သွားမှာလဲ' ဟု တိုတောင်းစွာ မေးသည်။

မျိုးနေထိုင်ရာမြို့က ရန်ကုန်မှ လေးနာရီခရီးလောက်သာ ဝေးသဖြင့် တစ်ရက်နေ့ မနက်စောစောသွားရန် သူ ဆုံးဖြတ်လိုက်သည်။

"မနက်ဖြန်မှ သွားမယ်၊ ဒီကနေ မနက်စောစော ထွက်ရင် ဟိုကို ထမင်းစားချိန်လောက် ရောက်မှာပဲ"

"ဒါဖြင့် အဲဒီအချိန်လောက်မှ စာ သွားပေးရမယ်ပေါ့၊ စေ့စပ်ပွဲမှာ မင်းမရှိလို့ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေတုန်း ငါက မေသက် လက်ထဲကို ဒီစာ သွားထည့်ပေးရမယ်ပေါ့"

အနည်းငယ် စိတ်တိုတောင်းသောအသံဖြင့် ခင်မောင် မေးသည်။

"မဟုတ်ဘူး ခင်မောင်၊ ဒီနေ့ညနေပဲ ပေးလိုက်ပါ၊ မျိုးဆီကို မနက်မှ သွားမယ်ဆိုပေမယ့် ဒီနေ့ နေ့လယ်လောက်ကတည်းက ငါ တစ်နေရာရာမှာ သွားရှောင်နေမှာ"

ခင်မောင်ရော ဘေးနားမှ စိုးတင့်ပါ ငြိမ်သက်သွားကြသည်။ တအောင့်ကြာမှ စိုးတင့်က 'ဘယ်မှာ သွားရှောင်မှာလဲ' ဟု မေးသည်။

"ငါလဲ မပြောတတ်ဘူး၊ ဖြစ်နိုင်ရင် စမ်းချောင်းက မင်းတို့ဦးလေးအိမ်မှာ တစ်ရက်လောက် လိုက်နေလို့ ရမလား"





စိုးတင့်က သူနှင့် တစ်ရပ်ကွက်တည်းသား ဖြစ်သော်လည်း စမ်းချောင်းရှိ ၎င်း၏ဦးလေးအိမ်သို့ မကြာခဏ သွားနေတတ်သူ ဖြစ်သည်။

စိုးတင့် ခေတ္တတုံ့ဆိုင်းနေပြီးမှ 'ရပါတယ်' ဟု ပြန်ပြော၏။ သူငယ်ချင်းနှစ်ယောက်စလုံး၏လေသံက ဖော်ရွေမှု နည်းပါးလွန်းမှန်း သူ သတိထားလိုက်မိသည်။

"မင်း အခုသွားမှာ အိမ်ကနေ အပြီးထွက်သွားမှာလား"

ရုတ်တရက် ကောက်ကာငင်ကာ ခင်မောင် မေးသည်။ ခင်မောင် မေးသော မေးခွန်းမျိုး သူ့ကိုယ်သူပင် တစ်ခါမှ ပြန်မမေးခဲ့မိပါ။

အတန်ကြာအောင် တွေဝေသွားပြီးမှ သူ ခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်ရသည်။

"ငါသိသလောက် ဟိုရောက်ရင် မင်းနဲ့မျိုးက ချက်ချင်း လက်ထပ်မှာ မဟုတ်ဘူး၊ လူကြီးတွေ အသိပေးပြီး စေ့စပ်ရုံစေ့စပ်မှာ မဟုတ်လား၊ စေ့စပ်ထားပြီး မင်း ဘယ်မှာသွားနေမှာလဲ၊ ဒီနှစ် ကျောင်းပြီးတဲ့အထိ မင်း ဘယ်လိုရပ်တည်မှာလဲ"

ခင်မောင်၏မေးခွန်းက သူ၏အားနည်းချက်ကို ထိုးနှက်လိုက်သည့် မေးခွန်းဖြစ်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် အဲဒါတွေ ငါ
စဉ်းစားမထားဘူး၊ ငါသိတာက မျိုးကို အဆုံးရှုံး
အဲဒီတော့ ဖောင်ဖျက်ပြီး ရှေ့ဆက်တိုးရမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သွားရမှာပဲ အဲဒါပဲ ငါသိတယ်”

ခင်အောင်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြီး စိုးတင့်ကတော့ နှုတ်ဆိတ် ငြိမ်သက်သွားလေသည်။

တအောင့်ကြာတော့ သူ ထိုင်ရာမှထရပ်လိုက်၍ ‘ငါ အိမ်ခဏပြန်ပြီး အဝတ်အစား ယူလိုက်ဦးမယ်၊ ပြီးရင် စမ်းချောင်းက မင်းတို့ဦးလေးအိမ်ကို သွားမယ်’ ဟု စိုးတင့်ကို ပြောလိုက်သည်။

စိုးတင့် ခေါင်းမညိတ်သလို ခေါင်းလည်းမခါဘဲ သူ့ကို ငေးကြည့်နေချိန်၌ သူ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

အိမ်ရောက်တော့ အဝတ်အစားအနည်းငယ်နှင့် စုဆောင်းထားသည့် ငွေအချို့ကိုယူပြီး အမေတို့မသိအောင် အိမ်ထဲမှ ပြန်ထွက်လာခဲ့သည်။

ဆုံးဖြတ်ချက်တစ်ခုမှလွဲလျှင် သူ့၌ပါလာသည့်အရာတို့က ချို့တဲ့နည်းပါးလွန်းလှပါသည်။

အိမ်ပြင်အရောက် မိုးက မထင်မှတ်ဘဲ ဝေါခနဲ ရွာချလိုက်၏။ ထိုမိုးကိုကာကွယ်ရန် သူ့၌ အဆောင်းအကာတစ်ခုတစ်လေပင် မပါခဲ့။

❖ ❖ ❖

(၄)

သူ့နာမည်အား ခေါ်၍ တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်သဖြင့် ရုတ်တရက် အိပ်ရာမှ လန့်နိုးလာရသည်။ နိုးနိုးချင်း သူ့အိမ်ဟုပင် ထင်လိုက်သော်လည်း စိုးတင့်၏မျက်နှာကိုမြင်မှ စမ်းချောင်းမှ ၎င်း၏ဦးလေးအိမ်သို့ ရောက်ရှိနေမှန်း သတိရလိုက်သည်။

စူးရှလင်းထိန်သော မီးချောင်းအလင်းရောင်နှင့် နံရံကပ်နာရီလက်တံတို့အရ မိုးလင်း၍ သူ့အား နှိုးခြင်းမဟုတ်ကြောင်း သိလိုက်သည်။

ညနှစ်နာရီဟူသော အချိန်သည် လူတစ်ယောက်အား အိပ်ရာမှနှိုးရန် အလွန်စောသည့်အချိန် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ စိုးတင့်"

"ဘေးအိမ်က ကားအကူအညီ လာတောင်းလို့ကွာ၊ လူနာ ဆေးရုံတင်ချင်လို့တဲ့၊ ဦးလေးက ညဘက် ကားမမောင်းနိုင်တော့ ငါပဲ လိုက်မောင်းပို့ရမှာ၊ အဲဒါ မင်း အဖော်လိုက်ခဲ့စမ်းပါ"

လူမှုရေးကိစ္စ ဖြစ်နေသဖြင့် သူ မငြင်းနိုင်ပါ။ အိပ်ရာမှထပြီး အဝတ်အစား အမြန်လဲ၍ စိုးတင့်နှင့်အတူ အခန်းထဲမှ ထွက်လာခဲ့သည်။

အိမ်ရှေ့ရောက်တော့ ဘေးအိမ်မှ လူနာနှင့် လူနာရှင်အချို့ စိုးတင့်ဦးလေး၏ ပစ်ကပ်ကားပေါ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

လူနာမှာ သူ့အမေအရွယ် အမျိုးသမီးကြီးတစ်ယောက်ဖြစ်ပြီး အတော့်ကို အသည်းအသန် ဖြစ်နေပုံရသည်။ လူနာ၏ ဆိုးရွားသော အခြေအနေကြောင့် စိုးတင့်နှင့်သူ အိပ်ချင်စိတ်များ လွင့်ပျယ်သွားလျက် အမြန်ဆုံး ဆေးရုံပို့နိုင်ရန် ကြိုးစားရတော့သည်။

စမ်းချောင်းနှင့် ဆေးရုံကြီးကို အမြန်ဆုံးနှုန်းဖြင့် စိုးတင့် မောင်းနိုင်ခဲ့သော်လည်း လူနာအား ဆေးရုံတင်ရန်ကိစ္စကိုတော့ လူနာရှင်များ အမြန်ဆုံး မကြိုးစားနိုင်ကြပါ။ ၎င်းတို့ကြည့်ရသည်မှာ ဆေးရုံနှင့် နီးစပ်ဖူးပုံ မရ။

သူ့အိတ်ထဲ၌ ငွေစက္ကူတို့က နည်းပါးနေသော်လည်း သူ့အမေအရွယ် ဖြစ်နေသဖြင့် မနေသာတော့ဘဲ ဆေးရုံထဲသို့ ဝင်လာခဲ့ရ၏။





လိုအပ်သောပုဂ္ဂိုလ်များနှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးလိုက်တော့မှ လူနာ ဆေးရုံထဲသို့ရောက်ရှိပြီး ဆေးရုံတင်ခွင့် ရရှိလေသည်။

စိုးတင့်နှင့်သူ အိမ်ပြန်ရောက်တော့ မနက်သုံးနာရီ ကျော်နေပြီ ဖြစ်သည်။

အခန်းထဲရောက်သည်နှင့် စိုးတင့်က ခုတင်ပေါ် ပစ်လှဲလိုက်၏။

သူကတော့ ဆေးရုံ၌ ညည်းညူကျန်ရစ်ခဲ့သော အမျိုးသမီးကြီး၏ မျက်နှာကိုသာ မြင်ယောင်နေမိသည်။

"အဒေါ်ကြီး ကြည့်ရတာ သနားပါတယ်ကွာ၊ တော်တော် ခံစားနေရတဲ့ပုံပဲ၊ ဘာရောဂါလဲ မသိဘူး"

သူ၏ ရေရွတ်စကားကို စိုးတင့်က ခေါင်းညိတ်၍...

"ရောဂါတွေကတော့ အစုံပဲ၊ လေးဘက်နာကော သွေးတိုးကော နောက်ပြီး နှလုံးသွေးကြောကျဉ်းတယ်ဆိုလား မသိဘူး"

စိုးတင့်ရွတ်ပြသော ရောဂါတို့က သူ့အမေဖြစ်နေသည့် ရောဂါတို့နှင့် တစ်ထပ်တည်းကျနေသဖြင့် သူ တုန်လှုပ်သွားမိသည်။

"ပြီးခဲ့တဲ့ နှစ်လသုံးလလောက်ကတည်းက တရှောင်ရှောင် ဖြစ်နေတာ၊ ငွေကြေးမပြည့်စုံတော့ သေသေချာချာ မကုနိုင်ဘူးနဲ့ တူပါတယ်၊ ဒီကြားထဲ သားသမီးတွေကလဲ [illegible] တော့ ပိုဆိုးတာပေါ့၊ ခုလဲ ဆေးရုံတင်မယ်သာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားက ပါလာတာ တစ်ယောက်မှ သူ့သားသမီးတွေ မဟုတ်ဘူး အရပ်ထဲက လူငယ်တွေ"

"နေပါဦး၊ သူ့သားသမီးတွေက ဘယ်ရောက်နေလို့လဲ"

"တချို့က မိန်းမခိုးပြေးပြီး ယောက္ခမအိမ်မှာ သွားနေတယ်၊ တချို့က လင်နောက်လိုက်ပြေးတယ်၊ သူတို့အမေကြီး အကုန်အကျ များမှာစိုးလို့နဲ့ တူပါတယ်၊ ကဲ...မင်းလဲ အိပ်လိုက်ဦး၊ မနက် နယ်သွားရမှာ"

စကားဆုံးသည်နှင့် စိုးတင့် တစ်ဖက်သို့လှည့်ပြီး အိပ်ရန်ပြင်သည်။

အိပ်ပျော်လွယ်သူပီပီ မိနစ်အနည်းငယ်အတွင်းမှာပင် စိုးတင့်ထံမှ ဟောက်သံ ထွက်ပေါ်၍လာသည်။

သူကတော့ အိပ်မပျော်နိုင်ဘဲ စိုးတင့်ပြောခဲ့သော စကားတို့ကိုသာ အဖန်တလဲလဲ ကြားယောင်နေမိသည်။

သားသမီး မလိမ္မာမှု၊ ငွေကြေးမပြည့်စုံမှု၊ လေးဘက်နာ သွေးတိုးနှင့် နှလုံးဟူသော ဝေဒနာရတို့က သူ့ရင်ထဲသို့ မြားစိုက်စူးဝင်သလို နက်ရှိုင်းစွာ စွဲဝင်နေကြ၏။

လေးဘက်နာ၊ သွေးတိုးနှင့် နှလုံး...တဲ့။

တစ်ချိန်ကျရင် အမေကော အဲဒီအမျိုးသမီးကြီးလို ဝေဒနာ မခံစားရပါဘူးလို့ ပြောနိုင်ပါ့မလား။ မေသက်တို့ရဲ့ အကူအညီကြောင့် တစ်ပတ်တစ်ခါ ဆေးခန်းမှန်မှန် ပြနိုင်နေပေမယ့် အဲဒီအကူအညီတွေက နောက်ထပ် ဘယ်လောက်ကြာအောင်





ခံနိုင်မှာလဲ။

အထူးသဖြင့် ခုလိုမျိုး သူမရှိတော့တဲ့နောက်ပိုင်းမှာ ဦးကျော်ခိုင်က အမေတို့အပေါ် ဆက်ပြီး ကူညီနေမှာတဲ့လား။

ထိုအတွေးတို့က သူ့အား အရှိက်ကို အထိုးခံလိုက်ရသူ တစ်ယောက်ပမာ နာကျင်သွားစေလေသည်။

ယခုအချိန်၌ သူ နာကျင်ခံစားနေရသလိုပင် မေသက်ခိုင်သည်လည်း သူ၏စာကိုဖတ်ပြီး နာကျင်နေလိမ့်မည်ဟု သူတွေးလိုက်မိသည်။

အကယ်၍ သူ့အပေါ် အမြဲတမ်း သည်းခံခွင့်လွှတ်တတ်သည့် သူမ၏ထုံးစံအတိုင်း စိတ်ဆိုးနာကျင်မှု မရှိဘူးဆိုလျှင်တောင်မှ သူမ၏အဖေ ဦးကျော်ခိုင်ကတော့ သူ၏လုပ်ရပ်များအား သိသွားပါက စိတ်မဆိုးဘဲ နေမည်မဟုတ်ပါ။

ထိုစိတ်ဆိုးမှုက သူ့မိဘများအပေါ် ထောက်ပံ့ကူညီမှု မှန်သမျှကို ရပ်ဆိုင်းသွားစေနိုင်ပါသည်။

ထို့ထက်ပို၍ စိတ်ဆိုးတတ်သူ ဖြစ်မည်ဆိုပါက ငှင်းပိုင်အိမ်၌ မှီခိုနေရသော သူ့မိဘများအား ထိုအိမ်မှပင် ဖယ်ရှားပစ်နိုင်ပါသေးသည်။

အတွေးတို့၏ နှောင်ဖွဲ့ရစ်ပတ်မှုက သူ့အား မွန်းကြပ်မှုလောင်၍ လာစေသည်။

အိပ်ရာပေါ်၌ ဘယ်ညာလူးလိမ့်ရင်း မိနစ်များစွာအား ဒွိဟစိတ်ဖြင့် တပင်တပန်း ဖြတ်သန်းနေမိရာမှ မိုးလင်းလုလုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူ မေးခနဲ အိပ်ပျော်သွားပြီး အိပ်မက်တစ်ခုကို မြင်ခဲ့၏။

အိပ်မက်ထဲ၌ အိပ်ပျော်နေသော သူ့အား အဖေက လာနှိုးပြီး 'မင်းအမေ ဆေးရုံတင်ဖို့ ကားတစ်စီး မြန်မြန်သွားငှားစမ်း' ဟု ပြောသည်။

သူ အိပ်ရာမှ ကမန်းကတန်းထပြီး လမ်းမပေါ်သို့ ပြေးထွက်လာခဲ့သည်။

လမ်းပေါ်၌ ကားရောင်စုံများစွာတို့ ဖြတ်သန်းသွားနေကြသော်လည်း သူ့အား ဘယ်ကားတမှ ရပ်မပေးခဲ့ကြပါ။

နာရီများစွာကြာမှ ကံကောင်းထောက်မစွာ အငှားကားတစ်စီးက သူ့ရှေ့သို့ ထိုးရပ်လာခဲ့သည်။

သူ ဝမ်းသာအားရဖြင့် ကားရပြီဖြစ်ကြောင်း အဖေ့ကို ပြေးပြောပြီး အဖေနှင့်အတူ အမေ့ကိုပွေ့ချီကာ အငှားကားဆီသို့ ခေါ်လာခဲ့သည်။

သို့သော် ကားသမားက အမေ့အား ကားပေါ်သို့ အတင်မခံဘဲ ကားခ အရင်ပေးရန် ပြော၏။

ဝမ်းနည်းဖွယ်ကောင်းစွာ အဖေရော သူပါ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မရှိကြ။

ကားသမားက ပိုက်ဆံမရှိသော သူတို့အား လိုက်ပို့မပေးနိုင်ဟု ဆိုကာ မောင်းထွက်သွား၏။

'ခဏနေဦး' ဟု အော်ရင်း ကားနောက်သို့ သူ အပြေးလိုက်သော်လည်း ကားသမားကတော့ ရပ်မပေးခဲ့ပါ။





မောပန်းမှု၊ အမေ့အတွက် စိုးရိမ်မှုတို့ဖြင့် ကူကယ်ရာမဲ့စွာ ခံစားနေရချိန်မှာပင် အဖေ့ခေါ်သံကြောင့် သူ လှည့်ကြည့်လိုက်သည်။

အဖေက သူ့ကိုလှမ်းခေါ်နေပြီး အဖေ့လက်ပေါ်မှ အမေကတော့ သူ့အား ပြုံး၍ကြည့်နေသည်။

သူ အမေတို့ဆီသို့ ကမန်းကတန်း ပြန်ပြေးလာခဲ့ပြီး အနားရောက်ချိန်မှာတော့ သူ့အား ခွင့်လွှတ်ပြုံးနှင့် ကြည့်နေခဲ့သော အမေ ညင်သာစွာ အသက်ထွက်သွားလေသည်။

အမေဟု ကျယ်လောင်စွာ အော်ဟစ်ရင်း သူ ဝမ်းပန်းတနည်း ငိုကြွေးလိုက်မိသည်။

မည်မျှကြာအောင် ငိုကြွေးနေမိသည် မသိ။ သူ့နောက်သို့ တစ်စုံတစ်ယောက် ရောက်ရှိလာပြီး နှစ်သိမ့်တော့မှ ထိုတစ်စုံတစ်ယောက်အား လှည့်ကြည့်လိုက်သည်။

သူ့အား နှစ်သိမ့်သူမှာ မျိုးသဒ္ဒါ ဖြစ်နေသည်။

မျိုး...အမေဆုံးပြီဟု ပြောရင်း မျိုး၏လက်ကို အားကိုးတကြီး လှမ်းကိုင်လိုက်ချိန်မှာတော့ မျိုးသဒ္ဒါ မဟုတ်တော့ဘဲ မေသက်ခိုင် ဖြစ်သွားသည်။

မေသက်ခိုင်က သူ့အား ပြုံး၍စိုက်ကြည့်ရင်း—

'နင့်အမေ မသေပါဘူးဟာ၊ ငါ ဆေးရုံပို့လိုက်ပါပြီ' ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်သို့ ပြန်လှည့်ကြည့်လိုက်တော့ စောစောက နေရာ၌ အမေရော အဖေပါ မရှိကြတော့။

ဝမ်းသာစိတ်ဖြင့် မေသက်၏လက်အား ကျေးဇူးတင်စွာ ဆုပ်ကိုင်လိုက်မိသည်။

သို့သော် သူ ဆုပ်ကိုင်ထားဆဲမှာပင် မေသက်၏လက်က လွတ်ထွက်သွား၏။

ထို့နောက် သူ့အား ညင်သာစွာပြုံးပြပြီး သူ့ဘေးမှ လှည့်ထွက်သွားလေသည်။

"မေသက် ခဏနေဦး"

သူ တားဆီးလိုက်သော်လည်း သူမက ခြေလှမ်းတို့ကို မရပ်ပါ။

တရွေ့ရွေ့ ဝေးကွာသွားသော သူမအား ငေးကြည့်ရင်း မေသက် ပြန်လာပါဟု သူ အော်ဟစ်နေမိ၏။

သို့သော် သူမကတော့ သူ့အား စောင်းငဲ့၍ပင်မကြည့်ခဲ့။

❖ ❖ ❖





သူ ဖျတ်ခနဲ လန့်နိုးလာချိန်၌ အပြင်ဘက်မှ မိုးသံတို့က ထစ်ချုန်းဆူညံ၍ နေကြသည်။ သို့သော် သူ့ကိုယ်ကတော့ ချွေးစေးတို့ဖြင့် ရွဲနစ်ကာ ပူလောင်၍နေလေသည်။

"နိုးလာပြီလား၊ ငါတောင် အခုပဲ မင်းကို နှိုးတော့မလို့"

မျက်နှာသစ်ပြီး ပြန်ဝင်လာဟန်တူသော စိုးတင့်က သူ့ကို လှမ်းပြောသည်။ သူကတော့ အိပ်မက်နှင့် ပစ္စက္ခအကြား၌ အဆက်အစပ် ကင်းမဲ့စွာ ငေးကြောင်၍နေလျက် အိပ်မက်ထဲက ပုံရိပ်တို့က ယခုတိုင်အောင် ရစ်ဝဲနေကြဆဲ ဖြစ်သည်။

"အောင်ထက် မျက်နှာသွားသစ်လေ၊ မင်း ကားဂိတ် ဆင်းရဦးမယ် မဟုတ်လား၊ ငါ ဦးလေးကားနဲ့ လိုက်ပို့ပေးမယ်"

စိုးတင့် ခပ်လောလော ပြောလိုက်တော့မှ အိပ်မက်၏ ခြောက်လှန့်မှုတို့ မပြယ်တပြယ်နှင့် သူ ခုတင်ပေါ်မှ ထရပ်လိုက်သည်။ စိုးတင့်က မျက်နှာသုတ်ပဝါကို တန်းပေါ်သို့ လွှားတင်လိုက်ရင်း...

"စောစောစီးစီး စိတ်မကောင်းစရာ သတင်း ပြောရဦးမယ်"

"ဘာလဲ စိုးတင့်"

"ညက ငါတို့ ဆေးရုံလိုက်ပို့ပေးတဲ့ အဒေါ်ကြီး ဆုံးသွားပြီ"

"ဘာ..."

သူ့အသံက ကျယ်လောင်သွားသလို သူ့ရင်ထဲမှ ဒိုးထိတ်



www.burmeseclassic.com

www.burmeseclassic.com



မှတို့ကလည်း ဝုန်းခနဲ ဆောင့်တက်လာကြ၏။ ညက အဒေါ်ကြီး ဆုံးသွားပြီတဲ့။ ထိုအဒေါ်ကြီး၏ မျက်နှာနေရာ၌ အမေ၏မျက်နှာကို အစားထိုး မြင်ယောင်ရင်း သူ့တစ်ကိုယ်လုံး အေးစက်သွားကြသည်။

"ဟောကောင်...ဘာကြောင်နေတာလဲ၊ မျက်နှာသွားသစ်လေ"

စိုးတင့် ဒုတိယအကြိမ် ထပ်ပြောလိုက်သော်လည်း သူကတော့ စိုးတင့်၏စကားကို မကြားဘဲ 'နင့်အမေ မသေပါဘူး' ဟာ၊ ငါ ဆေးရုံပို့လိုက်ပါပြီ' ဟူသော မေသက်၏စကားသံကိုသာ ပဲ့တင်ထပ်စွာ ကြားယောင်လျက် အသိကင်းမဲ့သူတစ်ယောက်ပမာ မှင်တက်နေမိသည်။

❖ ❖ ❖

"မင်းပြောတော့ အဝေးပြေးကားက ခုနစ်နာရီခွဲ ထွက်မှာဆို၊ ခင်မောင့်ဆီဝင်ပြီး ဘာလုပ်မှာလဲ"

မြန်မြန်မောင်းပါဟု သူပြောခဲ့သည့်အတိုင်း စိုးတင့်က ကားကို အရှိန်ပြင်းစွာမောင်းရင်း လှမ်းမေးသည်။ သို့သော် သူ စိုးတင့်ကို ဘာမှပြန်မပြောဘဲ ခင်မောင့်ထံ ရောက်ရန်သာ





စိတ်စောနေမိသည်။

'လမ်းမကြီးပေါ်မှ ခင်မောင်တို့နေထိုင်ရာ လမ်းကြားလေးထဲသို့ အရှိန်ဖြင့် ဝေါခနဲ ချိုးကွေ့လိုက်စဉ်မှာပင် ခြံထဲမှထွက်လာသော ခင်မောင်ကို တွေ့ရသည်။

သူတို့သာ အနည်းငယ်နောက်ကျမည်ဆိုပါက ခင်မောင့်အား တွေ့ရန် လက်ဖက်ရည်ဆိုင်သို့ လိုက်ရှာရပါလိမ့်မည်။ 'ဟိုမှာ ခင်မောင်' ဟု ပြောရင်း စိုးတင့်က ကားကို ဘရိတ်အုပ်လိုက်သည်။

ကားအရှိန်မသေခင်မှာပင် သူက တံခါးဖွင့်၍ ခြေတစ်ဖက် ချပြီး ဖြစ်နေလေသည်။

"ဘယ်လို ဖြစ်လာကြတာလဲ"

ခင်မောင်က သူတို့နှစ်ယောက်ကိုကြည့်၍ တအံ့တသြမေးသည်။

"မပြောတတ်ဘူး၊ ကားဂိတ်မဆင်းခင် မင်းနဲ့ တွေ့ချင်တယ်ဆိုလို့ ငါမှာ ဂျက်လေယာဉ်ပျံ မောင်းသလို မောင်းလာရတယ်"

စိုးတင့်၏စကားကြောင့် ခင်မောင် သူ့ကိုကြည့်သည်။ မေးမည်ဟု ရည်ရွယ်ထားသောမေးခွန်းတို့က နှုတ်ခမ်းဝမှ ချွတ်ချင်း ထွက်မလာကြဘဲ တစ်ဆို့နေပြီးမှ ဗလုံးဗထွေး ဒေးလိုက်သည်။

"မင်း...ပေးပြီးပြီလား ခင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုပြောတာလဲ၊ မင်းဉစ္စာကလည်း အရင်းမရှိ အဖျားမရှိနဲ့"

"စာလေ၊ မေသက်ကို ပေးခိုင်းတဲ့စာ ပေးပြီးပြီလားလို့ မေးတာ"

သူ၏ အမောတကော မေးခွန်းအဆုံး ခင်မောင် ဟက်ခနဲ ရယ်ချလိုက်၏။

"မင်းပဲ မနေ့ညနေက ဆက်ဆက် ပေးလိုက်ပါဆို၊ ခုမှ ပေးပြီးပြီလားလို့ လာမေးနေရသေးလား၊ ဘာတွေကြောင်နေတာလဲ"

ခင်မောင်၏စကားက သူ၏ လျော့ရဲရဲ မျှော်လင့်ချက်တို့ကို ပြိုလဲသွားစေခဲ့သည်။ ပျက်ယွင်းသွားသော သူ၏မျက်နှာအား စိုးတင့်ကော ခင်မောင်ပါ အကဲခတ်သလို စူးစိုက်၍ကြည့်ပြီး...

"နေပါဦး၊ မင်း ဘာတွေဖြစ်နေတာလဲ အောင်ထက်"

သူ သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်၏။ ထို့နောက် အဝေးသို့ မျှော်ငေးရင်း ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

"ငါ အိပ်မက်မက်တယ်"

"ဘာပြောတယ်၊ အိပ်မက် ဟုတ်လား"

နှစ်ယောက်စလုံး ပြိုင်တူလိုလို တအံ့တဩ ရေရွတ်လိုက်မိသည်။

"ဟုတ်တယ်၊ ငါ ညက အိပ်မက်မက်တယ်၊ အမှန်တော့ ညက မက်တာမဟုတ်ဘူး၊ မျိုးနဲ့ စတွေ့ပြီးကတည်းက ငါ





အိပ်မက် မက်နေခဲ့တာ၊ ဒါပေမယ့် ညကမှ အဲဒါတွေအားလုံးဟာ အိပ်မက်ပဲ ဆိုတာ သိလိုက်ရတာ"

သူ့အား နားမလည်သလို ငေးကြည့်နေကြသော မျက်လုံးများကို တုံ့ပြန်ကြည့်လိုက်ပြီး ဆက်ပြောလိုက်သည်။

"မျိုး ငါ့ကို တစ်ခါပြောဖူးတယ်၊ အိပ်မက်က လန့်နိုးပြီးရင် လူတိုင်းလိုလို လက်တွေ့ဘဝထဲကို ပြန်ဝင်ကြရတာပဲတဲ့၊ ခု ငါလည်း လက်တွေ့ဘဝထဲကို ပြန်ဝင်ရလိမ့်မယ်"

"မင်း ဘာတွေပြောနေတာလဲ"

"ငါ အိမ်ပြန်မယ်လို့ ပြောတာ၊ မျိုးဆီ မသွားတော့ဘူး"

စိုးတင့်ကော ခင်မောင်ပါ အံ့ဩတကြီး ဖြစ်သွား၏။ ပြီးမှ စိုးတင့်က သူ့ကို အမောတကော မေးသည်။

"ဒါဖြင့် မေသက်ကိုပေးထားတဲ့ စာကိစ္စ မင်း ဘယ်လိုရှင်းမလဲ"

စိုးတင့်၏အမေးက သူ့ရင်ကို လှုပ်ခါသွားစေသည်။ ယခုအချိန်ဆိုလျှင် မေသက် သူ့အား မတွေ့ချင်လောက်အောင် စိတ်နာနေပေလိမ့်မည်။

အနည်းဆုံးတော့ ကတိမတည်သူ၊ အပြောင်းအလဲများသူအဖြစ် အထင်သေးနေပေလိမ့်မည်။

အကယ်၍ သူ့အား အကျိုးသင့်အကြောင်းသင့် ရှင်းပြပေးမည် ဆိုသည့်တိုင် သူမ စိတ်ကျေနပ်လောက်အောင် ပြောပြမည့် စကားလုံးတို့ သူ့၌ ပြည့်စုံစွာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ညကစက်ခဲ့သော အိပ်မက်ကြောင့် သူ၏ အမှန်တကယ် နားခိုရန် နေရာအစစ်မှာ သူမသာဖြစ်ကြောင်း သူ သဘောပေါက်ခဲ့ပါသည်ဟု ဆိုလျှင် သူမ ယုံကြည်လိမ့်မည် မထင်ပါ။

အကြိမ်ပေါင်းများစွာ လိုက်လျော အနွံအတာခံခဲ့မှုတို့ကို သင်လျှင်း မေ့လျော့ထားခဲ့မိပြီး အိပ်မက်တစ်ခုကြောင့် ဖျတ်ခနဲ သတိတရ တန်ဖိုးထားလာမိသော အဖြစ်အား သူကိုယ်တိုင်ပင် တအံ့တသြ ဖြစ်ခဲ့ရပါသည်။

"တကယ်လို့ မေသက်က မင်းကို ခွင့်လွှတ်တယ်ဆိုရင် မင်း ဘာလုပ်မလဲ"

ငြိမ်သက်နေသော ခင်မောင်က ရုတ်တရက်မေးတော့ သူ မဆိုင်းမတွပင် 'ငါ သူနဲ့ စေ့စပ်မှာပေါ့' ဟု ဖြေလိုက်သည်။

"ဒါဖြင့် ခု မင်း အိမ်ပြန်တော့လေ၊ စေ့စပ်ပွဲက ဆယ့်တစ်နာရီ စမှာမဟုတ်လား"

"ငါ ပြန်မှာပါ၊ ဒါပေမယ့် စာကိစ္စက..."

သူ့စကား တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းသွား၏။

အကြောင်းမှာ ခင်မောင်က ၎င်း၏အိတ်ထဲမှ မေသက်အား သူပေးခိုင်းထားသည့် စာကို ထုတ်ပေးလာခြင်းကြောင့် ဖြစ်သည်။

သူ့လက်ရေးဖြင့် မေသက်နိုင်ဟူသော အမည်ကို ခပ်သော့သော့ ရေးထားသည့် အပြာရောင်စာအိတ်လေးကို မယုံကြည်နိုင်စွာ ငေးကြည့်ရင်း...





"မင်း...မပေးဖြစ်ဘူးလား"

"မပေးဖြစ်တာ မဟုတ်ဘူး အောင်ထက်၊ တမင်မပေးတာ၊ မင်းကြောင်ပေမယ့် ငါက မင်းလောက် မကြောင်ဘူး၊ သချ်ာမှာသာ ညံ့ချင်ညံ့မယ်၊ အတွက်အချက်မှာတော့ ငါက မင်းထက် ကောင်းတယ်၊ တစ်ချိန်မဟုတ်တစ်ချိန် မင်း အိမ်ပြန်လာရမယ်ဆိုတာ ငါ သိပြီးသား၊ ဒါကြောင့် တမင်မပေးဘဲထားတာ"

သူ ခင်မောင်၏လက်မောင်းကို ကျေးဇူးတင်စွာ ဆုပ်ကိုင်လိုက်မိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၅)

အိပ်မက်ထဲကလိုပင် အမေ သူ့အား ပြုံးလျက် စိုက်ကြည့်နေ၏။ သို့သော် အမေ့အပြုံးက သူ၏အိပ်မက်ထဲကလို လျော့ရဲရဲ အပြုံးမျိုး မဟုတ်ဘဲ လှိုက်လှဲဝမ်းသာသည့်အပြုံးမျိုး ဖြစ်သည်။

အဖေကတော့ အမေ့လို မပြုံးသည့်တိုင်အောင် အောင်မြင်စွာ ပြီးဆုံးသွားသော စေ့စပ်ပွဲအတွက် ကျေနပ်နေပါလိမ့်မည်။

အဖေနှင့်အမေကို ကန်တော့ပြီး အဝတ်အစားလဲရန် သူ အိပ်ခန်းဆီ ထွက်လာတော့ မေသက်က 'ငါ တိုက်ပုံခေါက်ပေးမယ်' ဟု ဆိုကာ သူ့နောက်မှ လိုက်ပါလာသည်။

အခန်းထဲရောက်၍ ဝတ်လေ့ဝတ်ထ မရှိသော တိုက်ပုံ





အကျီကို သူ ခက်ခဲစွာ ချွတ်နေချိန်၌ မေသက်ထံမှ စကားသံ တစ်ခုက ထွက်ပေါ်လာသည်။

"ဒါ...ငါဖတ်ဖို့လား အောင်"

သူ လှည့်ကြည့်လိုက်တော့ နှမော်နှမဲ့နိုင်စွာ ရှပ်အကျီ အိတ်အတွင်း ဒီတိုင်း ထည့်ထားခဲ့မိသဖြင့် တစွန်းတစ ထွက်ပေါ်နေသော အပြာရောင်စာအိတ်ကို ထုတ်ယူပြီးဖြစ်နေသည့် မေသက်ကို တွေ့ရသည်။

စာအိတ်ပေါ်မှ မေသက်ခိုင်ဟူသော စာတန်းကြောင့် သူမ ရွှင်မြူးစွာ မေးလိုက်ခြင်းဖြစ်သော်လည်း သူ့အတွက်တော့ မိုးကြိုးပစ်ချလိုက်သည့်ပမာ ခံစားလိုက်ရသည်။

သူ မေသက်နားသို့ ကမန်းကတန်း ချဉ်းကပ်သွားပြီး သူမလက်ထဲမှ စာအိတ်ကို အလျင်အမြန် ဆွဲယူလိုက်ရသည်။

"ဘာဖြစ်လို့လဲဟင်၊ ငါဖတ်ဖို့ ရေးထားတာ မဟုတ်ဘူးလား"

သူမ နားမလည်သလို ကြည့်ရင်း မေးသည်။ ပျက်ယွင်းနေသော မျက်နှာအား သူမ မမြင်အောင် တစ်ဖက်သို့ လှည့်ပြီးမှ

"ဟုတ်တော့ ဟုတ်တယ် မေသက်၊ ဒါပေမယ့် ခု မဖတ်စေချင်တော့ဘူး"

သူ ခပ်တိုတို အဖြေပေးပြီး မီးဖိုဘက်သို့ ထွက်လာခဲ့သည်။ လက်ထဲမှစာအား ဖျောက်ဖျက်ရန် အကောင်းဆုံးနေရာ အဖြစ် ရေနွေးအိုးတည်ထားသည့် မီးဖိုကို သူ ရွေးချယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာကို နှစ်ပိုင်းဖြစ်အောင် ဆုတ်ဖြဲပြီး မီးဖိုထဲထည့်ရန် ပြင်ဆင်စဉ်မှာပင် မေသက် သူ့နားသို့ ရောက်လာသည်။

"မီးရှို့မလို့လား အောင်"

သူမ၏အမေးက သူ့အား ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသော ကလေးတစ်ယောက်ပမာ အနည်းငယ် ရှက်ရွံ့သွားစေသည်။

သူ ခေါင်းညိတ်ပြလိုက်ရင်း လက်ထဲမှစာကို မီးဖိုထဲသို့ ထည့်လိုက်ချိန်၌ သူမ နှုတ်ခမ်းတွန့်လျက် ပြုံးလိုက်သည်။

သူမ၏အပြုံးက သူ့အတွက် နားလည်ရန် ခက်ခဲလှပါသည်။ ပိုမိုနားလည်ရခက်သည်က သူမပြောလာသည့် စကားဖြစ်သည်။

"နင် မီးရှို့မယ်ဆိုရင် နောက်တစ်စောင် ကျန်သေးတယ်လေ"

"ဘာလဲ မေသက်"

သူ့မေးခွန်းအား ဗလာစာရွက်ခေါက်တစ်ခုကို လှမ်းပေးလာခြင်းဖြင့် သူမ အဖြေပေးသည်။ သူမလက်ထဲမှ စာရွက်ခေါက်ကို လှမ်းကြည့်လိုက်စဉ် ရင်၌ နွေးခနဲ ခံစားလိုက်ရ၏။

ဖြန့်ကြည့်စရာမလိုဘဲ မျိုး သူ့အား ခင်မောင်မှတဆင့် ပေးလာသည့် စာဖြစ်ကြောင်း သူ သိလိုက်သည်။

"မနေ့က နင်ပြန်မလာလို့ ဒေါ်လေး စိတ်ပူနေတာနဲ့ ငါ ဒေါ်လေးနဲ့အတူတူ လာအိပ်ပေးရတယ်လေ၊ ညဘက်





ဝတ္ထုဖတ်ချင်တာနဲ့ နင့်အခန်းထဲမှာ ဝတ္ထုစာအုပ်ဝင်ရှာရင်းနဲ့ တွေ့တာ၊ ရော့လေ အောင်၊ ဒီစာပါ ရှို့လိုက်လေ"

သူမ ကမ်းပေးသောစာကို လှမ်းယူချိန်၌ သူ၏လက်တို့ အနည်းငယ် တုန်နေလိမ့်မည်ဟု သူ ထင်လိုက်မိသည်။ စာကို မီးဖိုထဲသို့ ပစ်ထည့်ရင်း တွန့်လိမ်လောင်ကျွမ်းသွားသည်အထိ သူ ငေးကြည့်နေမိသည်။ ပြီးမှ သူမအား လှည့်မကြည့်ဘဲ သူ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် မေသက်"

"ဘာကိုလဲ အောင်"

"ဒီစာနဲ့ပတ်သက်ပြီး နင် စိတ်မဆိုးတဲ့အတွက်"

သူမ တိုးညင်းစွာ ရယ်မောလိုက်ပြီးမှ ပေါ့ပါးသွက်လက်သော လေသံဖြင့် ပြောသည်။

"ငါကလည်း နင့်ကို ကျေးဇူးတင်ပါတယ် အောင်"

"ဘာဖြစ်လို့လဲ မေသက်"

"နင် အချိန်မီ ပြန်ရောက်လာလို့လေ"

သူမ၏စကားကိုတော့ သူ တိုးညှင်းစွာ မရယ်မောနိုင်ပါ။

နေနော်

(အပိုင်းတစ် အခန်းလေး ပါ "ကောင်းကင်ခါးခါးညို" [illegible] သူငယ်ချင်း ကိုချို၏ ကဗျာဖြစ်ပါသည်။)



www.burmeseclassic.com